အမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ပဋ္ဌပကရဏ အဋ္ဌကထာ

ကထာဝတ္ထုအဋ္ဌကထာဘာသာဋီကာ

(ပဌမအုပ်)

[မူလဋီကာနိဿယ, ကထာဝတ္ထုပါဠိတော်နိဿယနှင့်
မြန်မာပြန် ပါသည်။]



မြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၂၄ ခုနှစ် ဒီဇင်ဘာလ စဉ်း၀၀

၂၁၃၉ခု

အာမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ


၏

ပဉ္စပကရဏ အဋ္ဌကထာ

ကထာဝတ္ထုအဋ္ဌကထာဘာသာဋီကာ

(ပဌမအုပ်)

[ကထာဝတ္ထု အဋ္ဌကထာ မူလဋီကာနိဿယ, ကထာဝတ္ထု
ပါဠိတော်နိဿယနှင့် မြန်မာပြန်ပါသည်။]



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၄ ခေတာ-၁၃၄၂ ဗီဇင်ဘာ-၁၉၈၀

အဘိဓမ္မာ

အဋ္ဌကထာ ဘာသာဋီကာများ

၁။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ၄-တဲ့

၂။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ၃-တဲ့

၃။ ပဉ္စပကရဏ အဋ္ဌကထာ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ၂-တဲ့


အားလုံး ရိုက်နှိပ်ပြီးစီးပြီ ဖြစ်ပါကြောင်း



ပဌမအကြိမ်

အုပ်ရေ - ၃၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ဒုတိယ ဦးဘင်မောင် (ဝ၂၅၆) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ် ၉၀၊ ဗဟန်း, ဘီ၊ ပေဇယန္တာလမ်း၊ (ဂ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင် (ဝ၂၅၂၇) က ထုတ်ဝေသည်။



မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

တဘဝသံသရာဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄-ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၌ သက်တော် ၁၈-နှစ် အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယ အကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၉-ခုနှစ်၌ 'ပဌမကျော်' အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ 'သကျသီဟ စာမေးပွဲ' ခေါ် 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ' ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု ဝါဆိုဦး (၁၉၄၁-၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့တိတ်ဆိတ်စွာ ပြောင်းရွှေ့ခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပုံလွှန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရပြီးနောက်) ၁၃၁၂-ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းမျာ်း၌ သင်ကြားရန် မူလတန်း ပုဒ္ဓဘာသာလက်စွဲ ခေါ် သင်ခန်းစာမျာ်းကို ရေးသား ခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိဩဝါဒစရိယ သံဃနာယကာ၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနီတ္ထာရကာ၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိ ပဋိဝေသောဓကာ၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာန သောဓေယျပတ္တိ ပါဠိက
အဖြစ် တင်မြောက်ခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၇-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်း အဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပ ဥက္ကဋ္ဌ(ဒုတိယ သာသနာပိုင်) အဖြစ် တင်မြောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁-ခုနှစ် သက်တော်(၃၀)မှစ၍ ကျမ်းစာမျာ်းကို စတင်ပြုစုတော် မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံးကျမ်းစာကို ရေးသားပြီးစီးတော် မူ၍ ၁၃၃၈-ခု တန်ဆောင်မုန်းလတွင် 'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ' ကျမ်းစာကို ရေးသားပြီးလျှင် 'တဘဝသံသရာ' အမည်ဖြင့် ထေရုပဒတ္တိကို ကိုယ်တော်တိုင်ရေးထားတော်ခဲ့မူသည်။ ပဋ္ဌပကရဏဘာသာဋ္ဌကာနှင့် မူလဋ္ဌကာနိဿယ ပါဠိတော်နိဿယမျာ်းကို ၁၃၁၆-ခု၊ တန်ဆောင် မုန်းလဆန်း ၅-ရက် (၁၈-၁၁-၇၄)တနင်္ဂးလာနေ့ ၁-နာရီအချိန် စတင်ပို့ချရေးသား၍ ၁၃၁၉-ခု၊ ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝဂ်ဘာသာဋ္ဌကာကို ၁၃၁၇-ခု၊ ဝါဆို လပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင်ပို့ချ ရေးသား၍ ၁၃၁၉-ခု၊ နတ်တော်လဆန်း ၁၃-ရက်(၂၁-၁၂-၇၇) သောကြာနေ့ ပျံလွန်တော် မမူမီ ၅-ရက်အလိုတွင် ပြီးစီးတော်မူခဲ့ ပါသည်။ ပါထေယျဘာသာဋ္ဌကာကိုပင် တရက်မျှ ရေးသားပို့ချခဲ့ ပါသေးသည်။

၁၅။ ၁၃၁၉-ခုနှစ်၊သက်တော်(၇၈)နှစ်အရောက်၊ နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇ ခု၊ ဒီဇင်ဘာလ ၂၇ ရက်)အင်္ဂါနေ့ ညနေ ၄-နာရီ မိနစ်-၃၀ တွင် တဘဝအတွက် ငြိမ်းတော်မူပါသည်။

ကထာဝတ္ထု အဋ္ဌကထာ ဘာသာပြန်ကျမ်းစဉ်
ပဌမအုပ်

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
နိဒါန်း		၁
ရိုက်နှိပ်ထုတ်ဝေသူများ၏ ကျမ်းဦးအမှာ	....	ငါး
စဉ်ဆက်သာသနာ တည်စေသော်	....	၈
သမ္မည္ဇတဉ္ဇာဏ်တော် အစွမ်းတော် ၃-ပါး	....	၂
ဂန္ထာရမ္ဘ အဖွင့်	....	၃
နိဒါနကထာ အဖွင့်		
ပဌမသံဂါယနာ	....	၂၁
ဆဋ္ဌသံဂါယနာ	....	၂၁
မဟာဝဂ္ဂ		
၁-ပုဂ္ဂလကထာ	....	၂၂
၁-သုဒ္ဓသစ္ဆိကဋ္ဌ	....	၂၂
၁-အနုလောမပစ္စနီက အဖွင့်	....	၂၂
နိဂ္ဂဟ	....	၂၉
အနုလောမဋ္ဌပနာ	....	၃၀
ပါပနာဏောပနာ	....	၃၀
အနုလောမပဋ္ဌက	....	၃၃
ဥပနယနစတုက္က	....	၄၁
အနုလောမပစ္စနီကပဋ္ဌက	....	၄၃
၂-ပစ္စနီကာနုလောမ အဖွင့်	....	၄၄
၂-ဩလာသသစ္ဆိကဋ္ဌ	....	၄၈
၁-အနုလောမပစ္စနီက အဖွင့်	....	၄၈
၃-ကာလသစ္ဆိကဋ္ဌ	....	၄၉
၁-အနုလောမပစ္စနီက အဖွင့်	....	၄၉

အကြောင်းအရာ		စာမျက်နှာ
၄–အဝယဝသစ္ဆိကဋ္ဌ	....	၅၀
၁–အနုလောမပစ္စနီက အဖွင့်	....	၅၀
၂–ဩကာသာဒိသစ္ဆိကဋ္ဌ	....	၅၁
၂–ပစ္စနီကာနုလောမ အဖွင့်	....	၅၁
၅–သုဒ္ဓိကသံသန္ဒန အဖွင့်	....	၅၃
၆–ဩပမ္မသံသန္ဒန အဖွင့်	....	၅၆
၇–စတုက္ကနယသံသန္ဒန အဖွင့်	....	၅၉
စတုက္ကနယသံသန္ဒန	....	၅၉
ဂ–လက္ခဏယုတ္တိ အဖွင့်	....	၆၅
အဋ္ဌပဒ္ဓက	....	၆၆
၉–ဝစနသောဓန အဖွင့်	....	၆၇
ဝစနသောဓန	....	၆၇
၁ဝ–ပညတ္တာနုယောဂ အဖွင့်	....	၇၄
၁၁–ဂတိအနုယောဂ အဖွင့်	....	၇ဂ
၁၂–ဥပါဒါပညတ္တာနုယောဂ အဖွင့်	....	ဂ၉
၁၃–ပုရိသကာရာနုယောဂ အဖွင့်	....	၉၇
၁၄–အဘိညာနုယောဂ အဖွင့်	....	၁ဝဂ
၁၅–၁ဂ–ဉာတကာနုယောဂါဒိ အဖွင့်	....	၁ဝ၉
၁၉–၂၁–ပဋိဝေဓာနုယောဂါဒိ အဖွင့်	....	၁၁၂
၂–ပရိဟာနိကထာ	....	၁၁ဂ
၁–ဝါဒယုတ္တိပရိဟာနိ အဖွင့်	....	၁၁၉
၂–အရိယပုဂ္ဂလသံသန္ဒနပရိဟာနိ အဖွင့်	....	၁၂၄
၃–သုတ္တသာဓနပရိဟာနိ အဖွင့်	....	၁၂၇
၃–ဗြဟ္မစရိယကထာ	....	၁၃၁
၁–သုဒ္ဓဗြဟ္မစရိယကထာ	....	၁၃၁
၂–သံသန္ဒနဗြဟ္မစရိယကထာ	....	၁၃၄
၃–ဩမိသောကထာ အဖွင့်	....	၁၃၇
၄–ဇာတိကထာ	....	၁၃၉
၁–နဿုတ္တာဟရဏကထာ အဖွင့်	....	၁၃၉
၅–သဗ္ဗမတ္ထိတိကထာ အဖွင့်	....	၁၄၂
၁–ဝါဒယုတ္တိ အဖွင့်	....	၁၄၂
၂–ကာလသံသန္ဒန အဖွင့်	....	၁၄၄

အကြောင်းအရာ စာမျက်နှာ

ဝစနသောဓန အဖွင့် ၁၄၆
အတီတစက္ခုရူပါဒီကထာ အဖွင့် ၁၅၈
အတီတဉာဏာဒီကထာ အဖွင့် ၁၅၈
အရဟန္တာဒီကထာ အဖွင့် ၁၅၉
ပဒသောဓနကထာ အဖွင့် ၁၅၉
သုတ္တသာဓန အဖွင့် ၁၆၀
၆–အတီတကွန္ဒာဒီကထာ ၁၆၂
၁–နဲ သုတ္တသာဓနကထာ အဖွင့် ၁၆၂
၂–သုတ္တသာဓန အဖွင့် ၁၆၂
၇–ကေစုံ အတ္ထိတီကထာ ၁၆၄
၁–အတီတာဒီကေစုကထာ အဖွင့် ၁၆၄
၂–အနာဂတာဒီကေစုကထာ အဖွင့် ၁၆၇
၈–သတိပဋ္ဌာနကထာ အဖွင့် ၁၆၈
၉–ဟေဝတ္ထိကထာ အဖွင့် ၁၇၁

၂-ဒုတိယဝဂ်

၁–ပရူပဟာရ အဖွင့် ၁၇၃
၂–၄–အညာဏာဒီကထာ အဖွင့် ၁၇၅
၅–ဝစီဘေဒကထာ အဖွင့် ၁၇၆
၆–ဒုက္ခာဟာရကထာ အဖွင့် ၁၇၉
၇–စိတ္တဋ္ဌိတိကထာ အဖွင့် ၁၇၉
၈–ကုက္ကုဋ္ဆကထာ အဖွင့် ၁၈၂
၉–အနုပုဗ္ဗာဘိသမယကထာ ၁၈၃
၁၀–ဓေဝါဟာရကထာ အဖွင့် ၁၈၆
၁၁–နိဏ္ဍောဓကထာ အဖွင့် ၁၈၉

၃-တတိယဝဂ်

၁–ဗလကထာ အဖွင့် ၁၉၂
၂–အရိယန္တိကထာ အဖွင့် ၁၉၅
၃–ဝိမုတ္တိကထာ အဖွင့် ၁၉၈
၄–ဝိမုစ္စမာနကထာ အဖွင့် ၁၉၉
၅–အဌမကကထာ အဖွင့် ၂၀၃
၆–အဌမကဿ ဗ္ဘန္ဒိယကထာ ၂၀၅

အကြောင်းအရာ		စာမျက်နှာ
၇- ဒီဗ္ဗစက္ခုကထာ အဖွင့်	....	၂၀၆
၈—ဒီဗ္ဗသောတကထာ အဖွင့်	....	၂၀၉
၉—ယထာကမ္မူပဂတဉာဏကထာ	....	၂၁၀
၁၀—သံဝရကထာ အဖွင့်	....	၂၁၂
၁၁—အသညကထာ အဖွင့်	....	၂၁၄
၁၂—နေဝသညာနာသညာယတနကထာ အဖွင့်	....	၂၁၄
၄-စတုတ္ထဝဂ်		
၁—ဂိဟိဿ အရဟာတိကထာ အဖွင့်	....	၂၁၅
၂—ဥပပတ္တိကထာ အဖွင့်	....	၂၁၇
၃—အနာဿဝကထာ အဖွင့်	....	၂၁၇
၄-သမန္နာဂတာကထာ အဖွင့်	—	၂၁၉
၅—ဗောဓိယာ ဗုဒ္ဓါတိကထာ အဖွင့်	....	၂၂၁
၆—လက္ခဏကထာ အဖွင့်	....	၂၂၄
၇—နိယာမောက္ကန္တိကထာ အဖွင့်	....	၂၂၅
၈—အပရာပိ သမန္နာဂတာကထာ အဖွင့်	....	၂၂၇
၁၀—သဗ္ဗသံယောဇနပ္ပဟာနကထာ အဖွင့်	....	၂၂၈
၅-ပဉ္စမဝဂ်		
၁-ဝိမုတ္တိကထာ အဖွင့်	....	၂၂၉
၂-အသေခဉာဏကထာ အဖွင့်	....	၂၃၀
၃-ဝပရတကထာ အဖွင့်	....	၂၃၁
၄-နိယာမကထာ အဖွင့်	....	၂၃၃
၅-ပဋိသမ္ဘိဒါကထာ အဖွင့်	....	၂၃၆
၆-သမ္မုတိဉာဏကထာ အဖွင့်	....	၂၃၇
၇-စိတ္တာရမ္မဏကထာ အဖွင့်	....	၂၃၈
၈-အနာဂတဉာဏကထာ အဖွင့်	....	၂၃၉
၉-ပဋ္ဌာပဋ္ဌာနဉာဏကထာ အဖွင့်	....	၂၄၀
၁၀-ဖလဉာဏကထာ အဖွင့်	....	၂၄၃

အကြောင်းအရာ စာမျက်နှာ

ဖြ-ဆဋ္ဌဝဂ်

၁-နိယာမကထာ အဖွင့် ၂၄၆
၂-ပဋိစ္စသမုပ္ပါဒကထာ အဖွင့် ၂၄၇
၃-သစ္စကထာ အဖွင့် ၂၄၉
၄-အာရုပ္ပကထာ အဖွင့် ၂၅၀
၅-နိရောဓသမာပတ္တိကထာ အဖွင့် ၂၅၁
၆-အာကာသကထာ အဖွင့် ၂၅၂
၇-အာကာသော သနိဒဿနောတိကထာ အဖွင့် ၂၅၃
၁၀-ပထဝီဓာတု သနိဒဿနာတိ အာဒိကထာ အဖွင့် ၂၅၄

၇း သတ္တမဝဂ်

၁-သင်္ဂီတကထာ အဖွင့် ၂၅၅
၂-သမ္မယုတ္တကထာ အဖွင့် ၂၅၆
၃-စေတသိကကထာ အဖွင့် ၂၅၇
၄-နိဒါနကထာ အဖွင့် ၂၅၈
၅-ပရိဘောဂမယပုညကထာ အဖွင့် ၂၆၃
၆-ဣဇတော ဒိန္နကထာ အဖွင့် ၂၆၇
၇-ပထဝီကမ္မဝိပါကောတိကထာ အဖွင့် ၂၆၈
၈-ဇရာမရဏံ ဝိပါကောတိကထာ အဖွင့် ၂၇၂
၉-အရိယမဂ္ဂဝိပါကကထာ အဖွင့် ၂၇၄
၁၀-ဝိပါကော ဝိပါကဓမ္မဓမ္မော တိကထာ အဖွင့် ၂၇၆

ကထာဝတ္ထု အဋ္ဌကထာ မူလဋီကာ နိဿယ

မာတိကာ

အကြောင်းအရာ စာမျက်နှာ

ဂန္ထာရမ္ဘ အဖွင့် ၂၀၁

နိဒါနကထာ အဖွင့်

မဟာဝဂ္ဂ

၁–ပဋိလကထာ -- ၂၉၂

၁–သုဒ္ဓသစ္စိကဋ္ဌ ၂၉၂

၁–အနုလောမပစ္စနီက အဖွင့် ၂၉၂

၂–ပစ္စနီကာနုလောမ အဖွင့် ၃၁၆

၂–ဩကာသသစ္စိကဋ္ဌ ၃၁၉

၁–အနုလောမပစ္စနီက အဖွင့် ၃၁၉

၃–ကာလသစ္စိကဋ္ဌ ၃၂၀

၁–အနုလောမပစ္စနီက အဖွင့် ၃၂၀

၄–အဝယဝသစ္စိကဋ္ဌ ၃၂၁

၁–အနုလောမပစ္စနီက အဖွင့် ၃၂၁

ဩကာသာဒိသစ္စိကဋ္ဌ ၃၂၁

၂–ပစ္စနီကာနုလောမ အဖွင့် ၃၂၁

၅–သုဒ္ဓိကသံသန္ဒန အဖွင့် ၃၂၄

၆–ဩပမ္မသံသန္ဒန အဖွင့် ၃၂၈

၇–စတုက္ကနယ သံသန္ဒန အဖွင့် ၃၃၉

၈–လက္ခဏယုတ္တိ အဖွင့် ၃၄၁

၉–ဝစနသောဓန အဖွင့် ၃၄၁

၁၀–ပညတ္တာနုယောဂ အဖွင့် ၃၄၄

၁၁–ဂတိအနုယောဂ အဖွင့် ၃၄၅

၁၂–ဥပါဒါပညတ္တာနုယောဂ အဖွင့် ၃၄၈

၁၃–ပုရိသကာရာနုယောဂ အဖွင့် ၃၅၀

၁၄–အဘိညာနုယောဂ အဖွင့် ၃၅၄

၁၅–၁၈–ဉာတကာနုယောဂါဒိ အဖွင့် ၃၅၅

၁၉–ပဋိဝေဓာနုယောဂါဒိ အဖွင့် ၃၅၆

မာတိကာ		ကဲ့
အကြောင်းအရာ		စာမျက်နှာ
၂–ပရိဟာနိကထာ	....	၃၄၉
၁–ဝါဒယုတ္တိပရိဟာနိကထာ အဖွင့်	....	၃၄၉
၂–အရိယပုဂ္ဂလသံသန္ဒနပရိဟာနိ အဖွင့်	....	၃၅၁
၃–သုတ္တသာဓနပရိဟာနိ အဖွင့်	---	၃၅၂
၃–ဗြဟ္မစရိယကထာ	....	၃၅၃
၁–သုဒ္ဓဗြဟ္မစရိယကထာ	....	၃၅၃
၂–သံသန္ဒနဗြဟ္မစရိယကထာ	....	၃၅၄
၃–ဩဝါဒသောကထာ အဖွင့်	....	၃၅၅
၄–ဇာတိကထာ အဖွင့်	....	၃၅၅
၁–နိ သုတ္တာဟရဏကထာ အဖွင့်	....	၃၅၅
၅–သဗ္ဗမတ္ထိတိကထာ အဖွင့်	....	၃၅၆
၁–ဝါဒယုတ္တိ အဖွင့်	....	၃၅၆
၂–ကာလသံသန္ဒန အဖွင့်	....	၃၅၇
၃–ဝစနသောဓန အဖွင့်	....	၃၅၉
အတီတဉာဏာဒိကထာ အဖွင့်	....	၃၆၄
အရဟန္တာဒိကထာ အဖွင့်	....	၃၆၄
ပဒသောဓနကထာ အဖွင့်	....	၃၆၄
၇–ကေစိ အတ္ထိတိကထာ	....	၃၆၆
၁–အတီတာဒိကေစိကထာ အဖွင့်	....	၃၆၆
၈-သတိပဋ္ဌာနကထာ အဖွင့်	....	၃၆၆
၉–ဟေဝတ္ထိကထာ အဖွင့်	....	၃၆၇
၂–ဒုတိယဝဂ္ဂ		
၁–ပရွပဟာရ အဖွင့်	....	၃၆၈
၅–ဝစီဘေဒကထာ အဖွင့်	....	၃၆၉
၇–စိတ္တဋ္ဌိတိကထာ အဖွင့်	....	၃၇၀
၉–အနုပုဗ္ဗဘိသမယကထာ အဖွင့်	....	၃၇၂
၁၀–ဝေါဟာရကထာ အဖွင့်	....	၃၇၃
၁၁–နိဂ္ဂောဓကထာ အဖွင့်	....	၃၇၆

အကြောင်းအရာ စာမျက်နှာ

၃-တတိယဝဂ္ဂ

၁-ဗလကထာ အဖွင့် ၃၇၈
၂-အရိယန္တိကထာ အဖွင့် ၃၇၉
၄-ဝိမုစ္စမာနကထာ အဖွင့် ၃၈၀
၅-အဋ္ဌမကကထာ အဖွင့် ၃၈၂
၆-အဋ္ဌမကဿ ကုန္တြိယကထာ အဖွင့် ၃၈၃
၇-ဒိဗ္ဗစက္ခုကထာ အဖွင့် ၃၈၃
၈-ယထာကမ္မူပဂတဉာဏကထာ အဖွင့် ၃၈၈
၁၀-သံဝရကထာ အဖွင့် ၃၈၉

၄-စတုတ္ထဝဂ္ဂ

၁-ဂိဟိဿ အရဟာတိကထာ အဖွင့် ၃၉၀
၂-ဥပပတ္တိကထာ အဖွင့် ၃၉၀
၄-သမန္နာဂတကထာ အဖွင့် ၃၉၀
၆-ဗောဓိယာ ဗုဒ္ဓေါတိကထာ အဖွင့် ၃၉၁
၇-လကုဏ္ဍကကထာ အဖွင့် ၃၉၂
၈-နိယာမောက္ကန္တိကထာ အဖွင့် ၃၉၃
၁၀-သဗ္ဗသံယောဇနပ္ပဟာနကထာ အဖွင့် ၃၉၄

၅-ပဉ္စမဝဂ္ဂ

၁-ဝိမုတ္တိကထာ အဖွင့် ၃၉၅
၂-အသေခဉာဏကထာ အဖွင့် ၃၉၅
၃-ဝိပရိတကထာ အဖွင့် ၃၉၆
၄-နိယာမကထာ အဖွင့် ၃၉၆
၅-ပဋိသမ္ဘိဒါကထာ အဖွင့် ၃၉၇
၆-သမ္မုတိဉာဏကထာ အဖွင့် ၃၉၇
၇-စိတ္တာရမ္မဏကထာ အဖွင့် ၃၉၈
၈-အနာဂတဉာဏကထာ အဖွင့် ၃၉၈
၉-ပဋိပ္ပဿနဉာဏကထာ အဖွင့် ၃၉၈
၁၀-ဖလဉာဏကထာ အဖွင့် ၃၉၉

အကြောင်းအရာ		စာမျက်နှာ
ဖြူဆဋ္ဌဝဂ္ဂ		
၁-နိယာမကထာ အဖွင့်	....	၄၀၀
၂-ပဋိစ္စသမုပ္ပါဒကထာ အဖွင့်	....	၄၀၀
၃- သစ္စကထာ အဖွင့်	....	၄၀၁
၅-နိရောဓသမာပတ္တိကထာ အဖွင့်	....	၄၀၁
၇-သတ္တမဝဂ္ဂ		
၁-သင်္ဂီတကထာ အဖွင့်	....	၄၀၂
၂-သမ္မယုတ္တကထာ အဖွင့်	....	၄၀၂
၃-စေတသိကကထာ အဖွင့်	....	၄၀၂
၄-ဒါနကထာ အဖွင့်	....	၄၀၃
၅-ပရိဘောဂမယပုညကထာ အဖွင့်	....	၄၀၆
၆-ဣတော ဒိန္နကထာ အဖွင့်	....	၄၀၇
၇-ပထဝီကမ္မဝိပါကောတိကထာ အဖွင့်	....	၄၀၈
၈-ဇရာမရဏံ ဝိပါကောတိကထာ အဖွင့်	....	၄၀၉
၉-အရိယဓမ္မဝိပါကကထာ အဖွင့်	....	၄၁၀
၁၀-ဝိပါကော ဝိပါကဓမ္မဓမ္မာတိကထာ အဖွင့်	....	၄၁၀

ကထာဝတ္ထုပါဠိတော်း နိဿယ

(ပဌမအုပ်)

မာတိကာ

အကြောင်းအရာ စာမျက်နှာ

မဟာဝဂ

၁-ပုဂ္ဂလကထာ ... ၄၁၅

၁-သုဒ္ဓသစ္စိကဋ္ဌ ၄၁၅

၁-အနုလောမပစ္စနီက၊ ၁-အနုလောမပဋ္ဌက ၄၁၅

ပဋိကမ္မစတုက္က ၄၁၆

ဥပနယနစတုက္က ၄၁၈

နိဂ္ဂမနစတုက္က ၄၁၉

၁-သုဒ္ဓသစ္စိကဋ္ဌ၊ ၂-ပစ္စနီကာနုလောမ၊ ပစ္စနီကပဋ္ဌက ၄၂၀

ပဋိကမ္မစတုက္က ၄၂၀

၂-ဩကာသသစ္စိကဋ္ဌ ၄၂၀

၁-အနုလောမပစ္စနီက ၄၂၀

၃-ကာလသစ္စိကဋ္ဌ ၄၂၁

၁-အနုလောမပစ္စနီက ၄၂၁

၄-အဝယဝသစ္စိကဋ္ဌ ၄၂၁

၁-အနုလောမပစ္စနီက ၄၂၁

၂-ဩကာသသစ္စိကဋ္ဌ စသည် ၄၂၂

၅-သုဒ္ဓိကသံသန္ဒန ၄၂၂

ပစ္စနီကာနုလောမ ၄၂၂

၆-ဩပမ္မသံသန္ဒန ၄၂၃

အနုလောမပစ္စနီက ၄၂၃

၇-စတုက္ကနယသသံသန္ဒန ၄၂၄

အနုလောမပစ္စနီက ၄၂၄

၈-ဝစနသောဓန ၄၂၅

၁၀-ပညတ္တာနုဂယောဂ ၄၂၆

၁၁-ဂတိအနုယောဂ ၄၂၈

အကြောင်းအရာ		စာမျက်နှာ
၁၂-ဥပါဒါပညတ္တာနုယောဂ	....	၄၃၃
၁၃-ပုရိသကာရာနုံယောဂ	....	၄၃၆
၁၄-အာဘိညာနုယောဂ	....	၄၄၃
၁၅-၁၈-ဉာတကာနုယောဂါဒိ	....	၄၄၃
၁၉-ပဋိဝေဓာနုဂယောဂ	....	၄၄၄
၂၀-သံဃာနုယောဂ	....	၄၄၄
၂၁-သစ္စိကဋ္ဌသဘာဝဂါနုယောဂ	....	၄၄၄
ဥဒါန်းဂါထာအာနက်	....	၄၅၂
၂-ပရိဟာနိကထာ	....	၄၅၂
၁-ဝါဒယုတ္တိပရိဟာနိ	....	၄၅၂
၂-အရိယပုဂ္ဂလသံဘန္ဒနပရိဟာနိ	....	၄၅၃
၃-သုတ္တာသာဓနပရိဟာနိ	....	၄၅၇
၃-ဗြဟ္မစရိယကထာ	....	၄၅၉
၁-သုဒ္ဓဗြဟ္မစရိယကထာ	....	၄၅၉
၂-သံသန္ဒနဗြဟ္မစရိယကထာ	....	၄၆၃
၃-ဩဝါဒကထာ	....	၄၆၅
၄-ဇဟာတိကထာ	....	၄၆၇
၁-နသုတ္တာဟာရဏကထာ	....	၄၆၇
၂-သုတ္တာဟာရဏကထာ	....	၄၆၈
၅-သဗ္ဗမတ္တိတိကထာ	....	၄၇၀
၁-ဝါဒယုတ္တိ	....	၄၇၀
၂-ကာလသံသန္ဒန	....	၄၇၁
ဝစနသောဓန	....	၄၇၃
အတီတစက္ခုရူပါဒိကထာ	....	၄၇၅
အတီတဉာဏာဒိကထာ	....	၄၇၅
အရဟန္တာဒိကထာ	....	၄၇၅
အတီတဟတ္ထာဒိကထာ	....	၄၇၅
အတီတကဋ္ဌာဒိသမောဓာနကထာ	....	၄၇၆
ပဒသောဓနကထာ	....	၄၇၆
သုတ္တသာဓန	....	၄၇၇
၆-အတီတကဋ္ဌာဒိကထာ	....	၄၈၀
၁-နသုတ္တသာဓန	....	၄၈၀

အကြောင်းအရာ		စာမျက်နှာ
၇-ကေစုံ အတ္ထိတိကထာ	....	၄၈၀
၁-အတီတာဒိကေစုကထာ	....	၄၈၀
၂-အနာဂတာဒိကေစုကထာ	....	၄၈၁
၈-သတိပဋ္ဌာနကထာ	....	၄၈၂
၉-ဟေဝတ္ထိကထာ	....	၄၈၄

ဒုတိယဝဂ်

၁-ပဋ္ဌပဟာရကထာ	....	၄၈၆
၂-အညာဏကထာ	....	၄၈၉
၃-ကခ်ိကထာ	....	၄၉၀
၄-ပရဝိတာရဏကထာ	....	၄၉၂
၅-ဝစီဘေဒကထာ	....	၄၉၃
၆-ဒုက္ခာဟာရကထာ	....	၄၉၄
၇-စိတ္တဋ္ဌိတိကထာ	....	၄၉၅
၈-ကုက္ကုဋ္ဆကထာ	....	၄၉၆
၉-အနုပုဗ္ဗဘိသမယကထာ	....	၄၉၉
၁၀-ဝေါဟာရကထာ	....	၅၀၂
၁၁-နိရောဓကထာ	....	၅၀၄

ပုဒ္ဂလတိယဝဂ်

၁-ပုလကထာ	....	၅၀၇
၂-အရိယန္တိကထာ	....	၅၀၉
၃-ဝိမုတ္တိကထာ	....	၅၁၀
၄-ဝိမုတ္တိမာနကထာ	....	၅၁၀
၅-အင်္ဂမကကထာ	....	၅၁၁
၆-အင်္ဂမကာသ ကွန်ဒိယကထာ	....	၅၁၂
၇-ဒိဋ္ဌကမ္မကထာ	....	၅၁၄
၈-ဒိဋ္ဌသောတကထာ	....	၅၁၆
၉-ယထာဇမ္မုပဂတဉာဏကထာ	....	၅၁၆
၁၀-သံဝရကထာ	....	၅၁၈
၁၁-အသညကထာ	....	၅၁၉
၁၂-နေဝသညာနာသညာယတနကထာ	....	၅၂၀

အကြောင်းအရာ စာမျက်နှာ

၄-စတုတ္ထဝဂ်

၁-ဂိဟိဿ အရဟာတိကထာ ၁၂၃
၂-ဥပပတ္တိကထာ ၁၂၄
၃-အနာသဝကထာ ၁၂၅
၄-သမန္နာဂတကထာ ၁၂၆
၅-ဥပေက္ခာသမန္နာဂတကထာ ၁၂၈
၆-ဗောဓိယာ ဗုဒ္ဓါတိကထာ ၁၂၉
၇-လက္ခဏကထာ ၁၃၀
၈-နိယာမောက္ကန္တိကထာ ၁၃၃
၉-အပရာပိ သမန္နာဂတကထာ ၁၃၇
၁၀-သဗ္ဗသံယောဇနပ္ပဟာနကထာ ... ၁၃၈

၅-ပဉ္စမဝဂ်

၁-ဝိမုတ္တိကထာ ၁၄၀
၂-အသေခဉာဏကထာ ... ၁၄၁
၃-ဝိပရီတကထာ ၁၄၂
၄-နိယာမကထာ ၁၄၃
၅-ပဋိသမ္ဘိဒါကထာ ၁၄၄
၆-သမ္မုတိဉာဏကထာ ၁၄၄
၇-စိတ္တာရမ္မဏကထာ ၁၄၅
၈-အနာဂတဉာဏကထာ ၁၄၆
၉-ပဋ္ဌာနကထာ ... ၁၄၇
၁၀-ဖလဉာဏကထာ ၁၄၇

၆-ဆဋ္ဌဝဂ်

၁-နိယာမကထာ ၁၅၀
၂-ပဋိစ္စသမုပ္ပါဒကထာ ၁၅၁
၃-သစ္စကထာ ၁၅၃
၄-အာရဗ္ဘကထာ ... ၁၅၄
၅-နိဒ္ဒေသသမာပတ္တိကထာ ၁၅၅
၆-အာကာသကထာ ၁၅၆
၇-အာကာသော သနိဒဿနောတိကထာ ၁၅၇
၈-ပထဝီဓာတု သနိဒဿနောတိအာဒိကထာ ၁၅၈

အကြောင်းအရာ စာမျက်နှာ

၇-သတ္တမဝဂ်

၁-သင်္ဂီတကထာ ၅၆၀
၂-သမ္မယုတ္တကထာ ၅၆၁
၃-စေတသိကကထာ ၅၆၁
၄-ဒါနကထာ ၅၆၂
၅-ပရိဘောဂမယပုညကထာ ... ၅၆၅
၆-ဣတော ဒိန္နကထာ ၅၇၀
၇-ပထဝီကမ္မဝိ.ါကောတိကထာ ၅၇၃
၈-ဇလမရဏံ ဝိပါကောတိကထာ ၅၇၅
၉-အရိယဓမ္မဝိပါကကထာ ၅၇၆
၁၀-ဝိပါကော ဝိပါကဓမ္မဓမ္မောတိကထာ ... ၅၇၆

ကထာဝတ္ထု ပါဠိတော် မြန်မာပြန်

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
သိန္နင့်ဖွယ်များ	...	၅၀၁
ကထာဝတ္ထု	....	၅၀၁
သကဝါဒီ ပရဝါဒီ	....	၅၀၁
ပုဂ္ဂလကထာဉ် သိန္နင့်ဖွယ်	....	၅၀၁
ပုဂ္ဂလ	...	၅၀၁
သစ္စီကဉ်	...	၅၀၁
ပရမတ္ထ	—	၅၀၂
သမ္မုတိသစ္စာ	—	၅၀၂
အတ္တ အစ္စဲ	....	၅၀၃
ကာရက, ဝေဒက	...	၅၀၃
သာမီ, နိဝါသီ	—	၅၀၃
ဇီဝ, သတ္တ, ပုဂ္ဂလ, ငါ, သူ	....	၅၀၃
ပရဝါဒီ	....	၅၀၃
သကဝါဒီ	—	၅၀၃
၁-ပုဂ္ဂလကထာ	....	၅၀၄
၁-သုဒ္ဓသစ္စီကဉ်	....	၅၀၄
၁-အနုလောမပစ္စနီက	....	၅၀၄
မဟာဝဂ္ဂ		
၁-ပုဂ္ဂလကထာ	....	၅၀၅
၁-သုဒ္ဓသစ္စီကဉ်	...	၅၀၅
၁-အနုလောမပစ္စနီက	....	၅၀၅
အနုလောမပဋိက	....	၅၀၅
ပဌမအဖြေအရ အပြစ်တင်ပုံ	—	၅၀၆
ဒုတိယအဖြေအရ အပြစ်တင်ပုံ	...	၅၀၆
ပဋိကမ္မစတုက္က (ပရဝါဒီက အတုန့်ပြန်၍ ရှင်းလင်းမှု စကား ၄-ရပ်)	—	၅၀၇

အကြောင်းအရာ		စာမျက်နှာ
ပဌမအဖြေအရ အပြစ်တင်ပုံ	....	၅၈၇
ဒုတိယအဖြေအရ အပြစ်တင်ပုံ	....	၅၈၇
နိဂ္ဂဟစတုက္က(ပရဝါဒီက ပြန်၍နှိပ်မှု စကား ၄-ရပ်)		၅၈၈
ဥပနယနစတုက္က (အနုံလောမပဥ္စကတုန်းက သကဝါဒီ ပုဂ္ဂိုလ်၏ နည်း ၄-မျိုးဖြင့် နှိပ်ပုံကို မိမိက ပြန်၍ နှိပ်ပုံနှင့်အတူဆောင်၍ ပြရာအခက်း)	....	၅၈၈
နိဂ္ဂမနစတုက္က (အနုလောမပဥ္စကတုန်းက သကဝါဒီ၏ နှိပ်ပုံ ၄-မျိုးကို ပြန်၍ ထိုသို့ မနှိပ်ထိုက်ကြောင်းကို နိဂုံးအုပ်သော စကား)	....	၅၈၉
၂-ပစ္စနီကာနုံလောမ	....	၅၈၉
ပစ္စနီကပဥ္စက	....	၅၈၉-၅၉၀
ပစ္စနီကပဥ္စက မြန်မာပြန်	....	၅၉၀
ပဌမအဖြေအရ အပြစ်တင်ပုံ	....	၅၉၀
ဒုတိယအဖြေအရ အပြစ်တင်ပုံ	....	၅၉၁
ပဋိကမ္မစတုက္က(သကဝါဒီက အတုန်ပြန်၍ ရှင်းလင်းမှု စကား ၄-ရပ်)	....	၅၉၁
ပဌမအဖြေအရ အပြစ်တင်ပုံ	....	၅၉၁
ဒုတိယအဖြေအရ အပြစ်တင်ပုံ	....	၅၉၂
နိဂ္ဂဟစတုက္က (သကဝါဒီက ပြန်၍နှိပ်မှု စကား ၄-ရပ်)		၅၉၂
ဥပနယနစတုက္က (ပစ္စနီကပဥ္စကတုန်းက ပရဝါဒီ ပုဂ္ဂိုလ်၏ နည်း ၄-မျိုးဖြင့် နှိပ်ပုံကို မိမိက ပြန်၍ နှိပ်ပုံနှင့်အတူဆောင်၍ ပြရာစကား)	....	၅၉၃
နိဂ္ဂမနစတုက္က (ပစ္စနီကပဥ္စကတုန်းက ပရဝါဒီ၏ နှိပ်ပုံ ၄-မျိုးကိုပြ၍ ထိုသို့ မနှိပ်ထိုက်ကြောင်းကို နိဂုံးအုပ်သော စကား	....	၅၉၃
၂-ဩကာသသစ္စိကဋ္ဌ	....	၅၉၄
၁-အနုလောမပစ္စနီက	....	၅၉၄
၃-ကာလသစ္စိကဋ္ဌ	....	၅၉၄
၁-အနုလောမပစ္စနီက	....	၅၉၄
၄-အဝယဝသစ္စိကဋ္ဌ	....	၅၉၅
၁-အနုလောမပစ္စနီက	....	၅၉၅

အကြောင်းအရာ		စာမျက်နှာ
၂-သြကာသသစ္ဆိကဋ္ဌ၊ ၂-ပစ္စနီကာနုလောမ	....	၅၉၅
၃-ကာလသစ္ဆိကဋ္ဌ	....	၅၉၆
၄-အဝယဝသစ္ဆိကဋ္ဌ	....	၅၉၆
၅-သုဒ္ဓိကသံသန္ဒနနည်း (သြပမ္မစသည် မပါပဲ သစ္ဆိကဋ္ဌဖြစ်သော ပုဂ္ဂိုလ်ကို ရွယ်စသည်နှင့်အတူ နှိုးနှောပြရာ စကားနည်း ၄-ရပ်)	....	၅၉၆
၆-သြပမ္မသံသန္ဒနနည်း (သစ္ဆိကဋ္ဌပရမတ္ထအဖြစ်ဖြင့် ရအပ်သော ရွယ်နှင့် ဝေဒနာ စသည်တို့သည် တမျိုးတခြားစီ ဖြစ်သကဲ့သို့ သစ္ဆိကဋ္ဌပရမတ္ထအဖြစ်ဖြင့် ရအပ်သော ရွယ်နှင့် ပုဂ္ဂိုလ်တို့လည်း တမျိုးတခြားစီလော·ဟု ရွယ်နှင့် ဝေဒနာ စသည်ကို ဥပမာပြု၍ နှိုးနှောရာ စကားရပ်)	....	၅၉၈
၇-စတုက္ကနယသံသန္ဒနနည်း (နည်း ၄-မျိုးဖြင့် သစ္ဆိကဋ္ဌဖြစ်သော ပုဂ္ဂိုလ်ကို ရွယ်စသည်တို့နှင့် နှိုးနှောရာ စကားရပ်)	....	၆၀၀
၈-လက္ခဏယုတ္တိ (ပရမတ္ထတရားတို့၏ အမှတ် အသား ဖြစ်သော သပ္ပစ္စယ စသည်ဖြင့် ပုဂ္ဂိုလ်ကို စိစစ်ရာ စကားရပ်)	....	၆၀၂
၉-ဝစနသောဓန (သဒ္ဒါကို သုတ်သင်ရာ စကားရပ်)	....	၆၀၃
၁၀-ပညတ္တာနုယောဂ (ရှိပီ အရှိပီ စသော ပညတ်တို့နှင့် တကွ ပုဂ္ဂလကို စစ်ဆေး မေးမြန်းရာ စကားရပ်)	....	၆၀၅
၁၁-ဂတိအနုယောဂ (ဂတိ ပြောင်းပုံကို အဦးပြု၍ စုတိ ပဋိသန္ဓေကို စစ်ဆေးမေးမြန်းရာ အခန်း)	....	၆၀၉
သုတ်တော် မြန်မာပြန်	....	၆၁၀
အဓိမ်း–ဟူသော အဖြေအရ အပြစ်တင်ပုံ	....	၆၁၁
၁၂-ဥပါဒါပညတ္တာနုယောဂ (ရွယ်စသည်ကို စွဲ၍ ပုဂ္ဂလ ဟူသော နာမည် ပညတ်ကို မေးရာ အခန်း)	....	၆၁၂
ပဌမအဖြေအရ အပြစ်တင်ပုံ	....	၆၂၅
ဒုတိယအဖြေအရ အပြစ်တင်ပုံ	....	၆၂၅
၁၃-ပုရိသကာရာနုယောဂ (ယောကျ်ားတို့ ပြုအပ်သော ကံ ကမ္မကာရကတို့ကို မေးစစ်ရာ အခန်း)	....	၆၂၉
၁၄-အဘိညာနုယောဂ (အဘိညာဏ်ကို မေးစစ်ရာ အခန်း)		၆၃၈

တထား သံဃဲာ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်သည့် ဗုဒ္ဓဘာသာဝင်များ အဖြစ်သို့ ရောက်ရှိလာကြသည်။

သာသနာတော်မူ အပ တိတ္ထိ ဂိုဏ်းများသည် ဖရို ဖရဲ ပြိုကွဲ ပျက်စီး၍ နေရောင်တောက်သောအခါ ပိုးစုန်းကြူးများ ပျောက်သကဲ့သို့ ပျောက်သွားလေသည်။

တန်ခိုး ပြာဋိဟာကို ပြပြီးသောအခါ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် တာဝတိံသာနတ်ပြည်သို့ ခြေနှစ်လှမ်းမျှဖြင့် ကြွသွားတော်မူသည်။ လူ့ပြည်မှ စတုမဟာရာဇ်နတ်ပြည်ရှိရာ ယုဂန္ဓိုရ်တောင်ထိပ်မှာ ပဌမ ခြေတလှမ်း ချ၍ ယုဂန္ဓိုရ်တောင်ထိပ်မှ တာဝတိံသာ နတ်ပြည်ရှိရာ မြင်းမိုရ်တောင်ထိပ် ပင်လယ် ကသစ်ပင်ရင်းဦး ခြေတလှမ်းချကာ ၂-လှမ်းမျှ လှမ်းကြွခြင်းဖြစ်သည်။ ၂-လှမ်းဦး လူ့ပြည်မှာ ပဌမ ခြေဖဝါးထား၊ ယုဂန္ဓိုရ်တောင်ထိပ်မှာ ဒုတိယ ခြေဖဝါးချ၍ တာဝတိံသာနတ်ပြည်မှာ တတိယခြေဖဝါးချကာ ခြေ ၃-ဖဝါးသာ ချလေသည်။

တာဝတိံသာ နတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းစံရာ ပင်လယ် ကသစ်ပင်ရင်း ခင်းထားသော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်၌ စံနေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဘူးသည့် သန္တုသိတနတ်သားကို အကြီးအမှူး ပြုကာ စကြဝဠာ ကမ္ဘာတိုက်တသောင်းမှ စုဝေး ရောက်လာကြသည့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူသည်။

အဘိဓမ္မာ ၇-ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်းများကို ဟောပြီး ၅-ခုမြောက် ဖြစ်သည့် ကထာဝတ္ထုကျမ်းကို အခြေခံမူ ဂ-ချက်မျှသာ ဟောသည်။ အပြည့်အစုံ မဟော။

အခြေခံမူ ဂ-ချက်။ ။ကထာဝတ္ထုကျမ်း အတွက် အခြေခံမူ ဂ-ချက် ဟူသည်မှာ–

၁။ သုဒ္ဓသစ္စိကဋ္ဌ
၂။ ဩကာသ သစ္စိကဋ္ဌ
၃။ ကာလသစ္စိကဋ္ဌ
၄။ အဝယဝသစ္စိကဋ္ဌ

ဟူ၍ သစ္စိကဋ္ဌ ၄-ချက်ကို–

၁။ အနုလောမ ပစ္စနီက
၂။ ပစ္စနီကာအနုလောမ

ဟူ၍ အမေး ၂-ချက်စီ မေးသောကြောင့် အခြေခံမူ ဂ-ချက် ဖြစ်သည်။

ယင်းသို့ ကထာဝတ္ထုကျမ်းကို အပြည့် အစုံ မဟော ပဲ အခြေခံမူ ဂ-ချက် သာဟောခြင်းမှာ—

နောင်အခါ၌ ငါ၏တပည့် မောဂ္ဂလိပုတ္တတိဿ ရဟန်းသည် ဖြစ်ပေါ်လာသော သာသနာ၏ အညစ်အကြေး တို့ကို သုတ်သင်လျက် တတိယသံဂါယနာတင်ပွဲတွင် ရဟန်းသံဃာ၏ အလယ်၌ ဤကထာဝတ္ထု ကျမ်းကို သကပက္ခဝါဒငါးရာ ပရပက္ခဝါဒငါးရာ ပေါင်း ဝါဒတထောင် ပေါင်း၍ အပြည့်အစုံ ဟောကြားလိမ့်မည်။[1]

ဟူ၍ သိမြင်တော်မူသောကြောင့် ဖြစ်ပေသည်။

ဤသို့ကထာဝတ္ထုကျမ်း အခြေခံမူ ဂ-ချက်ချထား ဟောကြားခြင်းသည် ပင်လျှင် ကထာဝတ္ထုကျမ်းကို ဟောခြင်းဖြစ်ပေသည်။ ထို့နောက်မူ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းကို ဟောတော်မူသည်။ ဤသို့လျှင် တာဝတိံသာနတ်ပြည်၌ ဝါတွင်း ၃-လ ပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူသည်။

. ထို့နောက် သီတင်းကျွတ် လပြည့်နေ့၌ တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကန်းသွမ်းသို့ အလယ်မှ ပတ္တမြားလှေကား၊ လက်ျာဘက်မှ ရွှေလှေကား၊ လက်ဝဲဘက်မှ ငွေလှေကားများ သုယ်တန်းပြီး နတ်ဗြဟ္မာများ ခြံရုံလျက် မြတ်ဗုဒ္ဓရှင်တော်ဘုရား ဆင်းသက်ကြွမြန်းတော်မူခဲ့သည်။

ထိုအခါ ကမ္ဘာသားအားလုံးပင် ထင်ထင်ရှားရှား ဖူးမြင် တွေ့ရှိ ကြရသည်။ စကြဝဠာ ကမ္ဘာလောကဓာတ်တခုလုံး အပိတ်အကွယ်အဆီးအတား မရှိ ငရဲဘုံ နတ်ဗြဟ္မာဘုံများကို တွေ့မြင်ကြရသည်။

ယင်းသို့ အံ့သြဖွယ် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ တန်ခိုးတော်များကို ဖူးမြင် ကြရသော လူအပေါင်းသည် ရတနာသုံးပါးကို ကြည်ညို ဆည်းကပ်သည့် ဗုဒ္ဓဘာသာဝင်များ အဖြစ်သို့ ရောက်ကြလေသည်။ ဘုရားဖြစ်ရန် အတွက် လူတိုင်းပင် ဆုတောင်းကြသည်ဟု အဋ္ဌကထာကျမ်း၌ မူတ်တမ်း တင်ထားခဲ့လေသည်။

ကထာဝတ္ထုကျမ်းအတွက် အတိတ်နိမိတ် ကောင်းခြင်း

ဤတွင် ဖော်ပြခဲ့ပြီးသမျှ စကားရပ်များကို ပြန်လည် သုံးသပ်ကြည့်လျှင် ကထာဝတ္ထုကျမ်း အပါအဝင် ဆဘိဓမ္မာ ၇-ကျမ်းကို ဟောရန် တန်ခိုးပြာဋိဟာများကိုပြပြီး တာဝတိံသာ နတ်ပြည်သို့ ကြွစဉ်တုန်းကလည်း သာသနာမူဏာပ ဖြစ်သော မိစ္ဆာဒိဋ္ဌိများ တိမ်မြုပ်ပျောက်ကွယ်သွားကြပြီး သာသနာ တော် အထောင် ထွန်းပြောင်ခဲ့သည်။

၁။ ဤကျမ်း နှာ ၅။

ကထာဝတ္ထုကျမ်း အပါအဝင် အဘိဓမ္မာ ၇-ကျမ်းကို ဟောတော်မူပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်း ကြွမြန်းလာသောအခါ၌ လည်း မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ တန်ခိုးဂုဏ်ရောင် တိုးတက်ထွန်းပြောင် လာပြန်လေသည်။

ဤသို့ ဗုဒ္ဓနှင့် ဗုဒ္ဓသာသနာ ထိန်ဝါ တောက်ပသည့် အချိန်၌ အစပျိုး အခြေတည်ခဲ့ရသော ကထာဝတ္ထုကျမ်းအတွက် နောင်အပြည့်အစုံ ကထာ ဝတ္ထု ကျမ်းတော်ကြီးအဖြစ်သို့ ရောက်ရှိသောအခါ သာသနာ သန့်ရှင်း တည်တံ့ပြန့်ပွားမရေးကို ပြုစုစွမ်းဆောင်နိုင်မည့် အတိတ်ကောင်းနိမိတ်ကောင်း ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

ယင်းသို့ မဟာသက္ကရာဇ် ၁၁၀-ခုနှစ်တွင် အုံဩဖွယ်ရာ ထူးကဲလှစွာသော မြတ်စွာဘုရားရှင်၏-

တန်ခိုးပြာဋိဟာပြခြင်း၊

အဘိဓမ္မာ ဒေသနာကို ဟောခြင်း၊

နတ်ပြည်မှ လူ့ပြည်သို့ လှေကား ၃-သွယ်ဖြင့် ဆင်းသက်ခြင်း-

မျှားကို တလောကလုံး တင်ထင်ရှားရှား ဖူးမြင် သိရှိကြသည့်အခါ ဗုဒ္ဓ သာသနာတော်ကို ကြည်ညိုသက်ဝင် ဆည်းကပ် ကိုးကွယ်ကြသည်။ သာသနာ တော်ကို မကြည်ညိုသည့် သာသနာ့ ဆူးငြောင့်ခလုတ် အမြုပ်အနယ်မျှား ကင်းဝေးလျက် သက္ကရာဇ် ၁၄၈-ခုနှစ်အထိ ဗုဒ္ဓသာသနာတော် ထွန်းလင်း တောက်ပနေလေသည်။

ပဌမသံဂါယနာတင်ခြင်း

မဟာသက္ကရာဇ် ၁၄၈-ခုနှစ် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ သောအခါ၌ ဗုဒ္ဓသာသနာတော်ကို ထိပါးစေမည့် သတင်းစကား တခုကို သံဃမဟာနာယက ဖြစ်တော်မူသော အရှင်မဟာကဿပ ကြားသိတော်မူရ သည်။ ယင်းသတင်းစကားမှာ-

> တော်ကြပါ ငါ့ရှင်တို့။ မပူကြပါနဲ့။ မငိုကြပါနဲ့။ ငါတို့သည် ရှင်ဂေါတမ (လက်အောက်) မှ လွတ်မြောက်ကြပြီ။ ရှင်ဂေါတမ သည် "သင်တို့ ဒါကိုလုပ်ကြ၊ ဒါကို မလုပ်ကြနဲ့" ဟု ချုပ်ချယ်ခဲ့ သည်။ ယခုတော့ ငါတို့ကြိုက်လျှင် လုပ်၍ မကြိုက်လျှင် မလုပ်ပဲ နေနိုင်ကြပြီ—

ဟူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဒဿာကြောင့် ပူဆွေးငိုကြွေးကြသည့်ရဟန်း တော်တို့အား ရဟန်းကြီးဘပါးက ပြောဆိုခြင်းပင် ဖြစ်သည်။

အရှင်မဟာကဿပသည် ယင်းစကားကို ကြားသိရသောအခါ ရဟန်းသံဃာ အစည်းအဝေးပြုလုပ်ပြီး ဗုဒ္ဓတရားတော်များကို—

မကွယ်မပျောက်စေရန်

အခြားအယူဝါဒများနှင့် အရောရော အနှောနှော မဖြစ်စေရန် အတည်ပြုသည့် သံဂါယနာပွဲပြုလုပ်ပြီး သံဃနာယကများအား အစဉ်အဆက်ဆောင်ရွက် ထိန်းသိမ်းရမည်ဟု တာဝန်ခွဲဝေ အပ်နှင်းတော်မူလေသည်။

သုံးသပ်ချက်။ ။ဤသို့ ပဌမသံဂါယနာပွဲ ပြုလုပ်ခြင်းနှင့် ပတ်သက်၍—

အရှင်မဟာကဿပသည် အမြော်အမြင်ကြီးမားစွာဖြင့် သာသနာတော်ကို တကယ်ထိပါး ပုတ်ခတ်ခြင်း မပြုလုပ်သေးပဲ ထိခိုက်ရန် အလားအလာရှိသော ရဟန်းကြီး၏ စကားမျှဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးအတွက် အကာအကွယ်ပြုလုပ်စီမံတော်မူခဲ့သည်ကို အလွန်ပင် သတိထား မှတ်သား နာယူထိုက်လှပေသည်။

ပုထုဇဉ် ငမိုက်သားတို့သည် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ရှောင်ကြဉ်ရန် တားမြစ်ချက်၊ လိုက်နာရန် ညွှန်ကြားချက် ဝိနည်းသိက္ခာပုဒ်ပညတ်သည်ကိုပင် အပြစ်အနာအဖြစ် မှတ်ထင်ပြီး အတုမဲ့ ဂုဏ်တော်ရှင် မြတ်စွာဘုရားကိုပင် ပြစ်မှား တတ်သည်ကိုလည်း သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်ရာ၌ ကြီးစွာသတိထားသင့်သည်။

ဒုတိယ သံဂါယနာတင်ခြင်း

ယင်းသို့ သန့်ရှင်းစင်ကြယ်သော သာသနာတော်ကို အဆက်ဆက်ဆောင်ရွက်တော်မူခဲ့ကြရာ နှစ်ပေါင်း တရာခန့်ကြာသောအခါ မသန့်ရှင်း မစင်ကြယ်သော အယူဝါဒ ၁၀-မျိုး ပေါ်ပေါက်လာပြန်သည်။ ယင်းအယူအဆ ဝါဒ ၁၀-မျိုးကို ဝေသာလီပြည်သား ဝဇ္ဇီရဟန်းများက စတင် ယူဆကျင့်သုံးကြသည်။ ဝါဒဖြန့်ခဲ့ကြသည်။

ယင်း ၁၀-မျိုးမှာ—

၁။ ကျွဲစသော သတ္တဝါ၏ ဦးချိုတွင်ထည့်၍ သိမ်းထားသော ဆားကို အလိုရှိသောအခါ ဆုမ်းဟင်းစသည်၌ ထည့်၍စားကောင်းသည်။ အာပတ်မသင့်။

၂။ နေ မွန်းတည့်ပြီး အရိပ် လက် ၂-သစ် မကျော်မီ ဆုမ်း စသော အစာကို စားကောင်းသည်။ အာပတ်မသင့်။

၃။ ခရီးသွားခါနီးဖြစ်လျှင် ပဝါရိတ်သင့်သော ဘောဇဉ်ကို အတိရိတ် ဝိနည်းကံမပြုပဲ စားကောင်းသည်။ အာပတ်မသင့်။

၄။ တကျောင်းတည်းနေ ရဟန်းများ တသိမ်တည်း၌ အသီး အသီး တခုစီ တခုစီ ခွဲခြား၍ ဥပုသ်ပြုကောင်းသည်။ အာပတ်မသင့်။

၅။ သံဃအစည်းအဝေးကို မရောက်လာသည့် ရဟန်းများ၏ သဘော တူမှုကို ရယူမည်ဟု သဘောထား၍ သံဃာမညီညွတ်ပဲ သံဃကံကို ဆောင်နိုင်သည်။ ကံမပျက်။

၆။ ဆရာသမား ပြုလုပ်ခဲ့သော မည်သည့် အလုပ်မဆို လိုက်၍ လုပ် ကောင်းသည်။

၇။ နို့အဖြစ်ကိုကျော်၍ ဒိန်ချဉ်မဖြစ်သေးနို့ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံမပြုပဲ စားကောင်းသည်။ အာပတ် မသင့်။

၈။ မမူးစေနိုင်သေးသည့် စိမ်ရည်အရက်ကို သောက်ကောင်းသည်။ အာပတ် မသင့်။

၉။ အမြိတ်အဆာမရှိသော နိသီဒိုင်ကို သုံးစွဲကောင်းသည်။ အာပတ် မသင့်။

၁၀။ ရှေ့ငွေသည် အပ်၏။ အာပတ်မသင့်-

ဟူသောအချက် ၁၀-မျိုး ဖြစ်သည်။

ထို အဓမ္မဝါဒကို စွဲယူကြသော ဝဇ္ဇီရဟန်းတို့သည် ဥပုသ်နေ့၌ ရဟန်း သံဃာအလယ်၌ ရေအပြည့်ထားသော ကြေးဖလားကြီးကိုထား၍—

"ဒကာတို့ သံဃာအား တကျပ်, ငါးမူး, တမတ်, တမူး, တပဲ (တတ်အားသမျှ) လှူကြပါ။ သံဃာတော်များ အသုံးအဆောင် ပရိက္ခရာဝယ်ရန် ဖြစ်ပါလိမ့်မည်"

ဟူ၍ လာသမျှလူတို့အား အလှူခံကြသည်။ ရသမျှကို ထိုနေ့ည၌ အချိုးကျ ခွဲဝေယူကြသည်။

ထိုအခါ ညှို့သည်အဖြစ် ရောက်နေသော အရှင်မဟာယသကိုလည်း ဝေစုပေးကြသည်။ အရှင်မဟာယသက ဝဇ္ဇီရဟန်းတို့ကိုငင်း၊ ဒါယကာတို့ကိုငင်း ရဟန်းတို့အား ရှေ့ငွေ မခံအပ်ကြောင်း ပြော၍ ငြင်းပယ်သည်။

ထိုအခါဝင္ဒီရဟန်းတို့က အရှင်မဟာယသသည် သဒ္ဓါတရားရှိသူ ဒါယကာတို့ကို စေတနာပျက်အောင် ဆဲရေးခြိမ်းခြောက်သည်ဟု စွပ်စွဲကာ သတိပေးသည့် ပဋိသာရဏီယကံကို ပြုလုပ်ရန် စိုင်းပြင်းကြသည်။ အရှင်မဟာယသကလည်း ဒါဟာကာတို့ထံ သွား၍ ဘုရားဟော အင်္ဂုတ္တိရ်ပါဠိ ဥပက္ကိလေသသုတ်[1] လာ အတိုင်း—

၁။ တိမ်တိုက်
၂။ ဆီးနှင်း
၃။ မြူခိုး
၄။ ရာဟု

ဟူသော ၄-ပါးတို့သည် လနှင့်နေတို့၏ အညစ်အကြေးဖြစ်သကဲ့သို့—

၁။ အရက်သေရည် သောက်ခြင်း
၂။ မေထုန်မှီဝဲခြင်း
၃။ ရွှေငွေကိုခံယူခြင်း
၄။ မှားယွင်းစွာ အသက်မွေးခြင်း—

ဟူသော ၄-ပါးတို့သည်လည်း ရဟန်းသူမြတ်တို့၏ အညစ်အကြေးဖြစ်သည်ဟူ၍လည်း ဖြေရှင်း ဟောပြောတော်မူသည်။

ထို့ပြင်လည်း မဏိစူဠကရွာစားကြီးအား မြတ်စွာဘုရား မိန့်ကြားတော်မူသည်—

> ရွာစား.... ဘုရားသားတော် ရဟန်းတို့အား ရွှေငွေသည် မဖာပ်။ ဘုရားသားတော်ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ မခံယူကုန်၊ ပတ္တာမြားနှင့် ရွှေကို ပစ်ပယ်ကြကုန်၏။ ရွှေငွေမှကင်းဝေးကြကုန်၏။ ရွှေငွေအပ်လျှင် ကာမဂုဏ်၄-ပါးလည်း အပ်ပေလိမ့်မည်။ ကာမဂုဏ် ၄-ပါးအပ်လျှင် မုချဘုရားသားတော် ရဟန်းမဟုတ်ဟူ၍ မူတ်ထားလိုက်ပါ ဟူသော စကားတော်မျှားကိုလည်း ပြန်လည် ဟောကြားတော်မူသည် [2]။ ရွှေငွေကိုမခံအပ်ကြောင်း ဝိနည်းသိက္ခာပုဒ်ကိုလည်း ညွှန်ပြ ဟောကြားတော်မူသည် [3]။

ထိုအကြောင်းမျှားကို သိသောအခါ ဝင္ဒီရဟန်းတို့သည် အရှင်မဟာယသအား ဥက္ခေပနီယကံပြု၍ နှင်ထုတ်ရန် ဝိုင်းလာကြရာ အရှင်မဟာယသသည် ကောင်းကင်ခရီးဖြင့်ပျံ၍ ကောသမ္ဗီပြည်သို့ ပြန်ကြွခဲ့ရသည်။

၁။ အင်္ဂုတ္တိရ်ပါဠိ နှာ ၃၆၂။
၂။ အရှင်ယသ၏ စကားတော်မျှား အပြည့်အစုံကို စူဠဝါပါဠိနှာ ၄၉၂-မှစ၍ရှုပါ။
၃။ ပါရာဇိကပါဠိ ၁၄၄။

ထို့နောက် အရှင်မဟာယသသည် အရှင်သမ္ဘူတ, အရှင်ရေဝတစသော လင်္ကာ မဟာထေရ်ကြီးမျာ်းအား ဝင်္ကီ ရဟန်းတို့၏ အဓမ္မ ဝတ္ထု ၁၀-ချက်ကို လျှောက်ထား၍ ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ရန် အစည်းအဝေး ပင့်ဖိတ်သည်။

ဝင်္ကီတိုင်းသား ရဟန်းမျာ်းသည်လည်း အရှင်ရေဝတထံ ချဉ်းကပ်၍ ပရိက္ခရာလှူပြီး လာဘ်ထိုးကာ သူတို့ဘက်ပါအောင် ဆွဲကြသည်။ အရှင်ရေဝတကို ဆွဲဆောင်မရသောအခါ အရှင်ရေဝတ၏တပည့်ကြီး အရှင်ဥတ္တရကို လာဘ်ထိုးပြီး ပရိယာယ်ဖြင့် ဆွဲဆောင်ကြပြန်သည်။ မည်သို့မျှ အရှင်ရေဝတကို ဆွဲဆောင်မရခေ။

ဤသို့ဖြင့် တဘက်နှင့်တဘက် သူမှန်ကိုယ်မှန်ငြင်းခုံယင်း အင်အားစုကြသည်။ အဓိကရဏ်း ပြင်းထန်ရှုပ်ထွေးလာခဲ့ပေသည်။

ထိုအခါ ယင်း ၁၀-မျိုးကို နှစ်သက်လက်ခံသော ရဟန်းမျာ်းနှင့် မနှစ်သက် ငြင်းပယ်သော ရဟန်းမျာ်း ငြင်းခုံကြလေရာ အရှင်အာနန္ဒာ၏တပည့် သက်တော်ထင်ရှားရှိသည့် မြတ်စွာဘုရားကို ဖူးလိုက်ရသော—

အရှင်ယသ
အရှင်ရေဝတ
အရှင်သဗ္ဘကာမိ
အရှင်သောဘိတ
အရှင်သာဋ္ဌ

တို့ကြီးမှူး၍ သံဃာ့အစည်းအဝေးပြုလုပ်ကာ စစ်ဆေးပြီး ဝိနည်းအထောက်အထား ခိုင်လုံစွာဖြင့် ယင်း ၁၀-မျိုးသော အယူအဆကို အဓမ္မဝါဒအဖြစ် ကြေငြာချက်ထုတ်လိုက်သည်။ ထို့နောက် ရဟန်းတော်ပေါင်း တသန်းနှစ်သိန်းမှ ရွေးချယ်လိုက်သော ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ် ခုနစ်ရာတို့သည် ဒုတိယအကြိမ် တရားတော်မျာ်းကို အတည်ပြုပြီး သံဂါယနာတင်တော်မူကြသည်။

ရှုံးသောဘက်မှ အဓမ္မဝါဒီရဟန်းတော်မျာ်းသည် သံဂါယနာပဲ့သို့ မတက်ရောက်ပဲ အခြား အာသိဉ္စက်အာ်းနည်းသည့် ရဟန်းသံဃာမျာ်းကို စည်းရုံးသွေးဆောင်ကာ ရဟန်းတသောင်း ပါဝင်သည့် သီးခြားစင်ပြိုင် သံဂါယနာတင်ပဲ့ ပြုလုပ်ကြသည်။ မိမိတို့ဂိုဏ်းကိုလည်း **မဟာသံဃိကဂိုဏ်း**ဟု ထာမည်ပေးကြသည်။

၁။ ပဉ္စပကရဏအဋ္ဌကထာ ၁၀၃။ ဤကျမ်းနှာ ဂ၊ ၁၀။

သုံးသပ်ချက်။ ။အထက်တွင် ဖော်ပြခဲ့သည့် အဓိကရုဏ်း ဖြစ်ရသော အကြောင်း ၁၀-ပါးကို စိစစ်ကြည့်မည်ဆိုလျှင် သိမ်မွေ့နက်နဲသည့် တရားဓမ္မဆိုင်ရာ အယူအဆ ကွဲလွဲမှုမဟုတ်ပေ။ သာမန်စားသောက် ဝတ်ဆင်ရေး အတွက်မျှသာဖြစ်သည်ကို တွေ့မြင်ရသည်။ ငြင်းခုံမှုနေပဲ ဝိနည်းကံအရ လိုက်နာ ဆောင်ရွက်ပြီးမှ စားသောက် ဝတ်ဆင်မည်ဆိုလျှင် မလိုက်နာ မဆောင်ရွက်နိုင်စရာ အကြောင်း မရှိပေ။ မြတ်စွာ ဘုရားကိုငင်း၊ တရားတော်ကိုငင်း လေးစားကြည်ညိုသူမျှားအဖို့ လွယ်ကူစွာ ဝိနည်းကံအရ လိုက်နာ ဆောင်ရွက်နိုင်သင့်ပေသည်။

ဤကိစ္စ၌ သိက္ခာပုဒ် ဝိနည်းတရားမျှားကို ကျင့်သုံးချင်လို့ ရဟန်းဘဝရောက်ပြီးမှ ဝိနည်းကံအရ လိုက်နာ ဆောင်ရွက်ခြင်း မပြုပဲ စားသောက် ဝတ်ဆင်နိုင်ရန် အပြင်း အထန် အကြောက်အကန် အရှုံးမပေးတမ်း ငြင်းခုံခြင်းဖြင့် သံဃာ ဂိုဏ်းကွဲမှု ဖြစ်ရသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းကြောင်း မှတ်သား ထားသင့်သည်။

အထူးသဖြင့် ၁၀-ခုမြောက် နံပါတ်ဖြစ်သည့် ရွှေငွေကို ခံယူခြင်း နှင့် ပတ်သက်၍ အရှင်မဟာယသ၏ ရွှေငွေကို မခံယူသင့်ကြောင်း ပြောဟောချက်တို့သည် ခိုင်မာလှပေသည်။ ဓမ္မဝိနယနှင့် ညီညွတ်လှပေသည်။ ဆင်ခြင်တတ်၍ လမ်းမှန်ကြိုက်သူတယောက် အမြင်ဖြင့် ကြည့်မည်ဆိုကလည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး သင့်လျော်အပ်စပ်သည့် စားဝတ်နေရေး ပြည့်စုံအောင် ဒါယကာတို့က ပေးလှူထားသည့် ရဟန်းတော်မျှားအတွက် ဝိနည်းသိက္ခာပုဒ်၌ ရွှေငွေ မခံယူအပ်ဟု တားမြစ်မှုထင်ရှားလျှင် ရွှေငွေကို မခံယူပဲ နေနိုင်လောက်ပြီဟု ယူဆပေသည်။ သို့ပါလျက် ဝင်္ဂီရဟန်းတို့သည် အလျှော့မပေးပဲမမှ ဝါဒီအရှင်မဟာယသအား ဒါယကာမျှားနှင့် ရန်တိုက်ပေးခြင်း, အင်အားသုံး အကြပ်ကိုင်ခြင်း, လာဘ်ပေးခြင်း စသည်တို့ဖြင့် အနိုင်ယူရန် ကြိုးစားကြသည်ကိုလည်း သတိပြု မှတ်သား ထားသင့်လှသည်။

နောက်ဆုံး ဓမ္မဝါဒီ ရဟန်းတော်မျှား အားကောင်းရှိ ပိမိတို့ အဓမ္မဝါဒီမျှားက ရှုံးနိမ့်သောအခါ အခြားဘက်ပညာအားနည်းသည့် ပုဂ္ဂိုလ်မျှားကို စည်းရုံးသိမ်းသွင်းပြီး သံဃာကိုက်းခွဲကာ စင်ပြိုင်သံဂါယနာတင်ခဲ့ကြသည်။

ဤသို့လျှင် အဓမ္မဝါဒီ အလဇ္ဇီတို့သည် ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဟု သဘောထားတတ်သည်ကိုလည်း သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွါးရေး ဆောင်ရွက် ရာ၌ အလစ်မပေးပဲ ကြိုးလေးစွာ သတ်ပြု ဆောင်ရွက်သင့်ပေသည်။

တတိယသံဂါယနာတင်ခြင်း

သာသနာပြုမင်း ပေါ်ထွက်လာခြင်း။ ။အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သာသနာတော် အားနည်းလျက် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေချိန်တွင် ဗြာဟ္မဏဝါဒကို စွဲယူ၍ ပုဏ္ဏား‌တို့ကို ကိုးကွယ်ဆည်းကပ်သည့် အသောကအမည်ရှိ ဘုန်းလက်ရုံး တန်ခိုးအာဏာနှင့် ပြည့်စုံသော ကေဏုဇ်မင်းတပါး ပေါ်ထွက်လာခဲ့သည်။

အသောကမင်းကြီးသည် မိဘအစဉ်အဆက် ဗြာဟ္မဏဝါဒကို ယုံကြည်ကိုးကွယ်သောကြောင့် ပုဏ္ဏား‌တို့ကိုဂုဏ်း၊ ပုဏ္ဏားမျိုး မိစ္ဆာဒိဋ္ဌိ တက္ကတွန်း ပရိဗိုဇ်တို့ကိုဂုဏ်း ပင့်ဖိတ်၍ နန်းတော်ရှေ့ ကွက်လပ်၌ အမြဲ ကျေးမွေးလှဒါန်းသည်။ နေ့စဉ် အလှူခံ ၆-သောင်းမျှ ရှိပေသည်။

တနေ့သောအခါ မင်းကြီးသည် နန်းတော်ပေါ်မှနေ၍ ထို အလှူခံတို့ကို ကြည့်ရှုသောအခါ အဝတ်အဆင် အသွင်အပြင် ဟန်အမူအရာအမျိုးမျိုးဖြင့် ကယောက်ကယက် မငြိမ်မသက် တိုးဝှေ့လုပယက်ပြီး အစား‌အစာ အလှူခံယူစားသောက်နေသည်ကို တွေ့မြင်ရသည်။

ဤသို့သော မဖွယ်မရာတို့ကို တွေ့မြင်ရလျှင် မင်းကြီးသည် စုံစမ်းလိုသောကြောင့် ယင်း အလှူခံအား‌လုံးကို စည်းဝေးစေလျက် နန်းတော်တွင်း၌ နေရာမျှားကို အယုတ် အလတ် အမြတ် အမျိုးမျိုးခင်းထားပြီး "သင့်လျော်ရာမှာ ထိုင်ကြပါ"ဟု ပြောကြားသည်။ ထိုအခါ အလှူခံ မိစ္ဆာဒိဋ္ဌိအား‌လုံးသည် ယုတ်ညံ့နိမ့်ကျသော နေရာမှာသာ ထိုင်နေကြသည်ကို တွေ့ရသောကြောင့် "ဤ အလှူခံတို့ သန္တာန်၌ တရား‌လူး, တရား‌မြတ် မရှိနိုင်"ဟု သိရှိပြီး ထိုက်သင့်သလို အစား‌အစာများ‌ကို လှူဒါန်းပေးကမ်း‌လိုက်သည်။

သာသနာ့ သားကောင်း ရတနာ။ ။ဤသို့ မင်းကြီးသည် ဆည်းကပ်ကိုးကွယ်သည့် အယူဝါဒအပေါ်၌ အား‌မလို အား‌မရ ဖြစ်နေစဉ် တနေ့တွင် ဣန္ဒြေသိက္ခာ တည်ကြည် ငြိမ်သက်စွာဖြင့် ကြည်ညိုဖွယ်ရာ သာမဏေငယ်တပါး ကြွသွား‌သည်ကို မြင်တွေ့ရသောအခါ နန်းတော်တွင်း‌သို့ ပင့်စေပြီး "သင့်လျော်ရာ ထိုင်ပါ"ဟု လျှောက်သည်။

သာမဏေးယ်လည်း အခြေအနေကို ကြည့်ရှုလေ့လာသောအခါ မိမိထက် အကျင့်သီလ မြင့်မြတ်သူကို မမြင်သောကြောင့် ရာဇပလ္လင်ပေါ်သို့ တက်၍ ထိုင်သည်။ ဆွမ်းကပ်သောအခါ၌လည်း သာမဏေသည် မိမိနှင့် ဘင်္ဂလျော်ရုံ အလှူခံ၍ ကြည့်ညိုဖွယ်ရာ သိက္ခာပုဒ်နှင့်အညီ ဘုဉ်းပေးတော်မူသည်။

ဤအခြင်းအရာမျိုးကို ဖူးမြင်ရသော မင်းကြီးသည် အလွန် ကြည့်ညို သဒ္ဓါတရား ဖြစ်ပွါးကာ "အရှင်၏ဆရာ ဟောပြောသော အဆုံးအမကို ဟောပါ"ဟု လျှောက်သည်။ သာမဏေသည် ဓမ္မပဒပါဠိတော်လာ အပ္ပမာဒဝဂ်ကို ဟောမည်ဟု စိတ်ကူးပြီး—

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
မမေ့လျော့ခြင်းသည် မသေခြင်း အကြောင်း ဖြစ်သည်။ မေ့လျော့ခြင်းသည် သေခြင်း ဖြစ်သည်။

ဟူ၍ အစဂါထာ၏ ပဌမပါဒကို ရွတ်ဆိုလိုက်လျှင်ပင်—

"သိပါပြီ အရှင်ဘုရား အဆုံးသတ်ပါတော့"

ဟူ၍ မင်းကြီးက လျှောက်ထားလေသည်။

တရားဆုံးလျှင် မင်းကြီးသည် သာမဏေကိုလည်း၊ သားသနာတော်ကိုလည်း ကြည့်ညိုခြင်း သဒ္ဓါတရား ကြီးမားစွာ ဖြစ်ပေါ်လာကာ ဗုဒ္ဓဘာသာဝင် ဒကာဖြစ်သို့ ရောက်ရှိပြီး သရဏဂုံ ၃-ပါး၌ နှင့် ၅-ပါးသီလကို ဆောက်တည်သည်။ မိစ္ဆာဒိဋ္ဌိမျိုးအား လွှနေသည့် အလှူဝတ်မျိုးကို ဖြုတ်ပယ်၍ ဗုဒ္ဓသာသနာအား လှူဒါန်းသည့် အသောကာရုံမည်သော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည်။

မြတ်စွာဘုရား တရားတော် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်မှန်း၍ ဇမ္ဗုဒီပါကျွန်း၌ ကျောင်းပေါင်း စေတီပေါင်း ရှစ်သောင်း လေးထောင်စီ တည်ဆောက် လှူဒါန်းသည်။ တနေ့ တနေ့၌ ပါဋလိပုတ် နေပြည်တော်တွင် ကျောင်း သက်နှံး ဆွမ်း ဆေး ပစ္စည်းလေးပါးအတွက်ပင် ငါးသိန်းကုန် လှူဒါန်းသည်။

သာသနာ့အမွေကို ခံယူနိုင်ရန်အတွက် ညီတော်အရင်း အိမ်ရှေ့စံ တိဿ မင်းသားနှင့် သားတော် မဟိန္ဒမင်းသား, သမီးတော် သင်္ဃမိတ္တာမင်းသမီး, တူသမက်တော် အင်္ဂြိဟ္မမင်းသားတို့ကိုလည်း ရဟန်းဝတ်၍ သာသနာ့ တာဝန်ကို ထမ်းဆောင်စေသည်။

ကျောင်းများ စေတီများကို အပြီးသတ် လှူသည့်ပွဲတော် ကျင်းပသောအခါ ထိုပွဲသို့ ရဟန်းယောကျ်ားပေါင်း ကုဋေရှစ်ဆယ်, ရဟန်းမိန်းမပေါင်း တသိန်း ခြောက်သိန်း တက်ရောက်သည်။ ထိုတွင် ရဟန္တာပေါင်း တသိန်း ပါဝင်သည်။

ဤသို့လျှင် သာသနာတော်ကြီးသည် အလွန် ထွန်းလင်းတောက်ပလျက် လာဘဂ္ဂ ခေါ် အလှူအဒါန်း အခံရဆုံးဖြစ်၍ ယသဂ္ဂ ခေါ် အခြံအရံ အများဆုံး ဖြစ်လာလေသည်။

သာသနာ၌ အရှုပ်အထွေး ဖြစ်လာခြင်း။ ။ယင်းသို့ သာသနာတော်ကြီး ဘုန်းမီးနေလ ထွန်းတောက်ပလာသောအခါ သာသနာပ မိန္ဆာဒိဋ္ဌိများ မထင်မရှား စားရေး ဝတ်ရေး ဖာခက်ဖာခဲ အကြပ်အတည်း ဖြစ်သွားကြသည်။ ထိုအခါ မိစ္ဆာဒိဋ္ဌိဘို့သည် ကြံရာမရ ဖြစ်ကြကာ သာသနာတော်တွင်းသို့ တရားမသာနည်း မတရားသာနည်းများကို သုံးလျက် ဝင်ရောက်လာကြသည်။

တရားသောနည်းဖြင့် ဝင်လာကြပုံမှာ ဗုဒ္ဓတရားတော်ကို ကြည်ညိုယောင် လိုလား နှစ်သက်ယောင်ပြုလျက် မဟာထေရ်ကြီးများကို လျှောက်ထား တောင်းပန်ပြီး ဝိနည်းမမှကံနှင့်အညီ ရဟန်းအဖြစ်ကို ခံယူ ဝင်ရောက်ကြခြင်း ဖြစ်သည်။

မတရားသောနည်းဖြင့် ဝင်လာကြပုံမှာ မည်သည့် ရဟန်းသံဃာတော်ထံမှာမှ နှစ်သက် သဘောတူညီမှု မယူပဲ မိမိသဘောအတိုင်း ခေါင်းတုံးရိပ် သင်္ကန်းဝတ်ပြီး ရဟန်းအမည်ကို ခံယူနေကြခြင်း ဖြစ်သည်။

ယင်းသို့ နည်းအမျိုးမျိုးကို အသုံးပြု၍ သာသနာတော်တွင်းသို့ ဝင်ရောက်လာကြသော မိစ္ဆာဒိဋ္ဌိတို့သည် သာသနာတွင်း ရောက်ပြီး မိမိတို့ ခြေကုပ်ရာ အင်အားရှိလာသောအခါ အရပ်ဒေသအမျိုးမျိုးရှိ ကျောင်းတိုက်များသို့ သွားရောက်နေထိုင်ကြသည်။ ဥပုသ် ပဝါရဏာ ပြုကြသည်။ သံဃကံ ဂဏကံများကို ပါဝင်ဆောင်ရွက်ကြသည်။ သာသနာတော်၌ အနယ် အမြွှုပ် ထဲအောင် အညစ်အကြေးဖြစ်အောင် ဆူးငြောင့်ဖြစ်အောင် ပြုလုပ်ကြသည်။ သာသနာပျက်စီးရေးကိုသာ ဦးတည်လျက် မတရားဘက်ကသာ ရပ်တည်ကြသည်။ ဝိနည်း မမှကံနှင့်အညီ ပြောဆိုဆုံးမ၍ မရနိုင်တော့ပေ။ မီးကို လုပ်ကျွေးခြင်း၊ မှန်းတည့်ချိန်ဆွဲ လဟာပြင်တွင် ရွှေနောက် ငဲယာ မီးဖိုထား လျက် အပူငါးပါး (ပဉ္စာတပ) အကျင့်ကို ကျင့်ခြင်း၊ နေကို ရှိခိုးခြင်းစသော မိမိတို့ အယူဝါဒအတိုင်း သာသနာနှင့် မသင့်လျော်သော မိစ္ဆာအကျင့်များ ကျင့်ကြသည်။ သာသနာ၌ ရဟန်းတု ရဟန်းဆိုးများ ရှုပ်ထွေးပွေလီမ်လျက် ရှိနေသည်။

ထိုအခါ ရဟန်းကောင်းတို့သည် ရဟန်းဆိုး ရဟန်းတုတို့နှင့် ဥပုသ် ပဝါရဏာ မပြုနိုင်အောင်ဖြစ်ပြီး အသောကာရုံ ကျောင်းတိုက်ကြီး၌ ၇-နှစ် တိုင်တိုင် ဥပုသ်ပြုခြင်း ကင်းပြတ်သွားလေသည်။

သံဃာ့ညီညွတ်ရေး။ ။ယင်းသို့ သာသနာတော်တွင်း၌ ကသောင်းကနင်း ဖြစ်လျက် ဥပုသ် ပဝါရဏာမျှ မပြုလုပ်နိုင်ကြသည်ကို သိရှိရသော အာသောကမင်းကြီးသည် သံဃာ့ညီညွတ်ရေးကို ဆောင်ရွက်ရန် အမတ်တယောက်ကို အာဏာပေး စေခိုင်းလိုက်သည်။ ထို အမတ်သည် မင်းကြီးအား "မည်သို့ ဆောင်ရွက်ရပါမည်နည်း" ဟု ပြန်မမေး မလျှောက် ဝံ့သောကြောင့် အခြားအမတ်များအား မေးသောအခါ–

> "ဒါ ဘာခက်လို့လဲ တိုင်းသူပြည်သားတွေ အမိန့် မနာခံလျှင်တော့ သတ်ပစ်တာပဲ၊ အခုလဲ ညီညွတ်ရေးအလုပ်ခိုင်းလို့မရ၊ ဥပုသ် ပဝါရဏာ အတူ မပြုနိုင်ဘူးဆိုလျှင် အဲဒီ ရဟန်းကို သတ်ပစ်လိုက်ရုံပ"

ဟူ၍ ပြန်ပြောကြလေသည်။ ဤသို့ အမတ်များ၏ ပြောကြားချက်ကို မှတ်ယူပြီး ကျောင်းတိုက်သို့ သွား၍ ရဟန်းသံဃာများကို စည်းဝေးစေကာ အတူတပေါင်းတည်း ဥပုသ်ပြုခိုင်းသည်။ ရဟန်းကောင်း ရဟန်းမြတ်တို့သည်ကား "အလင်္ဂီ ဒုဿီလ ရဟန်းနှင့်အတူ ပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂ မပြုရ" ဟူသော ဝိနည်းတော်အရ ထိုရဟန်းဆိုးများနှင့်အတူ ဥပုသ်ပြုရန် ငြင်းဆန်ကြသည်။

ထို အာဏာရအမတ်သည် ငြင်းဆန်သော ရဟန်းများကို ဓားဖြင့် ခေါင်းဖြတ်၍ သတ်ပစ်လေသည်။ ဤသို့ အကျင့်သိလနှင့်ပြည့်စုံသော ရဟန်းတော်များကို သတ်ရာ မင်းကြီး ညီတော် အရှင်တိဿသည် ကြည့်မနေနိုင်တော့ပဲ မိမိကိုသတ်ရန် ဝင်၍ အသတ်ခံလေသည်။ ထို အမတ်သည် မင်းကြီး၏ညီ အရင်း အိမ်ခန္ဓမင်းသားဖြစ်သောကြောင့် မသတ်ဝံ့ပဲ မင်းကြီးထံ ပြန်၍–

> "ကျွန်တော်မျိုး သံဃာ့ညီညွတ်ရေး လုပ်ဆောင်ရာတွင် အမိန့် မနာခံပဲ ဥပုသ် မပြုသော ရဟန်းများကို နှိမ်နင်း သတ်ဖြတ်ရာ ညီတော် အရှင်တိဿကို သတ်ရမည့်အခြေအနေ ဖြစ်နေပါကြောင်း"

သံတော်ဦးတင်လေသည်။

အကြောင်းစုံသိရသောအခါမင်းကြီးလည်းအလွန်ထိတ်လန့် တုန်လှုပ်လျက် မှားလေပြီဟု အလွန် စိတ်ပူပန်သောက ထောက်ရလေသည်။[၁]

၁။ အကျယ်ကို ပါရာဇိကအဋ္ဌကထာနှာ ၃၈-မှ စ၍၊ ပဉ္စပကရဏအဋ္ဌကထာနှာ ၁၈၉-မှ စ၍ ဤကျမ်းနှာ ၁၆-မှ စ၍ ရှုပါ။

မင်းကြီးသည် ဖြစ်ပေါ်လာသော စိတ်ပူပန်မှုကို ပြေအေးစေရန် နည်းလမ်း ရှာပါသော်လည်း လှုပ်လှုပ်နှင့် မရနိုင်ပေ။ နောက်ဆုံးတွင်မှ ထေရဝါဒဗုဒ္ဓဝါဒီခေါင်းဆောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်အရှင်မြတ်၏ ဂုဏ်သတင်းကို ကြားသိရသောကြောင့် အရှင်မြတ်အား ပင့်စေသည်။ အရှင်မြတ်သည်–

"အရှင်ဘုရားအား မင်းကြီးခေါ်သည်"

ဟု ပြောဆို၍ လာပင့်သောကြောင့် ၂-ကြိမ် တိုင်တိုင် မကြွလာပဲ နေသည်။ နောက်ဆုံးအကြိမ်၌–

အရှင်ဘုရား သာသနာတော် ဆုတ်ယုတ်နေပါသည်။ တပည့်တော်များ သာသနာတော်ကို ချီးမြှောက်ရန်အတွက် ဆောင်ရွက်ရာ၌ အပေါင်းအဖော် ဖြစ်တော်မူပါ။

ဟု လျှောက်ထားပင့်သောအခါမှ ကြွလာတော်မူသည်။ မောဂ္ဂလိပုတ္တတိဿ အရှင်မြတ် ကြွရောက်လာသော်အခါ မင်းကြီးသည် ရဟန်းများကို အမတ်သတ်ရာ၌ မိမိအပြစ် ရှိ-မရှိ ကို မေးလျှောက်သည်။
အရှင်မြတ်သည်—

မင်းကြီးသည် ဤအမတ်အား ရဟန်းတော့ကို သတ်စေလို၍ ခိုင်းသည်မဟုတ်။ သံဃာညီညွတ်ရေး ဆောင်ရွက်ရန်သာ ခိုင်းသည်။ အမတ်က မလိမ္မာသောကြောင့်သာ သတ်ခြင်းဖြစ်၍ မင်းကြီးမှာ အပြစ်မရှိပါ။ မြတ်စွာဘုရားကလည်း–

"ငါဘုရားသည် စေတနာကို 'ကံ' ဟု ဟောသည်။ စေတနာဖြင့် နှိုးဆော်၍သာလျှင် ကိုယ် နှုတ် စိတ်တို့ဖြင့် ကံကို ပြုလုပ်သည်"

ဟု ဟောတော်မူပါသည်ဟူ၍ မြတ်စွာဘုရားဟောကြားချက် အဂုံတို့ရှိပါ၌ တော်နှင့် တိတ္ထိရဿာတ်တို့ကို ကိုးကား၍ ဖြေဆိုသောအခါမှ မင်းကြီး စိတ်ချမ်းသာမှု ရသွားလေသည်။

သာသနာသန့်ရှင်းရေး။ ။ထို့နောက် အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿ နှင့် တိုင်ပင်၍ သာသနာ့အညစ်အကြေး ရဟန်းတု ရဟန်းယောင်များကို သုတ်သင် ရှင်းလင်းသည်။ ရှင်းလင်းပုံမှာ ဤသို့ဖြစ်၏။

အာသောကာရုံကျောင်းတော်ကြီး၌ ရဟန်းသံဃာတို့ကို မိမိတို့ အယူဝါဒတူရာ စုပေါင်းစေ၍ အသီးအသီးသောဂိုဏ်းတို့မှ ခေါင်းဆောင်တပါးစီကို ရွေးထုတ်ပြီးလျှင် "မြတ်စွာဘုရား အဘယ်အယူရှိသနည်းဟု မေးသည်"။

ယင်းသို့မေးသောအခါ မိစ္ဆာဒိဋ္ဌိ ရဟန်းတု ရဟန်းယောင်တို့သည် မြတ်စွာဘုရား တရားတော်ကို မသင်ယူဘူးသောကြောင့် မိမိတို့ နားလည်ထားသည့်အတိုင်း သဿတဝါဒီ ဖြစ်သည်၊ ကေစ္စသဿတဝါဒီ ဖြစ်သည် စသည်ဖြင့် မိစ္ဆာဝါဒများကိုသာ ဗုဒ္ဓဝါဒဟု အလွဲလွဲ အမှားမှား ဖြေဆိုကြသည်။ ထို့ဖြေဆိုချက်အရ ယင်း ရဟန်းမျာ်းဦးဆောင်သည့် အုပ်စုများကို ရဟန်းတု ရဟန်းယောင်များအဖြစ် သတ်မှတ်ပြီး အဝတ်ဖြူများကိုပေးကာ လူဝတ်လဲစေသည်။ အားလုံး မိစ္ဆာဒိဋ္ဌိပေါင်း ၆-သောင်းခန့် လူဝတ်လဲကြရသည်။

ကျန်ရှိနေသည့် ရဟန်းတော်များကမူ "မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ ဖြစ်သည်"ဟု ဖြေကြသည်။ ယင်းသို့ဖြေသည့် ရဟန်းတော်များကိုသာ ရဟန်းစစ် ရဟန်းမှန်အဖြစ် သတ်မှတ်၍ သာသနာ၌ ဆက်လက်နေခွင့် ပေးသည်။

သာသနာတည်တံ့ရေး။ ။ထိုအခါ ထေရဝါဒီလင်္ကာပေသလ ရဟန်းကောင်း ရဟန်းစစ်များချည်း ဖြစ်သောကြောင့် သံဃာတော်များ သဒ္ဓိတ်မူကိုရရှိပြီး အတူတကွ ဥပုသ်ပြုတော်မူကြသည်။ ထို့ဥပုသ်ပြုပွဲ၌ ရဟန်းတော်ပေါင်း ၆-သိန်း တက်ရောက်ကြသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်သည် နောင်အခါ၌ သာသနာတွင် အငြင်းပွါးမှုမဖြစ်ပဲ သာသနာတော်တည်တံ့ရေးအတွက် မှားယွင်းသော အယူအဆပေါင်းများစွာကို နှိမ်နင်း၍ အယူအဆ အစစ်အမှန်များကို ဖော်ပြသော ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်။

ထို့နောက်မှ ပဋ္ဌိသမ္ဘိဒါပတ္တ တေဝိဇ္ဇာဓရ တိပိဋကဓရ ရဟန်းတော်ပေါင်း တစ်ထောင်ကို ရွေးချယ်၍ တတိယသံဂါယနာ တင်တော်မူသည်။

သာသနာပြန့်ပွါးရေး။ ။တတိယသံဂါယနာ တင်ပြီးသောအခါ ကမ္ဘာအရပ်ရပ်သို့ သာသနာပြန့်ပွါးစေရန် ရည်ရွယ်၍ ၉-တိုင်း ၉-ဌာနသို့ သာသနာပြုရဟန်းတော်များ စေလွှတ်၍ သာသနာပြုစေသည်။ စေလွှတ်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရတိုင်း ဂန္ဓာရတိုင်းသို့ ကြွစေသည်။
၂။ မဟာဒေဝမထေရ်ကို မဟိံသကမဏ္ဍလသို့ ကြွစေသည်။
၃။ ရက္ခိတမထေရ်ကို ဝနဝါသီသို့ ကြွစေသည်။
၄။ ယောနကမဟာမဟာရက္ခိတမထေရ်ကို အပရန္တကသို့ ကြွစေသည်။
၅။ မဟာမဟာရက္ခိတမထေရ်ကို မဟာရဋ္ဌသို့ ကြွစေသည်။
၆။ မဟာရက္ခိတမထေရ်ကို ယောနကလောကသို့ ကြွစေသည်။

၇။ မဇ္ဈိမထေရ်ကို ဟိမဝန္တဒေသသို့ ကြွစေသည်။
၈။ သောဏနှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့ ကြွစေသည်။
၉။ မဟိန္ဒမထေရ်ကို သီဟိုဠ်ကျွန်းသို့ ကြွစေသည်။

ဤသို့လျှင် သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿကို ဆရာပြု၍ သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်ခဲ့ပေသည်။ ယင်းသို့ သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွါးရေး ဆောင်ရွက်စဉ် ကျမ်း၏ ဖွင့်ဆိုရာ (သံဝဏ္ဏနာတမ္ဘ)ဖြစ်သော **ကထာဝတ္ထု**အဘိမူဝကျမ်းကြီးလည်း ပေါ်ထွန်းလာခဲ့ပေသည်။

သုံးသပ်ချက်။ ။ဒုတိယသံဂါယနာ အပြီးမှစ၍ တတိယသံဂါယနာအထိ ဖော်ပြခဲ့သည့် အကြောင်းအရာများကို သုံးသပ်ကြည့်မည် ဆိုလျှင် အထူးသတိပြု မှတ်သားသင့်သော အချက်အလက်များကို တွေ့ရှိနိုင်ပေသည်။

ဒုတိယ သံဂါယနာမှစ၍ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဗုဒ္ဓတရားတော်များကို အမျိုးမျိုးယူဆ၍ ဂိုဏ်းများ ခွဲထွက်ကြပြီး သူတဗိုလ် ငါတမင်း ပြုလုပ်နေကြသည်။ ယင်းသို့ ပြုလုပ်မှုကြောင့် အဇာတသတ်မင်း, ကာဠာသောကမင်းတို့တိုင်အောင် မင်းအဆက်ဆက် ကိုးကွယ်ဆည်းကပ်ခြင်း ခံရသော ဗုဒ္ဓဘာသာကြီးသည် နောက်ဆက်လက်၍ အုပ်ချုပ်သော မင်းတို့ လက်ထက်၌ ကိုးကွယ်ခြင်း မခံရတော့ပဲ ပစ်ပယ်ခံရသော အခြေသို့ ဆိုက်ရောက်လာသည်။

သာသနာတော်၌ ယင်းသို့ အငြင်းအခုံများ၍ ဂိုဏ်းကွဲများလာလျှင် အားနည်းလာတတ်သည့် သဘောကို သာသနာတော်ကို ကြည်ညိုသူများ အထူး သတိပြုထားသင့်ပေသည်။

ယင်းသို့ တန်ခိုးရှိသော မင်းများသည် ဗုဒ္ဓဘာသာကို ပစ်ပယ်၍ ဗြာဟ္မဏဝါဒကို ဆည်းကပ် ကိုးကွယ် လာခဲ့ကြရာ ဗိန္ဒုသာရမင်း သားတော် အာသောကမင်းတိုင် ရောက်လာသောအခါ နိဂြောဓ သာမဏေငယ်ကို အကြောင်းပြု၍ သာသနာတော်ကြီးသည် ပြန်လည်၍ တန်ခိုးတက်လာကာ မင်းများ အကိုးကွယ်ခံရသောဘဝသို့ရောက်ရှိလာခဲ့ပြန်သည်။

နိဂြောဓသာမဏေကဲ့သို့—

သိက္ခာပုဒ်တော်နှင့်အညီ ဝတ်ဆင်သည်။
သိက္ခာပုဒ်တော်နှင့်အညီ သွားလာသည်။
သိက္ခာပုဒ်တော်နှင့်အညီ ကြည့်ရှုသည်။

ဤအခြင်းအရာကို မြင်ရသော အာသောကမင်းကြီးသည် မြင်လျှင်မြင်ခြင်းပင် ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပေါ်လာ၍ ပင့်ခေါ်စေပြီး စုံစမ်းသည်။ တရားဟောခိုင်းသည်။ သာမဏေသည် ရှင်ဘုရင် သဘောတွေ့ မနောခွဲ့နိုင်အောင် အပွမာဒ တရားကိုဟောပြသည်။

ဤသို့ နိဂြောဓသာမဏေတပါးတည်း၏ စွမ်းဆောင်မှုကြောင့် မိစ္ဆာဒိဋ္ဌိကေရာဇ် ရှင်ဘုရင်ကြီးသည် ဗုဒ္ဓဘာသာဝင် သာသနာပြုမင်းကြီး ဖြစ်ပေါ်ခဲ့၏။ မိစ္ဆာဒိဋ္ဌိမျှားမှာ မင်းစိုးရာဇာတို့၏ ကိုးကွယ်ဆည်းကပ်ခြင်း မခံရတော့ပဲ ပြိုကွဲပျက်စီး သွားတော့သည်။ သာသနာတော်ကြီးသည် တန်ခိုးတောက်ပ၍ နိုင်ငံတော်ဘာသာကြီး ဖြစ်လာရပေသည်။

သာမဏေငယ်မျှားနှင့် သာသနာတော်

ဤသည့် ဖြစ်ရပ်ကို ထောက်ထား၍ "တယောက်ကောင်းလျှင် တသောင်းဗိုလ်ခြေ ညက်ညက်ကျေ။ သစ်တပင် ကောင်းတော့ ငှက်တသောင်း ခိုရသည်" ဟူသော မြန်မာစကားပုံအရ ကိုရင်သာမဏေငယ်, ရဟန်းငယ်မျှားပင်လျှင် သာသနာတော် ထွန်းလင်းတောက်ပရေးကို ဆောင်ရွက်နိုင်သည်ကို သတိပြုမှတ်သားထားသင့်လှပေသည်။ ထို့ကြောင့် ကိုရင်သာမဏေငယ်, ရဟန်းငယ်မျှားကိုလည်း ဝိနည်းသိက္ခာပုဒ်ကိုရှိသေလေးစားစွာ လိုက်နာကျင့်သုံးအောင် တရားတော်ကို တတ်သိ ကျွမ်းကျင်အောင် သင်ကြား ပေးထိုက်လှပေသည်။

ရဟန်းတော်မျှား ကွဲပြားခြင်း၏အဖြစ်

ထို့ပြင်လည်း "နွားကွဲလျှင် ကျားဆွဲတတ်သည်။ အညီရှိလျှင် ယင်အုံတတ်သည်" ဟူသော မြန်မာစကားပုံမျှားရှိသည့်အတိုင်း သာသနာ့ဝန်ထမ်းရဟန်းတော်မျှား ကွဲပြား၍ မညီမညွတ်ဖြစ်လျှင် ဘာသာခြား မိစ္ဆာဒိဋ္ဌိမျှားကလည်း ဖောနှောပါဝင်ပြီး သာသနာပျက်စီးအောင် ပြုလုပ်တတ်ကြသည်ကိုလည်း ဤအဖြစ်အပျက်က သရုပ်ဖော်နေသည်ကို မမေ့သင့်ကြပေ။

အာဏာရှိသူများ သတိပြုရန်

တဖန် သီရိဓမ္မာသောကမင်းကြီးက သံဃာ့ညီညွတ်ရေးကို ဆောင်ရွက်ရန် အာဏာပေးလိုက်သည့် မလိမ္မာသည့်အမတ်သည် သာသနာတော်တွင်း သံဃာ့ညီညွတ်ရေးကို ဆောင်ရွက်နာ့၌ အာဏာဖီဆန်သူများနှင့် အလားတူ သဘောထားပြီး ရဟန်းတော် အများအပြားကို သတ်ဖြတ်မိသည့် မှားယွင်းသော ဖြစ်ရပ်သည်လည်း ယင်းသို့ မမှားမယွင်းရုအောင် သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်ကြသူများ သတိထားရမည့် အဖြစ်အပျက်တခုဖြစ်ပေသည်။

ဤတွင် ကထာဝတ္ထုကျမ်းကြီးသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို အထူတ်အထိပ်ရောက် ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အခါန်အခါ၌ မြတ်စွာဘုရား အလိုတော်ကျ ချမှတ်ထားသော မာတိကာစဉ်နှင့်အညီ တတိယသံဂါယနာတင် ဦးစီးနာယကအရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဟောကြားသောကြောင့် အာဘိဓမ္မာကျမ်းကြီးဖြစ်သည်ကိုမူကား အတူးသတ်ပြု မှတ်သားသင့်လှပေသည်။

ကထာဝတ္ထု ကျမ်းကြီး

ကထာဝတ္ထုကျမ်းပမာဏ။ ။သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်နေစဉ် တတိယ သံဂါယနာတင်ချိန် ပေါ်ထွက်လာခဲ့သော ကထာဝတ္ထု ကျမ်းကြီးသည်ကား သာသနာတော်၌ ထိုစဉ်အခါက ဖြစ်ပေါ်ဆဲ မှားယွင်းသော အယူအဆများကိုလည်း ပယ်ရှင်းနိုင်၏။ နောင်အခါဖြစ်လတ္တံ့သော မှားယွင်းသော အယူအဆများကိုလည်း ပယ်ရှင်းနိုင်စွမ်းရှိ၏။ မှားယွင်းသောဘက် (=ပရပက္ခ) မှ အယူအဆ သုတ်ပေါင်းငါးရာ၊ မှန်ကန်သောဘက် (=သကပက္ခ) မှ အယူအဆ သုတ်ပေါင်း ငါးရာဟူသော သုတ်ပေါင်း တထောင်တို့ဖြင့် တန်ဆာဆင် ပါဝင်ဟောကြားထား၏။

ထိုစဉ်အခါက အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဟောကြားတော်မူသော ကထာဝတ္ထုကျမ်း၏ အတိုင်းအတာမှာ ဒီဃနိကာယ်မျှ ရှိသည်ဟု အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖော်ပြထားသည်။ ဒီဃနိကာယ်ဟူသည်မှာ သီလက္ခန္ဓဝဂ္ဂ ပါဠိတော်, မဟာဝဂ္ဂပါဠိတော်, ပါထိကဝဂ္ဂပါဠိတော် ၃-ကျမ်းကို ခေါ်ပေထုယင်းတို့သည် ယခု ဆဋ္ဌသံဂါယနာ ဆိုက်ဖြင့်—

သီလက္ခန္ဓဝဂ္ဂ ၌ စာမျက်နှာ	၂၃၆
မဟာဝဂ္ဂ ၌ စာမျက်နှာ	၂၀၃
ပါထိကဝဂ္ဂ ၌ စာမျက်နှာ	၂၆၀

ရှိသောကြောင့် စုစုပေါင်း စာမျက်နှာပေါင်း (၂၇၉) မျက်နှာရှိသည်။ ထို့ကြောင့် ကထာဝတ္ထုပါဠိတော်သည် မူရင်းအတိုင်းဆိုလျှင် စာမျက်နှာ (၂၇၉) မျက်နှာခန့် ရှိရပေမည်။ သို့သော်လည်း ယခုလက်ရှိ ကထာဝတ္ထုကျမ်းမှာ စာမျက်နှာ ၄၅၄-မျှသာ ရှိပေသည်။

ကထာဝတ္ထုကျမ်း၌ ပဌမဝဂ် ဒုတိယဝဂ် စသည်ဖြင့် ဝဂ်ပေါင်း ၂၃ ဝဂ် ရှိ၍ ပုဂ္ဂလကထာ ပရိဟာနိက ကထာ စသည်ဖြင့် ကထာပေါင်း ၂၂၆-ခု ပါဝင်သည်။

ကျမ်းအမည်ရှင်းချက်။ ။ကထာဝတ္ထုဟူသောအမည်၌ ကထာပုဒ်-ဝတ္ထုပုဒ် ဟူ၍ ပုဒ် ၂-မျိုး ပါဝင်သည်။

ကထာ—ဟူသည်မှာ ပြောဆိုခြင်းဖြစ်သော စကားအယူဝါဒကို ဟောနိုင်သော ပုဒ်ဖြစ်သည်။ ဤ၌ အယူဝါဒဟူသော အနက်ဟောဟု မှတ်ယူသင့်သည်။

ဝတ္ထု—ဟူသည်မှာ တည်ရာနေရာ ဟူသော အနက်ကိုဟောသည်။ ကထာနှင့်ဝတ္ထု ၂-ပုဒ်ပေါင်းလိုက်၍ ကထာဝတ္ထုဟု တပုဒ်ထဲ ဖြစ်လာသောအခါ အယူဝါဒတို့၏တည်ရာကျမ်း ဟူ၍ အဓိပ္ပါယ်ရပေသည်။

မှန်ပေသည်။ ဤကထာဝတ္ထုကျမ်း၌ ဗုဒ္ဓဘုရားဟော်ဆိုခဲ့ရာတို့၌ ဖြစ်ပေါ်နိုင်သမျှ အကောင်အထည် အယူဝါဒအမျိုးမျိုးတို့ကို ဖော်ပြ၍ အမှားအမှန် စိစစ်ဝေဖန်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

ဤအကြောင်းကို ပေါ်လွင်ထင်ရှားစေရန် ကထာဝတ္ထုကျမ်းလာ ပရဝါဒီ ခေါ် မှားယွင်းသော (မိစ္ဆာ) အယူများကို စိစစ်ဝေဖန် ဟောပြချက် အချို့ကို သက်သေအဖြစ် ထုတ်ဖော်ပြဆိုပါအံ့။

ရန်ငြိုးမကင်းသောအယူဝါဒ။ ။ဤနိဒါန်းအစဝှင် ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများ၏ အဓမ္မဝတ္ထု ၁၀-ချက်ကို အကြောင်းခံ၍ ဒုတိယသံဂါယနာတင်ပွဲ ကျင်းပခဲ့သည်ကို ဖော်ပြပြီး ဖြစ်သည်။

ထိုအခါက ရဟန္တာအရှင်မြတ်ကြီးများသည် လမ်းမှန်သည့်ဘက်မှ ပါဝင်၍ အလဇ္ဇီရဟန်းများကို နှိမ်နင်းပြီး ဒုတိယသံဂါယနာတင်ခဲ့ကြသည်။ ထိုအခါ အလဇ္ဇီရဟန်းများကလည်း စင်ပြိုင်သံဂါယနာ တင်ခဲ့ကြသည်။

ရဟန္တာအရှင်မြတ်တို့မည်သည်မှာ ကိလေသာ အာသဝေါ ကင်းကွာတော်မူပြီး ဖြစ်တော်မူကြသည်။ ရဟန္တာကို မဆိုထားဘိ အငယ်ဆုံးအရိယာ

ကလေးမျှသာဖြစ်သော သောတာပန်သည်လျှင်ပင် အဂတိလေးပါး မလိုက်စားပဲ မှန်ရာဘက်ကိုသာ လိုက်ကြရိုးထုံးစံရှိပေသည်။ ထို့ကြောင့် ဤအဓမ္မဝတ္ထု ၁၀-ချက် ငြင်းခုံရာ၌ ရဟန္တာပုဂ္ဂိုလ်ကြီးများ ဦးဆောင်သည့် အရိယာသံဃာတော်များသာည် အဓမ္မဝတ္ထု ၁၀-ချက်ကို လက်မခံသော ထေရဝါဒကိုးဘက်မှ ရပ်တည်တော်မူကြသည်။ ဓထေရဝါဒ က အနိုင်ရ၍ ဒုတိယသံဂါယနာ တင်တော်မူကြသည်။

ဤသည်ကို မကျေနပ်ကြသော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထေရဝါဒ ရဟန်းများထက် သံဃာဦးရေများများ စည်းရုံး၍ စင်ပြိုင် သံဂါယနာ တင်ကြသည်။ လောက၌ မသိမလိမ္မာ သူတို့သည် အများဘက်က လိုက်တတ်သည့် ထုံးစံအတိုင်း အလဇ္ဇီတို့က ပို၍ လူဦးရေ အင်အားကောင်းကြသည်။ သူတို့ဂိုဏ်းကိုလည်း မဟာသံဃိကဂိုဏ်းဟု အမည်တပ်ကြသည်။

မဟာသံဃိကဂိုဏ်းသားနှင့် ဓနာဂလိုက်တို့သည် တဘက် ထေရဝါဒဂိုဏ်းမှ ရပ်တည်နေကြသော ရဟန္တာပုဂ္ဂိုလ်ကြီးများ၏ အရှိန်အဝါကောင်းနေသည်ကို မတွန်းလှန်နိုင်ကြပဲ ရှိကြရာ ရဟန္တာပုဂ္ဂိုလ်ကြီးများ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ရန်ငြိုးပါဝင်သော စွပ်စွဲချက် အယူဝါဒများကို တီထွင်ကြပြီးလျှင် ဝါဒဖြန့်ကြသည်။ ယင်းဝါဒဆိုးများမှ ထင်ရှားသောအချက် အချို့ကို ထုတ်ပြပါအုံ—

၁။ ရဟန္တာများသည် ရဟန္တာအဖြစ်မှ လျှောကျနိုင်သည် ဟူသော အယူဝါဒကို စွဲယူကြသည်။ ဝါဒဖြန့်ကြသည်။

ဤသည်ကို မှားယွင်းသော အယူဝါဒ ဖြစ်ကြောင်း ကထာစတ္ထု ပါဠိတော် ကထာနံပါတ် ၂၊ ပရိဟာနိကထာ၌ အရှင်မောဂ္ဂလိပုတ္တတိဿက စိစစ်ဝေဖန် ရှင်းလင်းထားပေသည်။

(ကထာဝတ္ထုပါဠိတော်-နှာ ၆၁။ မြန်မာပြန်နှာ ၁၀၄။ ဤကျမ်းနှာ ၁၁၈ တို့မှ စ၍ ရှုပါ။)

၂။ ရဟန္တာများသည် မာရ်နတ်အသင်းဝင် နတ်ဆိုးများ ပူးဝင်လျှင် သုက်လွှတ်ခြင်း ဖြစ်သည် ဟူသော အယူဝါဒကို စွဲယူကြသည်။ ဝါဒဖြန့်ကြသည်။

ဤသည်လည်း မှားယွင်းသော အယူဝါဒသာ ဖြစ်ကြောင်းကို အမှတ် ၁၀၊ ပရိုပဟာရကထာ၌ စိစစ်ဝေဖန် ဟောကြားထားပေသည်။

(ကထာဝတ္ထု ပါဠိတော် နှာ ၁၂၇။ မြန်မာပြန် နှာ ၂၂၃။ ဤကျမ်းနှာ ၃၀၇။)

၃။ ရဟန္တာမှာ လူအမည် ရွာအမည်စသည်ကို မသိမ္မရှိသေး သည်။ ထို့ကြောင့် အဝိဇ္ဇာမကုန်သေးဟု ယူကာ ဝါဒ ဖြန့်ကြသည်။

ဤသည့်အယူဝါဒ မှားယွင်းကြောင်းကို ၁၁-အညာဏ ကထာ၌ စိစစ် ဝေဖန်ဟောကြားထားပေသည်။

(ကထာဝတ္ထုပါဠိတော် နှာ ၁၃၆။ မြန်မာပြန် နှာ ၂၃၆။ ဤကျမ်း နှာ ၁၇၅။)

၄။ ရဟန္တာများသည် လူအမည် ရွာအမည် လမ်းခရီး စသည် တို့၌ ယုံမှားသံသယ ဖြစ်တတ်သေးသောကြောင့် ဝိစိ-ကိစ္ဆာ ရှိသေးသည်ဟု ယူဆကြသည်။ ဝါဒဖြန့်ကြသည်။

ဤသည့်အယူဝါဒ မမှန်ကန်ကြောင်းကို ၁၂-ကခ်ံကထာ၌ ရှင်းလင်း ဟောပြထားသည်။

(ကထာဝတ္ထု ပါဠိတော် နှာ ၁၄၀။ မြန်မာပြန် နှာ ၂၄၂။ ဤကျမ်း နှာ ၁၇၅။)

၅။ ထို့အတူပင် ရဟန္တာတို့သည် လူအမည် မြို့ရွာ စသည်ကို သူတပါး အကူအညီဖြင့်သာ သိကြသည်။ ထို့ကြောင့် အဝိဇ္ဇာရှိသေးဇဲဟု ယူဆကြသည်။ ဝါဒဖြန့်ကြသည်။

ဤသည့် အယူဝါဒ မှားကြောင်းကို ၁၃-ပရဝိတာရဏ ကထာ၌ ရှင်းလင်း ဟောကြားထားပေသည်။

(ကထာဝတ္ထုပါဠိတော် နှာ ၁၄၅။ မြန်မာပြန် နှာ ၂၄၉။ ဤကျမ်း နှာ ၁၇၅။)

၆။ ရဟန္တာတို့သည် အခြို့သော သံယောဇဉ်တရားများကို မပယ်ရှားနိုင်ကြောင်းယူဆကြသည်။ ဝါဒဖြန့်ကြသည်။

ဤ အယူဝါဒ မသင့်ကြောင်းကို ၂၀၂-သံယောဇနကထာ၌ ရှင်းလင်း ဟောကြားထားပေသည်။

(ကထာဝတ္ထုပါဠိတော် နှာ ၄၃၇။ မြန်မာပြန် နှာ ၃၆၄။ ဤကျမ်း နှာ ၁၂၇။)

ဤသို့ စသည်ဖြင့် ပရဝါဒီ မဟာသံဃိကကိုဏ်း နောက်လိုက်များသည် တရားလမ်းမှန် ဓမ္မဝါဒီပုဂ္ဂိုလ်များ ဖြစ်တော်မူကြသည့် ရဟန္တာအရှင်မြတ်များအား ရန်ငြိုးထားပြီး ရဟန္တာအရှင်များ၏ ဂုဏ်အာသရေကို ထိခိုက်ပုတ်ခတ်၍ ဝါဒတိထွင်ကြသည်။ ဝါဒဖြန့်ကြသည်။ သို့မှသာ မိမိတို့အနိုင်ရနိုင်လိမ့်မည်ဟု ထင်မှတ်ကြသည်။ ပုထုဇဉ်တို့၏သဘောသည် မှားသည်မှန်သည်ကို မကြည့် မိမိတို့အနိုင်ရရေးကိုသာ ကြည့်၍ ပြောဟော ပြုလုပ်တတ်ကြသည်မှာ အလွန်ထိတ်လန့်ဖွယ် ကောင်းလှပေသည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿသည် ယင်းသို့သော သာသနာ့ဘေးအန္တရာယ်များကို တားဆီးပိတ်ဆင် ချေမှုန်းလျက် ကထာဝတ္ထုကျမ်းကြီးကို ဟောကြားတော်မူပေရာ နောင်လာနောင်သား သာသနာတော် ချစ်မြတ်နိုးသူ လူရွင်အများတို့သည် ကထာဝတ္ထုကျမ်းကြီးကို လေ့လာသင်ယူခြင်းဖြင့်၎င်း၊ ဟောပြော ပို့ချခြင်းဖြင့်၎င်း၊ လှူဒါန်းဖြန့်ဝေခြင်းဖြင့်၎င်း စောင့်ရှောက် ထိန်းသိမ်းသင့်လှပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ညိုးထား၍ ယူဆကြသော မိစ္ဆာအယူဝါဒများသာမက သာသနာတော်၌ အန္တရာယ်ဖြစ်စေမည့် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော မိစ္ဆာအယူများစွာကိုလည်း ဤကထာဝတ္ထုကျမ်း၌ ရှင်းလင်းပယ်ရှား ဟောကြားထားပေသည်။ အချို့ကို စာမြည်းအဖြစ် စာရှုသူ သုတေသီတို့ လေ့လာနှင့်ရန် ထုတ်ပြပါအံ့။

ကြားကာလဘဝ။ ။သတ္တဝါတို့သည် ဘဝတခုမှ သေပြီးလျှင် အခြားဘဝသစ်တခုကို မရသေးမီ ကြားကာလ၌ သန္ဓေလောင်းအဖြစ် တည်နေရသေးသည်။ ယင်းသန္ဓေလောင်းအဖြစ်ဖြင့် ဘဝသစ်ကို ရှာဖွေရသည်။ ယင်းကာလဘဝကို ပါဠိဘာသာဖြင့် အန္တရာဘဝဟု ခေါ်သည်။ သန္ဓေလောင်းကိုမူ ပါဠိဘာသာဖြင့် ဂန္ဓဗ္ဗ ဟုခေါ်ပေသည်။ သန္ဓေလောင်းခေါ် ဂန္ဓဗ္ဗကို ရှေးမြန်မာတို့က တစ္ဆေဟု သုံးစွဲခဲ့ကြသည်။

ယင်း တစ္ဆေ ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို သန်ရာသန်ရာ အဓိပ္ပါယ်အမျိုးမျိုးဖွင့်ပြကြသည်။ ပါဠိသန်သူ ပညာရှင်တို့ကမူ ခြိမ်းခြောက်ခြင်းအနက်ဟောဖြစ်သော ပါဠိ တဇ္ဇ ဓာတ်မှဆင်းသက်လာသည်။ တဇ္ဇေမှ အသံပေါ်၍ တစ္ဆေ ဖြစ်လာသည်ဟု ဆိုကြသည်။ သို့သော် ပါဠိစာပေကျမ်းဂန်တို့၌ တဇ္ဇေဟုခေါ်သော သတ္တဝါတမျိုး မတွေ့ရသောကြောင့် ထိုဆရာတို့၏စကားကို စဉ်းစားသင့်သည်။

မြန်မာသန်သူ ပညာရှင်တို့ကမူ တစ္ဆေကို တစ်တပုဒ် ဆေ-တပုဒ် ခွဲခြားကြပြီးလျှင် ဤဘဝမှလည်း လက်လွှတ် ဟိုဘဝကိုလည်း မရသေးပဲ တစ်လစ်

ကြီးဖြစ်နေသော ဆေ တေ အ တ တ ဖြစ်နေသည့် သတ္တဝါဟု ဝိုင်္ဂုဟ်ပြု အဓိပ္ပါယ် ဖော်ကြသည်။ ဤပညာရှင်တို့၏ အယူအဆကိုလည်း တစ်၏ အဓိပ္ပါယ်ဖော်ပုံမှာ လက်ခံနိုင်သော်လည်း ဆေ၏ အဓိပ္ပါယ်မှာ လက်မခံနိုင်အောင် ဖြစ်နေသည်။

ယင်း ဂန္ဓမ္မ သဒ္ဒနွေလောင်း တစ္ဆေရှိသည် အန္တရာဘဝရှိသည်ဟူသော ဝါဒကို ကထာဝတ္ထုကျမ်း ကထာအမှတ် ၇၄·အန္တရာဘဝကထာ၌ စိစစ် ဝေဖန် ပယ်ရှားထားပေသည်။

(ကထာဝတ္ထု ပါဠိ နှာ ၂၆၉။ မြန်မာပြန် နှာ ၇၂။)

အနုသယကိလေသာ။ ။ သတ္တဝါတို့အား ပူပန် ညှစ်နှိမ်း စေတတ်သော အကုသိုလ် ဓာတ်များကို ကိလေသာ ဟု ဗုဒ္ဓစာပေ ကျမ်းဂန်တို့၌ ပြဆိုထားသည်။ ယင်းကိလေသာသည် ၁၀·ပါး ရှိသည်။ ကိလေသာသည်—

၁။ အနုသယ ကိလေသာ

၂။ ပရိယုဋ္ဌာန ကိလေသာ

၃။ ဝီတိက္ကမ ကိလေသာ

ဟူ၍ ၃·မျိုးရှိသည်။ ယင်း ၃-မျိုး၏ အဓိပ္ပါယ်ကို ထင်ရှားအောင် ရေးပြရန် ခက်သည်။ သို့သော် မူနိုင်ရုံ အကြမ်းသဘောမျှ ရေးပြပါမည်။

အနုယကိလေသာ·ဟူသည်မှာ သိမ့်မွှေသော အခွင့်သင့်လျှင် စိတ်သန္တာန် အစဉ်၌ ဖြစ်ပေါ်လာစေနိုင်သည့် ကိလေသာစာတ် အမျိုးအစား ဖြစ်သည်။

ပရိယုဋ္ဌာနကိလေသာ-ဟူသည်မှာ ကိလေသာ သဘောအဖြစ်ဖြင့် စိတ်သန္တာန် အစဉ်၌ ထကြွ သောင်းကျန်းကာ ဖြစ်ပေါ်လာသော ကိလေသာ စာတ် အမျိုးအစား ဖြစ်သည်။

ဝီတိက္ကမကိလေသာ-ဟူသည်မှာ စိတ်သန္တာန်အစဉ်တွင် ဖြစ်ပေါ်ရုံမက ကာယကံ ဝစီကံ မနောကံ ဖြစ်ပေါ်လာအောင် ထကြွ လှုန်ကျူးလာသော ကိလေသာ စာတ်မျိုး ဖြစ်သည်။

ဤ ၃· မျိုးကို ထင်ရှားစေရန် ပညာရှင်များက မီးခြစ်ဆံ ယမ်းနှင့် မီးတောက်ပုံ မီးလောင်ပုံများကို ဥပမာ ပေးကြသည်။

(က) မီးခြစ်ဆံ၌ ယမ်း၌ မီးဖြစ်စေနိုင်သော သတ္တိစာတ်ရှိသည်။

(ခ) ယင်း သတ္တိစာတ်သည် မီးခြစ်အိမ်နှင့် ပွတ်တိုက်မိသောအခါ အကြောင်းညီညွတ်လျှင် မီးတောက်ကလေး ဖြစ်ပေါ်လာသည်။

(ဂ) ယင်း မီးတောက်ကလေးသည် အကြောင်းညီညွတ်လျှင် အခြား လောင်စာမျှားသို့ ကူးစက်ပြီး မီးလောင်မှု ဖြစ်လာသည်။

ဤဥပမာ၌—

(က) မီးခြစ်ဆံယမ်းရှိ မီးဖြစ်နိုင်သည့် သတ္တိဓာတ်ကဲ့သို့ အနုသယကိလေသာဓာတ် တူညီသည်။

(ခ) ယင်း သတ္တိဓာတ်သည် မီးခြစ်အိမ်နှင့် ပွတ်တိုက်မိသောအခါ ပေါ်လာသော မီးတောက်ကလေးနှင့် ပရိယုဋ္ဌာန ကိလေသာတူသည်။

(ဂ) ယင်း မီးတောက်ကလေးမှ အခြားလောင်စာမျှားကို ကူးစက်၍ မီးလောင်မှု ဖြစ်သည်နှင့် ဝီတိက္ကမ ကိလေသာတူသည်။

ဤသို့ ကိလေသာဓာတ် သုံးမျိုး၏ သဘောအဓိပ္ပါယ်ကို ပညာရှင်များ ထင်ရှားအောင် ဖော်ကြသည်။ ယင်းသို့ ကိလေသာဓာတ် ၃ မျိုးကို သိရှလျှင် ကိလေသာဓာတ် ၃ မျိုးပါ အနုသယနှင့် စပ်ဆိုင်သော အယူဝါဒ အမျိုးမျိုးဖြစ်ပေါ်လာပုံ ဤကထာဝတ္ထုကျမ်း၌ ဖြေရှင်းပုံကို ဆက်လက် ဖော်ပြပါအံ့။

အနုသယသည် ဖော်ပြခဲ့သည့်အတိုင်း ပရိယုဋ္ဌာန ဝီတိက္ကမ အဖြစ်ကို မရောက်သေးသည့်အခါ၌ အာဂုံယူခြင်းကိစ္စကို မဆောင်ရွက်နိုင်။ ထို့ကြောင့် အနုသယ ကိလေသာသည် အနာရမ္မဏ တရားဖြစ်သည်ဟု ယူဆသောဝါဒ ပေါ်ထွက်ခဲ့သည်။ ယင်းဝါဒကို ကထာဝတ္ထုကျမ်း ကထာအမှတ် ၈၂-အနုသယာအနာရမ္မဏကထာ၌ စိစစ် ရှင်းပြထားပေသည်။

(ကထာပတ္ထု ပါဠိတော် နှာ ၂၉၉။ မြန်မာပြန် နှာ ၁၂၄။)

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အနုသယ ကိလေသာတို့သည် အာဂုံပြုမှု မရှိလျှင် ကုသိုလ် အကုသိုလ် မဖြစ်နိုင်။ အဖျာကတ တရားသာလျှင် ဖြစ်ရမည်ဟု ယူဆသော ဝါဒလည်း ပေါ်ပေါက်လာသည်။ ယင်းဝါဒကို ကထာအမှတ် ၁၀၆-အနုသယာ အဖျာကတ ကထာ၌ စိစစ် ဝေဖန်ပြဆိုထားပေသည်။

(ကထာဝတ္ထု ပါဠိတော် နှာ ၃၂၃။ မြန်မာပြန် နှာ ၁၆၆။)

အနုသယကိလေသာသည် ဟိတ်မရှိသော အဟေတုကတရား ဖြစ်ရမည်ဟု ယူဆသော ဝါဒလည်း ပေါ်ပေါက်လာသည်။ ယင်းဝါဒကို ကထာအမှတ် ၁၀၇ အနုသယာ အဟေတုက ကထာ၌ စိစစ် ဝေဖန်ထားပေသည်။

(ကထာဝတ္ထု ပါဠိတော် နှာ ၃၂၃။ မြန်မာပြန် နှာ ၁၂၄။)

အနုသယကိလေသာသည် စိတ္တနှင့်မယှဉ်သည့် စိတ္တ ဝိပ္ပယုတ္တ တရားဖြစ်သည်ဟု ယူဆသော ဝါဒသည်း ပေါ်ထွက်ခဲ့သည်။ ယင်းဝါဒကို ကထာအမှတ် ၁၀၀· အနုသယာစိတ္တဝိပ္ပယုတ္တကထာ၌ ရှင်းလင်း ဝေဖန်ထားပေသည်။

(ကထာဝတ္ထု ပါဠိတော် နှာ ၃၂၃။ မြန်မာပြန် နှာ ၁၂၄။)

ဤသို့စသည်ဖြင့် ဗုဒ္ဓဘရားတော်ဆိုင်ရာ၌ ဖြစ်ပေါ်လာသော မှားယွင်းသော အယူဝါဒများကို စိစစ် ဝေဖန်၍ ကထာဝတ္ထုကျမ်း၌ သုတ်သင်ရှင်းလင်း ဟောကြားထားပေသည်။

ဟောကြားထားသည့် တရားဒေသနာတို့သည် အာဘိဓမ္မာ သဘောပိုင်းဆိုင်ရာ၌ ပါဝင်သည့်သိမ်ဖွေ့ နက်နဲသော တရားများဖြစ်သည့်အပြင် မြတ်စွာဘုရား အာဘိဓမ္မာ ဒေသနာတော်ကို ဟောစဉ်အခါက ချမှတ်ထားတော်မူသော အကျဉ်းချုပ် ဒေသနာ ဂ·ချက်နှင့် ညီညွတ်လိုက်လျောစွာ အကျယ်ဟောကြားချက် ဖြစ်သောကြောင့် တတိယသံဂါယနာတင် ထေရ်အရှင်တို့က ၅·ခုမြောက် အာဘိဓမ္မာ ကျမ်းတော်ကြီးအဖြစ် အတည်ပြု သတ်မှတ်တော်မူကြပေသည်။

ကထာဝတ္ထု အဋ္ဌကထာ

အာဘိဓမ္မာ ၇·ကျမ်းတို့တွင် ပဉ္စမကျမ်းစာဖြစ်သော ကထာဝတ္ထုကျမ်းကြီးသည်ကား—

၁။ ဓမ္မဂမ္ဘီရ ပါဠိတော် ဝေဟာရ၏ နက်နဲခြင်း

၂။ အတ္ထဂမ္ဘီရ အနက်အဓိပ္ပါယ်၏ နက်နဲခြင်း

၃။ ဒေသနာဂမ္ဘီရ ဟောကြားထားသည့် အခြင်းအရာ နက်နဲခြင်း

၄။ ပဋိဝေဓဂမ္ဘီရ ထိုးထွင်းသိမြင်မှု နက်နဲခြင်း

ဟူသော နက်နဲခြင်း ၄-ပါးရှိရကား ယင်းပါဠိတော်၏ အနက် အဓိပ္ပါယ်စသည်ကို ဖွင့်ပြသော အဋ္ဌကထာကျမ်းကို အရှင်မဟာဗုဒ္ဓဃောသအရှင်မြတ်က ပြုစုစီရင်တော်မူသည်။ ယင်းကထာဝတ္ထု အဋ္ဌကထာသည်—

၁။ အဋ္ဌသာလိနီ

၂။ သမ္မောဟဝိနောဒနီ

၃။ ပဉ္စပကရဏ

ဟူသော အာဘိဓမ္မာ အဋ္ဌကထာ ၃·ကျမ်း ၃·အုပ်ရှိသည်တွင် ၃·ပဉ္စပကရဏ အဋ္ဌကထာ၌ ပါဝင်သည်။ စာမျက်နှာ ၄၉၉ ရှိသည်။

ကထာဝတ္ထု မူလဋီကာ

ကထာဝတ္ထု အဋ္ဌကထာ၏ အဆိုအမိန့်များသည်လည်း နောင်လာနောက် သားများ အတွက် သိမြင်ရန် အခက် အခဲ ရှိနေပြန်ရကား ငယ်နာမည် အာနန္ဒာ ရဟန်းဘွဲ့ အရှင်ဝနရတနတ်ဿထေရ်က အဖွင့်ဋီကာ တစောင် ရေးသား စီရင်တော်မူသည်။ ကထာဝတ္ထု မူလ ဋီကာဟု ခေါ်ဝေါ်ကြသည်။ စာမျက်နှာ ၆၉-ရှိသည်။

ကထာဝတ္ထု အနုဋီကာ

မြန်မာဆိုရိုးရှိသောကျမ်း။ ။ကထာဝတ္ထု မူလဋီကာ၏ အဆို အမိန့်များဦး ခက်ခဲ၍ သိမြင်ရန် မလွယ်ကူသောကြောင့် ဋီကာဆရာကြီး အရှင်ဓမ္မပါလ က ထပ်မံ၍ အနုဋီကာ ရေးသား ဖွင့်ပြရ ပြန်သည်။

ဖော်ပြခဲ့သည့် ကထာဝတ္ထုပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ပတ်သက်၍ 'ကထာဝတ္ထု အနက်ခု' ဟူသော မြန်မာဆိုရိုးစကားတခု ရှိခဲ့သည်။ ယင်း စကားသည် တန္တိဝါယနည်းဖြင့် ပြဆိုသော ဆိုရိုးစကား ဖြစ်သည်။ တန္တိဝါယနည်း ဟူသည်မှာ ယက်ကန်းယက်နည်းဟု မြန်မာအနက်ရရှိသည်။ ယက်ကန်းယက်ရာ၌ ချည်သား ၂-လွှာဖြစ်သော်လည်း အထည်သား ၁-လွှာသာ ဖြစ်သည်။ ထို့အတူပင် 'ဤကထာဝတ္ထု အနက်ခု' ဟူသော ဆိုရိုး စကားသည်လည်း အဓိပ္ပါယ် ၂-မျိုးကို ဆောင်နိုင်သော တခုတည်းသော ဆိုရိုးစကား ဖြစ်သည်။

အနက်ခု။ ။ကထာဝတ္ထု ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ပြဆိုအပ်သောပါဠိ ဝေါဟာရများသည် အတွေ့အကြုံများသော ထေရဝါဒသုံး ဝေါဟာရများသာမက အတွေ့အကြုံနည်းပါးသော ဂိုဏ်းကွဲပေါင်းများစွာသုံး ဝေါဟာရ ပါဠိအနက်အဓိပ္ပါယ်များဖြစ်သည်။ ယင်းတို့၏အနက် အဓိပ္ပါယ်များကို သိမြင်ရန် မလွယ် အနက်ခိုးလိုခုလု ဖြစ်နေတတ်သည်။ ထို့ကြောင့် ကထာဝတ္ထုဆိုင်ရာ၌ အနက်ခုနေတတ်သည်။ ယင်းသို့အနက်ခုနေတတ်သည်ကို အဖြောင့်အဓိပ္ပါယ်အား ဖြင့် 'ကထာဝတ္ထု အနက်ခု' ဟု တနည်း ဆိုခြင်းဖြစ်သည်။

အနုဓက်။ ။ကထာဝတ္ထု အနုဋီကာ ရေးသား စီရင်တော်မူသော အရှင် ဓမ္မပါလသည် ထေရဝါဒတွင် သာမက မဟာသံဃိကစသော ဂိုဏ်းကွဲများ၏ အယူအဆ အခေါ်အဝေါ်များကိုလည်း ကျွမ်းကျင်တော်မူသည်၊ ထို့ကြောင့်ဆရာတော်သည် ကထာဝတ္ထု၌ ခက်ခဲသောဝါဒကဲ့ ဝေါ-

ဟာရများ, အဓိပ္ပါယ်များကိုလည်း အနုဋ္ဌီကာ၌ ထည့်သွင်းရေးသားထား သောကြောင့် အနုဋ္ဌီကာသည် အလွန်ခက်ခဲနေပြန်သည်။ ထို့ကြောင့် အနက်ခု အနုခက် ဟု စကား အပြန် စကားလိမ် အဓိပ္ပါယ်ကိုလည်း 'ကထာ၀တ္ထု အနက်ခု' ဟုဆိုရိုးစကားက ဆောင်နေပြန်လေသည်။

ဤသို့လျှင် ကထာ၀တ္ထုဆိုင်ရာ ပါဠိစာပေများအတွက်ငင်း၊ ကထာ၀တ္ထု အနုဋ္ဌီကာအတွက်ငင်း မြန်မာဆိုရိုးစကား တွင်လျက်ရှိနေပေသည်။ ကထာ ၀တ္ထု အနုဋ္ဌီကာမှာ ဆဋ္ဌမူဖြင့် စာမျက်နှာ (၁၀၁) ရှိသည်။

ကထာ၀တ္ထု ဘာသာဋ္ဌီကာ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကထာ၀တ္ထုပါဠိတော်နှင့် ပတ်သက်၍ အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားအောင် အဋ္ဌကထာဋ္ဌီကာကျမ်းများ ဖွင့်ဆို ခဲ့ကြပါသော်လည်း ပါဠိမကျမ်း မြန်မာဘာသာသက်သက်ကိုသာ တတ်ကျမ်းသူ သောတုနုနယ် စာသင်ငယ်များနှင့် ဗုဒ္ဓအဘိဓမ္မာ ဧလ့လာသူ သုတေသီများအတွက် အခက်အခဲရှိနေပြန်ပေသေးရာ တောင်မြို့ မဟာဂန္ဓာရုံ ကျောင်းတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ သည် မြန်မာဘာသာဖြင့် ဖွင့်ဆိုသော ဤ ကထာ၀တ္ထု ဘာသာဋ္ဌီကာကျမ်းကို ရေးသား စီရင်တော်မူသည်။

ကျမ်းပြုဆရာတော် ဂုဏ်ရည်။ ။ကထာ၀တ္ထု ဘာသာဋ္ဌီကာကျမ်း ပြုစုတော် မူသော ဆရာတော် အရှင်ဇနကာဘိဝံသ သည်ကား ဗုဒ္ဓ၀ါဒ ဗုဒ္ဓတရားတော်ဆိုင်ရာ ကျမ်းများစွာကို လေ့လာ လိုက်စားလိုသူတို့၏ အသိဉာဏ်၀င်ဆံ့အောင် ရေးသား ပြုစုတော်မူနိုင်စွမ်း သည့် သတ္တိထူးရှိတော်မူသော ခေတ်၏တောင့်တချက်အရ ပေါ်ထွန်းလာသူ သိုက်၀င် သမိုင်း၀င် ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်သောကြောင့် မည်သို့မည်ပုံ တော်ပါသည် တတ်ပါသည်ဟု စာရှုသူတို့အား ဤနိဒါန်း ရေးသားဖွင့်ဆို ပြ၍ မိတ်ဆက်ပေးရန် လိုမည်မထင်ပါ။ အကယ်၍ ရေးသားဖွင့်ဆိုပြနေ ပါလျှင် နိဒါန်းဌ ရေးပြနိုင်သည်က နည်း၍ စာရှုသူ သုတေသီတို့ သိရှိ နေသည်က များနေမည် ဖြစ်သောကြောင့် ရှက်နိုးဖွယ်သာ ; ဖြစ်ပါလေ တော့မည်။

ထို့ကြောင့် ဆရာတော်၏ များစွာသော ဂုဏ်ထူးဝိသေသများကို ထုတ်ဖော် ရေးသားခြင်းမပြုတော့ပဲ ဤ နိဒါန်းရေးသူနှင့် ဤ နိဒါန်းဖတ်ရှုနေသူတို့ အယူအဆ သဘောထားချင်း တထပ်တည်း တူညီနိုင်မည့် ဆရာတော်၏ ဂုဏ်ထူးဝိသေသတခုကိုသာလျှင် ဤကျမ်းစာနှင့်ငင်း၊ သာသနာ သန့်ရှင်း

တည်တံ့ပြန့်ပွါးရေး ဆောင်ရွက်နေသည့် ဤအချိန်အခါနှင့် ကိုက်ညီသော ကြောင့်ရင်း ထုတ်ဖော် ရေးသားလိုပါသည်။ ယင်း ဂုဏ်တော်သည်ကား—

ဆရာတော်သည် သာသနာ သန့်ရှင်း တည်တံ့ပြန့်ပွါးရေးကို လိုလားနှစ်သက် ဆောင်ရွက်နေသူပုဂ္ဂိုလ်ကြီးဖြစ်သည်—

ဟူသော တခုတည်းသော အဓိကအချက်ကြီးပင် ဖြစ်ပါသည်။

မူနဒါ၏။ ဆရာတော်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင်လျှင် ကျောင်းတိုက်တည်ထောင်ကာ ရှင်ငယ် ရဟန်းငယ်များကို လက်ခံကျွေးမွေး ထောက်ပံ့၍ သာသနာ့ဝန်ဆောင်ကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ပရိယတ် ပဋိပတ် ပညာရပ်များကို သင်ကြားပေးခဲ့သည်။ ဝိနည်း သိက္ခာ အကျင့်သီလကို ရှိသေလေးစားရန် သာသနာတော်ဝန်ကို ရွပ်ရွပ်ချုံချုံ ဆောင်ရွက်စေရန် ပဋိပတ်ပညာကိုလည်း လေ့ကျင့်သင်ပြ ဆုံးမပေးခဲ့သည်။

သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွါးရေးအတွက် ရှင်လူအများအား နှုတ်ဖြင့်လည်း ဟောကြားတော်မူသည်။ ဘာသာသွေး၊ အနာဂတ်သာသနာရေး၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ သာသနာရေး လျှောက်ထားချက် စသော ကျမ်းပေါင်း မြောက်မြားစွာကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။

သာသနာတော်နှင့် ပတ်သက်၍ ဟာကွက် ပျောက်ကွက် အားနည်းချက်များကိုလည်း ပြုပြင်နိုင်ရန် အခွင့်ရသမျှ ထုတ်ဖော် ညွှန်ပြတော်မူခဲ့သည်။ ယင်း ညွှန်ပြချက်ကို ထင်ရှားစေရန် ဝေးဝေးလံလံမဟုတ်ပဲ ယခု စာရှုသူတို့ လက်သို့ ဆိုက်ရောက်နေသည့် ကထာဝတ္ထု ဘာသာဋီကာမူ ထုတ်ပြလိုပါသည်။

ဤကျမ်း စာမျက်နှာ ၂၁-၌—

ပဥ္စမသံဂါယနာ။ ။မြန်မာနိုင်ငံဝယ် ပေထက်အက္ခရာကို အားကျသောအားဖြင့် သာ၍ ခိုင်မြဲလိမ့်မည်ဟု ယူဆကာ ကျောက်ထက်အက္ခရာ တင်ကြသော်လည်း ယနေ့တိုင်အောင် အသုံးပြုသူ မများသေးချေ။ ထိုအချိန်၌ ဒေါင်းဒင်္ဂါးငွေများကို ဆွမ်းဆန်တော်အဖြစ်ဖြင့် လှူဒါန်း၍နေကြသော်လည်း ထိုသာသနာ့မလကို မသုတ်သင်နိုင်ခဲ့ကြ။ သုတ်သင်လိုသော ဆရာတော်အချို့ကလည်း အားပေးသူမရှိ၍ အားမရှိခဲ့ကြသောကြောင့်—

မိုးချုပ်လို့ပြန်ချိန်တော်၊ မြတ်လေးစွယ်တော်ပေါ်သည့်ချောင်းမှာ ဒေါင်းတွေ့ကအော်။

ဒေါင်းပေါ်လျှင် ကြိုသူလွှတ်ပါ့၊ ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည့်လေး။

ဟု စောင်းချိတ်၍သာ ရေးဝံ့ဟော့သည်။

ဆဋ္ဌသံဂါယနာ။ ။ဆဋ္ဌသံဂါယနာဟု သမုတ်အပ်သော သံဂါယနာအချိန်၌ကား ဒေါင်းဒင်္ဂါးအဆက် ဖြစ်သော ဌေစက္ကူတွေ့ကို အများစုက ရဲဘင်းစွာ ကိုင်တွယ် ခံယူနေကြလေပြီ။ ထို သာသနမလက်ို မည်သူကမျ သုတ်သင်ဖို့ရာ မစဝံ့ခဲ့။ လွယ်ကူသော စာအုပ် ရိုက်နှိပ်မှုကိုသာ ဝိုင်းဝန်း၍ ကြိုးစားတော်မူခဲ့ကြသည်။ ထို့ကြောင့် ယခုအချိန်၌ အတူအယောင်ရဟန်းတွေနှင့်တကွ သာသနမလသည် ကြီးကျယ်နေလေပြီ။ မည်သို့ သုတ်သင်ကြမည်နည်း။

ဟူ၍ ရေးသား ညွှန်ပြထားပေသည်။

ဆရာတော်၏ ညွှန်ပြချက်သည် နည်းပင် နည်းသော်လည်း ခရီးရောက် နက်ရှိုင်းလှပါပေသည်။ သံဂါယနာတင် ဟူသည်မှာ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို လုပ်ခြင်းဖြစ်သည်။ သို့သော် ပဉ္စမသံဂါယနာ တင်စဉ်တုန်းအခါနှင့် ဆဋ္ဌသံဂါယနာ တင်စဉ်တုန်းအခါများက သာသနာတော် သန့်ရှင်းရေးအတွက် သာသနမလခေါ် သာသနာတော်၏ အညစ်အကြေးများကို မသုတ်သင်နိုင်ခဲ့ကြကြောင်း ထောက်ပြထားပေသည်။

မှန်ပေသည်။ ဒုတိယသံဂါယနာတင်စဉ်တုန်းက အရှင်မဟာယသအမှူးရှိသော ရဟန္တာပုဂ္ဂိုလ်ကြီးများသည့် ရှေ့ဌေကို အလှူခံခြင်း သာသနမလကို တညီတညွတ်တည်း အဓမ္မဝတ္ထုအဖြစ် သတ်မှတ်ပြီး သုတ်သင်ရှင်းလင်းတော်မူခဲ့ကြသည်။ ကျွန်ုိဒါန်း ဒုတိယသံဂါယနာခန်း (စာမျက်နှာ ၅-၆)ကို ပြန်ကြည့်ပါ။

သို့ပါသော်လည်း ပဉ္စမသံဂါယနာ တင်စဉ်အချိန်က ယင်း ရှေ့ဌေကို အလှူခံခြင်း အဓမ္မဝတ္ထုကို မသုတ်သင်နိုင်ရုံမျှမက ဒေါင်းဒင်္ဂါးများကို ဆွမ်းဆန်တော်ဟု အမည်ပြောင်းပြီး ပြောင်ပြောင်တင်းတင်း လှူခဲ့ကြ, ခံယူခဲ့ကြကြောင်း ဆရာတော်က ထောက်ပြသည်။

ဆဋ္ဌသံဂါယနာ တင်စဉ်အချိန်ကာလည်း ပဉ္စမသံဂါယနာ အတိုင်းပင် လိုက်၍ ဌေစက္ကူများကို ပြောင်ပြောင်တင်းတင်းပင် လှူခဲ့ကြ, ခံယူခဲ့ကြကြောင်း ဆရာတော်က ဖော်ပြထားခြင်းဖြစ်ပေသည်။

ဤ ဖော်ပြခဲ့သော လုပ်ဆောင်ချက်, ရေးသားချက်များကို ထောက်ရှုလျှင် ဤ ကျမ်းပြုဆရာတော်သည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို လိုလားဆောင်ရွက်သူ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း စာရှုသူများ သိနိုင်လောက်ပြီဟု ယုံကြည်ပါသည်။

ဤကျမ်း၏ဂုဏ်ရည်

ဆရာတော် ပြုစုတော်မူသော ကျမ်းစာတို့သည် ရေးသားလိုသောအချက်ကို ဖတ်ရှုသူများသည် မိမိကိုယ်တိုင် သဘောပေါက် သိရှိပြီး အကြောင်းအရာကို မိမိကိုယ်တိုင် ရေးသားပြီး မိမိစာကို မိမိကိုယ်တိုင် ပြန်ဖတ်လိုက်ရသကဲ့သို့ ရှင်းကနဲ့ လင်းကနဲ့ ထင်းကနဲ့ သိမြင်နိုင်အောင် ရေးသားထားသည့် စာမျိုးသာ ဖြစ်ကြောင်း ဆရာတော် ပြုစုသမျှသောစာတို့၏ ပင်မအရိုးခံ ဂုဏ်ရည်ဖြစ်ကြောင်း ထင်ရှားပါသည်။ ယင်းသို့သော ပင်မအရိုးခံဂုဏ်ရည်နှင့် ပြည့်စုံခြင်းမှာ—

၁။ ပေါ်လွင်ထင်ရှားသော မြန်မာဝေါဟာရ ဝါကျသုံးခြင်း
၂။ စာစပ်ဖော်ပြခြင်း
၃။ ပါဠိမှား ပါဠိမှန် ရှင်းပြခြင်း
၄။ ပါဠိသေသထည့်ပြခြင်း
၅။ ကျမ်းညွှန်းပြခြင်း
၆။ သုတ်ညွှန်းရေးသားပြခြင်း
၇။ ဝိဂြိုဟ်ပြခြင်း
၈။ ပုဒ်ဓာတ်ပစ္စည်းခွဲပြခြင်း
၉။ ဋီကာ အဓိပ္ပါယ်ဖွင့်ထည့်ပြခြင်း
၁၀။ အနုဋီကာအဓိပ္ပါယ်ဖွင့် ထည့်ပြခြင်း

စသည်ဖြင့် ဤကျမ်း၌ ရေးသား စီရင်ထားသောကြောင့် ဖြစ်ပေသည်။ ဖော်ပြချက်များ ထင်ရှားစေရန် အနည်းငယ်မျှ ဤကျမ်းမှ ထုတ်နှုတ်ဖော်ပြပါအံ့—

၁။ပေါ်လွင်သော မြန်မာဝေါဟာရဝါကျ။ ။ဤကျမ်းစာမျက်နှာ ၂၅-၌ ဥပလဇ္ဈတီတိ၊ကား။ပညာ-ယ၊ ပညာဖြင့်။ ဥပဂန္ဆာ၊ ကပ်ရောက်၍။ လဇ္ဈတိ၊ ရနိုင်ပါသလော။ ဉာ-ယတိ၊သိအပ်သိနိုင်ပါသလော။ဤတိအတ္ထော၊နက်။—ဟူ၍အနက် မြန်မာပြန်ဆို ထား့သည်။ ယင်းပြန်ဆိုချက်ကို အောက်ခြေမှတ်ချက်၌—

၁။ ဥပလဇ္ဈတိ၊ ဥပကို "ပညာယ ဥပဂန္ဆာ" ဟု ဖွင့်၏။ ပုဂ္ဂလ ဟူသော အရာဝတ္ထုကို ပညာဖြင့်ကပ်၍ ရှုမှတ်သောအခါ (အာရုံပြု၍ ကြည့်သောအခါ) ဉာဏ်ထဲ၌ ရအပ် ရနိုင်ပါသလောဟု မေးသည်။

"ဉာဏ်ဖြင့်ကပ်၍ ရအပ်" ဟူသည် သိအပ်သိနိုင်ခြင်းပင်တည်း။ ထို့ကြောင့် "ပညာယ ဥပဂန္တာ လဗ္ဘတိ" ကို "ဉာယတိ" ဟု အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့်သည်။ [စိတ်၏သိပုံကို ပြရာ၌ "ဇာနနံ နာမ-ဥပလဒ္ဓိ-အာရုံကို သိခြင်းမည်သည်အာရုံကိုရခြင်းပင်တည်း" ဟုဖွင့်၏။ ထို့ကြောင့် ဤဒွိလည်း ဥပလဗ္ဘတိကို ဉာယတိဟု ဖွင့်သည်။]

ဟူ၍ စာရှုသူတို့ ဉာဏ်ထဲ၌ ရှင်းကနဲ လင်းကနဲ ဖြစ်အောင် ပေါ်လွင်ထင်ရှားသော မြန်မာ ဝေါဟာရ ဝါကျများကို သုံးစွဲ၍ ဖွင့်ပြထားပေသည်။

ဤသို့ စသည်ဖြင့် ထိုက်သင့်သလို ပေါ်လွင်ထင်ရှားသော မြန်မာဝေါဟာရ ဝါကျများကို သုံးစွဲရေးသားထားသည်ကို ဤကျမ်း၌ စာရှုသူတို့ အားကျ ကျေနပ်စွာ ဖတ်ရှုရပါလိမ့်မည်။

၂။ **စာစပ်ဖော်ပြခြင်း။** ။ပါဠိစာပေ၌ ဝါကျတခု၏ ဆိုလိုရင်း အဓိပ္ပါယ်ကို သိရန်မှာ ပါဠိအနက် ထင်ရုံသာမက ယင်းဝါကျ၌ ပါသည့် ကာရကစကားလုံးတိုင်း၏ ပဓာနဆိုက်ရောက်ရာ ကြိယာကို သိရန် အရေးကြီးသည်။ ကာရကစကားလုံးတို့နှင့် ကြိယာပုဒ်တို့ မည်သို့ဆက်စပ်သည်ကို စာစပ်၍ သိရမှ အဓိပ္ပါယ်ကို သိသာနိုင်ပေသည်။ ထို့ကြောင့် ဤကျမ်းတွင် အချို့စာရှုသူတို့ အသိခက်မည့် ပုဒ်များကို စာစပ်၍ ဖွင့်ဆို ရေးသားထားသည်ကို တွေ့နိုင်ပေသည်။ ဥပမာအဖြစ် အနည်းငယ် ထုတ်ပြပါအံ့-

"တေ" ဟူသောပါဠိဝေါဟာရသည် တ-ဟူသော သဗ္ဗနာမ်ပုဒ်နောင်၌ ဝုတ္တ ကတ္တားအနက် ဝုတ္တကံအနက် ပဌမာယောဝိဘတ်နှင့် အဝုတ္တကံအနက် ဒုတိယာယော ဝိဘတ် ၂-မျိုးသက်၍ "သဗ္ဗယောနိုမာဧ" ဟူသောကစ္စည်း သဒ္ဒါကြီးသုတ်ဖြင့်စီရင်၍ ထိုရဟန်းတို့သည်ဟူ၍ဌင်း, ထိုရဟန်းတို့ကို ဟူ၍ဌင်း အနက်ပေးနိုင်သည်။ ဤနေရာ၌ စာရှုသူတို့အတွက် မည်သို့အနက်ပေး၍ မည်သို့ အဓိပ္ပါယ်ယူရမည်ကို အသိခက်နိုင်ဖွယ် ရှိသောကြောင့် ဤကျမ်း စာမျက်နှာ ၁၆-၌—

တေ၊ ထိုရဟန်းတု ရဟန်းယောင်တို့သည်။(သမုဋ္ဌာပေန္တိ-၌စပ်။)
ဝါ၊ တို့ကို။ (နိဂ္ဂယှမာနာပိ-၌ စပ်။)

ဟူ၍ စာစပ်ကို ရေးသားဖော်ပြထားပေသည်။ ဤသို့ ပြခြင်းဖြင့်—

ထိုရဟန်းတု ရဟန်းယောင်တို့ကို ရဟန်းသံဃသည် ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒနာသာရဏာ ဝိနည်းဖြင့် မြတ်စွာဘုရားအဆုံး

အမတော်ဖြစ်သော ဉာတ်ကမ္မဝါစာဖြင့် နှိပ်အပ်ပါကုန်သော်လည်း ဓမ္မဝိနယအားလျော်သော အကျင့်၌ ကောင်းစွာ မတည်ကြကုန်ပဲ တပါးမက၊ မျှားသောသဘောရှိသော သာသနာ၏ ဘေးရန်ကိုဂင်း, အညစ်အကြေးကိုဂင်း, ဆူးငြောင့်ကိုဂင်း ထိုရဟန်းတု ရဟန်းယောင် တို့သည် ဖြစ်စေကြကုန်၏။

ဟူသော အနက်အဓိပ္ပါယ် ဖြောင့်ဖြူးစွာ သိနိုင်ပေသည်။

ဤသို့စသည်ဖြင့် စာရှုသူတို့ အသိခက်မည်ထင်သော နေရာတိုင်းမှာလိုလို ပင် စာစပ်၍ ရှင်းလင်းပြချက်မျှားကို ကျေးဇူးတင်ဖွယ် ဖတ်ရှုတွေ့မြင်ရမည် ဖြစ်ပါသည်။

၃။ **ပါဠိမှား ပါဠိမှန်။** ။အဋ္ဌကထာ၏ ဆိုလိုရင်း အနက် အဓိပ္ပါယ်မှန်ကို သိနိုင်ရန်မှာ အဋ္ဌကထာ၏ မူလပါဠိအမှန်ကို သိနိုင်ရန်လည်း လိုအပ်လှပေသည်။ ယင်းသို့ မူလပါဠိအမှန်ကို သိနိုင်ရန်အတွက် ဤကျမ်း၌ ပါဠိမှား ပါဠိမှန်ကိုလည်း အနီးစပ်ဆုံး ဖြစ်နိုင်သမျှ စိစစ်ဖော်ပြ ထားပေသည်။ ဥပမာတခု ထုတ်ပြပါအုံ့—

ဤကျမ်း စာမျက်နှာ ၂၆-၌—

ပဋိဇာနနံ၏ နောက်၌ အာဂစ္ဆတိဟု ပါ၏။ ရှေ့စကားနှင့် ထပ် သောကြောင့် မကောင်း။ သိဟိုဠ်မူအတိုင်း "ပဋိဇာနနန္တိ"ဟု ရှိခြင်း က ကောင်းသည်—

ဟူ၍ ပါဠိမှား ပါဠိမှန်ကိုလည်း ရှင်းလင်းဖော်ပြထားသည်ကိုတွေ့နိုင်ပေသည်။

ဤသို့သော လိုအပ်ရာ၌ ပါဠိမှား ပါဠိမှန် ရှင်းပြသည်ကိုလည်း မျှားစွာ တွေ့ရမည် ဖြစ်ပေသည်။

၄။ **ပါဌ သေသထည့်ပြခြင်း။** ။စာပေ၏ သဘောမှာ အချို့သောနေရာ ၌ အပြည့်အစုံမပါ။ သိလောက်ပြီ ထင်၍ ချန်လှပ်ထားခဲ့တတ်သည်။ တချို့ တခေတ်က သိလောက်ပြီထင်သော အရာသည် နောင်တချိန်တခေတ်၌ အလွန် အသိခက်ခဲသောအရာ ဖြစ်နေတတ် ပေသည်။

ဤအရာမျိုးကို ပါဌသေသ ပါဠိကြွင်းပါဠိကျန်ဟူ၍ ခေါ်ဝှီးရှိပေသည်။ ယင်းသို့သော လိုအပ်ရာရာ၌ ပါဠိကြွင်း ပါဠိကျန်များကိုလည်း ဤကျမ်း၌ ဆရာတော်သည် လိုအပ်သလို ထည့်သွင်းဖော်ပြတတ်ပေသည်။

ဤကျမ်း စာမျက်နှာ ၁၇-၌–

ဆုဇာ၊ဓမ္မာသောကဓင်းသည်။ အာဏာယ၊ အာဏာဖြင့်။ ကာ-ရေဿာမိ၊ ပြုစေအံ့—ဟူ၍ မူလပါဌ်ရှိတိုင်း အနက်ပေးရမည် ဖြစ်နေဆုတွင် ဘာကို ပြုစေမည်နည်းဟု လေ့လာသူတို့ သိရန်မလွယ်သောကြောင့်– ဆုဇာ၊ ဓမ္မာသောကမင်းသည်။ အာဏာယ၊ အာဏာဖြင့်။ (ဥပေါသထံ ဝါ၊ ကိုဌင်း။ ပဝါရဏံ ဝါ၊ ကိုဌင်း။) ကာရေ-ဿာမိ၊ ပြုစေအံ့—

ဟူ၍ ပါဌသေသထည့်ပြ အနက်ပေးထားသည်ကို တွေ့နိုင်ပေသည်။

ဤသို့သော လိုရာရာ၌ ပါဌသေသခေါ် ပါဌ်ကြွင်း ပါဌ်ကျန်ထည့်၍ အနက်ယောဇနာထားသည်ကိုလည်း နေရာများစွာ တွေ့နိုင်ပေသည်။

၅။ ကျမ်းညွှန်းပြခြင်း။ ။အချို့သော နေရာတို့၌ သိဖွယ် မှတ်ဖွယ်များကို ထည့်သွင်းပြရန် လိုအပ်လာသည်။ ယင်းတို့ကို ထည့်သွင်းရေးသားပြဆိုနေပါက‌လည်း ဂန္ဆဂရူခေါ် ကျမ်း ကြီးမား လေးလံခြင်း ဖြစ်မှာ စိုးရသည်။ ယင်းသို့သော အရာဌာနမျိုး၌ မည်သည့်ကျမ်း မည်သည့်နေရာကြည့်ပါဟု ကျမ်းညွှန်းပြဆိုတော်မူသည်။ ပုံစံအဖြစ် ပြဆိုရာ ပါမူ ဤကျမ်းစာမျက်နှာ ၁၂-၌ ရဟန်းကောင်း ရဟန်းမြတ်များကို ရဟန်းဆိုး ရဟန်းယုတ်တို့၌ အတူ ဥပုသ်ပဝါရဏာပြုရန် မလိမ္မာသော အမတ်ကို ခိုင်းသည်။ ရဟန်းကောင်းတို့က ပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂ အဖြစ်မှ ကြောက်သောကြောင့် မပြုပဲ နေကြသောအခါ အမတ်မိုက်က အာဏာဖီဆန်သည်ဟု ယူဆပြီး သတ်ဖြတ်သည်။ ဤအကြောင်းကို ဤ၌ အကျယ်မပြသာသောကြောင့်–

[ဤသို့ အမတ်က သတ်ပုံကို ပါဆုဇိကဏ် အဋ္ဌကထာ တတိယသံဂါယနာခဏ်းကို ကြည့်ပါ။]

ဟူ၍ ဒေါင့်ကွင်းဖြင့် စာသားထဲညပ်၍ ပြဆိုထားပေသည်။

ဤသို့ စသည့် ကျမ်းညွှန်ပြချက်များကိုလည်း ဤကျမ်း လိုရာလိုရာ၌ ပြဆိုပေသည်။

၆။ သုတ်ညွှန်းပြခြင်း။ ။ကထာဝတ္ထု ပါဠိတော်၌ သကပက္ခခေါ်သော ထေရဝါဒကိုဏ်းသားတို့နှင့် ပရပက္ခခေါ် အခြားကိုဏ်းသားများ ငြင်းခုံကြရာ၌ မိမိတို့ အနိုင်ရရှိရေးအတွက် ဘုရားဟော ပါဠိတော်သုတ်များကို အကိုးအကားပြု၍ ရေးသားရွတ်ဆိုပြကြသည်။ ယင်း အကိုး ပါဠိများကား ပါဠိသာ ရွတ်ပြ၍ မည်သည့်ကျမ်း မည်သည့်သုတ်ဟု

ဖော်ပြထားခြင်း မရှိခဲ့ချေ။ သမုဒ္ဒရာထဲမှာ အပ်တချောင်းရှာရသလို ခက်ခဲလှသည်။ ယင်းသို့သော ခက်ခဲမှုကိုလည်း ဤကျမ်းဌ ဆရာတော်သည် ထည့်သွင်းထုတ်ဖော်၍ သုတ်ညွှန်း ရေးပြထားပေသည်။ ဥပမာပြရလျှင် ဤကျမ်း စာမျက်နှာ ၂၆-ကို ရှုပါ။

> ယံ တံ သုတ္တံ၊ အကြင်သုတ်သည်။ (စတုတ္ထဂုံတွင်ရ ဒုတိယပဏ္ဏာသုရဝဂ် ရာဂဝိနယသုတ်။) အာဂတံ၊ လာပြီ။

ဟူ၍ စာသားထဲ၌ လက်သည်းကွင်းဖြင့် သုတ်ညွှန်းထားသည်ကို တွေ့ရပါလိမ့်မည်။

ဤသို့ စသည့် သုတ်ညွှန်းများကို လိုအပ်သလို ဤကျမ်း၌ ညွှန်းပြထားပေသည်။

၇။ ဝိဂြိုဟ်ဖြုပြခြင်း။ ။ဝေါဟာရပုဒ်တခု၏ အနက်အဓိပ္ပါယ် အရကောက်ကို နိုင်ရန်အတွက် ဝိဂြိုဟ် ပြုပြခြင်းသည် အလွန်အရေးပါသည်။ အထူးသဖြင့် ဓမ္မာစရိယတန်း ဖြေဆိုသူ စာသင်သားတို့အတွက် ပုဒ်တခုကို ဝိဂြိုဟ်ပြုနိုင်လျှင် စာမေးပွဲအောင်မှတ်ရရန် နီးစပ်နေပြီဖြစ်၏။ သို့ကလောက် စာပေလောက၌ အရေးကြီးသည့် ဝိဂြိုဟ်အတွက် ဤကျမ်း၌ လိုအပ်သလို ဖော်ပြထားပေသည်။ သာဓကအဖြစ် ဖော်ပြရမည်ဆိုလျှင် ဤကျမ်း စာမျက်နှာ ၂၉-၌-

> နိဂ္ဂဏှာတိ ဧတေနာတိ နိဂ္ဂဟော-နှိပ်ကြောင်းဖြစ်သော အပြစ်၊ အပြစ်ရှိသည့်အတွက် နှိပ်နိုင်သောကြောင့် အပြစ်ကို နှိပ်ကြောင်း ဟု ဆိုသည်။ (တနည်း) နိဂ္ဂယှတိ ဧတေနာတိ နိဂ္ဂဟော—နှိပ်အပ်ကြောင်း အပြစ်၊ အပြစ်ရှိသည့်အတွက် အနှိပ်ခံရသောကြောင့် အပြစ်ကို နှိပ်အပ်ကြောင်းဟု ဆိုသည်။

ဟု နိဂ္ဂဟပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပါယ်ရှင်းဖော်ပြထားသည်ကို တွေ့နိုင်ပေသည်။

ဤသို့ စသည့် ဝိဂြိုဟ်ပြု ဖွင့်ပြချက်များကိုလည်း လိုအပ်ရာရာ၌ များစွာဖတ်ရှုတွေ့မြင်ရမည် ဖြစ်ပါသည်။

၈။ ပုဒ်ဓာတ်ပစ္စည်း ခွဲပြခြင်း။ ။ဝေါဟာရတခု၏ပုဒ်ဓာတ်ပစ္စည်းပေါင်း စပ်တည်နေပုံကို သိရခြင်းသည် အနက်အဓိပ္ပါယ် အရကောက် အာဘော်တို့ကို သိရှိနိုင်ရန် အကြောင်း ဖြစ်သည်။ ထို့ကြောင့် ဤကျမ်း၌ လိုအပ်ရာပုဒ်များကို ပုဒ်ဓာတ်ပစ္စည်း ခွဲခြမ်းဝေဖန်ပြဆိုထားပေသည်။ သာဓကထုတ်ပြပါအံ့-

ဤကျမ်း စာမျက်နှာ ၁၃၇ ၌—

ဩဓိသော။ ။အဝ-ဇရူးရှိသော ဓာ-ဓာတ်, ဣ-ပစ္စည်းဖြင့် ပြီးသော ဩဓိ-သဒ္ဒါသည် အဖို့အစု အပိုင်းအခြားအနက်ကို ဟော၏။ သော-ကား နာ-ဝိဘတ်၏ ကာရိယာညီး။ သို့မဟုတ် သော-ပစ္စည်း တည်း။ ထို အဖို့အစု ဟူသည့်လည်း အလုံးစုံ အကုန်မဟုတ်ပဲ တစိတ် တဒေသတည်း။ ထို့ကြောင့် ဩဓိသောကို "ကေဒေသေန"ဟု ဖွင့်သည်။

စသည်ဖြင့် ရေးသားဖော်ပြထားပေသည်။

ဤသို့ စသည့်ပုဒ် ဓာတ် ပစ္စည်း ဝေဖန်ချက် ခွဲပြချက်များကိုလည်း ဤကျမ်း၌ ဖတ်ရှုမှတ်သားဖွယ်ရာ တွေ့ရှိရပါလိမ့်မည်။

၉။ **မူလဋီကာ အဓိပ္ပါယ်ဖွင့်ကို ပြခြင်း။** ။အဋ္ဌကထာ၌ လိုအပ်သည့် အဓိပ္ပါယ်ကို သိရန် ခက်ခဲ၍ နေရာ၌ မူလဋီကာဖွင့်ပြချက်ကို ကိုးကား၍ ဤဘာသာဋီကာ၌ ဖော်ပြထားသည်မှာ သုတေသီတို့အတွက် ယင်းမြက်သည့် အကူအညီကို ရရှိစေနိုင်ပေသည်။ ယင်းသို့ မူလဋီကာ၏ အဖွင့်ကို ဖော်ပြ၍ ဤကျမ်း စာမျက်နှာ ၁၄၇-၌ အောက်ပါအတိုင်း ရေးပြထားပေသည်။

ယဒေတံကို "အနာဂတံ ဝါ ပစ္စုပ္ပန္နံ ဝါ"နှင့်တဲ့။ ထို အတွဲကို ဋီကာ၌ "အနာဂတံ အနာဂတံ ဟုတ္တာ ။ပေ။ ဟောတိတံ"ဟုငင်း၊ တထာ ပစ္စုပ္ပန္နံ ပစ္စုပ္ပန္နံ ဟောန္တံ ။ပေ။ ပစ္စုပ္ပန္နံ ဟောတိတိ"ဟုငင်း၊ အနာဂတံ ဝါ အတ္ထက် တမျိုး ပစ္စုပ္ပန္နံ ဝါ အတ္ထက် တမျိုး၊ ဤသို့ ၂-မျိုးခွဲ၍ ဖွင့်၏။ ထို့ အဖွင့်မျ းကို ပါဠိတော်လာ ရှေ"ဟုတ္ဝာ ဟောတိ"၏ အဖွင့်များဟု မှတ်ပါ။

ဤသို့ စသည် မူလဋီကာလာ အဓိပ္ပါယ်များကိုလည်း နေရာများစွာ ဤကျမ်း၌ ဖတ်ရှုနိုင်ပါသည်။

၁၀။ **အနုဋီကာ အဖွင့်ကို ပြခြင်း။** ။ပါဠိတော် အဋ္ဌကထာတို့ရှိ ပါဠိ ဝေါဟာရ အနက်အဓိပ္ပါယ်ကို အသိခက်ရာ၌ မူလဋီကာလာ စကားဖြင့် ရှင်းပြသည်၊ ယင်းသို့မှ မရှင်းသေးလျှင် အနုဋီကာလာ စကားဖြင့်လည်း ရှင်းပြပြန်သည်။ ဥပမာထုတ်ပြပါအံ့။

ကထာဝတ္ထု ပါဠိတော်၌ ငင်း, အဋ္ဌကထာ၌ ငင်း, မူလဋီကာ၌ငင်း ပုစ္ဆာစောဒနာ စသည်ကိုပြုရာ ဝိသဇ္ဇနာကိုပြုရာတို့၌ ပရဝါဒီ ပရဝါဒီဟု အကြိမ်ကြိမ်သုံးစွဲထားသည်ကို တွေ့ရ၏။ ယင်းပရဝါဒီဟူသည် အဘယ်ပုဂ္ဂိုလ်

များ ဖြစ်ပါလေမည်နည်း။ သာသနိကပရဝါဒီလော, အညတိတ္ထိယ ပရဝါဒီလောဟု ခွဲခြားသိရန် ခက်ခဲ၏။ ဤသာည်ကို ဤကျမ်း စာမျက်နှာ ၅၅-၌-မှတ်ချက်။ ။ဤသို့ သာသနာတော်နှင့် ဆန့်ကျင်မည်ကို စိုးရိမ်သော ပရဝါဒီဟူသည် သာသနာတော်တွင်းက ပရဝါဒီတည်း။ အညတိတ္ထိယ ပရဝါဒီမဟုတ်။ အယဉ္စအတ္ထော (ဤအနက် အဓိပ္ပါယ်ကို) သာသနိကဿ ပရဝါဒီနော ဝသေန ဝုတ္တောတိ ဝေဒိတပ္ပံ။—အနု။

ဟူ၍ သာသနိက ပရဝါဒီဖြစ်ကြောင်း အနုဋီကာကို ကိုးကား၍ ပြဆို ထားပေသည်။

သည်သို့ စသည်ဖြင့် အနုဋီကာလာ အနက်အဓိပ္ပါယ် စကားများကိုလည်း ဤကျမ်းတွင် လိုအပ်သလို ယူငင်ဖွင့်ပြထားပေသည်။

ဤသို့လျှင် ဤကထာဝတ္ထု ဘာသာဋီကာကျမ်း၌ သိမှတ်စဖွယ် အသွယ်သွယ်ဖြင့် ရေးခြယ်စီစဉ်ထားပေရာ ဖတ်ရှု မှတ်သားလောက်ပါပေသည်။

ကထာဝတ္ထုနှင့် စပ်ဆိုင်သည့် အဋ္ဌကထာနိဿယ အဆုံး အဖြတ်များကို အထည်ကိုယ်ပခံနပြု၍ ပါဠိတော်နိဿယမူလဋီကာနိဿယများထည့်စုက်ကာ အနုဋီကာ အဓိပ္ပါယ် အဆုံးအဖြတ်များလည်း ပါဝင်စေလျက် ကထာဝတ္ထု ဘာသာဋီကာကျမ်းကို စီစဉ်ပြုစုထားပေရာ 'ကထာဝတ္ထု အနက်ခု' ဟူသော မြန်မာဆိုရိုးစကားအဖြောင့်ကိုလည်းပြေပျောက်စေနိုင်ပါသည်။ 'ကထာဝတ္ထု အနုခက်' ဟူသော စကားလိမ် မြန်မာဆိုရိုးစကားကိုလည်း လွယ်ကူသည့် ဘဝသို့ ရောက်စေနိုင်ပါသည်။

ဤမျှ ရေးသား ဖော်ပြခဲ့သော စကားအစဉ်ဖြင့် ကထာဝတ္ထုကျမ်းကြီးကို သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေး ဖြစ်ပေါ်စဉ်အကျဉ်းချုပ် မြတ်စွာဘုရား ဟောတော်မူခဲ့၍—

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်သည့် တတိယသံဂါယနာတင်တွင် အပြည့်အစုံ အရှင်မောဂ္ဂလိပုတ္တတိဿ က ဟောတော်မူပြီး—

ယခုပြည်ထောင်စု မြန်မာနိုင်ငံတော်၌ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခိုက်၌မြန်မာဘာသာအဓိပ္ပါယ် အဖွင့် အဆုံးအဖြတ်စုံလင်စွာဖြင့် တန်းဆာဆင်အပ်သော ကထာဝတ္ထုဘာသာဋီကာကျမ်း ပေါ်ထွက်လာကြောင်းကို စာရှုသူ သုတေသီတို့ သိနိုင်လောက်ပြီဟု ထင်မြင်ပါသည်။

ယင်းသို့ သိရှိရလျှင် နိဒါန်းအစဉ်အလာအတိုင်း ဤကျမ်းကြီးကို ကြိုးစားလေ့လာကြရန် တိုက်တွန်း၍ နိဂုံးအုပ်ရပေလိမ့်မည်။ သို့သော် ဤနိဒါန်းဌာနကား ဤသို့မအုပ်လိုပါ။ နိဂုံးအဖြစ် နတ်ကျောင်းစံပျော် ဤကျမ်းပြုဆရာတော်ကိုသာလျှင်—

> "သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို လိုလားမျော်ကိုး၍ ကြိုးစားဆောင်ရွက်တော်မူခဲ့သော ဂဃနဝတ္ထုဘာသာဋီကာကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော် ဘုရား—
>
> သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေး မော်ကွန်း ကျောက်စာတိုင်ကြီးတဆူဖြစ်သော ကထာဝတ္ထုပါဠိတော်အဋ္ဌကထာကျမ်း၏ အဖွင့်ဖြစ်သော အရှင်ဘုရား၏ ဤကထာဝတ္ထုဘာသာဋီကာ ကျမ်းကြီးသည် အရှင်ဘုရား လိုလားတော်မူသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်နေချိန်၌ မိုက်မှောင်ပယ်တွန်း ဉဒည်စွန်းမှ နေဝန်းကြီးပမာ ထွက်ပေါ်လာပါပြီ ဘုရား" ဟူ၍ လျှောက်ထားလိုပါသတည်း။

ဦးထွန်းလှိုင်-ဝိနယပါရဂူ

ပရိယတ္တိသာသနဟိတ မမွာစရိယ ဝဠံသကာ။
သာသနဓဇသိရီပဝရ မမွာစရိယသိရောမဏိ။
စေတိယင်္ဂဏ ပရိယတ္တိ မမွာစရိယ ဂဏ်ဝါစက။
လွက်ထောက် ညွှန်ကြားရေးမှူး
သာသနာရေး ဦးစီးဌာန၊ ကမ္ဘာအေး။

သာသနာ-၂၅၂၄-ခု
၁၃၄၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်
(၂-၁၂-၈၀) အင်္ဂါးသားနေ

မှတ်ချက်။ ။ဤနိဒါန်း စာမျက်နှာ ခါး ကြောင်းရေ ၂၁-ခွဲ "အခြေခံမူ ဂ-မျက်မျှသာ ဟောသည်" ဟူသော စာပိုဒ်ကို "အခြေခံမူ ဂ မျက်နှာနှင့် ထပ်ကျဉ်းချုပ်တာဘာဏ၀ါရမျှသာ ဟောသည်" ဟူ ပြင်ဆင်ဖတ်ရှုပါရန်။ ။

ကထာဝတ္ထု ဘာသာဋီကာ

ရိုက် နှိပ် ထုတ် ဝေ သူ များ ၏

ကျမ်းဦးအမှာ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယ္ယော။ ။ပါဟုနေယ္ယော၊
ဒက္ခိဏေယ္ယော။ ။အဉ္ဇလီကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
ဧဝံ နဝဟိဂုဏေဟိ၊ လောကမှိ ဝိသုဘံ ဂဏံ။
သာသနံ စိရဓာတာရံ၊ ဝန္ဒာမိ တိဟိ သာဒရံ။

ဗုဒ္ဓမြတ်စွာပေါ်ထွန်းတော်မူခြင်း

လောက၌ ဗုဒ္ဓမြတ်စွာတဆူပွင့်ထွန်းပေါ်ပေါက်လာဖို့ရာ တိုင်းတာခြင်းငှါ လွန်စွာ ခဲယဉ်းလောက်အောင် ကြာမြင့်လှပါသည်။ ထိုဗုဒ္ဓ ပွင့်ပေါ်မှုပင် လောက၌ အေးငြိမ်းသော တရားလမ်းစဉ်ကို အမှန် သိရပါသည်။ "ထို အေးငြိမ်းသော တရားလမ်းစဉ်ကို သိရ, ကျင့်ရ, ကိုယ်တွေ့သုခ ကြုံရလျက် ထိုလမ်းစဉ် မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော သံဃာတော် အရှင်မြတ်တို့ကို ဖူးမြင်ရ ပူဇော်ဆီးကပ်ရ၏။ ထို သံဃာတော်များ အမှီပြုကာ တရားသိရ ကျင့်ရ၍တရားတွေ့ရကာ လွန်စွာ ကျေးဇူးများခဲ့ကြရ ပါပေသည်။

ဗုဒ္ဓမြတ်စွာသည် သက်တော် ၂၉-တွင် တရားစတင်ရှာဖွေ၍ သက်တော် ၃၅-နှစ်တွင် (ဗုဒ္ဓ) ဘုရားအဖြစ်ရောက်ရှိ (ရရှိ) တော်မူပါသည်။ ဤအချက်ကို ကမ္ဘာပေါ်ရှိ ကမ္ဘာသူ ကမ္ဘာသားများ မည်သူမျှ ငြင်းဆိုခြင်း မရှိ၊ အားလုံးသဘောတူ လက်ခံသောအချက်ပင် ဖြစ်ပါသည်။

၁။ ဗုဒ္ဓ ဖြစ်တော်မူသည်နှင့် တပြိုင်နက် ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် တရားအားလုံးတို့ကို အကြွင်းမဲ့ သိတော်မူပါသည်။

၂။ မိမိ သိရှိတော်မူသော တရားတော်များမှ သတ္တဝါအများအားငြိမ်းမှုရအောင်သတ္တဝါတဦးစီနှင့် ထိုက်တန်အောင်အသိပေးတရားဟောတော်မူပါသည်။

၃။ သတ္တဝါတဦးစီသိအောင် ဟောထုတ်ခဲ့လည်း သတ္တဝါများ အကျိုးရမှုကိုသိ၍ သိသင့် သိထိုက် သိနိုင်သည့် သတ္တဝါကိုသာ ရွေးချယ်ဟောကြားတော်မူပါသည်။

၄။ ထိုသို့ ဟောကြားနိုင်လောက်အောင်လည်း သတ္တဝါ တဦးစီ၏ အတွင်း အလိုဆန္ဒ (အဇ္ဈာသယ) ကို အကြွင်းမဲ့ သိတော်မူပါသည်။

၅။ ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဘုရားဖြစ်တော်မူသည်မှ စ၍ ၁၄၈-ခု၊ ကဆုန်လပြည့် ပရိနိဗ္ဗာန်စံသည့် အချိန်အထိ တနေ့လျှင် ၂၄-နာရီ ရှိသည့်အနက် တနေ့လျှင် တနာရီ မိနစ် ၂၀-မျှသာနေးတော်မူ၍ ၂၂-နာရီ မိနစ် ၄၀-ကို ကိုယ်တော်အကျိုးအတွက်သုံးမှု လုံးဝမပါ၊ သူတပါး အကျိုးအတွက်သာ အသုံးပြုခဲ့ပါသည်။ ဤသို့အားဖြင့် ၄၅ (နှစ်) ဝါပတ်လုံး အများဝေနေယျအတွက် ဆောင်ရွက် အားထုတ်တော်မူခဲ့ပါသည်။

၆။ ၄၅-ဝါ လုံးလုံး ဗုဒ္ဓဖြစ်တော်မူသည့်နေ့မှ ပရိနိဗ္ဗာန် ပြုတော်မူသည့် နေ့အထိ ဟောကြားတော်မူခဲ့သော တရားတော်မှန်သမျှသည်လည်း အမှားမရှိ အားလုံး အမှန်ချည်းသာ ဖြစ်တော်မူပါသည်။

၇။ ထိုဟောသမျှ တရားတော်တို့ကို မည်သည့် ရသေ့, ရဟန်း, ပုဏ္ဏား, သင်္ခေး, မင်း, နတ်, ဗြဟ္မာမှ စ၍ တစုံတဦးသော ပုဂ္ဂိုလ်သတ္တဝါကမျှ တလွဲ တချော် မှားယွင်းအောင် ချဖျက် ပြောဆို နိုင်သူ မရှိခဲ့ပါ။

၈။ ဗုဒ္ဓပွင့်တော်မူသည့်နေ့မှ ယနေ့တိုင်အောင် ဗုဒ္ဓမြတ်စွာ၏ ဟောကြားသော တရားတော်ကို နာယူကျင့်သုံးသူ တဦးတယောက်သည် အေးငြိမ်းချမ်းသာမှု မရရှိသည်ဟု မတွေ့မကြုံရပါ။ အတိုင်းအတာ အားဖြင့် လက်တွေ့ ချမ်းသာကြသည်ချည်းသာ ဖြစ်ပါသည်။

အတုမဲ့ တရားတော်

ဤမျှဆိုလျှင် ဗုဒ္ဓတရားတော်မှာ မှန်ကန်ကောင်းမြတ်သော တရား ဖြစ်ခြင်း, ကိုယ်တိုင်ကျင့်လျှင် ကိုယ်တွေ့ပင် မြင်ရသော တရားဖြစ်ခြင်း, တရားတွေ့ရလျှင် အေးမြငြိမ်းချမ်းသောသုခရရှိနိုင်ခြင်း စသည်တို့ကြောင့် သာသနာပြင်ပ ဘယ်ဓမ္မကမျှ ပြိုင်မရ ယှဉ်မရသော အတုမဲ့ဘရားတော်ဖြစ်ပါပေသည်။ ထိုအတုမဲ့ တရားတော်တို့ကို ရရာရကြောင်း သိစရာ ကျင့်စရာတွေအပြည့်အစုံ ရှိနေသော ထေရဝါဒ ဗုဒ္ဓသာသနာကို ဤ မြန်မာနိုင်ငံတော်တွင် ယနေ့တိုင် အထင်အရှား တွေ့ရှိနိုင်ပါသည်။

အတုမဲ့ သံဃာတော်

တရားတော်မြတ်ကို အဆင့်အတန်း အမျိုးမျိုးဖြင့် မိမိတို့ သဒ္ဓါတရားအား ရှိသလောက် ကျင့်ကြံအားထုတ်တော်မူကြသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်နိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူကြသော သံဃာတော် အရှင်မြတ်များ အဆက်မပြတ် ထင်ရှားပေါ်ပေါက်တော် မူလာကြသည်မှာလည်း ရှေးရှေးမှယနေ့တိုင်အောင် ပညာရှိ သူတော်ကောင်းများ မငြင်းနိုင် သာသနာ့ သမိုင်းက အထင်အရှား ပြနေလျက် ရှိနေခဲ့ပါသည်။

အဆက်မပြတ်သော သံဃာတော်

ဘုရားရှင် လက်ထက်တော်၌ပင် ဘုရားရှင်သာသနာကို တိုးတက်ပြန့်ပွားလာအောင် သာသနာပြု ဆောင်ရွက်ရာ၌ သံဃာတော်၏ အခန်းကဏ္ဍမှာ အရေးပါလှပါ၏။ ဘုရားရှင် မရှိသည့်နောက် ဘုရားနှင့်တရားကို သိရခြင်းမှာ သံဃာနှင့် စပ်ခန၏ ဟူသော အဋ္ဌကထာများအဆိုအရ မိမိတို့ဘုရားကို သိရခြင်း, တရားတွေ့ သိရ, ကျင့်နေရခြင်းမှာ အဆက်ဆက် မပျက်အောင် သင်ယူပို့ချ ဆောင်ရွက်တော်မူလာကြသော သံဃာတော်များ၏ကျေးဇူးပင်။ ထိုသို့ကျေးဇူးပြုတော်မူခဲ့ကြသော အရိယာသူတော်ကောင်း အရှင်မြတ်တို့နှင့် အရိယာနွယ်ဝင် သူတော်စင်ဖြစ်ကြသော သမ္မုတိ သံဃာတော် အရှင်မြတ်တို့ကို ယနေ့တိုင်အောင် စာရေးသူတို့ကြည်ညိုဖွယ် ကြုံတွေ့နေရဆဲပင် ဖြစ်ပါသည်။

သံဂါယနာတင် ပုဂ္ဂိုလ်များ

ဘုရားရှင် ၄၅-နှစ်တိုင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများအတွက် ဟောကြားသွားတော်မူသော အဆုံးအမ တရားတော်တို့သည် အကယ်၍သာ အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ, အရှင်ဥပါလိ, အရှင်အာနန္ဒာတို့ ဦးဆောင်သော ပဌမသံဂါယနာတင် ရဟန္တာ မထေရ်မြတ်တို့ကိုဂုဏ်း၊ အရှင်

ယသ, အရှင်ရေဝတ, အရှင်သဗ္ဗကာမီ အစရှိသော ဒုတိယသံဂါယနာတင် မ ထေရ် မြတ် တို့ ကို ၎င်း၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် မြတ် နှင့် အာသောကဘုရင်တို့ကဲ့သို့ တတိယသံဂါယနာတင် ပုဂ္ဂိုလ်မြတ်တို့ကိုဂုဏ်နှုတ်လိုက်လျှင် ရှိနေကြပါဦးမည်လော။ ယနေ့ကျွန်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာမူသန့်ရှင်းသော ပိဋကတ်စာပေများ ကျန်ရစ်နိုင်ဖွယ်ပင် မရှိတော့ပါ။

ကထာဝတ္ထုနှင့် သာသနာ့အညစ်အကြေး

ပဌမ, ဒုတိယ, တတိယသံဂါယနာ ၃-တန်သည် သာသနာတော်တွင် မသန့်မရှင်း အနှောင့် အယှက်များ တို့ကျိုက် ဖျက်ဆီးခြင်း ခံရသည်များကို သန့်ရှင်းအောင် နည်း အမျိုးမျိုးဖြင့် ဖြေရှင်းအားထုတ်ထားတော် မူခဲ့ကြ၍ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ တတိယသံဂါယနာမှာ အထူးသဖြင့် ဗုဒ္ဓ၏ အယူဝါဒမှန်များ အားနည်းအောင် ဖောက်ပြန် ဖျက်ဆီးကြသူများ အားရှိလာသဖြင့် ၎င်းအယူဝါဒတို့ကို အရှင်မောဂ္ဂလိပုတ္တ မထေရ်မြတ်သည် အမှန်ဖြစ်အောင် ထိုအချိန်က ဖြစ်ပေါ်နေသော အယူဝါဒတို့ကို ဖြေရှင်းပေးတော်မူခဲ့ခြင်းကို အမှီပြု၍ ကထာဝတ္ထု ကျမ်းတကျမ်း ထင်ရှားစွာ ပိဋကတ်တော်တွင် ပါဝင်ထင်ရှားလာခဲ့ခြင်း ဖြစ်ပါသည်။

စတုတ္ထ သံဂါယနာ

တတိယ သံဂါယနာတင်ပြီးနောက် သံဃာတော် အရှင်မြတ်တို့ ပိဋကတ်တော်ကို နှုတ်ဆုံဆောင်ထားလျက်ပင်ရှိခဲ့ရာမူ သီဟိုဠ်တွင် သံဃာတော်အရှင်မြတ်တို့ အာဟာရပြည့်စုံအောင်မရသော ဝတ်မှုတ်ခေါင်းပါးသည့်ဘေးကြီးနှင့် ကြုံကြိုက်လာခဲ့ရာ မထေရ်ကြီးအများပင် အာဟာရ ပြည့်စုံအောင် မရ၍ ခန္ဓာကိုယ် မခံနိုင်လောက်အောင် ဖြစ်နေသဖြင့် သဲအစိုများကို ပုံ၍ သဲများကို အမှီပြုပြီးလျှင် ပိဋကတ်တော်တို့ကို အလွတ်ပင် နှုတ်မှုပြန်ဆိုရွတ်ဖတ်၍ ထိုကပ်ဆိုးကြီး လွန်မြောက်အောင် ကြိုးစားလာခဲ့ကြရပါသည်။

ထိုကဲ့သို့ ဘေးအန္တရာယ်ပေါက်ခြင်းကိုပင် သံဝေဂရကြသဖြင့် နောင်လာ သာသနာ့ဝန်ထမ်း သံဃာတော် အရှင်မြတ်များ ဤဘေးကြီးမျိုးနှင့် တွေ့ကာ ပိဋကတ်တော်များကို ဆောင်ထားခြင်းငှါ လွယ်ကြမည်မဟုတ်။ ထို့ကြောင့် ယခုကပင် ပေထက်အက္ခရာတင်ကြမှ သင့်တော်မည်ဟု ပိဋကတ်တော်များကို ပေပေါ်တွင် ရေးသား၍ မထေရ်ကြီးများ စုပေါင်းပြီး စတုတ္ထ သံဂါယနာတင်တော်မူခဲ့ကြပါသည်။

သံဃာတော်များ၏ ဂုဏ်ကျေးဇူး

ပဌမသံဂါယနာမှ အရှင်မဟာကဿပ အဦးထား၍ စတုတ္ထသံဂါယနာ ဏထိ သာသနာ့တာဝန်ကို ထမ်းဆောင်သွားကြသော သံဃာတော်မထေရ်

မြတ်တို့ဂုဏ်ကျေးဇူး ၎င်းတို့၏ ဆောင်ရွက်ချက်တို့သာ နှုတ်လိုက်လျှင် ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏သမိုင်းသည် ဘာမျှအနှစ်သာရ ရနိုင်ဖွယ် မရှိတော့ပါ။ ဘုရားရှင် မည်မျှအပင်ပန်းခံ၍ ၄၅-ဝါပတ်လုံး ဟောကြားတော်မူခဲ့စေကာမူ သံဃာတော်အရှင်မြတ်တို့သာ မထိန်းသိမ်း မစောင့်ရှောက်လျှင် ယနေ့ ပိဋကတ်တော်များ အစဉ်အဆက် ကျင့်သုံးကြမှုမျှားမှာ တွေ့ရတော့ မည်မဟုတ်ပါ။

ကထာဝတ္ထု ဘာသာဋီကာနှင့် သာသနာ့တံဝန်

အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသသည်သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရန်ကိုသာ အဓိက ရည်ရွယ်တော်မူသဖြင့် ပိဋကတ်သင်ရိုးပါဠိတော် အဋ္ဌကထာများကို ကုန်စင်အောင် ဘာသာဋီကာနာမည် ဖြင့် အဖွင့်များ ရေးသားခဲ့ရာ ယနေ့ ကထာဝတ္ထု ဘာသာဋီကာကိုလည်း သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရန်ကိုသာ ရွယ်တော်မူရင်း ဖြစ်သဖြင့် အဋ္ဌကထာဘာသာဋီကာ၊ မူလဋီကာနိဿယ၊ ပါဠိတော်နိဿယ ပါဠိတော် မြန်မာပြန် နမူနာများအထိ ရေးသားပြီးလျှင် အသက်ရှည်မှုကို ပဓာန မထား သာသနာတော်အလုပ်များ ပြီးရန်ကိုသာ ဦးထား၍ ဆောင်ရွက်တော်မူသွားခဲ့ပါသည်။ ထို ကထာဝတ္ထုဘာသာဋီကာ အောက်ပါ မှတ်ချက်များနှင့်ပင် ဆရာတော်၏ သာသနာတော်၌ ဖြစ်စေချင်သော စိတ် စေတနာများ ထင်ရှားတော်မူခဲ့ပါသည်။ ဆရာတော်၏ သာသနာတော်အတွက် ခံယူချက်မှာ ဗုဒ္ဓ၏အဆုံးအမကို ရိုသေလေးစားစွာ ကျင့်သုံးမှုမရှိကြပဲ သာသနာတော်အတွက် ဆောင်ရွက်နေပါသည် ဆိုသူများကို သာသနာအကျိုးအတွက် ဖြစ်လိမ့်မည်ဟု ဘယ်ခါမှ ယုံကြည်မှုမရှိခဲ့ပါ၊

> ကထာဝတ္ထု ဘာသာဋီကာ စာမျက်နှာ (ဂ) ဒုဗ္ဗလပက္ခံ၊ အသိညာဏ်အားမရှိသော အသင်းအပင်းကို။ လဘိတွာ၊ ရ၍။ ဆိုသော စကား၌ ဒုဗ္ဗလပက္ခံ။ ။ဒုတိယသံဂါယနာတင်ရာအခါ၌ ဓါယကာဖြစ်သော ကာဠာသောကမဟာရာဇာကဲ့သို့အားမရှိပဲ တဝန်းတလျားကိုသာ အစိုးရသော ရာဇာဖြစ်သောကြောင့် " ဒုဗ္ဗလ-အားမရှိ"ဟု ဝဗန္ဓိ ဝါဒရှိ၏။ သို့သော် ထိုဝါဒကို ဋီကာဆရာ မနှစ်သက်သောကြောင့် " ဓမ္မဝါဒီ အဓမ္မဝါဒီ " အထူးကို သိနိုင်သောဉာဏ်ပညာရှိလျှင်ထိုအဓမ္မဝါဒီတို့ကိုအားမပေးရာ။ ယခုသော် ထိုကဲ့သို့ဉာဏ်ပညာအားမရှိ။ထိုသို့ဉာဏ်ပညာအားမရှိခြင်းကို " ဒုဗ္ဗလ " ဆိုသည်ဟု ဋီကာဖွင့်သည်။ (ယခုအခါ မြန်မာနိုင်ငံ အဓမ္မဝါဒီတို့ကို အားပေးနေကြသော ဒုဗ္ဗလလူတွေ အမျှားအပြားပင် ရှိနေကြသေး၏။)

စာမျက်နှာ-၉၀ ။ဘိန္နကာ။ ။မူလသဒ္ဒါဟိမူ သို့မဟုတ် မူလနိကာယမှ ကဲ့ပြားကြသည်ကို "ဘိန္န"ဟု ဆိုရသည်။ ထိုသို့ ကဲ့ပြားခြင်း၏ အကြောင်းရင်းမှာ—ဝိနည်းတော်ကို အလေးမပြုခြင်းတည်း။ ဝိနည်းတော်ကို အလေးမပြုသည့်အတွက် ခပ်ပေါ့ပေါ့နေရခြင်းကိုပင် သဘာဝကျသည်ဟု ထင်ကာ အဆင့်ဆင့် သဒ္ဓါတရား ပျက်ပြား၍ သုတ္တန်တရားတော်မျှားကိုပင် အပြောင်းအလဲ ပြုရဲလာကြလေသည်။

စာမျက်နှာ-၁၀။ ။ထေရဝါဒေါ၊ အရှင်မဟာကဿပ အစရှိသော ထေရ်တို့၏ ဝါဒကို "ထေရာနံ+ဝါဒေါ"အရ ထေရဝါဒဟု ခေါ်၏။ ထို ထေရဝါဒသည် ဝိနည်းတော်ကို မူထားရကား ထို ဝိနည်းတော်၌ လာသည့်အတိုင်း အဆက်ဆက် ကျင့်လာကြသော ကြောင့် အဘိန္နက (မကဲ့မပြားပဲ) တသားထဲ ရှိရပေသည်။

ယခုအခါ၌ မိမိတို့ လုပ်ချင်ရာကို လုပ်နေကြသော်လည်း ဝိနည်းတော် အလိုအားဖြင့် မအပ်ဟု အယူရှိရကား ဝိနည်းကိုမူ လေးစားကြသည်သာ။

စာမျက်နှာ-၂၀။ ။သာသနမလံ ဝိသောဓေတွာ။ ။သံဂါယနာ တင်တိုင်း တင်တိုင်း သာသနာတော်၌ အညစ်အကြေး ဖြစ်နေသောကြောင့် ထို အညစ်အကြေးကို သုတ်သင်ဖို့ရာ သံဂါယနာတင်ရခြင်းဖြစ်သည်။ သို့သော် စတုတ္ထ ပေထက်အကွာရာ တင်ရာ၌ကား သာသနမလကို သုတ်သင်ဖွယ် မလိုသောကြောင့် သာသနမလ သုတ်သင်ပုံကို ပြတော်မမူပဲ နောက်နောင်အခါ နှုတ်တက် မဆောင်နိုင်မည့်အရေးကို တွေး၍ ပေထက်၌ အကွာရာရေးသောအားဖြင့် သံဂါယနာတင်ခဲ့ကြရသည်။

ပဉ္စမသံဂါယနာ။ ။မြန်မာနိုင်ငံဝယ် ပေထက်အကွာရာကို အားကျသောအားဖြင့် သာ၍ ခိုင်မြဲလိမ့်မည်ဟု ယူဆကာ ကျောက်ထက်အကွာရာတင်ကြသော်လည်း ယနေ့တိုင် အသုံးပြုသူ မမျှားသေးချေ။ ထိုအချိန်၌ ဒေါင်းဒင်္ဂါးငွေများကို ဆွမ်းခံနေတော်အဖြစ်ဖြင့် လှူဒါန်း၍ နေကြသော်လည်း ထို သာသနမလကို မသုတ်သင်နိုင်ခဲ့ကြ။ သုတ်သင်လိုသော ဆရာတော် အချို့ကလည်း အားပေးသူ မရှိ၍ အားမရှိခဲ့ကြသောကြောင့်—

"မိုးချုပ်လို ပြန်ချိန်တော် မြတ်လေးစွယ်တော်ပေါ်သည့်ချောင်းမှာ ဒေါင်းတွေက ဟော်"

ဒေါင်းပေါ်လျှင် ကြိုသူလွှတ်ပါ၊ ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ခြည့်လေး"ဟု စောင်းချိတ်၍သာ ရေးဝံ့ခဲ့တော့သည်။

ဆဋ္ဌသံဂါယနာ။ ။ဆဋ္ဌသံဂါယနာဟု သမုတ်အပ်သော သံဂါယနာအချိန်၌ကား ဒေါင်းဒင်္ဂါး၏ အဆက်ဖြစ်သော ဌေစက္ကူတွေကို အမျှားစုက ရဲတင်းစွာ ကိုင်တွယ် ခံယူနေကြလေပြီ။ ထို သာသနမလကို မည်သူကမျှ သုတ်သင်ဖို့ရာ မစဉ်းခဲ့၊ လွယ်ကူသော စာအုပ်ရိုက်မှုကိုသာ ဝိုင်းဝန်း၍ ကြိုးစား တော်မူခဲ့ကြသည်။ ထို့ကြောင့် ယခုအချိန်၌ အတုအယောင်ရဟန်းတွေနှင့် တကွ သာသနမလသည် ကြီးကျယ်၍ နေလေပြီ။ မည်သို့ သုတ်သင်ကြ မည်နည်း။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွါးရေးကို အစဉ် လိုလားတော်မူသည့်အတိုင်း ဆဋ္ဌသံဂါယနာတင်စဉ်ကလည်း ဌေကုန်ကြေးကျ သိပ်မများပဲ အကျိုးသက်ရောက်ရန် သာသနာတော်အတွက် အစီအစဉ်တခုကို ရေးဆဲ့ တင်ပြတော်မူခဲ့ပါသေးသည်။ ထို အစီအစဉ်တင်ခဲ့ပုံ အသေးစိတ်ကို (တဘဝ သံသရာ) အမည်ဖြင့် ဆရာတော် သာသနာပြုခဲ့ပုံများ စာအုပ်တွင် ဖော်ပြထားပါသည်။

ကထာဝတ္ထု၏ ဂုဏ်ကျေးဇူး

ကထာဝတ္ထုသည် ခရစ်တော် မပေါ်မီ (၂၄၀) သာသနာတော်နှစ် ၃၀၄-ခုတွင် တတိယသံဂါယနာတင်စဉ်အခါ သာသနာတော်တွင် မှားယွင်း ဖောက်ပြန်သော အယူဝါဒဆိုးများ ပေါ်ထွန်းလာနိုင်ခြေရှိသဖြင့် ထို ဝါဒများကို ဗုဒ္ဓဝါဒနှင့်အညီ ချေဖျက်ရှင်းလင်း သုတ်သင်တော်မူခဲ့ရာ သာသနာ့ဘေးရန် တွန်းလှန်ရာ၌ လက်နက်ကောင်းပမာ လွန်စွာ အထေးပါ လှပါသည်။ အမှန်က နောင်အခါ မိမိ သာဝက မောဂ္ဂလိပုတ္တာဘိဿထေရ် အကျယ်တဝင့် ဟောလိမ့်မည်ဟူသော မြော်မြင်သိရှိချက်ဇရ တာဝတိံသာ မှာ ဟောတော်မူစဉ်က အကျဉ်းသခ်ေပမျှသာ ဟောတော်မူခဲ့၏။ ထိုအကျဉ်း မှာ ပဌမ ဒုတိယ သံဂါယနာ၌ပင် ပါဝင်ခဲ့ပါသည်။ ထိုအကျဉ်းကိုပင် ဘုရားရှင် အလိုတော်ကျအောင် အကျယ်ခဲ့၍ ဟောတော်မူခြင်းဖြစ်ရာ ဘုရား ဟော အဘိဓမ္မာ ၇-ကျမ်းတွင် စာရင်းဝင် ဖြစ်ခဲ့ရပါသည်။

အလိုတော်ကျ မပြီးခဲ့

အဘိဓမ္မာသင်တန်းပြဆရာ ဦးလှမောင် (နိုင်ငံတော်ကောင်စီလူကြီး)သည် ပုဂ္ဂလပညတ်၊ ဓာတုကထာ-အထူးသဖြင့် ကထာဝတ္ထုကို သုတေသီပုဂ္ဂိုလ်များ နားလည်ခွင့်ရအောင် ဆရာတော်အား ရေးသား ဖွင့်ဆိုပေးတော်မူရန် အကြိမ်ကြိမ် လျှောက်ထားခဲ့သဖြင့် ရေးပေးရန်လည်း ဆရာတော် ရည်ရွယ် တော်မူခဲ့သည်ကို စာရေးသူကိုယ်တိုင် သိခဲ့ပါသည်။ သို့သော် ဟဝနတ်ထံ ပို့လွှန်ရန် အချိန်နီးလာသဖြင့် မိမိရည်မှန်းထားသည့်တိုင်အောင် ရေးသား

ဖွင့်ဆိုနိုင်ခြင်း၊ သီးခြား မပြုနိုင်ခဲ့ပဲ ယခု ရိုက်နှိပ်ပြီး စာမူများ ပြီးရုံမျှသာ ကြိုးစားသွားတော်မူနိုင်ခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်၏ ပိဋကတ်တော် သင်ရိုးကျမ်းစာများကို အမြန်ဆုံး စာအုပ်အဖြစ်သို့ ရောက်ရှိရန် ကြိုးစားကြရသော ကျွန်တော်တို့သည် တာဝန်သိရှိသော ဆရာဦးလှမောင်ကဲ့သို့ ပုဂ္ဂိုလ်များ၊ သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေး အတွက် ကြိုးစားရိုက်နှိပ် ဖြန့်ချိလိုက်ရပါကြောင်း အစီရင်ခံအပ်ပါသည်။

၎၀ နဝဟိ ဂုဏေဟိ၊ ဤသုပဋိပန္နတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်။ လောကမှိ၊ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌။ ဝိဿုတံ၊ တိတ္ထိတို့ဘောင် လွန်မြားမြောင်သည့် ဟန်ဆောင်သံဃာ အဖြာဖြာထက် အရာရာဖြင့် ဂုဏ်ရည်တင့်၍ ကြီးမြင့်ထင်ရှားပေထသော။ သာသနံ၊ ကမ္ဘာ့ကမ္ဘာ လွန်လေပါလည်း တခါတဖန် ကြုံရန်ခဲကပ် အမြတ်ရတနာ ဤသာသနာတော်မြတ်ကြီးကို။ စိရဓာတာရုံ၊ ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင် ပို့ချသင်ယူ ဆောင်ရွက်တော်မူလာပေထသော။ ဂဏ်၊အတွင်း စိတ်ဓာတ် မြင့်မြတ်ကြည်လင် သူတော်စင်ကောင်း အရိယာသံဃာတော် အပေါင်းကို။ တိဟိ၊ လက်အုပ်အင္ဇလီ နူတ်သံချီ၍ ရှင်ကြည်မနော သုံးပါးသော ဒွါရတို့ဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို ရိုသေခြင်း ရှိသည်ဖြစ်၍။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာဉ်တော်ကြီး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

မှန်ကန်ကောင်းမြတ် တရားဓာတ် လွှမ်းပတ်ကမ္ဘာတည်ရမည်။

ထိန်ဝင်း

၁၃၄၂-ခု၊ တော်သလင်းလကွယ်နေ့။

(၉-၁၀-၈၀)

ပဋ္ဌပကရဏာ အဋ္ဌကထာ ဘာသာဋီကာကို အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးသည် သုတ်မဟာဝါဘာသာဋီကာနှင့်အတူ ပို့ချခဲ့ရာ ဘဝနတ်ထံ ပို့လွန်တော်မူသည့် နှစ်ကာလမှ ရေးသားပြီးဆုံးစေခဲ့ပါသည်။ ထိုကျမ်းများကို ဆရာတော်သည် အခေါ်ပြုပြင်နိုင်စွင့်လည်း မရခဲ့။ နိဒါန်းအမှာများပင် ရေးသားနိုင်ခဲ့ခြင်းလည်း မရှိခဲ့ပါ။ ထို့ကြောင့် ဆရာတော်၏ ဘာသာဋီကာကျမ်းများတွင် မှာထားတော်မူသည့် အတိုင်း ချို့ယွင်းမှုရှိခဲ့သော် ပြင်ဆင်ကြည့်ရှုတော်မူကြပါရန် ခွင့်ပန်အပ်ပါသည်။

စဉ်ဆက် သာသနာ တည်စေသောစ်

အကယ်၍သာ—

မြတ်ဗုဒ္ဓါသည် လွန်ရွာထင်ရှား မပွင့်ငြားက ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိရ များလှ အပြစ်တွေ့။

ယခုသော်ကား—

ဘုရား ရှင်တော် ပွင့်ထွန်း ပေါ်၍ ဟောဖော် ညွှန်ကြား မြတ်တရားကြောင့် ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထို ဘုံဘဝ သိကြရ များလှ ကျေးဇူးပေ။

ဂန္ဓာရုံရှင် ဒီသခင်သည်—

ထွင်္ဂတင်ဗုဒ္ဓ ဟောညွှန်ပြသည့် ဓမ္မဒေသနာ အဖြာဖြာကို များစွာဗိုလ်လူ သိစိမ့်ဟူ၍ ဆူဆူကျမ်းစာ ကိုယ့်ဘာသာဖြင့် ဖွင့်ရာ ပြရာ များဋီကာဟု စာဝါအမျိုးမျိုး ကမ္ဘည်းထိုးခဲ့ နောင်ကျိုးကိုမျော် ဆရာတော်၏ ဉာဏ်တော်စေစား နှလုံးသားမှ ကိုးစားလောက်ဖွယ် ကျမ်းသွယ်သွယ်ကို မကွယ် မပျောက် စဉ်ထွန်းတောက်ဖို့ မြားမြောက်ကျေးဇူး အထူးထူး ကို ညွတ်နူးရည်လျက် ဒီဓဆောင်ရွက်သည်—

စဉ်ဆက် သာသနာ တည်စေသောစ်။

ဤဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။



မဟာဂန္ဓဝံသဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ပဠုပကရဏအဋ္ဌကထာ

ကထာပဋိပါဋိသာဓိကာ

မူလဋီကာ နိဿယ

ပါဠိတော် နိဿယနှင့် မြန်မာပြန်

၁၂၆၁-ခု မှ ၁၃၃၉-ခု



သာသနာတော်နှစ်–၂၅၂၃

ကဆာ– ၁

ကောင–၁၃၄၁

၁၉၈၀-မတ်လ



သမ္မတ္ကြာက်ေတာ်

အစ္ဖမ်းေတာ် ၃-ပါး

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစ္ဖမ်းတည်း။

၂။ သိသည့်တရား၊ များအပြားဌ၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစ္ဖမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ခွဲတတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစ္ဖမ်းတည်း။

သဗ္ဗဉ်ညာဏ်အား၊ စ္ဖမ်း ၃-ပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ရှိ၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ဘုရားတည်း။

ကထာဝတ္ထု အဋ္ဌကထာ

ဘာသာဋီကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘအဖွင့်

ဒေဝသံဃ ပုရက္ခံတော၊ နတ်ဗြဟ္မာ အပေါင်းသည် ရှေ့ဦးပြုအပ်သည်။ (ဟုတ္ဝာ၍။) ဒေဝလောကသို့ံ၊ တာဝတိံမည်, နတ်တို့ပြည်၌။ နိသိန္နော၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဝယ် ကောင်းစွာဖွဲ့ခွေ ထိုင်နေတော်မူသော။ သဒေဝကဿ၊ နတ်ဗြဟ္မာနှင့် တကွဖြစ်သော။ လောကဿ၊ သတ္တလောက၏။ သတ္ထာ၊ ဆရာတဆူ ဖြစ်တော်မူသော။ အပ္ပဋိပုဂ္ဂလော၊ ပြိုင်ဘက်ရည်တူ, ပုဂ္ဂိုလ်ရှိတော်မမူသော။ သဗ္ဗပညတ္တိကုသလော၊ အလုံးစုံသောပညတ်၌ ကျွမ်းကျင်တော်မူသော။ လောကေ၊ သတ္တလောက သြကာသလောက၌။ ဥတ္တမပုဂ္ဂလော၊ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော။ (ဗုံဒ္ဓေါ၊ မြတ်စွာဘုရားသည်။) ပညတ္တိ ပရိဒီပနံ၊ ပညတ်အမျိုးမျိုးကို ပြရာပြကြောင်းဖြစ်သော။ ပုဂ္ဂလ ပညတ္တိံ၊ ပုဂ္ဂလပညတ် ပါဠိတော်မြတ်ကို။ ဝတ္ဝာ၊ ဟောတော်မူပြီး၍။ ပုဂ္ဂလကထာဒီနံ၊ ပုဂ္ဂလကထာ အစရှိကုန်သော။ ကထာနံ၊ အစိတ်ဖြစ်သော ကထာတို့၏။ ဝတ္ထုဘာဝတော်၊ တည်ရာအပေါင်း၏ အဖြစ်ကြောင့်။ ယံ ကထာဝတ္ထုပ္ပကရဏံ၊ အကြင် ကထာဝတ္ထုမည်သော ကျမ်းကို။ သခ္ခေပေန၊ အကျဉ်းအားဖြင့်။ အဒေသယိ၊ ဟောတော်မူပြီ။

၁။ ကထာနံ ဝတ္ထုဘာဝဓေတာ၊ ။ဤဟိတ်သည် "ကထာဝတ္ထု" အမည်ရခြင်း၏ အကြောင်း "သဒ္ဓိပ္ပဝတ္တိနိမိတ်" ကို ပြသော နာမလာဘဟိတ်တည်း၊ ဤဟိတ်အရ "ကထာနံ+ဝတ္ထု ကထာဝတ္ထု" ဟု ဝစနတ္ထပြုရသည်၊ "ကထာနံ" အရ ပါဠိတော်၌ လာသော ပုဂ္ဂလကထာ, ပရိဟာနိကထာ, ဗြဟ္မစရိယကထာ စသော အစိတ်အစိတ် ကထာတို့ကိုယူ၍ "ဝတ္ထု" အရ တိုကထာတို့၏ တည်ရာ (ကထာအပေါင်း) ဖြစ်သော ဤပါဠိတော်ကျမ်းကို ယူရသည်၊ [ကြွင်းသော မှတ်ဖွယ်ကို ဋီကာနိဿယ၌ ရှုပါ။]

[ဆရာ] အစိတ်အားစွာ၊ ထိုကထာ၏၊ တည်ရာမှန်စွာ၊
ကျမ်းဓမ္မ၊ ခေါ်ရ ကထာဝတ္ထုတည်း။

သုရာလယေ၊ နတ်တို့၏နေရာ တာဝတိံသာ၌။ မာတိကာ ဌပနေနေဝ၁၊ မာတိကာကို ထားခြင်းဖြင့်သာလျှင်။ ဌပိတဿ၂၊ ဗုဒ္ဓမြတ်စွာ ထားတော်မူအပ်သော။ ဝါ၊ ဟောတော်မူအပ်သော။ မဟီတလေ၊ ဇမ္မူသောင်းခွင် မြေအပြင်၌။ မောဂ္ဂလိပုတ္တေန၊ မောဂ္ဂလိပုတ္တ အမည်ရသော ထေရ်သည်။ ဝိဘတ္တာဿ၊ အကျယ်ဝေဘန်တော်မူအပ်သော။ တဿ (ကထာဝတ္ထုပ္ပကရဏဿ)၊ ထိုကထာဝတ္ထုကျမ်း၏။ အတ္ထသံဝဏ္ဏနာဂ္ဂမော၊ အနက်၏ အဖွင့် အစဉ်သည်။ ဝါ၊ အနက်ကို ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာ အစဉ်သည်။ ဣဒါနိ၊ ပဂ္ဂလပညတ် ပါဠိတော်မြတ်ကို ဖွင့်ပြပြီးရာ ယခုအခါ၌။ ယသ္မာ၊ ကြောင့်။ သမ္ပတ္တော၊ ကောင်းစွာရောက်လာပြီ။ တသ္မာ၊ ကြောင့်။ ဝါ၊ ထိုသို့ ကထာဝတ္ထုကျမ်း၏။ အတ္ထသံဝဏ္ဏနာ အစဉ်၏ ကောင်းစွာရောက်လာသည်၏ အဖြစ်ကြောင့်။ နံ၊ ထိုကထာဝတ္ထုကျမ်းကို။(အဟံ။) ဝဏ္ဏယိဿာမိ၊ ဖွင့်ပြပေအံ့။ တံ၊ ထိုကထာဝတ္ထု အဋ္ဌကထာကို။ (တုမ္ဟေ၊ သောတုအပေါင်းအသင်သူတော်ကောင်းတို့သည်။) သမာဟိတာ၊ ကောင်းစွာ အာရုံ၌ထားအပ်သော စိတ်ဖြင့်ကြကုန်သည်။ ဝါ၊ တည်ကြည် ကြကုန်သည်။ (ဟုတ္ထ။) သုဏာထ၊ နာယူလေ့ကျက် ဆောင်ရွက် မှတ်သားကြကုန်လော။ ဣတိ၊ ကာလ, ဒေသ, ဒေသကနှင့် ပဋိညာဉ် စသည်ကို ဆိုရာစကားရပ် အပြီးသတ်သတည်း။

၁။ မာတိကာဌပနေနေဝ။ ။အဋ္ဌသာလိနီ နိဒါနကထာ၌ ပြအပ်ခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရား ဤပါဋိတော်ကို အပြည့်အစုံ ဟောတော်မမူပဲ အားလုံးသော ကထာတို့၌ မာတိကာ အကျဉ်း ဥဒ္ဒေသမျှကိုသာ ဟောတော်မူ၏။ ဤ မာတိကာဟူသည် ခေါင်းစဉ်မဟုတ်၊ အကျဉ်းချုပ် ဥဒ္ဒေသတည်း၊ ထို့ကြောင့် "မာတိကာဌပနေနေဝါတိ ဥဒ္ဒေသ ဒေသနာယ ဧဝ" ဟု အနုဋီကာမိန့်သည်။

၂။ ဌပိတဿ။ ။"ဌပိတ=ထား"ဟူသည် တရားနာကြသော ဝိနေယျတို့၏ စိတ်အစဉ်၌ ထားခြင်းတည်း၊ ထို့ကြောင့် ဟောတော်မူခြင်းကိုပင် "ဝိနေယျတို့၏ သန္တာန်၌ချထားခြင်း" ဟု ပါဋိထုံးစံအတိုင်း သုံးစွဲသည်ဟု မှတ်ပါ၊ [ဌပိတဿာတိ ဒေသိတဿ၊ ဒေသနာ ဟိ ဒေသေတဗ္ဗမတ္ထံ (ဟောတော်မူထိုက်သော အနက်အဓိပ္ပါယ်ကို) ဝိနေယျ သန္တာနေသု ဌပနတော နိက္ခိပနတော ဌပနံ, နိက္ခေပေါတိစ ဝုစ္စတိ၊ အနု။]

ဂန္ထာရမ္ဘကထာ အဖွင့်ပြီး၏။

နိဒါနကထာ အဖွင့်

ဟိ၊ ခဲ့။ (ဝဏ္ဏယိသာမိအရ အကျယ်ခဲ့၍ ဖွင့်ပြဦးအံ့။) ယမက ပါဠိဟီရာဝသာနသို့၊ ရေမီးအစုံဖြစ်သောတန်ခိုးပြာဋိဟာကို ပြတော်မူရာ ကာလ၏ အဆုံးဌ်။ [ယမက ပါဠိဟီရပုဒ်၏ အဓိပ္ပါယ်ကို အဋ္ဌသာလိနီ ဘာသာဋ္ဌီကာ ဂန္ထာရမ္ဘအဖွင့်ဌ် ပြခဲ့ပြီ။] ဘဂဝါ၊ သည်။ တိဒသပုရေ၊ တာဝတိံသာ နတ်ပြည်ဌ်။ ပါရိစ္ဆတ္တကမူလေ၊ ပင်လယ်ကသစ်ပင်၏ အနီးအောက်ဌ်။ ပဏ္ဍု-ကမ္ဗလသိလာယံ၊ ပဏ္ဍုကမ္ဗလာ, မြကျောက်ဖျာဌ်။ (ဖျော့တော့ ဝါဝင်းသော အဆင်းရှိသော ကမ္ဗလာနှင့်တူသော ကျောက်နေရာဌ်။) ဝဿံ၊ ဝါသို့။ ဥပဂန္ဆာ၊ ကပ်ရောက်တော်မူ၍။ မာတရံ၊ မယ်တော်ကို။ ဝါ၊ မယ်တော်ဖြစ်ဘူးသော သန္တုသိတ နတ်သားကို။ ကာယသက္ခိံ၊ ကိုယ်တော်၏ မျက်မှောက်ကို။ ကတ္ဝာ၊ ၍။ ဒေဝပရိသာယ၊ နတ်ပြဟ္မာ ပရိသတ်အား။ အဘိဓမ္မကထံ၊ အဘိဓမ္မကထာကို။ ကထေန္တော၊ ဟောတော်မူလသော်။ ဓမ္မသင်္ဂဏိဝိဘင်္ဂ-ဓာတုကထာပုဂ္ဂလပညတ္တိယမကပဋ္ဌာနံ၊ ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတု-ကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်းတို့ကို။ ဒေသယိတ္ဝာ၊ ဟောတော်မူပြီး၍။ ကထာဝတ္ထု ဒေသနာယ၊ ကထာဝတ္ထု ဒေသနာတော်၏။ ဝါရေ၊ အလှည့်အကြိမ်သည်။ သမ္ပတ္တေ၊ ရောက်လသော်။ (ကရောန္တော ကတ္ဝာဌပေသိတ္ဝါဌ်စပ်။)

အနာဂတေ၊ နောင်အခါဌ်။ မမ၊ ၏။ သာဝကော၊ သာဝကဖြစ်သော။ မဟာပညော၊ ကြီးသော ပညာရှိသော။ မောဂ္ဂလိပုတ္တော တိဿတ္ထေရော နာမ၊ မောဂ္ဂလိပုတ္တ တိဿ မည်သောမထေရ်သည်။ [မြတ်စွာဘုရား၏ မြင်တော်မူရာဌ် "ထေရော" ဟု မသုံးသင့်။ "မောဂ္ဂလိပုတ္တ တိဿောနာမ" ဟု သာသုံးသင့်သည်။] ဥပဇ္ဈံ၊ ဖြစ်ပေါ်လာသော။ သာသနမလံ၊ သာသနာတော်၏ အညစ်အကြေးကို။ သောဓေတ္ဝာ၊ သုတ်သင်၍။ တတိယသင်္ဂီတိံ၊ တတိယသင်္ဂါယနာကို။ ကရောန္တော၊ သော်။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်း၏။ မဇ္ဈေ၊ အလယ်ဌ်။ နိသိန္နော၊ ထိုင်နေလျက်။ သကဝါဒေ၊ မိမိ၏ အယူဝါဒဌ်။ ပဋ္ဌသုတ္တာ သတဝါနိ၊ ငါးရာသော သုတ်တို့ဌင်း။ ပရဝါဒေ၊ သူတပါးတို့၏ အယူဝါဒဌ်။ ပဋ္ဌ (သုတ္တာသတဝါနိ) တို့ဌင်း။ ဣတိ၊ သို့။ သုတ္တာသဟဿံ၊ သုတ်ပေါင်းတထောင်ကို။ သမောဓာနေတ္ဝာ၊ ပေါင်း၍။ ဣမံ ပကရဏံ၊ ဤကထာဝတ္ထုကျမ်းကို။ ဘာဇေသိတိ၊ အကျယ် ဝေဘန်လိမ့်မည်။ ဣတိ၊ ဤသို့ မြင်တော်မူ၍။

တဿ၊ ထိုအရှင် မောဂ္ဂလိပုတ္တတိဿထေရ်၏။ သြကာသံ၊ အကျယ်ဝေဘန် ခွင့်ကို။ ကရောန္တော၊ပြတော်မူလိုသည်၏အဖြစ်ကြောင့်။တာဝ၊ပရိဟာနိကထာ စသည်တို့မှ ရှေးဦးစွာ။ (ဝုတ္တော၊ ဟောတော်မူအပ်သော။) ပုဂ္ဂလဝါဒေ၊ ၌။ စတူသု၊ လေးရပ်ကုန်သော။ ပဥ္စသု၊ ပြဿဲနာတို့၌။ ဒ္ဝိန္နံ၊ ကုန်သော။ ပဥ္စကာနံ၊ ပဥ္စကတို့၏။ ဝသေန၊ အပြားအားဖြင့်။ အဋ္ဌမုခါ၊ ရှစ်ပါးသော အဦးအစ စကားပါရှိသော။ ယာ သော ဝါဒယုတ္တိ၊ အကြင်ဝါဒဖြစ်ခြင်း၏ အကြောင်း နည်းလမ်းသည်။ (အတ္ထိ)။ တံ၊ ထိုဝါဒယုတ္တိကို။ အာဒိံ ကတ္ဝာ၊ အစပြု၍။ သဗ္ဗကထာ မဂ္ဂေသု၊ အလုံးစုံသော ကထာအစဉ်တို့၌။ အသမ္ပုဏ္ဏဘာဏဝါရမတ္တာယ၊ မပြည့်သော တစ်ဘာဏာဝါရ အတိုင်းအရှည်ရှိသော။ ဝါ၊ တစ်ဘာဏဝါရ မပြည့်သော။ တန္တိယာ၊ ပါဠိတော်ဖြင့်။ မာတိကံ၊ မာတိကာကို။ (အကျဉ်းဥဒ္ဒေသကို။) ဌပေသိ၊ ထားတော်မူပြီ။ ဝါ၊ ဟော တော်မူပြီ။ [စတူသု ပဥ္စသု စသည်တို့၏ အဓိပ္ပါယ်ကို အဋ္ဌသာလိနီ ဘာသာဋီကာ နိဒါနကထာ၌ ရေးခဲ့ပြီ၊ ဤ၌ကား ပါဠိတော်ဝယ် တိုက်ရိုက်တွေ့ ရပါလိမ့်မည်။]

အထ၊ မာတိကာကို ထားတော်မူပြီးရာ ထိုအခါမှနောက်၌။ အဝသေသံ၊ ဟောတော်မူအပ်ပြီး ကျန်းတို့မှ ကြွင်းသော။ အဘိဓမ္မကထံ၊ ကို။ ဝိတ္ထာရနယေ နေဝ၊ အကျယ်ဖြစ်သော နည်းဖြင့်ပင်။ (ဓမ္မသင်္ဂဏီစသည်ကို ဟောတော်မူ သကဲ့သို့ အကျယ်ဖြစ်သော နည်းဖြင့်ပင်။) [နည်းချင်း တူသောကြောင့် သန္နိဋ္ဌာနဇေဖြင့် ဆိုသည်၊] ကထေတ္ဝာ၊ ၍။ ဝုတ္ထဝသော၊ ဝါလပတ်လုံး သီတင်းသုံးတော်မူပြီးသည်။ (ဟုတ္ဝာ)။ သုဝဏ္ဏရဇတ သောပါနမဇ္ဈေ၊ ရွှေစောင်းတန်း ငွေစောင်းတန်းတို့၏ အလယ်၌။ ဝါ၊ ရွှေလှေခါး ငွေလှေခါး တို့၏ အလယ်၌။ မဏိမယေန၊ ပဒမြားဖြင့် ပြီးသော။ သောပါနေန၊ စောင်းတန်းဖြင့်။ ဝါ၊ လှေခါးဖြင့်။ ဒေဝလောကတော၊ တာဝတိံသာ နတ်ပြည်မှ။ သင်္ကဿနဂရေ၊ သင်္ကဿမြို့၌။ သြရုယှ၊ သင်္ဃာဆင်းတော်မူ၍။ သတ္တဟိတံ၊ သတ္တဝါတို့၏ အစီးအပွါးကို။ သမွာဒေန္တော၊ ပြီးစီးစေတော်မူလျက်။ ယာဝတာယုကံ၊ အကြင် အကြင် အသက်အပိုင်းအခြားအတိုင်း။ ဌတ္ဝာ၊ တည်တော်မူ၍။ အနုပါဒိသေသာယ၊ ဝိပါက်နာမက္ခန္ဓာ ကဋ္ဌတွာရုပ် အကြွင်းအကျန်မရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယိ[၁]၊ ပရိဗ္ဗာန်စံတော်မူပြီ။ ဝါ၊ သန္ဓေနောက်ထပ်,မဆက်စပ်ပဲ, ဝဋ္ဋဇာတ်ရုပ်သိမ်း၍, ချုပ်ငြိမ်းတော်မူပြီ။

၁။ အနုပါဒိ။ပေ။ပရိနိဗ္ဗာယိ။ ။"ပရိနိဗ္ဗာယိ" အရ ဘုရားရှင်၏ ဝဋ္ဋဇာတ်သိမ်း၍ အေးငြိမ်းခြင်းဟူသော စုတိစိတ်တော်ရ၏၊ "အနုပါဒိ သေသာယ နိဗ္ဗာနဓာတုယာ" အရလည်း ထိုစုတိစိတ်တော်ပင်ရ၏၊ ဤသို့ အရမကွဲပြားသော်လည်း

အထ၊ ပရိနိဗ္ဗာန် စံတော်မူပြီးရာ ထိုအခါ၌။ အဿ၊ ထိုမြတ်စွာဘုရား၏။ (ဓမ္မဝိနယ သရီရံ၌ စပ်၊) မဟာကဿပပွမုခေါ၊ အရှင်မဟာကဿပ အမှူးရှိသော။ ဝသီဂဏော၊ ဝသီဘော် ငါးပါးရှိသော ရဟန္တာအပေါင်းသည်။ အဇာတသတ္တုရာဇာနံ၊ အဇာတသတ်မင်းကို။ သဟာယံ၊ အပေါင်းအဖော်ကို။ ဂဟေတွာ၊ ယူ၍။ (အဖော်အဖြစ်ဖြင့်ယူ၍။) ဓမ္မဝိနယသရီရံ၊ တရားအထည်ကိုယ်ဖြစ်သော သုတ်, အဘိဓမ္မာ, ဝိနည်းကို။ သင်္ဂဟံ၊ သိမ်းယူကြောင်း သင်္ဂါယနာသို့။ အာရောပေသိ၊ တက်ရောက်စေပြီ။ ဝါ၊ တင်ပြီ။ တတော၊ ထိုပဌမသင်္ဂါယနာတင်ပြီးရာကာလမှ နောက်၌။ ဝဿသတဿ၊အနှစ်တရာ၏။ အစ္စယေန၊ လွန်ရာအခါ၌။ ဝဇ္ဇီပုတ္တကာ၊ ဝဇ္ဇီတိုင်းခွဲ အမျိုးတို့၏ သားဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဒသဝတ္ထူနိ၊ ဆယ်ပါးကုန်သော ဝတ္ထုတို့ကို။ ဒီပယိံသု။ ပြကြကုန်ပြီ။ [ဒသဝတ္ထု၏ သရုပ်ကို၊ စူဠဝဂ္ဂပါဠိတော် သတ္တသတိကက္ခန္ဓ၌ ကြည့်ပါ။] တာနိ၊ ထိုဆယ်ပါးသော ဝတ္ထုတို့ကို။ သုတ္တာ၊ ကြား၍။ ကာကဏ္ဍကဿ၊ ကာကဏ္ဍကမည်သော။ ဗြာဟ္မဏဿ၊၏။ ပုတ္တော၊ သားဖြစ်သော။ ယသတ္ထေရော၊ အရှင်ယသထေရ်သည်။ သုသုနာဂပုတ္တံ၊ သုသုနာဂမင်း၏ သားတော် ဖြစ်သော။ ကာလာသောကံနာမ၊ မည်သော။ ရာဇာနံ၊ ကို။ သဟာယံ၊ကို။ ဂဟေတွာ၊၍။ ဒွါဒသန္နံ၊ တဆယ့်နှစ်လီကုန်သော။ ဘိက္ခုသတသဟဿာနံ၊ ရဟန်းအသိန်းတို့၏။ (တနည်း) ဒွါဒသန္နံ ဘိက္ခုသတသဟဿာနံ၊ တသန်းနှစ်သိန်း ကုန်သော ရဟန်းတို့၏။ အန္တရေ၊ အလယ်၌။သတ္တထေရသတာနိ၊ ခုနစ်ရာသောထေရ်တို့ကို။ ဥစ္စိနိတွာ၊ ရွေးချယ်၍။ တာနိ ဒသ ဝတ္ထူနိ၊တို့ကို။ မဒ္ဒိတွာ၊ နှိမ်နင်း၍။ ဓမ္မဝိနယသရီရံ၊ ကို။ သင်္ဂဟံ၊ သို့။ အာရောပေသိ၊ ပြီ။ ဝါ၊ ပြီ။

ပန၊ ဆက်။ တေဟိ ဓမ္မသင်္ဂါဟတ္ထေရေဟိ၊ ထို သုတ်အဘိဓမ္မာဝိနည်းကို သိမ်းယူကြသော ထေရ်တို့သည်။နိဂ္ဂဟိတာ၊နှိမ်အပ်ကုန်သော။ ဒဿသဟဿာ၊ တသောင်း အတိုင်းအရှည်ရှိကုန်သော။ ဝဇ္ဇီပုတ္တကာ၊ ကုန်သော။ ဘိက္ခူ၊၊

သဉ္ဉပါဒိသေသ နိဗ္ဗာနဓာတ်မှ အထူးပြုခြင်း အကျိုးငှါ "အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ" ဟု ဝိသေသနပြုရသည်၊ ဆိုလိုရင်းမှာ ပုဂ္ဂိုလ်အမျိုးမျိုးကိုလိုက်၍ စုတိစိတ်ကိုပင် ကွယ်လွန်ခြင်း, သေဆုံးခြင်း, နတ်ရွာစံ ကံတော်ကုန်ခြင်း, ပျံလွန်တော်မူခြင်း စသည်ဖြင့် ဟမျိုးမျိုး သုံးစွဲသကဲ့သို့ ရဟန္တာတို့၏ ပစ္ဆိမစိတ်ကိုလည်း "ပရိနိဗ္ဗာန်" ဟု သုံးစွဲသည်" ဟူလို၊ [ဤအနုပါဒိသေသ နိဗ္ဗာနဓာတ်ကို "ခန္ဓပရိနိဗ္ဗာန်" ဟု ခေါ်၍ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ရှိ ကိလေသာတို့မှ ငြိမ်းခြင်းကို ကိလေသ ပရိနိဗ္ဗာန်, သဉ္ဉပါဒိသေသ ပရိနိဗ္ဗာန်ဟု ခေါ်ရသည်၊ ပရိနိဗ္ဗာန မေဝါတိ ပရိနိဗ္ဗာနကိရိယာ သဒ်ါတံ စုတိပရိနိဗ္ဗာနမေဝ။ ပေ။ ပရိနိဗ္ဗာနန္တရတော ကိလေသ ပရိနိဗ္ဗာနဇာတိ အာဒတ္ထာ။ မဓု ဋီကာ၊ အခြားတနည်းကို ဋီကာနိဿယ၌ ရှုပါ။]

တို့သည်။ ပက္ခံ၊ အသင်းအပင်းကို။ ပရိယေသမာနာ၊ ရှာမှီးကုန်လသော်။ အတ္ထနော၊ အား။ အနုရူပံ၊ လျော်သော။ ဒုဗ္ဗလပက္ခံ၁၊ အသိဉာဏ်အားမရှိသော အသင်းအပင်းကို။ လဘိတ္ဝာ၊ ရ၍။ ဝိသုံ၊ သီးခြား။ မဟာသံဃိကာ-စရိယကုလံ နာမ၊ များသောသံဃာရှိသော ဆရာ၏အမျိုးအနွယ် မည်သည်ကို။ အကံသု၊ ပြုကြကုန်ပြီ။ [သူတို့အထံ၌ သံဃာအများ ပါသောကြောင့် မဟာသံဃိကာစရိယကုလဂိုဏ်းဟုဆိုသည်။] တတော၊ ထိုမဟာသံဃာစရိယကုလဂိုဏ်းမှ။ ဘိဇ္ဇိတ္ဝာ၊ ကွဲပြား၍။ အပရာနိ၊ အခြားကုန်သော။ ဧကဗျောဟာရိကာ စ၊ ဧကဗျောဟာရိကာစရိယဂိုဏ်းတို့ဌင်း။ ဧကေဗျောဟာရိကာ စ၊ ဧကေဗျောဟာရိကာစရိယဂိုဏ်းတို့ဌင်း။ (ဣတိ၊ သို့။) ဒ္ဝေ၊ နှစ်မျိုးကုန်သော။ အာစရိယကုလာနိ၊ ဆရာတို့၏ အမျိုးအနွယ်တို့သည်။ ဇာတာနိ၊ဖြစ်ကုန်ပြီ။

ဧကဗျောဟာရိကနိကာယတော၊ ဧကဗျောဟာရိက၏ ဆရာတို့ဂိုဏ်းမှ။ ဘိဇ္ဇိတ္ဝာ၊ ၍။ အပရာနိ၊ ကုန်သော။ ပဏ္ဍတ္တိဝါဒါ စ၊ ပဏ္ဍတ္တိဝါဒဂိုဏ်းဌင်း။ ဗာဟုလိယာ စ၊ ဗာဟုလိယဂိုဏ်းဌင်း။ (ဣတိ၊ သို့။) ဒ္ဝေ၊ ကုန်သော။ ဗာဟုဿုတိက အာစရိယကုလာနိ၊ တို့သည်။ ဇာတာနိ၊ ကုန်ပြီ။ ဗာဟုဿုတိကာတိပိ၊ဗာဟုဿုတိကဟူသောအမှည်သည်လည်း။တေသံယေဝ၊ထိုဗာဟုလိယဆရာတို့၏ပင်။ နာမံ၊ တည်း။ တေသံယေဝ၊ ထိုဗာဟုလိယ ဆရာတို့၏ပင်။ အန္တရေ၊ အတွင်း၌။ စတ္တာရော၊ လေးပါးနာမ၊ လေးပါးတို့ မည်သော။ အပရေ၊ တပါးကုန်သော။ အာစရိယဝါဒါ၊ ဆရာတို့၏ ဝါဒတို့သည်။ ဥပဋ္ဌာ၊ ဖြစ်ကုန်ပြီ။ ဧဝံ၊ သို့။ မဟာသံဃိကာစရိယကုလတော၊မှ။ ဒုတိယော၊ နှစ်ပါးမြောက်သော။ ဝဿသတော၊ နှစ်အရာ၌။ ပဋ္ဌာ၊ကုန်သော။ အာစရိယ-ကုလာနိ၊ တို့သည်။ ဥပဋ္ဌာနိ၊ ကုန်ပြီ။ တာနိ၊ ထိုငါးပါးသော ဆရာတို့၏ အမျိုးတို့သည်။ မဟာသံဃိကေဟိ၊ မဟာသံဃိကာစရိယကုလတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဆ၊ ခြောက်ဂိုဏ်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဒုတိယော၊ သော။ တသ္မိံ ယေဝ ဝဿသတော၊ ထိုအနှစ်တရာအတွင်း၌ပင်။
(ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ် နှစ်ရာ အတွင်း၌ပင်။)

၁။ **ဒုဗ္ဗလပက္ခံ**။ ။ဒုတိယ သင်္ဂါယနာတင်ရာအခါ၌ ဒါယကာဖြစ်သော ကာဠာသောက မဟာရာဇာကဲ့သို့ အားမရှိပဲ တဝန် တလျားကိုသာ အစိုးရသော ရာဇာဖြစ်သောကြောင့် "ဒုဗ္ဗလ–အားမရှိ"ဟု ဝဒန္တိဝါဒရှိ၏၊ သို့သော် ထိုဝါဒကို ဋီကာဆရာ မနှစ်သက်သောကြောင့် "ဓမ္မဝါဒီ အဓမ္မဝါဒီ အထူးကို သိနိုင်သော ဉာဏ်ပညာရှိလျှင် ထိုအဓမ္မဝါဒီတို့ကို အားမပေးရာ၊ ယခုသော် ထိုကဲ့သို့ ဉာဏ်ပညာအားမရှိ၊ ထိုသို့ ဉာဏ်ပညာ အားမရှိခြင်းကို "ဒုဗ္ဗလ" ဆိုသည်ဟု ဋီကာဖွင့်သည်၊ [ယခုအခါ မြန်မာနိုင်ငံ၌ အဓမ္မဝါဒီတို့ကို အားပေးနေကြသော ဒုဗ္ဗလလူတွေ့ အများအပြားပင် ရှိနေကြသေး၏။]

ထေရဝါဒတော၊ ထေရဝါဒဂိုဏ်းမှ။ ဘိဇ္ဇတ္ထာ၊ ၍။ မဟိသာသကာ စ၊ မဟိသာသကဝါဒတို့ဂုင်း။ ဝဇ္ဇိပုတ္တကာ၊ ဝဇ္ဇိပုတ္တကဝါဒတို့ဂုင်း။ (ဣတိ၊ သို့။) ဒွေ၊ ကုန်သော။ အာစရိယဝါဒါ၊ တို့သည်။ ဥပ္ပန္နာ၊ ကုန်ပြီ။ တတ္ထ၊ ထို နှစ်ပါးသော ဝါဒတို့တွင်။ ဝဇ္ဇိပုတ္တကဝါဒတော၊မှ။ ဘိဇ္ဇတ္ထာ၊ ၍။ အပရော၊ ကုန်သော။ ဓမ္မုတ္တရိယာ၊ ဓမ္မုတ္တရိယဝါဒတို့ဂုင်း။ ဘဒ္ဒြယာနိကာ၊ တို့ဂုင်း။ ဆန္နာဂါရိကာ၊တို့ဂုင်း။ သမ္မိတိယာ၊ တို့ဂုင်း။ (ဣတိ၊ သို့။) စတ္တာရော အာစရိယဝါဒါ ဥပ္ပန္နာ။ ပုန၊ တဖန်။ ဒုတိယော၊ သော။ တသ္မိံ ယေဝ ဝဿသတော၊ ၌ပင်။ မဟိသာသကဝါဒတော၊မှ။ ဘိဇ္ဇတ္ထာ၊၍။ သဗ္ဗတ္ထိဝါဒါ၊ တို့ဂုင်း။ ဓမ္မဂုတ္တိကာ၊ တို့ဂုင်း။ ဣတိ၊သို့။ဒွေ အာစရိယဝါဒါ ဥပ္ပန္နာ။ ပုန၊ တဖန်။ သဗ္ဗတ္ထိဝါဒကုလတော၊ သဗ္ဗတ္ထိဝါဒ ဆရာတို့၏ အမျိုးအနွယ်မှ။ ဘိဇ္ဇတ္ထာ၊ ၍။ ကဿပိကာ နာမ၊ ကဿပိက ဆရာတို့၏ ဝါဒတို့ မည်သည်။ ဇာတာ၊ ကုန်ပြီ။ ကဿပိကော့၊ ကဿပိကဆရာတို့၏ ဝါဒတို့သည်။ ဘိန္နော့၊ ကဲ့ပြားကုန်လသော်။ အပရော၊ ကုန်သော။ သက်္ကန္တိကာ နာမ၊ သက်္ကန္တိကဝါဒတို့မည်သည်။ ဇာတာ၊ ကုန်ပြီ။

သက်္ကန္တိကော့၊ တို့သည်။ ဘိန္နော့၊ ကုန်လသော်။ သုတ္တဝါဒါ နာမ၊ တို့ မည်သည်။ ဇာတာ၊ ကုန်ပြီ။ ဣတိ၊ သို့။ ထေရဝါဒတော၊ မှ။ ဘိဇ္ဇတ္ထာ၊ ၍။ ကောဒဿ၊ တဆယ့်တစ်ပါးကုန်သော။ အာစရိယဝါဒါ၊ တို့သည်။ ဥပ္ပန္နာ၊ ကုန်ပြီ။ တော၊ ထို တဆယ့်တစ်ပါးသော အာစရိယဝါဒ တို့သည်။ ထေရဝါဒေဟိ၊တို့နှင့်။ သဒ္ဓိံ၊ ကု။ ဒုါဒဿ၊ တဆယ့် နှစ်ပါးသော ဝါဒ တို့သည်။ ဟောန္တိ၊ကုန်၏။ ဣတိ၊ ဤသို့လျှင်။ ဒုါဒဿ၊ ကုန်သော။ ဣမေ (အာစရိယဝါဒါ)စ၊ တို့ဂုင်း။ မဟာသံဃိကာနံ၊ မဟာသံဃိက ဆရာတို့၏။ ဆ၊ကုန်သော။ အာစရိယဝါဒါစ၊တို့ဂုင်း။ဣတိ၊သို့။သဗ္ဗေဝ၊အလုံးစုံသာလျှင် ဖြစ်ကုန်သော။ အဠာရသ၊ တဆယ့် ရှစ်ပါးကုန်သော။ အာစရိယဝါဒါ၊ တို့သည်။ ဒုတိယော၊ သော။ ဝဿသတော၊ ၌။ ဥပ္ပန္နာ၊ ကုန်ပြီ။ အဠာရသ နိကာယာတိပိ၊ တဆယ့်ရှစ်ဂိုဏ်းဟူသော အမည်သည်ဂုင်း။ အဠာရသာ စရိယကုလာနိပိ၊ တဆယ့် ရှစ်ပါးသော ဆရာတို့၏ အမျိုးအနွယ် ဟူသော အမည်သည်ဂုင်း။ ဧတေသံယေဝ၊ ဤအဠာရသာစရိယဝါဒတို့၏ သာလျှင်။ နာမံ၊ တည်း။ ပန၊ အထူးကား။ ဧတေသု၊ ဤ တဆယ့်ရှစ်ပါးသော ဝါဒ တို့တွင်။ သတ္တရသ၊ တဆယ့်ခုနစ်ပါးကုန်သော။ ဝါဒါ၊ တို့သည်။ ဘိန္နကာ[၁]၊

၁။ **ဘိန္နကာ**။ ။မူလသဂီတိမှ, သို့မဟုတ် မူလနိကာယမှ ကဲ့ပြားကြသည်ကို "ဘိန္န" ဟု ဆိုရသည်၊ ထိုသို့ကဲ့ပြားခြင်း၏ အကြောင်းရင်းမှာ ဝိနည်းတော်ကို အလေးမပြုခြင်းတည်း၊ ဝိနည်းဟော်ကို အလေးမပြုသည့်အတွက် ခပ်ပေါ့ပေါ့ နေရခြင်းကိုပင် သဘာဝကသည်ဟု ထင်ကာ အဆင့်ဆင့် သဒ္ဓါတရားဖျက်ပြား၍ သုဘွန်တရားတော်များကိုပင် အပြောင်းအလွဲ ပြုရလာကြလေသည်။

ကဲ့ပြား ကုန်၏။ ထေရဝါဒေါ်၊ သည်။ အသမ္ဘိန္နကော၊ မ ကဲ့ပြား။ ဣတိ ဝေဒိတဗ္ဗော။

စ၊ သာဓကကား။ ဒီပဝံသေပိ၊ ဒီပဝံသက္ကမ်းဌ်လည်း။ တေံ၊ ဤဂါထာ စကားကို။ ဝုတ္တံ၊ဆိုအပ်ပြီ။ (တနည်း)၊ ဒီပဝံသေ၊ဌ်။ (ပေါရာဏေဟိ)ပိ၊ ရှေးဆရာတို့သည်လည်း။တေံ၊ကို။ ဝုတ္တံ၊ပြီ။(ကိံ၊နည်း။)

ထေရေဟိ၊ အရှင် ယသ အစရှိသော ထေရ်တို့သည်။ နိကာ့ိတာ၊ ဓမ္မဝါဒီ ဘက်မှ နှင်ထုတ်အပ်ကုန်သော။ ပါပဘိက္ခူ။၊ ယုတ်မာသောရဟန်း ဖြစ်ကုန်သော။ ဝဇ္ဇီပုတ္တကာ၊ ကုန်သော။ အဓမ္မဝါဒီ၊ အဓမ္မကို ပြောဆိုလေ့ ရှိကြကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဒဿဿဟဿာ၊ တသောင်းအတိုင်း အရှည်ရှိကုန်သော။ ဇနာ၊ ရဟန်းတို့သည်။ အလံ်၊ ကာလသောကမင်းမှ အခြားသော။ ပက္ခံ၊ အားမရှိသော အသင်းအပင်းကို။ လဘိတ္ထာန၊ ရ၍။ ဝါ၊ကြောင့်။ သမာဂန္ဆာ၊ အညီအမျှ လာရောက်ကြကုန်၍။ ဓမ္မသင်္ဂဟံ၊ သုတ် အဘိဓမ္မာ ဝိနည်းကို သိမ်းယူကြောင်း သင်္ဂါယနာကို။အကံသု၊ကုန်ပြီ။ တသ္မာ၊ ကြောင့်။ဝါ၊ ထိုသို့ တသောင်းသောရဟန်းတို့၏ ဓမ္မသင်္ဂဟကို ပြုကြကုန်သည်၏ အဖြစ်ကြောင့်။ အယံ ဓမ္မသင်္ဂီတိ၊ ဤဓမ္မသင်္ဂီတိကို။ မဟာသင်္ဂီတိ၊ မဟာသင်္ဂီတိဟူ၍။ ဝါ၊ များစွာသော ရဟန်းတို့၏ သင်္ဂါယနာဟူ၍။ဝုစ္စတိ၊ အပ်၏။ မဟာသင်္ဂီတိကာ၊ မဟာသင်္ဂီတိကို ပြုကြကုန်သော။ ဘိက္ခူ။၊ အဓမ္မဝါဒီ ရဟန်းတို့သည်။ သာဿနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌။

၁။ **ထေရဝါဒေါ**။ ။အရှင်မဟာကဿပ အစရှိသော ထေရ်တို့၏ ဝါဒကို "ထေရာနံ+ဝါဒေါ" အရ "ထေရဝါဒ" ဟု ခေါ်၏၊ ထိုထေရဝါဒသည် ဝိနည်းတော်ကို မူထားရကား ထိုဝိနည်းတော်၌ လာသည့်အတိုင်း အဆက်ဆက် ကျင့်လာကြသောကြောင့် အဘိန္နက (မကွဲမပြားပဲ) တသားထဲ ရှိရပေသည်၊ ယခုအခါ၌ မိမိတို့လုပ်ချင်ရာကို လုပ်နေကြသော်လည်း ဝိနည်းတော်အလိုအားဖြင့် မအပ်ဟု အယူရှိရကား ဝိနည်းကိုမူ လေးစားကြသည်သာ။

ဝါဒ။ ။"ထေရဝါဒ" စသည်၌ ဝါဒဟူသည် အဘယ်နည်းဟု မေးဘွယ်ရှိ၏၊ အဖြေကား- "ဝဒန္တိ တေနာတိ ဝါဒေါ" အရပြောဆိုကြောင်းဖြစ်သော ဒိဋ္ဌိ (အယူ)ကို "ဝါဒ"ဟု ခေါ်၏၊ ထိုအယူအတိုင်း (အမှန်ဟုယူ၍) သင်ယူပို့ချ အဆက်ဆက် ဆောင်ရွက်အပ်သော ပါဋိတော်ကိုဌင်း, ထိုပါဋိတော်အတိုင်း ပြုကျင့်အပ်သော အကျင့်ကိုဌင်း ကာရကာပစာရအားဖြင့် "ဝါဒ" ဟု ခေါ်ရသည်၊ ဥပမာ- ဝိဘင်္ဂဝါဒီ စသည်ဖြင့် လာရာ၌ အယူဝါဒအတိုင်း ပြောဆိုအပ်သော စကားဝါကျ ပါဋိများကို "ဝါဒ"ဟု ခေါ်သကဲ့သို့တည်း၊ ထိုဝါဒအတိုင်း လိုက်နာသော ပုဂ္ဂိုလ်တို့ကို နိကာယ (ဂိုဏ်း) ဟု ခေါ်ရသည်။

ဝိလောမံ၊ ဆန်ကျင်ဘက်ကို။ အကံသု၊ ကုန်ပြီ။ မူလသင်္ဂဟံ၊ အရင်းမူလ အစဖြစ်သော ပဌမသင်္ဂါယနာကို။ ဘိန္ဒိတ္ဝာ၊ ဖျက်ဆီး၍။ အညံ၊ ပဌမသင်္ဂါယနာမှ အခြားသော။ သင်္ဂဟံ၊ ကို။ အကံသု၊ ကုန်ပြီ။ [အရှင်မဟာယသတို့၏ ဒုတိယသင်္ဂါယနာကိုကား နဂိုကပင် အသိအမှတ်မပြုလိုကြ။]

ဧဝံ၊ သို့။ အဿ၊ ထိုသကဝါဒီ၏။ နိဂ္ဂဟေတဗ္ဗဘာဝံ၊ နှိပ်ထိုက်သည်၏ အဖြစ်ကို။ ဒဿေတ္ဝာ၊ ၍။ ဣဒါနိ၊ ဥ္ဒ။ တံ၊ ထိုသကဝါဒီကို။ နိဂ္ဂဏှန္တော၊ နှိပ်လိုသည်၏ အဖြစ်ကြောင့်။ ဟဥ္ဉိတိအာဒိ ံ၊ ကို။ အာဟ၊ ပရဝါဒီဆိုပြီ။ တတ္ထ၊ ထို ဟဥ္ဉိ အစရှိသော စကားရပ်၌။ ဌပနာ ပါပနာ ရောပနာ၊ တို့ကို။ ဟေဋ္ဌာ၊ ၌။ (အောက် အနုလောမပဋ္ဌကဉ်။) ဥတ္တာနယေနေဝ၊ သာလျှင်။ ဧဝဒိတဗ္ဗာ၊ ကုန်၏။ ပန၊ ဆက်။ ပရိယောသာနေ၊ ၌။ ဣဒံ တေ မိစ္ဆာတိ၊ ဟူသော ပုဒ်၏။ (အတ္ထောဉ္ဈ စပ်။) တဝ၊ အသင်သကဝါဒီ၏။ ဣဒံ ဝစနံ၊ ဤစကားသည်။ မိစ္ဆာ၊ ပုဗ္ဗာပရဝိရောဓိ ဒေါသ မကင်းသဖြင့် မှားယွင်းသည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ နက်။ ဣဒံ၊ ဤစတုက္ကသည်။ ဆလဝါဒေန၊ ဖြင့်။ စတူဟိ၊ ကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ နိဂ္ဂဟာဃ၊ ၏။ ဝါ၊ ကို။ ကတတ္တာ၊ ကြောင့်။ နိဂ္ဂဟ စတုက္ကံနာမ၊ မည်၏။

၄။ ဧဝံ၊ သို့။ (ဤသို့ နိဂ္ဂဟစတုက္ကဉ် ဆိုအပ်ပြီးသောနည်းဖြင့်။) နိဂ္ဂဟံ၊ နှိပ်ခြင်းကို။ ကတ္ဝာပိ၊ပြုပြီး၍လည်း။ ဣဒါနိ၊ ဥ္ဒ။(ဒဿေန္တော အာဟဉ္ဈ စပ်။) မယာ၊ အကျွန်ုပ်သည်။ တဝ၊ အသင်သကဝါဒီ၏။ မတေန၊ အလိုဖြင့်။ (ဒုန္နိဂ္ဂဟောဉ္ဈ စပ်။)ကတော၁၊ ပြုအပ်သော။အယံ နိဂ္ဂဟော၊ ဤနှိပ်ခြင်းသည်။ ဒုန္နိဂ္ဂဟော၊ မှားယွင်းသောနှိပ်ခြင်းသည်။ ယဒိ(ဟောတိ)၊ အကယ်၍ ဖြစ်အုံ။ (ဧဝံသတိ၊ သော်။) မမ၊ အကျွန်ုပ်၏အပေါ်၌။ တယာ၊ အသင်သကဝါဒီသည်။ ဟေဋ္ဌာ၊ အောက်ဖြစ်သော။ အနုလောမပဋ္ဌကေ၊ ၌။ (အနုလောမပဋ္ဌကတုန်းက။)ကတော၊ အပ်သော။ ယော နိဂ္ဂဟော၊ အကြင်နှိပ်ခြင်းသည်။ (အတ္ထိ)။ သောပိ၊ ထိုနှိပ်ခြင်းသည်လည်း။ ဒုန္နိဂ္ဂဟော၊မှားယွင်းသော နှိပ်ခြင်းသည်။ (ဟောတိ)။ ဣတိ၊ဤအနက်အဓိပ္ပါယ်ကို။ ဒဿေန္တော၊ ပြလိုသည်၏ အဖြစ်ကြောင့်။ ဧသေ စေဒုန္နိဂ္ဂဟိတေတိ အာဒိ ံ၊ ကို။ အာဟ၊ ပရဝါဒီဆိုပြီ။

၁။ တဝ မတေန ကတော၁။ ။ဤစာရှိ၌တိုင်းဆိုလျှင် "ပြုအပ်ခဲ့သော နိဂ္ဂဟကို သကဝါဒီ၏ အလိုအားဖြင့် ပြုအပ်" ဟု အဓိပ္ပါယ်ရ၏။ အမှန်မှာ တဝ မတေန ကို ဒုန္နိဂ္ဂဟောဉ္ဈ စပ်၍ "အကျွန်ုပ်၏ နှိပ်ခြင်းသည် အသင်သကဝါဒီ၏ အလိုအားဖြင့် ဒုန္နိဂ္ဂဟဖြစ်အုံ" ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် "မယာ ကတော နိဂ္ဂဟော တဝ မတေန ဒုန္နိဂ္ဂဟော" ဟု ရှိလျှင် အဓိပ္ပါယ်ရှိသည်။

တနည်း၊။ ။တဝ မဟေန ကို ကတောဉ္ဈစပ်၍ အကျွန်ုပ်ပြုအပ်သော နှိပ်ခြင်းသည် အနုလောမ ပဋ္ဌကတုန်းက အသင်နှိပ်သလို ပြုအပ်သောကြောင့် "တဝ မတေန ကတော" ဟု ဆိုသည်။ ဤသို့သော်လည်း ကြံပါ။ ဆက်ဦးအုံ။ ဣဒါနိ-စသော အနုသန္ဓေတက်၌ "ဧသေ စေ ဒုန္နိဂ္ဂဟိတော" ကို ရည်ရွယ်၍ "ယဒိ အယံ မယာ ။ပေ။ ဒုန္နိဂ္ဂဟော" ဟု ဆိုသည်၊ "ဟေဝမေဒံ တတ္ထ ဒက္ခ" ကို ရည်ရွယ်၍ "ယော မမ။ပေ။ သောပိ ဒုန္နိဂ္ဂဟော" ဟု ဆိုသည်။

တတ္ထ၊ ထို ဧသေ စေဒုန္နိဂ္ဂဟိတေ အစရှိသော စကားရပ်၌။ ဧသေ စေ ဒုန္နိဂ္ဂဟိတေတိ၁၊ကား။တ၀၊ အသင်သက၀ါဒီ၏။ ဧသော ၀ါဒေါ၊ဤ၀ါဒသည်။၀ါ၊ကို။မယာ၊ သည်။ဒုန္နိဂ္ဂဟိတော၊ မှားယွင်းသဖြင့် နှိပ်အပ်သည်။ စေ(ဟောတိ)၊ အုံ့။ (ဧ၀ံသတိ၊ သေဉ်။ တတ္ထ ဒက္ခ-၌ စပ်။) အထ၀ါ၂၊ ထို့ပြင် တနည်းကား။ တ၀၊ အသင်သက၀ါဒီ၏ အပေါ်၌။ မယာ၊ သည်။ ကတော၊ အပ်သော။ ဧသော နိဂ္ဂဟော၊ သည်။ ဒုန္နိဂ္ဂဟော၊ မှားယွင်းသော နှိပ်ခြင်းသည်။ စေ (ဟောတိ)၊ အုံ့။ (ဧ၀ံသတိ၊ သေဉ်။) ဟေ၀မေ၀ံ တတ္ထ ဒက္ခာ-တိ၊ ကား။ တယာ၊ အသင် သက၀ါဒီသည်။ မမ၊ အကျွန်ုပ်၏ အပေါ်၌။ ဟေဋ္ဌာ၊ အောက်၌။ (အနုလောမပဋ္ဌကဉ်၌။) ကတော၊ အပ်သော။ တတ္ထာပိ နိဂ္ဂဟေ၊ ထိုနှိပ်ခြင်း၌လည်း။ ဧ၀မေ၀ံ၊ ဤအတူ။ ပဿ၊ ရှုပါလော။(ဒုန္နိဂ္ဂဟဟု ရှုပါလော။)

ဣဒါနိ၊ ဉ်။ အဿ၊ ထိုပရ၀ါဒီ၏ အပေါ်၌။ ဟေဋ္ဌာ၊ ဉ်။ (အနုလောမပဋ္ဌကဉ်။) သက၀ါဒိနာ၊ သည်။ ယော နိဂ္ဂဟော၊ ကို။ ကတော၊ အပ်ပြီ။ တံ၊ ထိုနှိပ်ခြင်းကို။ ၀တ္တုမ္မေ ခေါတိ အာဒိ၀စနေန၊ အစရှိသော စကားဖြင့်။ ဒဿေတွာ၊ ၍။ ပုန၊ တဖန်။ တံ နိဂ္ဂဟံ၊ ထို သက၀ါဒီ၏ နှိပ်ခြင်းကို။ အနိဂ္ဂဟာဘာ၀ံ၊ နှိပ်ခြင်းမဟုတ်သည်၏ အဖြစ်သို့။ (နှိပ်ရာမရောက်သည့် အဖြစ်သို့။) ဥပနေန္တော၊ ကပ်ဆောင်လိုသည်၏ အဖြစ်ကြောင့်။ နော စ မယံ တယာတိအာဒိ၊ ကို။ အာဟ၁၊ ပရ၀ါဒီဆိုပြီ။ တတ္ထ၊ ထို နော စ မယံ တယာ

၁။ **ဧသေ ဧ၀ ဒုန္နိဂ္ဂဟိတေ။** ။ဧသေကို "ဧသော တ၀ ၀ါဒေါ" ဟု ၎င်း, ဒုန္နိဂ္ဂဟိတေကို "ဒုန္နိဂ္ဂဟိတော" ဟုဌင်း ပဌမဖွင့်၏။ ဆိုလိုရင်းကား-ပြအပ်ခဲ့သော နိဂ္ဂဟစတုက္ကသည် ပရ၀ါဒီက သက၀ါဒီ၏ ၀ါဒကို နှိပ်ပုံကို ပြသော စတုက္ကတည်း။ ထိုပြအပ်သည့်အတိုင်း "အသင်သက၀ါဒီ၏ ထို၀ါဒကို အကျွန်ုပ် ပရ၀ါဒီက အကယ်၍ မှားယွင်းစွာ နှိပ်သည်ဖြစ်အံ့၊" ဟု ဆိုလိုသည်။

၂။ **အထ၀ါ။** ။ဤနည်းဖွင့်ကား "ဧသော ၀ါဒေါ" ဟု ၀ါဒကို မဖွဲ့ပဲ "ဧသော နိဂ္ဂဟော" ဟု နှိပ်ခြင်းကြိယာကို ဖွဲ့ခြင်းသာထူး၏။ ဤသို့ ၂-နည်း ဖွင့်ရခြင်းမှာလည်း "ဒုန္နိဂ္ဂဟိတ" အရ ကံဟော တ-ပစ္စည်းအတွက် ၀ါဒကို အရကောက်သင့်သော ကြောင့် ပဌမနည်းကိုဌင်း, နိဂ္ဂဟစတုက္ကနှင့် စကားဆက်သွယ်နေရကား နှိပ်ခြင်းကို ညွှန်းသင့်သောကြောင့် ဒုတိယနည်းကိုဌင်း ဖွင့်ရခြင်းဖြစ်သည်။ ဤဒုတိယနည်းအလို "ဒုန္နိဂ္ဂဟိတေ" ၌ တ-ပစ္စည်းကို ဘော-အနက်ဟောကြံပါ။

၃။ **ဣဒါနိ၊ ပေ။ တယာတိ အာဒိမာဟ။** ။ဤစကားသည် "နော စ မယံ" စသော ပါဠိတော်၏ အနုသန္ဓေ ကျမ်းတက်စကားတည်း။ ပါဠိတော်၌ "၀တ္တုမ္မေ ခေါ၊ပေ။သမ္ဘိက္ခုပရမတ္ထောနာတိ" ဟူသော စကား ၂-ရပ်သည် အနုလောမပဋ္ဌကတုန်း က သက၀ါဒီက ပရ၀ါဒီ၏ အပေါ်၌ နှိပ်ပုံကိုပြသော စကားတည်း။ ထို့နောက်

အစရှိသော စကားရပ်၌။ နော စ။ပေ။ ပဋိညာယာတိ အာဒီသု၊ အစရှိသော ပါဋိရပ်တို့၌။ အယံ၊ ကား၊ အတ္ထော၊ တည်း။ ယသ္မာ၊ ကြောင့်။ တယာ၊ အသင်သကဝါဒီသည်။ မမ၊ ၌။ ကတော၊ အပ်သော။ သော နိဂ္ဂဟော၊ သည်။ဒုန္နိဂ္ဂဟော၊ မှားယွင်းစွာနှိပ်ခြင်းသည်။ (ဟောတိ)။တသ္မာ၊ ကြောင့်။ တယာ၊ အသင်သကဝါဒီသည်။ တတ္ထ အနုလောမပဋ္ဌကေ၊ ၌။ အာမန္တာတိ၊ ဟူ၍။ တောယ္ယ ပဋိညာယ၊ ဤဝန်ခံခြင်းဖြင့်။ ဧဝံ၊ သို့။ ပဋိဇာနန္တော၊ ဝန်ခံကုန်သော။ မယံ၊ အကျွန်ုပ်တို့ကို၊ (န နိဂ္ဂဟေတမ္မာယေဝ၌ စပ်။) ပုန၊ တဖန်။ န ဟေဝါတိ၊ န ဟေဝံဟူ၍။ (နဟေဝံ ဝတ္တာဗ္ဗေ ဟူ၍။)ပဋိက္ခေပေ၊ပယ်ခြင်းကို။ ကတေပိ၊ ပြုအပ်သော်လည်း။ အာဇာနာဟိ နိဂ္ဂဟန္တိ၊ ဟူ၍။ ဧဝံ၊ သို့။ န နိဂ္ဂ-ဟေတမ္မာယေဝ၊ မနှိပ်ထိုက်ကုန်သည်သာ။ [ယခုစာအုပ်၌ န နိဂ္ဂဟေတမ္မော-ယေဝ- ဟု ရှိသည်။ မယံ နှင့် ဝုစ် မလျော်ပေ။] ဧဝံ သို့။ အနိဂ္ဂဟေတမ္မမ်ိဳ၊ မနှိပ်ထိုက်သည်လည်းဖြစ်သော။ မံ၊ အကျွန်ုပ်ကို။ (တံ၊ အသင်သကဝါဒီသည်။) နိဂ္ဂဏှာသိ၊ နှိပ်၏။ ပန၊ ထို့ပြင် နှိပ်ပါသော်လည်း။ ဤဒိသေန၊ ဤကဲ့သို့ ရှုအပ်သော။ နိဂ္ဂဟေန၊ နှိပ်ခြင်းဖြင့်။ မယံ၊ တို့သည်။ ဝါ၊ ကို။ ဒုန္နိဂ္ဂဟိတာ၊ မှားယွင်းသဖြင့် နှိပ်အပ်ကုန်သည်။ ဟောမ၊ ကုန်၏။ (ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ ဤသို့ ရှေ့ပြန်အုပ်ပါ။)

ဣဒါနိ၊၌။ ယံ နိဂ္ဂဟံ၊ ကို။သန္ဓာယ၊၍။ဒုန္နိဂ္ဂဟိတာ စ ဟောမာတိ၊ဟူ၍။ အဝေါစ၊ ပရဝါဒီဆိုပြီ။ တံ၊ ထိုနှိပ်ခြင်းကို။ ဒဿေတုံ၊ ငှါ။ ဟဥ္စိ ပဋိဂ္ဂလော။ ပေ။ မိစ္ဆာတိ၊ ဟူ၍။ အာဟ၊ ပရဝါဒီဆိုပြီ။ [စာအုပ်တို့၌ "ဣဒံ တေ မိစ္ဆာတိ" ဟု ရှိ၏။ သို့သော် အနုလောမပဋ္ဌကတုန်းက နှိပ်ပုံကို ပြန်၍ညွှန်ပြသော စကားဖြစ်သောကြောင့် တိုနိဂ္ဂဟ၌ "ဣဒံတေ" ဟု မရှိရကား ဤ၌လည်း "ဣဒံ တေ" ဟု မပါသင့်။] ဧဝံ၊ သို့။ ဣဒံ၊ ဤစတုက္ကသည်။(ဥပနယနစတုက္ကံ နာမ ဟောတိ၌ စပ်။)အနုလောမ ပဋိလောမတော၊ အားဖြင့်။ စတူဟိ၊ ကုန်သော။ ပါပနာရောပနာဟိ၊ တို့ဖြင့်။ (ကတဿ၊ ပြုအပ်သော။) နိဂ္ဂဟဿ၊ ၏။ ဝါ၊ ကို။ ဥပနိတတ္တာ၁၊ မိမိနိဂ္ဂဟနှင့်အတူ

"နော စ မယံ။ပေ။ ဒုန္နိဂ္ဂဟိကာ စ ဟောမ" ဟူသော စကားသည် အနုလောမပဋ္ဌကတုန်းက မိမိ (ပရဝါဒီ) ကို နှိပ်အပ်သော်လည်း နှိပ်အပ်ရာ မရောက်ပါ" ဟု ရှေ့က နှိပ်ခြင်းကို ပယ်သောစကားတည်း။

၁။ နိဂ္ဂဟဿ ဥပနိတတ္တာ။ ။"နိဂ္ဂဟဿ" အရ နိဂ္ဂဟဟူသည် အနုလောမပဋ္ဌကတုန်းက သကဝါဒီသည် ပြုအပ်သော နိဂ္ဂဟတည်း။ ထိုသကဝါဒီ နိဂ္ဂဟ၏ ဒုန္နိဂ္ဂဟဖြစ်ပုံကို မိမိ ယခုပြုအပ်ခဲ့သော နိဂ္ဂဟနှင့်အတူ (မိမိနိဂ္ဂဟကို ဥပမာပြု၍) ကပ်ဆောင်အပ်သည်ကို "ဥပနိတ" ဆိုသည်။ [ကတဿ နိဂ္ဂဟဿ တေန နိယာမေန ဒုက္ကဋဘာဝဿ အတ္တနော ကတနိဂ္ဂဟေန သဟ ဥပနိတတ္တာ။ ဋီကာ။]

ကပ်ဆောင်အပ်သည်၏ အဖြစ်ကြောင့်၊ ဥပနယနစတုက္ကံ၁ နာမ၊ မည်သည်။ ဟောတိ၊ ၏။

၅။ ဣဒါနိ၊ ဥပနယနစတုက္ကကို ဟောတော်မူပြီးရာ ယခုအခါ၌။ နဟေဝံ နိဂ္ဂဟေတဗ္ဗတိအာဒိကံ၊ အစရှိသော။ နိဂ္ဂမနစတုက္ကံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဝါ၊ ဖြစ်တော့လတ္တံ့။ တတ္ထ၊ ထိုနိဂ္ဂမနစတုက္ကဌ်။ နဟေဝံ နိဂ္ဂဟေတဗ္ဗတိ၊ ကား။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ အဟံ၊ အကျွန်ုပ်ကို။ တယာ၊ အသင်သကဝါဒီသည်။ နိဂ္ဂဟီတော၊ နှိပ်အပ်ပြီ။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ နဟိ နိဂ္ဂဟေတဗ္ဗော၊ မနှိပ်ထိုက်ပါ။ ဟိ၊ မှန်။ ဧတဿ နိဂ္ဂဟဿ၊ ဤနှိပ်ခြင်း၏။ ဒုန္နိဂ္ဂဟဘာဝေါ၊ မှားယွင်းသော နှိပ်ခြင်း၏ အဖြစ်ကို။ မယာ၊ အကျွန်ုပ်သည်။ သာဓုတော၊ ဥပနယနစတုက္ကဌ် ပြီးစေအပ်ပြီ။ [ယံ ဝဒေသိ၊ တံ မိစ္ဆာဟု ပြီးစေခဲ့ပြီ။] တေနဟိတိ၊ ကား။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ [ယသ္မာ တသ္မာဖြင့် တေန ကာရဏေန၏အနက်ကို ထပ်ဖွင့်လိမ့်မည်။] ယသ္မာ၊ ကြောင့်။ သေ-နိဂ္ဂဟော၊ ဤနှိပ်ခြင်းသည်။ ဒုန္နိဂ္ဂဟော၊ သည်။ (ဟောတိ)။ တသ္မာ၊

မှတ်ချက်။ ။ရှေ့၌ အနုဋ္ဌီကာဝယ် "ပဋိညာဝယဝ, ဟေတာဝယဝ, ဒိဋ္ဌန္တာဝယဝ, ဥပနယ, နိဂ္ဂမနဟု စကားအစိတ် ၅-မျိုးကို ပြခဲ့၏။ ထို့တွင် ဥပနယကို ပြရာ၌ "ယထာ ရူပါဒိ ဥပလဒ္ဓိကိ၊ တထာ ပုဂ္ဂလော၊ ယထာ စ သသဝိသာနံ နာ ဥပလဒ္ဓိတ်၊ နာ တထာ ပုဂ္ဂလောတိ ဥပနယော" ဟု ဥပမာစကားရပ်ဖြင့် ဆောင်ပြခြင်းကို "ဥပနယ" ဟု ဆိုထား၏။ ထို့အတူ ဤ၌လည်း "သကဝါဒီ၏ အယုံအားဖြင့် မိမိ၏ နှိပ်ခြင်းသည် ဒုန္နိဂ္ဂဟဖြစ်သကဲ့သို့ သကဝါဒီ၏ နှိပ်ခြင်းသည်လည်း ဒုန္နိဂ္ဂဟ ဖြစ်၏" ဟု ဆိုရာရောက်သောကြောင့် သကဝါဒီ၏ နှိပ်ခြင်းကို မိမိ၏ နှိပ်ခြင်းနှင့်ဥတူ ပြု၍ ကပ်ဆောင်ခြင်းကို "ဥပနယ" ဟု ခေါ်သည်။

၁။ ဥပနယနစတုက္ကံ။ ။ဤအဖွင့်အရ "ဥပနိယတော၊ သကဝါဒီ၏ နှိပ်ခြင်းကို မိမိနှိပ်ခြင်းနှင့်အတူ ကပ်ဆောင်ခြင်း။ ဥပနယနံ၊ ခြင်း" ဟု ဒုတိယာနက်မှတ်ပါ။(တနည်း) ဥပနိယတော၊ မိမိအပေါ်၌ မနှိပ်အပ်သည်၏ အဖြစ်ကို (မိမိ၏ နှိပ်ခြင်းနှင့်ဥတူ) ကပ်ဆောင်ခြင်း။ ဥပနယနံ၊ ခြင်း။ ဥပနယနေန၊ ဥပနယနဖြင့်။ လက္ခိတံ စတုက္ကံ ဥပနယနစတုက္ကံ။

မှတ်ချက်။ "ဥပနယနစတုက္ကံ" ဟူရာ၌ ဥပနယပြုပုံ ၄-မျိုး ရှိသည်ဟု မမှတ်ရ။ အနုလောမပဋိကာတုန်းက သကဝါဒီသည် ပါပနာ ရောပနာ ၄-မျိုးတို့ဖြင့် ပြုအပ်သော နိဂ္ဂဟကို မိမိပြုအပ်သော နိဂ္ဂဟနှင့်အတူ ကပ်ဆောင်သောကြောင့် ထိုနိဂ္ဂဟတုန်းက ပါပနာ ရောပနာ ၄-မျိုးကို တင်စား၍ ဥပနယနစတုက္ကံ (ဥပနယနဖြင့် မှတ်အပ်သော ၄-မျိုးအပေါင်း) ဟု ဆိုထားသည်ဟု မှတ်ပါ။ ထိုကြောင့် ဋီကာ၌ "အနုလောမပဋိကေ စတူဟိ ပါပနာရောပနာဟိ ကတဿ နိဂ္ဂဟဿ" ဟု ကတဿပုဗ္ဗ ကို ထည့်၍ဖွင့်သည်။

ကြောင့်။ (ထိုသို့မှားယွင်းသော နှိပ်ခြင်း၏အဖြစ်ကြောင့်။) ဟဉ္ဍိ ပုဂ္ဂလော ။ပေ။ မိစ္ဆာတိ ၁၊ ဟူ၍။ မံ၊ အကျွန်ုပ်ကို။ ယံ နိဂ္ဂဏှာသိ၊ အကြောင်းနှိပ်၏။ (အနုလောမ ပဋ္ဌကတုန်းက နှိပ်သည်ကို ဆိုသည်။) ဣဒံ တေ မိစ္ဆာတိ ၂၊ ဣဒံ တေ မိစ္ဆာဟူသော ပါဠိ၏။ (အတ္ထောဋ္ဌ စပ်)။ တဝ၊ အသင်သကဝါဒီ၏။ ဣဒံ နိဂ္ဂဏှာနံ၊ ဤနှိပ်ခြင်းသည်။ မိစ္ဆာ၊ သည်။ (ဟောတိ)။ ဣတိ အတ္ထော၊ နက်။

တေန ဟိ ယေ ကတေ နိဂ္ဂဟေတိ၊ တေန ဟိ ယေ ကတေ နိဂ္ဂဟေ အစရှိသည်ကား။ ယေန ကာရဏေန ၃၊ ကြောင့်။ ဣဒံ (နိဂ္ဂဏှနံ)၊ သည်။ မိစ္ဆာ၊ သည်။ (ဟောတိ)။ တေန ကာရဏေန။ ကြောင့်။ တယာ၊ အသင် သကဝါဒီသည်။ ယော နိဂ္ဂဟော၊ ကို။ ကတော၊ အပ်ပြီ။ [“တေန ဟိ ယေ ကတေ နိဂ္ဂဟေ” ၏ အဖွင့်။] သော (နိဂ္ဂဟော)၊ ကို။ ဒုက္ကဋော၊ မကောင်း သဖြင့် ပြုအပ်ပြီ။ [“သေ နိဂ္ဂဟေ ဒုက္ကဋေ” ၏ အဖွင့်။] မယာ၊သည်။ ယံ ပဋိကမ္မံ၊ အကြောင် တဖန်ပြန်၍ သုတ်သင်ရှင်းလင်းမှုကို။ ကတံ၊ အပ်ပြီ။တဒေဝ၊ ထိုတဖန်ပြန်၍ သုတ်သင်ရှင်းလင်းမှုကိုသာ။ သုကတံ၊ ကောင်းစွာပြုအပ်ပြီ။ [“သုကတေ ပဋိကမ္မေ” ၏ အဖွင့်။] စ၊ သည်သာမကသေး။ ပဋိကမ္မစတုက္ကာ-ဒိဝသေန၊ ပဋိကမ္မစတုက္က အစရှိသည်တို့၏ အစွမ်းဖြင့်။ ယာပိ သော ကထာ-

---

၁။ ။မိစ္ဆာတိ။ ။“ယံ နိဂ္ဂဏှာသိ ဟဉ္ဍိ ပုဂ္ဂလော။ပေ။ မိစ္ဆာတိ” ဟု ရှိသင့်ပါလျက် ပါဠိတော် အဋ္ဌကထာစာအုပ်တို့၌ “မိစ္ဆာတိ” ဟူသော ပါဠိမပါ။ ဤစကားသည် အနုလောမပဋ္ဌကတုန်းက ဌပနာ အနုလောမ ပဋိလောမ ပါပနာ ရောပနာတို့ကို ယူ၍ ထပ်မံပြအပ်သော စကားဖြစ်သောကြောင့် ထို အတိုင်းရှိမှ ကောင်းသည်။ ပါဠိတော် ရှေးနိဿယ၌ ထို“မိစ္ဆာတိ” ဟူသော ပါဠိ၏ နိဿယကို တွေ့ရပါသည်။

၂။ ။ဣဒံ-တေ မိစ္ဆာ။ ။မိစ္ဆာတိဟု ရှိပြီးနောက်မှ ပါဠိတော်၌ “ဣဒံ တေ မိစ္ဆာ”ဟု နိဂုံးဝါကျ သီးခြားရှိရပါသည်။ အဋ္ဌကထာ၌ “ဣဒံ တေ မိစ္ဆာတိ” သည် ထိုပါဠိတော် နိဂုံးဝယ်ရှိသော သံဝဏ္ဏေတဗ္ဗတည်း။ ထို့ကြောင့် ထို သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာ၌ “ဣတိ အတ္ထော”ဟု အတ္ထောသဒ္ဒါ ပါရပါသည်။ [ဣဒံ တေ မိစ္ဆာ” ဝါကျကို နိဂ္ဂဟစတုက္က ဥပနယန စတုက္ကတို့၌လည်း ပါဠိတော် စာအုပ်ဝယ် တွေ့ရ၏။ ထို့ပြင် နိဂ္ဂဟစတုက္က၌ တွေ့ရသောပါဌ်သည် ပါဌ်မှန်တည်း။ ဥပနယန စတုက္က၌ကား ဣဒံ တေ မလို။ “မိစ္ဆာ” ဟု သာ ရှိရမည်။

၃။ ။ယေန ကာရဏေန။ပေ။ သုကတာ။ ။“တေန ဟိ ယေ ကတေ နိဂ္ဂဟေတိ”ဟု သံဝဏ္ဏေတဗ္ဗကို ဤမျှသာ တည်ထားသော်လည်း ဖွင့်သောအခါ “သေ နိဂ္ဂဟေ ဒုက္ကဋေ၊ သုကတေ ပဋိကမ္မေ၊ သုကတာ ပဋိပါဒနာ” တိုင်အောင် ဖွင့်သောကြောင့် “နိဂ္ဂဟေတိ” ၌ အာဒိအနက်ဟော ဣတိသဒ္ဒါနှင့် ပဒတ္ထဝိပလ္လာသ ဇောတက ဣတိသဒ္ဒါ, ဟု ဣတိ ၂-လုံး ရှိသင့်သော်လည်း။ တလုံးကို ချေးထားသည် ဟု ဆိုပါ။

မဂ္ဂ သမ္ပဒ္ဒိပါဒနာ၊ အကြင် စကားအစဉ်ကို ကောင်းစွာဖြစ်စေခြင်းကိုလည်း။ ကတာ၊ အပ်ပြီ။ သာပိ (ကထာမဂ္ဂသမ္ပဒ္ဒိပါဒနာ)၊ ကိုလည်း။ သုကတာ၊ အပ်ပြီ။ ["သုကတာ ပဒ္ဒိပါဒနာ" ၏ အဖွင့်။]

[နိဂုံးကို ပြလို၍ "ဧဝမေတံ" စသည်ကို မိန့်။] ဧဝံ၊ လျှင်။ ပုဂ္ဂလော ဥပလဗ္ဘတိတိ အာဒိကဿ၊ အစရှိသော။ အနုလောမပဥ္ဇကဿ၊ ၏ ၎င်း။ နုပလဗ္ဘတိတိ အာဒိကာနံ၊ အစရှိကုန်သော။ ပဒ္ဓိကမ္မ နိဂ္ဂဟောပနယန နိဂ္ဂမန စတုက္ကာနံ၊ ပဒ္ဓိကမ္မ စတုက္က, နိဂ္ဂဟစတုက္က, ဥပနယနစတုက္က, နိဂ္ဂမနစတုက္ကတို့၏ ၎င်း။ ဝသေန၊ အပြားအားဖြင့်။ ဧတံ အနုလောမပစ္စနီကပဥ္ဇကံ့ နာမ၊ ဤ အနုလောမပစ္စနီက ပဥ္ဇက မည်သည်ကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြတော်မူအပ်ပြီ။ ဣတိ ဧဝဒိတဗ္ဗံ။

[အဋ္ဌကထာ၏ နိဂုံးကို ပြလို၍ ' 'တ္ထောဝတာ" စသည်ကို မိန့်။]တ္ထောဝတာ၊ ဤမျှအတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့်။ သကဝါဒိနော၊ ၏။ ပုဗ္ဗပက္ခေ-ရွှေသွား ရှိသော အဖို့သည်။ သတိ၊ ဖြစ်လသော်။ ပရဝါဒိနော၊ ၏။ ဝစနသာမညမတ္တေန၊ စကား၏တူမျှသည်၏ အဖြစ်မျှဖြစ်သော။ဆလဝါဒေန၊ ဆလဝါဒဖြင့်။ (မလိုအပ်သောအနက်ကို ဖုံး၍ လိုအပ်သောအနက်ကို ဆွဲယူခြင်းအားဖြင့် သဒ္ဒါကိုဖျက်ကြောင်း စကားဖြင့်။) ဇယော၊ အောင်ခြင်းသည်။ ဝါ၊ အနိုင်ယူခြင်းသည်။ ဟောတိ၊ ၏။

အနုလောမပစ္စနီကဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

၁။ **အနုလောမပစ္စနီကပဥ္ဇက။** ။"ဇယော ဟောတိ" ဟု ဆုံးသောအခါ အောက်၌ "အနုလောမပစ္စနီကဝဏ္ဏနာ နိဋ္ဌိတာ"ဟု နိဂုံးရှိလျှင် ကောင်း၏။ မရှိသောကြောင့် ထည့်ရသည်၊ "အနုလောမပစ္စနီက" ဟု အမည်ပြုရာ၌ ပါဠိတော်ကို ကြည့်ပါ။ အနုလောမပဥ္ဇက, ပဥ္ဇကမူစတုက္က, နိဂ္ဂဟစတုက္က, ဥပနယနစတုက္က, နိဂ္ဂမန စတုက္ကဟု ၅-ပိုင်းရှိရာဝယ် အနုလောမပဥ္ဇက တပိုင်းသာ အနက်အဓိပ္ပါယ်မှန်သော သကဝါဒီ၏ စကားဖြစ်၍ အနုလောမ အမည်ရ၏။ နောက်လေးပိုင်းမှာ ပရဝါဒီ၏ ပစ္စနီက ဆန့်ကျင်ဘက် စကားချည်းသာတည်း။ ဤသို့ အနုလောမ ရှေ့သွားရှိ၍ ပစ္စနီက နောက်လိုက်ရှိသောကြောင့် ဤအပိုင်း ၅-ရပ်ကို "အနုလောမ ပစ္စနီက ပဥ္ဇက"ဟု ခေါ်ရသည်။

၂—ပစ္စနီကာနုလောမအဖွင့်

၆။ ဣဒါနိ၊ အနုလောမ ပစ္စနီကကို ဟောတော်မူပြီးရာ ယခုအခါ၌။ (အာရဒ္ဓံ ၌ စပ်။) ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပရဝါဒိနော၊ ၏။ ပုဗ္ဗပက္ခေ၊ ရှေသွားရှိသောအဖို့သည်။ သတိ၊ ဖြစ်လသော်။ သကဝါဒိနော၊ ၏။ ဓမ္မေနေဝ၊ တရားသဖြင့်သာလျှင်။ တထေန၊ ဟုတ်မှန်သော အောင်ခြင်းဖြင့်။ သုဇယော၊ ကောင်းစွာ အောင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ဝါဒုပ္ပတ္တိ ံ၊ ဝါဒ၏ဖြစ်ပုံကို။ ဒဿေတုံ၊ ဌ၂။ ပဋ္ဌလော နုပလဗ္ဘတိတိ၊ အစရှိသော။ ပစ္စနီကာနုလောမပဋ္ဌကံ၊ ကို။ (အာယသ္မတာ မောဂ္ဂလိပုတ္တတိဿထေ္ထရေန၊ သည်။)အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။ တတ္ထ၊ ထို ပစ္စနီကာနုလောမပဋ္ဌက၌။ ပစ္စနီကေ၊ ပစ္စနီက၌။ ပုစ္ဆာ၊ သည်။ ပရဝါဒိဿ၊ ပရဝါဒီ၏ ပုစ္ဆာတည်း။ ရူပါဒိဘေဒံ၊ ရုပ်အစရှိသော အပြားရှိသော။ သစ္စိကဋ္ဌပရမတ္ထံ၊ မှန်သောအနက် မဖောက်မပြန်မြတ်သောအနက်ကို။ သန္ဓာယ၊ ၍။ ပဋိညာ၊သည်။ သကဝါဒိဿ၊ သက-ဝါဒီ၏ ဝန်ခံခြင်းတည်း။ သုဒ္ဓသမ္မုတိသစ္စံ ဝါ၊ ပရမတ္ထသစ္စာမဖက် သက်သက်သော သမ္မုတိသစ္စာကိုသော်၎င်း။ ပရမတ္ထမိဿကံ၊ ပရမတ္ထနှင့်ရောသော။ သမ္မုတိသစ္စံ ဝါ၊ ကိုသော်၎င်း။ သန္ဓာယ၊ ၍။ ယော သဗ္ဗံကဋ္ဌောတိ၊ ယော သစ္စိကဋ္ဌော အစရှိသော။ ပုန၊ တဖန်။ အနုယောဂေါ၊ မေးစိစစ်ခြင်းသည်။ ပရဝါဒိဿ၊ ပရဝါဒီ၏ မေးစိစစ်ခြင်းတည်း။

သမ္မုတိဝသေန၊ သမ္မုတိသစ္စာ၏အဖြစ်ဖြင့်။ နုပလဗ္ဘတိ၊ ပညဲ့ဖြင့်ကပ်၍ ရှုမှတ်သည်ရှိသော် မရအပ် မရနိုင်။ ဣတိ၊ သို့။ (ပုဂ္ဂလဿ၊ ၏။ ဝါ၊ ကို။) နဝတ္တဗ္ဗတ္တာ၊မဆိုထိုက်သည်၏အဖြစ်ကြောင့်။(န ဟေဝန္တိ ပဋိက္ခေပေါ၌ စပ်။) ဝါ၊ တနည်း။ မိဿကဝသေန၊ သမ္မုတိသစ္စာ ပရမတ္ထသစ္စာ ၂-မျိုးရောသည်၏အဖြစ်ဖြင့်။ အနုယောဂဿ၊ မေးစိစစ်ခြင်း၏။ သံကိဏ္ဏတ္တာ၊ ရောပြွမ်းသည်၏ အဖြစ်ကြောင့်။ န ဟေဝန္တိ၊ န ဟေဝံဟူ၍။ ပဋိက္ခေပေါ၊ ပယ်ခြင်းသည်။ သကဝါဒိဿ၊ သကဝါဒီ၏ ပယ်ခြင်းတည်း။ ပဋိညာတံ၊ ဝန်ခံအပ်ပြီးကို။ ပဋိက္ခိပတိ၊ ပယ်၏။ ဣတိ၊ သို့။ ဝစနသာမညမတ္တေန၊ စကား သာမညမျှကြောင့်။ အာဇာနာဟိ နိဂ္ဂဟန္တိအာဒိဝစနံ၊ အစရှိသော စကားသည်။ ပရဝါဒိဿ၊ ပရဝါဒီ၏ စကားတည်း။ ဧဝံ၊ သို့။ ပဋ္ဌလော နုပလဗ္ဘတိတိ၊ အစရှိသော။ ဒုတိယဝါဒံ၊ကို။ နိဿာယ၊မှီ၍။ ဒုတိယော၊ နှစ်ခုမြောက်သော။ အယံ နိဂ္ဂဟော၊ ဤနှိပ်ခြင်းသည်။ ဟောတိ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ဧဝံ၊ လျှင်။ တေန၊ ထိုပရဝါဒီသည်။ ဆလေန၊ ဆလဝါဒဖြင့်။ (မလို အပ်သော အနက်ကိုဖုံး၍, လိုအပ်သောအနက်ကို ဆွဲယူခြင်းအားဖြင့် သဒ္ဒါကို

ဖျက်ဆီးကြောင်း ဝါဒဖြင့်။) နိဂ္ဂဟော၊ နှိပ်ကြောင်းအပြစ်ကို။ အာရော-ပိတော၊ သကဝါဒီ၏ အပေါ်၌ တင်အပ်ပြီ။

၇—၁၀။ ဣဒါနိ၊ ပစ္စနီကပဋ္ဌကကို ဟောတော်မူပြီးရာ ယခုအခါ၌။ ဓမ္မေန၊ တရားသဖြင့်။ သမေန၊ မျှမျှတတဖြင့်။ အတ္တာနော၊ မိမိ ဟူသော သကဝါဒီ၏။ဝါဒေ၊၌။ဇယံ၊အောင်ခြင်းကို။ဒဿေတုံ၊ငှါ။ အနုလောမနယေ၊ အနုလောမနည်း၌။ (ပဋိကမ္မစတုက္ကံ စသော အနုလောမနည်း၌။) ပုစ္ဆာ၊ သည်။ သကဝါဒိဿ၊ ၏ ပုစ္ဆာတည်း။ အတ္တာနော၊ မိမိဟူသော ပရဝါဒီ၏။ လဒ္ဓိ၊ အယူကို။ နိဿာယ၊ ၍။ ပဋိညာ၊ သည်။ ပရဝါဒိဿ[1]၊ ၏ ဝန်ခံခြင်းတည်း။ လဒ္ဓိယာ၊ အယူအား။ ဝါ၊ ၏။ ဩကာသံ၊ အခွင့်ကို။ အ ဒတ္ဝာ၊ မပေးမူ၍။ ပရမတ္ထဝသေန၊ ပရမတ္ထ သစ္စာ၏ အစွမ်းဖြင့်။ ပုန၊ တဖန်။ အနုယောဂေါ၊ သည်။ သကဝါဒိဿ၊၏ စီစစ်ခြင်းတည်း။ ပရမတ္ထ ဝသေန၊ ဖြင့်။ ပုဂ္ဂလဿ၊ ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ပဋိက္ခေပေါ၊ သည်။ ပရဝါဒိဿ၊၏ ပယ်ခြင်းတည်း။ တတော၊ ထို ပယ်ရာအခါမှ။ ပရံ၊ နောက်၌။ ဓမ္မေန၊ ဖြင့်။ သမေန၊ ဖြင့်။ အတ္တာနော၊ မိမိဟူသော သကဝါဒီ၏။ ဇယဒဿနတ္ထံ၊ အောင်ခြင်းကို ပြခြင်းအကျိုးငှါ။ အာဇာနာဟိ ပဋိကမ္မန္တိ-အာဒိ၊ အစရှိသော။ သဗ္ဗံ၊ အလုံးစုံသောစကားသည်။ သကဝါဒီ ဝစနမေဝ၊ သကဝါဒီ၏ စကားချည်းသာ။ ဟောတိ။ တတ္ထ၊ ထို အာဇာနာဟိ ပဋိကမ္မံ အစရှိသော သကဝါဒီ၏ စကားရပ်၌။ သဗ္ဗေသံ၊ ကုန်သော။ ပဋိကမ္မ-နိဂ္ဂဟောပနယန နိဂ္ဂမနစတုက္ကာနံ၊ တို့၏။ (အတ္ထော ၌ စပ်။) ဟေဋ္ဌာ၊ ၌။ (အနုလောမ ပစ္စနီကပဋ္ဌက အဖွင့်၌။) ဝုတ္တနယေနေဝ၊ သာလျှင်။ အဓတ္ထာ၊ အနက် အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ (ဤ ဆိုအပ်ပြီးသော နည်းဖြင့်။) ပုဂ္ဂလော နုပလဗ္ဘတိတိ အာဒိကဿ၊ အစရှိသော။ ပစ္စနီက-ပဋ္ဌကဿ၊ ပစ္စနီကပဋ္ဌက၏ဌင်း။ ဥပလဗ္ဘတိတိ အာဒိနံ၊ အစရှိကုန်သော။ ပဋိကမ္မ နိဂ္ဂဟောပနယန နိဂ္ဂမနစတုက္ကာနဥ္စ၊ တို့၏ဌင်း။ ဝသေန၊ အပြားအားဖြင့်။ ဣဒံ ပစ္စနီကာနုလောမ ပဋ္ဌကံ နာမ၊ ဤ ပစ္စနီကာနုလောမ ပဋ္ဌက မည်သည်။ ဝါ၊ မည်သည်ကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြတော်မူအပ်ပြီးသည်။ ဟောတိ။

၁။ အတ္တာနော လဒ္ဓိ၊ပေ။ ပရဝါဒိဿ။ ။ပဋိကမ္မစတုက္ကဉ္စ သကဝါဒိက "ပုဂ္ဂလော ဥပလဗ္ဘတိ" ဟု မေးသောအခါ ပရဝါဒိသည် သူ၏ ဝါဒ အတိုင်း "အာမန္တာ"ဟု ဝန်ခံ၏။ ထို့နောက် သကဝါဒိက "ယော သန္ဓိကဒ္ဓေ။ပေ။ ပုဂ္ဂလော ဥပလဗ္ဘတိ"ဟု စစ်ဆေးသောအခါ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ကို မရနိုင်သောကြောင့် ပရဝါဒိက "နဟေဝံ ဝတ္ထဗ္ဗေ"ဟု ပယ်သည်။ [ဤစကား၌ ပရဝါဒိ၏ ပယ်ပြစ်ရာဝယ် "မိမိ၏ဝါဒအတိုင်း ပယ်သလော, သို့မဟုတ်-မိမိဝါဒကို လျှို့ဝှက်၍ သကဝါဒီ၏ အယူအတိုင်း ပယ်သလော"ဟု ငြိကာ၌ စောဒနာ ထုတ်လိမ့်မည်။]

ဧဝံ၊ သို့။ (ဤ ဆိုအပ်ပြီးသောနည်းဖြင့်။) ပဌမသစ္စိကဋ္ဌေ၊ ပဌမ ဖြစ်သော သစ္စိကဋ္ဌ၌။ ဒွေ၊ နှစ်ပါးတို့နှုန်သော။ တောနိ ပဋ္ဌကာနိ၊ ဤ အနုလောမ-ပစ္စနီကပဋ္ဌက, ပစ္စနီကာနုလောမ ပဋ္ဌကတို့ကို။ နိဒ္ဒိဋ္ဌာနိ၊ ညွှန်ပြတော်မူအပ်ကုန်ပြီ။ တတ္ထ၊ ထိုပဋ္ဌက နှစ်ပါးတို့တွင်။ ပုရိမ ပဋ္ဌကေ၊ ရှေဖြစ်သော အနုလောမ ပဋ္ဌက၌။ ပရဝါဒိဿ၊ ၏ အပေါ်၌။ သကဝါဒိနာ၊ သည်။ ကတော၊ အပ်သော။ နိဂ္ဂဟော၊ နှိပ်ခြင်းသည်။ သုနိဂ္ဂဟော၊ ကောင်းစွာ နှိပ်ခြင်းသည်။ (ဟောတိ)။ ပန၊ ကား။ သကဝါဒိဿ၊ ၏ အပေါ်၌။ ပရဝါဒိနာ၊ သည်။ ဆလဝါဒံ၊ ကို။ ဝါ၊ ကို။ နိဿာယ၊ ၍။ ပဋိကမ္မံ၊ တဖန် ပြန်၍ သုတ်သင် ရှင်းလင်းမှုကို။ ကတ္ဝာ၊ ၍။ အတ္ထာနာ၊ မိမိသည်။ သာဓိတော၊ ပြီးစေအပ်သော။ ဇယော၊ အောင်ခြင်းသည်။ ဝါ၊ အနိုင်ယူခြင်းသည်။ ဒုဇ္ဇယော၊ မကောင်းသော အောင်ခြင်းသည်။ ဝါ၊ မကောင်းသော အနိုင်ယူခြင်းသည်။ (ဟောတိ)။ ဒုတိယပဋ္ဌကေ၊ ဒုတိယ ဖြစ်သော ပစ္စနီကာနုလောမ ပဋ္ဌက၌။ သကဝါဒိဿ၊ ၏ အပေါ်၌။ ပရဝါဒိနာ၊ သည်။ ကတော၊ အပ်သော။ နိဂ္ဂဟော၊ သည်။ ဒုန္နိဂ္ဂဟော၊ မှားယွင်းသော နှိပ်ခြင်းသည်။ (ဟောတိ)။ ပန၊ ကား။ ပရဝါဒိဿ၊ ၏အပေါ်၌။ သကဝါဒိနာ၊ သည်။ ဓမ္မဝါဒံ၊ တရားသဖြင့် ဖြစ်သောဝါဒကို။ နိဿာယ၊ ၍။ ပဋိကမ္မံ၊ ကို။ ကတ္ဝာ၊ ၍။ အတ္ထာနာ၊ သည်။ သာဓိတော၊ အပ်သော။ ဇယော၊ သည်။ ဝါ၊ သည်။ သုဇယော၊ ကောင်းသော အောင်ခြင်းသည်။ ဝါ၊ ကောင်းစွာ အနိုင်ယူခြင်းသည်။ ဟောတိ။ ဣတိ (အယံ)၊ ဤ ဆိုအပ်ပြီးကား။ ပဌမသစ္စိကဋ္ဌော၊ တည်း။ [နောက်လာမည့် ဩကာသ သစ္စိကဋ္ဌ စသည်ကို ထောက်၍ "ပဌမသစ္စိကဋ္ဌ"ဟု ဆိုသည်။]

တတ္ထ၊ ထို ပဌမသစ္စိကဋ္ဌ၌။ ဧတံ (ဂါထာဝစနံ)၊ ဤ ဂါထာစကားကို။ (ပေါရာဏေဟိ၊ ရှေးဆရာတို့သည်။) ဝုတ္တံ၊ ဆိုအပ်ပြီ။ (ကိံ၊ သို့။ ဝုတ္တံ၊ နည်း။)

ပဌမပဋ္ဌကေ၊ ပဌမဖြစ်သော အနုလောမ ပစ္စနီက ပဋ္ဌက၌။ ပရဝါဒိဿ၊ ၏ အပေါ်၌။ နိဂ္ဂဟော၊ သကဝါဒီ ပြုအပ်သော နှိပ်ခြင်းသည်။ သုဒ္ဒေါ၊ အပြစ်ကင်းသဖြင့် သန့်ရှင်း စင်ကြယ်သည်။ (ဟောတိ)။ တဟိံ၊ ထို ပဌမ အနုလောမ ပဋ္ဌက၌။ တဿေဝ၊ ကို ပရဝါဒီ၏ပင်။ ပဋိကမ္မဇယော ပန၊ တဖန် ပြန်၍ သုတ်သင် ရှင်းလင်းမှုကို ပြုသောအားဖြင့် အောင်ခြင်းသည်ကား။ အ သုဒ္ဒေါ၊ အပြစ်မကင်းသဖြင့် မသန့်ရှင်း မစင်ကြယ်သည်။ (ဟောတိ)။

ဒုတိယ ပဋ္ဌကေ၊ ဒုတိယဖြစ်သော ပစ္စနီကာနုလောမ ပဋ္ဌာန်။ သကဝါဒိဿ၊ ၏ အပေါ်၌။ နိဂ္ဂဟော၊ ပရဝါဒီ ပြုအပ်သော နှိပ်ခြင်းသည်။ အ သုဒ္ဓေါ၊ သည်။ (ဟောတိ)။ တဟိံ၊ ထို ဒုတိယ ပစ္စနီက ပဋ္ဌာန်။ တသ္မေဝ၊ ထို သကဝါဒီ၏ပင်။ ပဋိကမ္မဇယော ပန၊ သည်ကား။ ဝိသုဒ္ဓေါ၊ အပြစ်ကင်း၍ အထူးသဖြင့် သန့်ရှင်း စင်ကြယ်သည်။ (ဟောတိ)။

တသ္မာ၊ ကြောင့်။ ဒ္ဝိသုပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဌာနေသု၊ အနုလောမ ပစ္စနီက ပဋ္ဌာန်က, ပစ္စနီကာနုလောမ ပဋ္ဌာန်က ဟူသော အရာတို့၌။ သကဝါဒိနော၀၊ ၏သာလျှင်။ ဇယော၊အောင်ခြင်းသည်။ ဝါ၊ အနိုင်ယူခြင်းသည်။ (ဟောတိ)။ ဟိ၊ မှန်။ ဓမ္မေန၊ တရားသဖြင့်။ ဇယော နာမ၊ အောင်ခြင်း မည်သည်။ (ဟောတိ)။ အဓမ္မေန၊ မတရားသဖြင့်။ ဇယော၊ သည်။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။

စ၊ ဆက်။ ပဋ္ဌာန်ဒုယမက္ကိတေ၊ အနုလောမပစ္စနီက ပဋ္ဌာန်, ပဋ္ဌာနီကာနုလောမ ပဋ္ဌာန် ဟူသော ပဋ္ဌာန် နှစ်ပါး အပေါင်းဖြင့် တန်ဆာဆင်အပ်သော။ တတ္ထ သစ္စိကဋ္ဌေ၊ ဤသုဒ္ဓသစ္စိကဋ္ဌ၌။ ဓမ္မာ-ဓမ္မဝသေနေ၀၊ ဓမ္မ အဓမ္မနှင့် စပ်သဖြင့် သာလျှင်။ ဇယ ပရာဇယော၊ အောင်ခြင်း ရှုံးခြင်းကို။ ဝါ၊ နိုင်ခြင်း ရှုံးခြင်းကို။ ဝုတ္တော ယထာ၊ ဟောတော်မူအပ်သကဲ့သို့။

ဇဝမေ၀၊ သာလျှင်။ ဣတော၊ ဤ သုဒ္ဓသစ္စိကဋ္ဌမှ။ ပရေသု၊ နောက်ဖြစ်ကုန်သော။ သဇ္ဇေသု၊ ကုန်သော။ သစ္စိကဋ္ဌေသု၊ ဩကာသ သစ္စိကဋ္ဌ စသော သစ္စိကဋ္ဌတို့၌။ ဥဘော၊ နှစ်မျိုး ကုန်သော။ ဇယပရာဇယော၊ တို့ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ ဝိဘာဝေယျ၊ ထင်စွာဖြစ်စေထု၏။ ဣတိ၊ သို့။ (ပေါရာဏေဟိ၊ တို့သည်။ ဝုတ္တံ၊ အပ်ပြီ။ ဣတိ၊ သုဒ္ဓသစ္စိကဋ္ဌအဖွင့် အပြီးတည်း။ ဣတိ တလုံး အကြကြံပါ။)

သုဒ္ဓသစ္စိကဋ္ဌအဖွင့် ပြီး၏။

၂ ဩကာသ သစ္စိကဋ္ဌ

၁-အနုလောမပစ္စနီကအဖွင့်

၁၁။ ဧဝံ၊ သို့။ (ဤဆိုအပ်ပြီးသော ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန စသောနည်းဖြင့်။) သုဒ္ဓိကသစ္စိကဋ္ဌံ၊ သုဒ္ဓိကသစ္စိကဋ္ဌကို့။(ဩကာသ စသည် မဖက် သက်သက်သော သစ္စိကဋ္ဌကို့။) ဝိတ္ထာရေတွာ၊ ခဲ့ပြီး၍။ ဣဒါနိ၊ ဦး။ တမေဝ၊ ထိုသုဒ္ဓိကသစ္စိကဋ္ဌကိုပင်။ အပရေဟိ၊ တပါးကုန်သော။ ဩကာသာဒီဟိ၊ ဩကာသ အစရှိကုန်သော။ နယေဟိ၊ နည်းတို့ဖြင့်။ ဝိတ္ထာရေတုံ၊ ဌ။ ပုန၊ တဖန်။ ပဋ္ဌလော ဥပလဗ္ဘတိတိအာဒိ၊ အစရှိသော စကားကို့။ (အာယသ္မတာ မော့ဂ္ဂလိ ပုတ္တတိဿတ္ထေရေန၊ သည်။) အာရဒ္ဓံ၊ အပ်ပြီ။ တတ္ထ၊ ထိုပဋ္ဌလော ဥပလဗ္ဘတိ အစရှိသော စကားရပ်၌။ ပုစ္ဆာ၊ သည်။ သကဝါဒိဿ၊ ၏ ပုစ္ဆာတည်း။ ပဋိညာ၊ သည်။ ပရဝါဒိဿ၊ ၏ ဝန်ခံခြင်းတည်း။ ပုန၊ တဖန်။ သဗ္ဗတ္ထာတိ၊ သဗ္ဗတ္ထ ဟူသော ပါဋိဖြင့်။ သရီရံ၊ ခန္ဓာကိုယ်ကို့။ သန္ဓာယ၊ ၍။ အနုယောဂေါ၊ သည်။ သကဝါဒိဿ၊ ၏ မေးစိစစ်ခြင်းတည်း။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌။ အတ္တာနံ၊ အတ္တကို့။ ဝါ၊ အတ္တဟူသော အသက်ကောင်ကို့။ သမနုပဿနာ ဒေါသဉ္စ၊ အဖန်ဖန် ရှုခြင်းဟူသော အပြစ်ကိုဌင်း။ ဇီဝံ၊ အသက်ကောင်သည်။ အညံ၊ သရီရမှ တမျိုးတခြားတည်း။ သရီရံ၊ သရီရသည်။ အညံ၊ အသက်ကောင်မှ တမျိုးတခြားတည်း။ ဣတိ၊ သို့။ အာပဇ္ဇန ဒေါသဉ္စ၊ ရောက်သော အပြစ်ကိုဌင်း။ ဒိဿ၊ မြင်၍။ ပဋိက္ခေပေါ၊ သည်။ ပရဝါဒိဿ၊ ၏ ပယ်ခြင်းတည်း။ တတ္ထ၊ ဤ ဩကာသ သစ္စိကဋ္ဌ၌။ အနုလောမ ပစ္စနီက ပဋ္ဌကော၌။ သေသံ၊ ကြွင်းသော အစီအရင်ကို့။ ဟေဋ္ဌာ၊ အောက် သုဒ္ဓိကသစ္စိကဋ္ဌ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။ ပါဠိဌော ပန၊ ပါဠိတော်ပါဌ်ကိုကား။ (သဒ္ဒါတိကာရေဟိ၊ တို့သည်။) သံခိတ္တော၊ အကျဉ်းချုံးအပ်ပြီ။ (ပေယျာလမြှုပ်၍ အကျဉ်းချုံးအပ်ပြီ။)

တတ္ထ၊ ထိုအကျဉ်းချုံးအပ်သောပါဌ်၌။ ယသ္မာ၊ ကြောင့်။ သရီရံ၊ ခန္ဓာကိုယ်ကို့။ သန္ဓာယ၊ ၍။ သဗ္ဗတ္ထ နှ ဥပလဗ္ဘတီတိ၊ ဟူ၍။ ဝုတ္တော၊ ဆိုအပ်သော်။ ဝါ၊ ဆိုအပ်ရာ၌။ သရီရတော၊ မှ။ ဗဟိ၊ အပ၌။ (ပဋ္ဌလော၊ ကို့။) ဥပလဗ္ဘတိ၊ ပညာဖြင့်ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်၏။ ဣတိ၊ ဤအနက်အဓိပ္ပါယ်သည်။ အာပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ (ထိုသို့ သရီရမှ အပ၌ ပုဂ္ဂိုလ်ကို့ ရအပ် ရနိုင်၏ ဟူသော အနက်အဓိပ္ပါယ်၏ ရောက်သည်၏ အဖြစ်ကြောင့်။) ပစ္စနီကော၊ ပစ္စနီကနည်း၌။

ပဋိက္ခေပေါ၊ သည်။ သကဝါဒိဿ ိ၊ ၏ ပယ်ခြင်းတည်း။ ပဌမံ၊ ရှေးဦးစွာ။ (ပဌမပြဿနာတုန်းက။) အနုဇာနိတ္ဝာ၊ အာမန္တာဟု ခွင့်ပြုပြီး၍။ ပစ္ဆာ၊ ၌။ (ဒုတိယပြဿနာ၌။) အဝဇာနာတိ၊ နဟေဝံ ဝတ္တဗ္ဗေဟု ပယ်၏။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဆလဝါဒဿ၊ ၏။ ဝါ၊ ၏။ ဝသေန၊ အစွမ်းဖြင့်။ ပဋိကမ်မံ၊ တဖန်ပြန်၍ သုတ်သင်ရှင်းလင်းမှုသည်။ ပရဝါဒိဿ၊ ၏ ပဋိကမ္မတည်း။ သေသံ၊ ကြွင်းသောပုဒ် အစီအရင် အပေါင်းသည်။ ပါကဋမေဝ၊ ထင်ရှားသည်သာ။ (ဣတိ သြကာသ သစ္ဈကဋ္ဌ အဖွင့် အပြီးတည်း။)

၃-ကာလသစ္ဈကဋ္ဌ

၁-အနုလောမ ပစ္စနီက အဖွင့်

၁၂။ ဒုတိယနယေ၊ ဒုတိယဖြစ်သော ကာလသစ္ဈကဋ္ဌနည်း၌။ သဗ္ဗဒါတိ၊ သဗ္ဗဒါဟူသော ပါဠိဖြင့်။ (အနုယောဂေါ၌ စပ်။) ပုရိမ ပစ္ဆိမ ဇာတိကာလဋ္ဌ၊ ရှေး၌ဖြစ်သော ဖြစ်ရာဘဝဟူသော အတိတ်ကာလ, နောက်၌ဖြစ်သော ဖြစ်ရာဘဝဟူသော အနာဂတ်ကာလကိုဂျင်း။ ဓရမာန ပရိနိဗ္ဗုတကာလဋ္ဌ၊ ထင်ရှားရှိသော ပစ္စုပ္ပန် ဘဝဟူသော ကာလ, ပရိနိဗ္ဗာန် စံပြီးရာ ကာလကိုဂျင်း။ သန္ဓာယ၊ ၍၊ အနုယောဂေါ၊ သည်။ သကဝါဒိဿ၊ ၏ မေးစိစစ်ခြင်းတည်း။ သေဝ (သော-ဧဝ)၊ ထိုဗြာဟ္မဏ ဖြစ်သော ပုဂ္ဂိုလ်သည်ပင်။ ခတ္တိယော၊ ခတ္တိယတည်း။ သော(ဧဝ)၊ ထို ခတ္တိယဖြစ်သော ပုဂ္ဂိုလ်သည်ပင်။ ဗြာဟ္မဏော၊ ဗြာဟ္မဏတည်း။ ဣတိ အာဒိနံ၊ ဤသို့ အစရှိသော အနက် အဓိပ္ပါယ်တို့၏။ အာပဇ္ဇနဒေါသဋ္ဌ၊ ရောက်ခြင်းဟူသောအပြစ်ကိုဂျင်း။ ဓရမာန ပရိနိဗ္ဗုတာနံ၊ ထင်ရှားရှိသော ပုဂ္ဂိုလ်,ပရိနိဗ္ဗာန် စံပြီးသော ပုဂ္ဂိုလ်တို့၏။ ဝိသေသာဘာဝဒေါသဋ္ဌ၊ အထူး မရှိကုန်သည်၏ အပြစ်ဟူသော အပြစ်ကိုဂျင်း။ ဒိသ္ဝာ၊

၁။ တတ္ထ။ ပေ ။သကဝါဒိဿ။ ။ပရဝါဒိက မေး၍ သကဝါဒိက ဖြေသော စကားရပ်သည် ချုံးအပ်သောပါဠိတွင် ပါဝင်သွား၏။ထို့ကြောင့် "တတ္ထ-ထို ချုံးအပ်သော ပါဠိ၌" ဟု စွဲ၍ ထိုသံဒိဋ္ဌိပါဠိတွင် ပါဝင်သော "သဗ္ဗတ္ထ ပုဂ္ဂလော နုပလဗ္ဘတိ" ဟူသော ပရဝါဒိ၏ အမေးဖြစ်သော ပစ္ဆနိကဝယ် "သဗ္ဗတ္ထ ပုဂ္ဂလော နုပလဗ္ဘတိ အလုံးစုံသော ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်ကို မရအပ်သလော" ဟူသော ဒုတိယအမေး၌ "အာမန္တာ"ဟု ဖြေလျှင် "အလုံးစုံသော ခန္ဓာကိုယ်၌ မရအပ်,ကိုယ်၏ အပြင်ပဓဟိဒ္ဓါကား ရအပ်၏"ဟု အဓိပ္ပါယ်ရောက်နေ၏။ ထိုသို့ မရောက်စေလိုသောကြောင့် "နဟေဝံ ဝတ္တဗ္ဗေ"ဟု သကဝါဒိက ပယ်ရသည်။ ထိုသို့ ပယ်ပုံက်သဖြင့် "ပုဂ္ဂိုလ်ကို ခန္ဓာကိုယ်ဘင်း၌သာ မရအပ်ဟု မဆိုနိုင်။ မည်သည့် နေရာ၌မဆို ကိုယ်တွင်း,ကိုယ်ပ[illegible]-ဘာနှ၌ မရအပ်"ဟု ပယ်ရာရောက်သည် ဟူလို။

မြင်၍။ ဝါ၊ မြင်ခြင်းကြောင့်။ ပဋိက္ခေပေါ်၊ သည်။ ပရဝါဒီဿ၊ ၏ ပယ်ခြင်းတည်း။

သေသံ၊ ကြွင်းသော အစီရင်သည်။ ပဌမနယေ၊ သဗ္ဗတ္ထ-ဟုလာသော ပဌမဩကာသသစ္စီကဋ္ဌနည်း၌။ ဝုတ္တာသဒိသမေဝ၊ ဆိုအပ်ပြီးသော နည်းနှင့် တူသည်သာ။ [ဩကာသသစ္စီကဋ္ဌ, ကာလသစ္စီကဋ္ဌ တို့ဝယ် ပါဋ္ဌချုံးပုံချင်း အဓိပ္ပါယ်ချင်း အတူပင် ဖြစ်သည် ဟူလို။] (ဣတိ၊ ကာလသစ္စီကဋ္ဌ အဖွင့် အပြီးတည်း။)

၄—အဝယဝသစ္စီကဋ္ဌ

၁—အနုလောမပစ္စနီက အဖွင့်

၁၃။ တတိယနယေ၊ တတိယ ဖြစ်သော အဝယဝသစ္စီကဋ္ဌ နည်း၌။ သဗ္ဗေသူတိ။ သဗ္ဗေသုဟူသောပါဋ္ဌဖြင့်။ ခန္ဓာယတနာဒီနိ၊ ခန္ဓာ,အာယတန အစရှိသည်တို့ကို။ သန္ဓာယ၊ ၍။ အနုယောဂေါ၊ သည်။ သကဝါဒီဿ၊ ၏ မေးစိစစ်ခြင်းတည်း။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌။ အတ္တာ၊ အတ္တသည်။ ဝါ၊ အတ္တ ဟူသော အသက်ကောင်သည်။ (အတ္တိ)။ စက္ခုသ္မိံ၊ စက္ခုဋ္ဌာန်။ အတ္တာ၊ သည်။ ဝါ၊ သည်။ (အတ္တိ)။ ဣတိ အာဒိဒေါသဘယေန၊ ဤသို့ အစရှိသော အပြစ်မှ ကြောက်ခြင်းကြောင့်။ ပဋိက္ခေပေါ၊ သည်။ ပရဝါဒီဿ၊ ၏ ပယ်ခြင်းတည်း။ သေသံ၊ ကြွင်းသော အစီအရင်ကို။ တာဒိသမေဝ [၂]၊ ထို ပဌမ-

---

၁။ **ပဋိက္ခေပေါ။** ။"သဗ္ဗဒါ ပုဂ္ဂလော ဥပလဗ္ဘတိ၊ အခါခပ်သိမ်း ပုဂ္ဂိုလ်ကို ရအပ်ပါသလောဟု" မေးရာဝယ် မပယ်ပဲ "အာမန္တာ"ဟု ဝန်ခံလိုက်လျှင် ပုဂ္ဂိုလ် ဟူသော အရာဝတ္ထုက အခါခပ်သိမ်းရှိနေသောကြောင့် ထို ပုဂ္ဂိုလ်ဘယောက်ထည်း သာည်ပင် ခတ္တိယဖြစ်လိုက်, ဗြာဟ္မဏဖြစ်လိုက်, ဝေဿဖြစ်လိုက်, သုဒ္ဒဖြစ်လိုက် ဤသို့ အမျိုးမျိုးဖြစ်ခြင်းဟူသော အပြစ်ရောက်ရာသည်ကိုလည်း, ထင်ရှားရှိသော ပုဂ္ဂိုလ်နှင့် ပရိနိဗ္ဗာန် စံပြီး ပုဂ္ဂိုလ်တို့ တဦးတည်းဖြစ်နေ၍ အထူးမရှိခြင်း ဟူသော အပြစ်သို့ ရောက်နေပုံကိုလည်း ဉာဏ်ဖြင့် မြော်မြင်မိ၍ "န ဟေဝံ ဝတ္တဗ္ဗေ"ဟု ပရဝါဒီက ပယ်လေသည်။

၂။ **တာဒိသမေဝ။** ။"သဗ္ဗေသု နုပလဗ္ဘာဘိ-လော"ဟု ပရဝါဒီက မေးရာ၌ ဝန်ခံလျှင် "အလုံးစုံတို့၌ ပုဂ္ဂလကို မရအပ်, တခုသောခန္ဓာ, သို့မဟုတ် တခုသော အာယတန စသည်၌ ရအပ်၏" ဟု အဓိပ္ပါယ် ရောက်နေသောကြောင့် "န ဟေဝံ ဝတ္တဗ္ဗေ"ဟု သကဝါဒီက ပယ်ခြင်း၏ ဩကာသသစ္စီကဋ္ဌတုန်းက ပယ်ခြင်းနှင့် ဟူသည်ကို "တာဒိသမေဝ"ဟု ဆိုသည်။ ဋီကာ၌ ကြည့်ပါ။ ဩကာသသစ္စီကဋ္ဌတုန်းက ပယ်ပုံနှင့်တူသော ယောဇနာနည်းကို ပြထားဘည်။

ဩကာသ သစ္စိကဋ္ဌ် ဆိုအပ်ပြီးသော နည်းကဲ့သို့ ရှုအပ်သည်သာ။ ၀၊ ထို ပဌမဩကာသသစ္စိကဋ္ဌ် ဆိုအပ်ပြီးဖြစ်သော နည်းနှင့်တူသည်သာ။ ဣတိ၊ အဝယဝသစ္စိကဋ္ဌ အဖွင့်အပြီးတည်း။

၂-ဩကာသာဒိသစ္စိကဋ္ဌ

၂-ပစ္စနီကာနုလောမ အဖွင့်

၁၄။ ဧဝံ၊ သို့။ (ဤဆိုအပ်ပြီးသောနည်းဖြင့်။) တီဏိ[1]၊ သုံးပါးကုန်သော။ ဧတာနိ မုခါနိ၊ ဤ ဝါဒဖြစ်ခြင်း၏ အကြောင်းတို့ကို။ တာဝ၊ ပစ္စနီကာ နုလောမ ပဋ္ဌကမှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌေ၊ သော။) အနုလောမ-ပစ္စနီကေပဋ္ဌကေ၊ ဍ်။ အနုလောမ မတ္တာဝသေနေဝ၊ အနုလောမ ပဋ္ဌက မျှ၏ အစွမ်းဖြင့် သာလျှင်။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ဘာဇေတွာ၊ အကျယ် ဝေဘန်ပြီး၍။ ပုန၊ တဖန်။ ပစ္စနီကာနုလောမ ပဋ္ဌကေ၊ ဍ်။ ပစ္စနီက မတ္တာဝသေနေဝ၊ ပစ္စနီက မျှ၏ အစွမ်းဖြင့်သာလျှင်။ ဘာဇေတုံ[2]၊ ၎ါ။ ပဋ္ဌလော နုပလဗ္ဘတီတိအာဒိ၊ အစရှိသော စကားကို။ (အာယသ္မတာ မောဂ္ဂလိပုတ္တ-တိဿထေရေန)။ အာရဒ္ဓံ၊ အပ်ပြီ။ တဋ္ဌ၊ ထို ပဋ္ဌလော နုပလဗ္ဘတိ အစရှိသော စကားရပ်၌။ အနုလောမ ပဋ္ဌကဿ[3]၊ ၏။ (ပစ္စနီကာ နုလောမဝယ်

၁။ **ဧဝ မေတာနိ တီဏိ။** ။ဝါဒမူခါနိုကို ငဲ့၍ "တီဏိ" ဟု နှုံးလိ်ဒ်ထားသည်၊ ထို ၃-ပါးဟူသည် ဩကာသ, ကာလ, အာယတဉ်း။ ထိုပုဒ်တို့ကို "ဘာဇေတွာ, ဘာဇေတုံတို့ဉ် စပ်။ ထိုသုံးပါးတို့ကို ဝေဖန်ရာဝယ် အနုလောမပစ္စနီကပဋ္ဌကဉ် အနုလောမပဋ္ဌကမှကိုသာ ပြု၏။ ဝေဖြင့် ပစ္စနီကဆိုင်ရာ ပဋိကမ္မဝတ္ထု, နိဂ္ဂဟဝတ္ထု, ဥပနယနဝတ္ထု, နိဂ္ဂမန ဝတ္ထုတို့ကို မဝေဖန်ဘဲ ဟု ဆိုလိုသည်။)ပစ္စနီကာနုလောမပဋ္ဌကဉ်လည်း ပစ္စနီကပဋ္ဌကမှကိုသာ ဝေဖန်၏။ ပဋိကမ္မစတုက္က စသည်တို့ကို မဝေဖန်ဘဲဟု ကန့်သည်။

၂။ **ဧဝမေတာနိ။ ဧပ။ ဘာဇေတုံ။** ။ဤဝါကျသည် ဩကာသာဒိ သစ္စိကဋ္ဌ ပစ္စနီကာနုလောမအပ္ပကံ အနုသန္ဓေဖြစ်သော်လည်း "အနုလောမပစ္စနီက ပဋ္ဌက အနုလောမမတ္တာဝသေနေဝ။ ပေ။ ဘာဇေတွာ" အရ ဝေဖန်ပုံကိုရင်း, "ပုန ပစ္စနီကာ-နုလောမပဋ္ဌကေ ပစ္စနီက မတ္တာဝသေနေဝ ဘာဇေတုံ" အရ ဝေဖန်ပုံကိုရင်း သိထိုက်၏။ ထို့ကြောင့် ပါဠိတော်ကို ကြည့်ပါ။

၃။ **အနုလောမ ပဋ္ဌကဿ၊** ။ဤပုဒ်ကို "သမ္မတ္တာ ပဋ္ဌလော နုပလဗ္ဘတီတိ-အာဒိကဿ" ဟု ဋီကာ၌ သရုပ်ဖော်သည်။ ဩကာသ သစ္စိကဋ္ဌ-ပစ္စနီကနုလောမဋ္ဌ ပါသော ပါဠိပင်ကည်း။ ထိုပါဠိ၏အနက်ကို "သမ္မတ္တာ ပဋ္ဌလော နုပလဗ္ဘတီ" ဟု မျိုးအပ်သော ပါဠိတွင် ပါဝင်သော ပစ္စနီက (ပဋိကမ္မ)၌ ဆိုအပ်ပြီးသော နည်း

နိဂ္ဂဟ ပဥ္စက ကို ဆိုသည်။) ပါဠိ၊ ပါဠိတော်ကို။ သံခိပိတ္ဝာ၊ ချုံး၍။ အာဂတော၊ လာသော။ ပစ္စနီကော၊ ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်ဝင်း။ (အတ္ထော ဝေဒိတဗ္ဗော ၌ စပ်။) ပစ္စနီကဿစ [၁]၊ ပစ္စနီက၏လည်း။ (ပဋိကမ္မစတုက္ကကို ဆိုသည်။ အတ္ထော ၌ စပ်။) ပါဠိ၊ ပါဠိတော်ကို။ သံခိပိတ္ဝာ [၂]၊ ၍။ အာဂတော၊ သော။ အနုလောမေ၊ အနုလောမ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်ဝင်း။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ တ္တော၀တော၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ သုဒ္ဓိကဿ စေဝ၊ သြကာသ စသည်မဖက် သက်သက်သော သုဒ္ဓိကသစ္စိကဋ္ဌ ဝင်း။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဣမေသဉ္စ၊ဤ သြကာသသစ္စိကဋ္ဌ, ကာလသစ္စိကဋ္ဌ, အဝယဝသစ္စိကဋ္ဌတို့ ဝင်း။ ဣတိ၊ သို့။ စတုန္နံ၊ လေးပါးကုန်သော။ သစ္စိကဋ္ဌာနံ၊ တို့တွင်။ ဧကေကဿိ၊ တပါးတပါးသော။ သစ္စိကဋ္ဌေ၊ ၌။ အနုလောမပစ္စနီကဿ၊ အနုလောမပစ္စနီက နည်းဝင်း။ ပစ္စနီကာနုလောမ ပဥ္စကဿ စ၊ ဝင်း။ ဣတိ၊ သို့။ ဒ္ဝိန္နံ ဒ္ဝိန္နံ၊ နှစ်ပါးကုန် နှစ်ပါးကုန်သော။ ပဥ္စကာနံ၊ ပဥ္စကတို့၏။ ဝသေန၊ အပြားအားဖြင့်။ အဋ္ဌမုဒါနာဝမ၊ ရှစ်ပါးသော ဝါဒ၏ အဦးအစ အဝင်ဝမည်သော။ အယံ ဝါဒယုတ္တိ၊ ဤဝါဒဖြစ်ခြင်း၏ အကြောင်းကို။ (ဘဂဝတာ)။ နိဒ္ဒိဋ္ဌာ၊ အပ်သည်။ ဟောတိ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။ ယာ၊ ယင်း အဋ္ဌမုဒါဝါဒယုတ္တိကို။ ဧကေကဿိ၊တပါးတပါးသော။ မုဒါ၊ ဝါဒတို့၏ ဖြစ်ကြောင်း၌။ ဝါ၊ ဝါဒတို့၏ အဦးအစ အဝင်ဝ၌။ ဧကေကဿ၊ တပါးတပါးသော။ နိဂ္ဂဟဿ၊ နှိပ်ခြင်း၏။ ဝသေန၊ အပြားအားဖြင့်။ အဋ္ဌကနိဂ္ဂဟောတိ၊ အဋ္ဌကနိဂ္ဂဟ ဟူ၍။ (ရှစ်ပါး

အတိုင်းသိပါ။ [ထိုဆိုအပ်ပြီးသော နည်းဟူသည် "ယသ္မာ သရီရံ သန္ဓာယ သဗ္ဗတ္ထ နာ ဥပလဗ္ဘတီတိ ဝုတ္တော" စသည်ဖြင့် ရှေ့သြကာသ သစ္စိကဋ္ဌ-အနုလောမ ပစ္စနီက အဖွင့်ဝယ် ဆိုအပ်ခဲ့သော နည်းတည်း။]

၁။ **ပစ္စနီကဿ စ**။ ။ဋီကာ၌ "သဗ္ဗတ္ထ ပုဂ္ဂလော ဥပလဗ္ဘတီတိ အာဒိကဿ ပဋိကမ္မ ကရဏဝသေန ဝုတ္တဿ" ဟု ပစ္စနီကဿကို သရုပ်ဖော်သည်။ ထိုပစ္စနီက၏ အနက်ကို ပါဠိတော်ကို ချုံး၍လာသော "ပုဂ္ဂလော ဥပလဗ္ဘတိ" အစရှိသော အနုလောမ၌ ဆိုအပ်ပြီးသော နည်းဖြင့်သိပါ။ ["ထို ဆိုအပ်ပြီးသောနည်း" ဟူသည် "သဗ္ဗတ္ထာတိ သရီရံ သန္ဓာယ အနုယောဂေါ သကဝါဒိဿ" စသည်ဖြင့် ရှေ့၌ဆိုအပ်ခဲ့သော နည်းတည်း။]

၂။ **ပါဠိ သံခိပိတ္ဝာ**။ ။စာအုပ်တို့၌ "ပါဠိယံ သံခိပိတ္ဝာ" ဟု ရှိသော်လည်း "သဗ္ဗတ္ထ ပုဂ္ဂလော နုပလဗ္ဘတီတိ အာဒိပါဠိံ သံခိပိတ္ဝာ" စသည်ဖြင့် ဋီကာ၌ရှိသော ကြောင့် သံခိပိတ္ဝာ၏ ကံအဖြစ်ဖြင့် "ပါဠိံ ဟု ရှိသော ပါဋ္ဌသာ ပါဋ္ဌမှန်" ဟု မှတ်ပါ။ [ရှေးနိဿယ၌လည်း "ပါဠိ" ဟုပင် ရှိသည်။]

တို့၏ အပေါင်းဖြစ်သော နိဂ္ဂဟ ဟူ၍။) ပါဠိယံ၊ ပါဠိစာအုပ်၌။ လိခိယတိ၊ ရေးအပ်၏။

တတ္ထ၊ ထိ အဋ္ဌကနိဂ္ဂဟဋ္ဌ။ ဝါ၊ ထိ အဋ္ဌမုခဝါဒယုတ္တိဋ္ဌ။ ဧတံ (ဂါထာဝစနံ)၊ ကိံ။ (ပေါရာဏေဟိ၊ တို့သည်။) ဝုစ္စတိ၊ အပ်၏။ (ကိံ၊ နည်း။)

ဧဝံ၊ သို့။ စတုဗ္ဗိဓေ၊ လေးပါးအပြားရှိသော။ ပဥ္ဉေ၊ ပြဿနာဋ္ဌ။ ပဥ္စကဒ္ဒယဘေဒတော၊ ပဉ္စကနှစ်ပါးအပေါင်း၏ အပြားအားဖြင့်။ အဋ္ဌမုခါနာမ၊ အဋ္ဌမုခါမည်သော။ သော ဝါဒယုတ္တိ၊ ဤဝါဒဖြစ်ခြင်း၏ အကြောင်းကို။ (ဘဂဝတာ)။ ပကာသိတာ၊ ထင်ရှားပြတော်မူအပ်ပြီ။ [အဋ္ဌမုခဝါဒယုတ္တိသည် အကျဉ်းအားဖြင့် ဘုရားဟောတော်မူစဉ်က ပါခဲ့၏။]

တတ္ထ၊ ထိ အဋ္ဌမုခဝါဒယုတ္တိဋ္ဌ။ အဋ္ဌေဝ၊ ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ နိဂ္ဂဟာ၊ နှိပ်ခြင်းတို့သည်။ (ဟောန္တိ)။ တေသု၊ ထို ရှစ်ပါးသော နိဂ္ဂဟတို့တွင်။ စတ္တာရော၊ လေးပါးသော နိဂ္ဂဟတို့သည်။ ဓမ္မိကာ၊ တရား၌ ယှဉ်ကုန်၏။ ဝါ၊ တရားရှိကုန်၏။ စတ္တာရော စ၊ လေးပါးသော နှိပ်ခြင်းတို့သည်ကား။ အဓမ္မိကာ၊ တရား၌မယှဉ်ကုန်။ ဝါ၊ တရားမရှိကုန်။ သမ္ဗတ္ထ၊ အလုံးစုံသော ပဉ္စကတို့ဋ္ဌ။ သက၀ါဒိ-နော၊ ၏။ ဇယော၊ အောင်ခြင်းသည်။ ဝါ၊ နှိုင်ခြင်းသည်။ (ဟောတိ)။ သမ္ဗတ္ထ၊ အလုံးစုံသော ပဉ္စကတို့ဋ္ဌ။ ပရ၀ါဒိနော၊ ၏။ ပရာဇယော စေ၀၊ ရှုံးခြင်းသည်သာလျှင်။ (ဟောတိ)။ ဣတိ၊ သို့။ (ပေါရာဏေဟိ၊ တို့သည်။ ဝုစ္စတိ၊ အပ်၏။)

ဩကာသာဒိ သစ္ဆိကဋ္ဌ၀ဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

၅—သုဒ္ဓိက သံသန္ဒန အဖွင့်

၁၇—၂၇။ ဣဒါနိ၊ ဩကာသာဒိ သစ္ဆိကဋ္ဌကို ဟောတော်မူပြီးရာ ယခု အခါ၌။ ရူပါဒိဟိ၊ ရုပ်အစရှိသည်တို့နှင့်။ [အာဒိဖြင့် ဝေဒနာ အစ အညာတာ-ဝိန္ဒြေ အဆုံးရှိသော ပါဠိတော်၌လာသည့် တရားတို့ကို ယူပါ။] သဒ္ဓိံ၊ တကွ။ သစ္ဆိကဋ္ဌ သံသန္ဒနံ ၁၊ သစ္ဆိကဋ္ဌ ဖြစ်သော ပုဂ္ဂိုလ်ကို နှိုးနှောခြင်းသည်။ ဝါ၊

၁။ ရူပါဒိဟိ။ ဧပ ။သံသန္ဒနံ။ ။သစ္ဆိကဋ္ဌ သဘောရှိသော ပုဂ္ဂလကို ရူပဝေဒနာ အစရှိသည်တို့နှင့်တကွ ရောနှောခြင်း,(တနည်း)သမ္မုတိ-ပရမတ္ထ ၂-မျိုးလုံးနှင့် ဆိုင်သော သစ္ဆိကဋ္ဌ ဟူသော သာမည စကားကြောင့် (သစ္ဆိကဋ္ဌ အရာ၌) ရှပ်ဝေဒနာ စသည်တို့နှင့်တကွ ပုဂ္ဂလကို ရောနှောခြင်း။ ဤသို့ ဋီကာ၌ ဖွင့်၏။

သစ္စိကဋ္ဌကြောင့် ပုဂ္ဂိုလ်ကို နှိုးနှောခြင်းသည်။ ဝါ၊ သစ္စိကဋ္ဌ အရာဋ္ဌ ပုဂ္ဂိုလ်ကို နှိုးနှောခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်တော့လတ္တံ့။ တတ္ထ၊ ထို သစ္စိကဋ္ဌ သံသန္ဒနဋ္ဌ။ ရူပဥ္စာတိ၊ ကား။ ရူပံ၊ ရုပ်ကို။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဥပလဗ္ဘတိ ယထာ၊ ပညာဖြင့်ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ် ရနိုင်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ တေ၊ အသင်ပရဝါဒီ၏။ ပုဂ္ဂလောပိ၊ ကိုလည်း။ ဥပလဗ္ဘတိကိံ၊ လော။ ဣတိ၊ ဤ အနက် အဓိပ္ပါယ်ကို။ သန္ဓာယ၊ ၍။ ပုစ္ဆာ၊သည်။ သကဝါဒိဿ၊ ၏ ပုစ္ဆာတည်း။ အတ္ထိ· ပုဂ္ဂလောတိ၊ အတ္ထိ ပုဂ္ဂလော ဟူသော။ ဝစနမတ္တံ၊ ပါဠိတော်စကားမျှကို။ ဂဟေတ္ဝာ၊ ယူ၍။ ပဋိညာ၊ သည်။ ပရဝါဒိဿ၊ ၏ ဝန်ခံခြင်းတည်း။ ရူပံ ဝိယ၊ ရုပ်ကဲ့သို့။ တေ၊ အသင်ပရဝါဒီ၏။ ပုဂ္ဂလော၊ သည်။ ပရမတ္ထတော၊ အားဖြင့်။ ယဒိ အတ္ထိ၊ အကယ်၍ရှိအံ့။ (ဧဝံသတိ။) ရူပဧတာ၊ ရုပ်မှ။ ဝေဒနာဒီနံ၊ ဝေဒနာ အစရှိသည်တို့၏။ အညထတ္တံ၊ တမျိုးတခြား တပါးသော အပြား၏ အဖြစ်သည်။ အာပဇ္ဇတိ ဝိယ၊ ဖြစ်သကဲ့သို့။ (တထာ၊ တူ။ တေ၊ အသင်ပရဝါဒီ၏။) ပုဂ္ဂလဿာပိ၊ ၏လည်း။ အညထတ္တံ၊ သည်။ အာပဇ္ဇတိ၊ လော။ ဣတိ၊ သို့။ အနုယောဂေါ၊ သည်။ သကဝါဒိဿ၊ ၏ မေးစိစစ်ခြင်းတည်း။ သမယသုတ္တဝိရောဓံ ၁၊ အယူ, သုတ်ပါဠိတော်နှင့် ဆန့်ကျင်ခြင်းကို။ ဒီသ္စ၊ မြင်၍။ ပဋိက္ခေပေါ၊ သည်။ ပရဝါဒိဿ၊၏ ပယ်ခြင်းတည်း။ သေသံ၊ ကြွင်းသော ပုဒ်အပေါင်းသည်။ အတ္ထတော၊ အနက်အဓိပ္ပါယ်အားဖြင့်။ ပါကဋမေဝ၊ ထင်ရှားသည်သာ။

အနုဋီကာ။ ။သစ္စိကဋ္ဌသ(သစ္စိကဋ္ဌ သဘောရှိသော ပုဂ္ဂလကို)၊ သစ္စိကဋ္ဌေ ဝါ (တနည်း-သစ္စိကဋ္ဌ ဟူသော သာမညစကားကြောင့်, ဝါ-သစ္စိကဋ္ဌ အရာဋ္ဌ) သံသန္ဒနံ သစ္စိကဋ္ဌ သံသန္ဒနန္တိ သမာသဒ္ဓယံ ဘဝတီတိ ဒဿေန္တော သစ္စိကဋ္ဌသာတိအာဒိမာဟ၊ တတ္ထ သစ္စိကဋ္ဌသ ပုဂ္ဂလသာတိ သစ္စိကဋ္ဌ သဘာဝသ ပရမတ္ထတော ဝိဇ္ဇမာန-သဘာဝသ(ပရဝါဒီ၏အလိုအရ ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောရှိသော) ပုဂ္ဂလသ၊ ရူပါဒီဟိ သဒ္ဓိ သံသန္ဒနန္တိ-သစ္စိကဋ္ဌတာ သာမညေန ရူပါဒီဟိ သမ်ိကရဏံ (ပင်ကိုယ်အားဖြင့် မတူသော်လည်း တူသကဲ့သို့ ပြုခြင်း)။သစ္စိကဋ္ဌေတိ သစ္စိကဋ္ဌဟေတု၊ တတ္ထဝါ တံ အဓိဋ္ဌာနံ ကတွာ (ထို သစ္စိကဋ္ဌကို တည်ရာပြု၍)။

၁။ **သမယသုတ္တ ဝိရောဓံ**။ ။သမယဝိရောဓ, သုတ္တဝိရောဓ ဟု ၂-မျိုးခွဲပါ။ ထိုတွင် ပုဂ္ဂလဟူသည် ရုပ် ဝေဒနာ စသော ခန္ဓာ ၅-ပါးကိုစွဲ၍ ပညတ်ရသော ဥပါဒါပညတ်ဘည်း။ ထို့ကြောင့် ထို ပုဂ္ဂလကို ရုပ် ဝေဒနာ စသည်တို့မှ တမျိုးတခြား ဟုဂုင်း, ရုပ်ဝေဒနာ စသည်တို့မှ တမျိုးတခြားမဟုတ်ဟုဂုင်း မဆိုနိုင်။ ဤကား သမယ (သာသနာတော်၏ ထုံးစံဖြစ်သော အယူ)တည်း။ သကဝါဒီက "အည်ံ ရူပံ အညော ပုဂ္ဂလော"ဟု မေးရာ၌ "အာမန္တာ"ဟု ဝန်ခံလိုက်လျှင် ထို သမယနှင့် ဆန့်ကျင်ရာရောက်၏။ အည်ံ ဇီဝံ (ဇီဝ,ပုဂ္ဂလ သည် သရီရမှ တမျိုးတခြားလော) အည်ံ သရီရံ

ပန၊ ကား။ ဇတ္ထ၊ ဤ သစ္စိကဋ္ဌ သံသန္ဒနဋ္ဌ။ ဓမ္မတော၊ ပါဋိတော်အား ဖြင့်။ သတ္တပညာသဘေဒဿ၊ ငါးဆယ့်ခုနစ်ပါး အပြားရှိသော။ သစ္စိကဋ္ဌ-ပရမတ္ထဿ၊ သစ္စိကဋ္ဌ ပရမတ္ထတရားနှင့်။ ဝါ၊ ၏။ ဝသေန၊ အစွမ်းဖြင့်။ ဝါ၊ စပ်သဖြင့်။ သကဝါဒိပက္ခမူလကော၊ သကဝါဒိပက္ခ အရင်းမူလရှိသော။ အနုလောမ ပစ္စနီကော၊ အနုလောမပစ္စနီကနည်းဌ်။ သတ္တပညာသ၊ ငါးဆယ့်ခုနစ်ပါးသော။ အနုလောမ ပဥ္စကာနိ၊ တို့ကို။ ဒဿိတာနိ၊ အပ်ကုန်ပြီ။ ပဋိကမ္မစတုက္ကာဒီနိ၊ ပဋိကမ္မစတုက္က အစရှိသည်တို့ကို။ သံခိတ္တာနိ၊ အကျဉ်းချုံးတော် မူအပ်ကုန်ပြီ။ ပရဝါဒိ ပက္ခမူလကော၊ ပရဝါဒိပက္ခ အရင်း မူလရှိသော။ ပစ္စနီကာနုလောမေပိ၊ ပစ္စနီကာနုလောမနည်းဌ်လည်း။သတ္တပညာသ၊ သော။ ပဋိလောမပဥ္စကာနိ၊ တို့ကို။ ဒဿိတာနိ၊ အပ်ကုန်ပြီ။ ပဋိကမ္မ-စတုက္ကာဒီနိ၊ တို့ကို။ သံခိတ္တာနိ၊ အပ်ကုန်ပြီ။ [သံခိတ္တာနိ ပဋိကမ္မစတုက္ကာဒီနိ ဟု ဆိုသော်လည်း ယခု ပါဋိတော်စာအုပ်တို့ဌ် ပဋိကမ္မ စတုက္က ပါနေသည်။ အဋ္ဌကထာ ရေးစဉ်က "အာဇာနာဟိ နိဂ္ဂဟံ" ဟု ရှိဟန်တူသည်ဟု ဋီကာဆိုသည်။] တတ္ထ၊ ထိုပစ္စနီကာနုလောမဌ်။ ဝုတ္တံ ဘဂဝတာတိ၊ အစရှိသော။ ဝစနမတ္တေန၊ ပါဋိတော်စကားမျှဖြင့်။ (ဒဿေတ္ဝာ အနုယောဂေါတို့ ဌ် စပ်။) ပုဂ္ဂလဿ၊ ၏။ အတ္ထိတံ၊ သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကိုဋဌင်း။ ရူပဿ၊ ရုပ်၏။ ဝါ၊ ကို။ သစ္စိကဋ္ဌ ပရမတ္ထဝသေန၊ ဖြင့်။ ဥပလဘနီယတံ စ၊ ပညာဖြင့်ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ် ရနိုင်သည်၏ အဖြစ်ကိုဋဌင်း။ ဒဿေတ္ဝာ၊ ပြ၍။ ဥဘိန္နံ၊ ပုဂ္ဂိုလ်, ရုပ် ၂-ပါးစုံတို့၏။ အညတ္တံ၊ တမျိုးတခြား၏ အဖြစ်ကို။ ပဋိဇာနာပနတ္ထံ ့၊ ဝန်ခံစေခြင်းအကျိုး

(ကိုယ်ခန္ဓာသည် ဇီဝမှ တမျိုးတခြားလော) ကွတိ၊ ဤသို့မေးရာ၌။ "အဗျာကတ-မေတံ ဘဂဝတာ (မြတ်စွာဘုရားသည် ဤ ပြဿနာကို ဖြေဟော်မမူအပ်) ကွတိ-ဆာဒိက် သုတ္တံ (ဤသို့အစရှိသည်က : သုတ်တည်း)"အာမန္တာ"ဟု ဝန်ခံလိုက်လျှင် ထို သုတ်နှင့် ဆန့်ကျင်ရာ ရောက်သည်၊

မှတ်ချက်။ "ဤသို့ ဘုရားတရားတော်နှင့် ဆန့်ကျင်မည်ကို စိုးရိမ်သော ပရဝါဒီဟူသည် သာသနာတော်တွင်းက ပရဝါဒီတည်း။ အညတိတ္ထိယပရဝါဒီ မဟုတ်။ အယ္ဉ အတ္ထော (ဤအနက် အဓိပ္ပါယ်ကို) သာသနိကဿ ပရဝါဒိနော ဝသေန-ဝုတ္တောတိ ဝေဒိတမ်ဗ်ာ-အနု။

၁။ အညတ္တံ ပဋိဇာနာပနတ္ထံ။ "ပဋိဇာနာပန-ဝန်ခံစေခြင်း" ဟူသည် "အာမန္တာ"ဟု ဝန်ခံအောင် စောဒနာခြင်းတည်း။ ထို့ကြောင့် စောဒနာခြင်းသည် အကြောင်း, "အာမန္တာ"ဟု ဝန်ခံခြင်းသည် အကျိုးတည်း။ "ဝန်ခံခြင်း ဟူသော အကျိုးဖြင့် အကြောင်း စောဒနာကို ဖလုပစာရအားဖြင့် ပြသည်"ဟု မှတ်ပါ။ [စောဒနာပုဗ္ဗကံ ဟိ တဿ (ထို သကဝါဒီကို) ပဋိဇာနာပနံ၊ တေန ဖလဝေါဟာ-ရေန ကာရဏံ ဝုတ္တန္တိ ဒဿေတိ။-ဃန။]

ဌ်ါ။ ဝုတ္တံ ဘဂဝတာတိ၊ အစရှိသော။ အနုယောဂေါ၊ သည်။ ပရဝါဒိဿ၊ ၏ မေးစိစစ်ခြင်းတည်း။ သမ္မုတိ ပရမတ္ထာနံ၊ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ တို့၏။ ကေတ္တာနာနတ္တပဥ္ဉာဿ၊ တခုတည်း၏အဖြစ်, အသီးအခြား၏ အဖြစ်ကို မေးကြောင်း ပြဿနာ၏။ ဝါ၊ ကိုး။ ဌပနီယတ္တာ၊ မဖြေပဲ ထားထိုက်သည်၏ အဖြစ်ကြောင့်။ ဝါ၊ မြတ်စွာဘုရား မဖြေပဲ ထားတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ပဋိက္ခေပေါ၊ သည်။ သကဝါဒိဿ၊၏ ပယ်ခြင်းတည်း။ ဣဓာပိ၊ ဤ သုဒ္ဓိက သံသန္ဒနဋ္ဌလည်း။ သေသံ၊ ကြွင်းသော ပုဒ်အပေါင်းသည်။ အတ္ထတော၊ အားဖြင့်။ ပါကဋမေဝ၊ သည်သာ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

သုဒ္ဓိကသံသန္ဒနဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

၆–သြပမ္မသံသန္ဒန ၁ အဖွင့်

၂၈–၃၆။ ဣဒါနိ၊ သုဒ္ဓိက သံသန္ဒနကို ဟောတော်မူပြီးရာ ယခု အခါ၌။ ရူပါဒီဟေဝ၊ ရုပ်အစရှိသည်တို့နှင့်ပင်။ [ရှေ့၌ ရူပ စသည်တို့ကို ပြပြီး၍ သန္နိဋ္ဌာနာဝဓာရဏ ဧဝဖြင့် ဆိုသည်။] သဒ္ဓိံ၊ တကွ။ သြပမ္မဝသေန၊ ဥပမာနှင့် စပ်သဖြင့်။ သစ္စိကဋ္ဌသံသန္ဒနံ၊ သည်။ ဝါ၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ ဝါ၊ လတ္တံ့။ တတ္ထ၊ ထို သြပမ္မသံသန္ဒန၌။ ရူပဝေဒနာနံ၊ ရုပ်ဝေဒနာတို့၏။ ဝါ၊ တို့ကို၊ ဥပလဒ္ဓိသာမညေန၂၊ ပညာဖြင့်ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ်ရနိုင်ခြင်းအားဖြင့် တူသည်၏ အဖြစ်ကြောင့်။ အညတ္တ ပုစ္ဆာ စ၊ တမျိုး တခြား တပါးစီ၏ အဖြစ်ကို မေးကြောင်း ပုစ္ဆာဝင်း။

၁။ **သြပမ္မသံသန္ဒန**။ ။ရုပ်နှင့်ဝေဒနာတို့၏ သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရခြင်းနှင့် ရုပ်နှင့် ပုဂ္ဂိုလ်တို့၏ သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရခြင်းသည် တူ၏။ ထို တူပုံကို ဥပမာပြု၍ ရုပ်နှင့် ပုဂ္ဂိုလ်တို့၏ တူပုံကို ဥပမေယျအဖြစ်ဖြင့် ပြ၏။ တို့နောက် ရုပ်နှင့် ဝေဒနာသည် တမျိုးတခြားစီဖြစ်သကဲ့သို့ ရုပ်နှင့်ပုဂ္ဂိုလ်လည်း တမျိုးတခြားစီလောဟု မေးရာ၌ကား ပြအပ်ခဲ့သော သဗဃ, ဘုတ္တာနှင့် ဆန့်ကျင်မည်စိုး၍ "န ဟေဝံ ဝတ္တဗ္ဗေ" ဟု ပရဝါဒီ ဖြေသည်။ ဤသို့ ရုပ်နှင့် ဝေဒနာကို ဥပမာ ပြု၍ ရုပ်စသည်နှင့် ပုဂ္ဂိုလ်ကို နှိုင်းနှောခြင်းကို "သြပမ္မသံသန္ဒန" ဟု ခေါ်သည်။

၂။ **ဥပလဒ္ဓိသာမညေန အညတ္တပုစ္ဆာ**။ ။ဤပုစ္ဆာသည် "ရူပံ ဥပလဗ္ဘတိ။ပေ။ ဝေဒနာ စ ဥပလဗ္ဘတိ" ဟု ဥပလဒ္ဓိ အားဖြင့် တူသည်၏ အဖြစ်ကို ရှေးဦးစွာ ပြပြီးမှ "အညံ ရူပံ အညာ ဝေဒနာတိ" ဟု အည အဖြစ်ကို မေးသော ပုစ္ဆာတည်း။ ထို့ကြောင့် ရူပဝေဒနာနံ ဥပလဒ္ဓိသာမညေန အညတ္တပုစ္ဆာ စ" ဟု ဆိုသည်။

ပုဂ္ဂလရှုပါနံ၊ ပုဂ္ဂလရှုပတ္တိ၏။ ဝါ၊ တိုကို။ ဥပလဒ္ဓိသာမညပုစ္ဆာ စ [1]၊ ပညာ ဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ် ရနိုင်ခြင်းအားဖြင့် တူသည်၏ အဖြစ်ကို မေးကြောင်း ပုစ္ဆာဒုယမ္မိ၊ ပုစ္ဆာနှစ်ပါး အပေါင်း သည်လည်း။ သကဝါဒိဿ၊ ၏ ပုစ္ဆာနှစ်ပါး အပေါင်းတည်း။ ဥဘောပိ၊ နှစ်ပါးစုံလည်း ဖြစ်ကုန်သော။ ပဋိညာ၊ အာမန္တာ ဟု ဝန်ခံခြင်းတို့သည်။ ပရဝါဒိဿ၊ ၏ ဝန်ခံခြင်းတို့တည်း။ ပရဝါဒိနာ၊ သည်။ အနုညာတေန၊ အာမန္တာ ဟု ခွင့်ပြုအပ်သော။ ဥပလဒ္ဓိသာမညေန၊ ကြောင့်။ ရှုပဝေဒနာနံ-ဝိယ၊ တို့၏ကဲ့သို့။ ရှုပပုဂ္ဂလာနံ၊ တို့၏။ အညတ္ထာနုယောဂဂါ၊ တမျိုးတခြား တပါးစီ၏အဖြစ်ကိုမေးစိစစ်ခြင်းသည်။ သကဝါဒိဿ၊၏ မေးစိစစ်ခြင်းတည်း။ ပဋိက္ခေပေါ၊ န ဟေဝံ ဝတ္တဗ္ဗေ ဟု ပယ်ခြင်းသည်။ ဣတရဿ၊ သကဝါဒိမှ တပါးသော ပရဝါဒီ၏ ပယ်ခြင်းတည်း။ ဣဓာပိ၊ ဤ သြပမ္မသံသန္ဒနဉ်လည်း။ သေသံ၊ ကြွင်းသော ပုဒ်အပေါင်းသည်။ အတ္ထတော၊ အားဖြင့်။ ပါကဋမေဝ၊ သည်သာ။

ပန၊ ကား။ ဇော်ထွ၊ ဤ သြပမ္မသံသန္ဒနဉ်။ ဓမ္မတော၊ ပါဠိတော်အား ဖြင့်။ ရှုပမူလကာဒီနံ၊ ရှုပမူလက အစရှိကုန်သော။ စက္ကာနဉ္စ၊ စက်တို့၏လည်း။ ဝသေန၊ အပြားအားဖြင့်။ သကဝါဒီပက္ခေ၊ သကဝါဒီ၏ အဖို့၌။ ဝိသာခိ-ကာနိ၊ နှစ်ဆယ် အပိုအလွန် ရှိကုန်သော။ နဝ နိဂ္ဂဟပဋ္ဌကသတာနိ၊ ကိုးလီသော နိဂ္ဂဟ ပဋ္ဌက အရာတို့ကို။ ဝါ၊ ကိုးရာသော နိဂ္ဂဟ ပဋ္ဌက တို့ကို။ ဒဿိတာနိ၊ အပ်ကုန်ပြီ။ ကထံ၊ အဘပ်သို့။ (ဒဿိတာနိ၊ အပ်ကုန်သနည်း။) တာဝ၊ အာယတန စသည်တို့မှ ရွေးဦးစွာ။ (နိဒ္ဒိဋ္ဌေသု၊ အပ်ကုန်သော။) ခန္ဓေသု၊ တို့တွင်။ ရှုပမူလကေ၊ ရုပ်ဟူသော အရင်းမူလရှိသော။ စက္ကေ၊ စက်၌။ စတ္တာရိ၊ လေးပါးသော နိဂ္ဂဟပဋ္ဌကတို့ဝင်း။ ဝေဒနာဒိ-မူလကေသု၊ ဝေဒနာ အစရှိသော အရင်းမူလရှိသော စက်တို့၌။ တထာ၊ ထို့အတူ လေးပါးစီသော နိဂ္ဂဟပဋ္ဌကတို့ဝင်း။ ဣတိ၊သို့။ ဝိသာခိ၊ နှစ်ဆယ် သော။ (နိဂ္ဂဟပဋ္ဌကာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။) အာယတနေသု၊ အာယတနတို့တွင်။ စက္ခာယတနမူလကေ၊ စက္ခာယတန အရင်းမူလရှိသော။ စက္ကေ၊ ၌။ ဇိဝှာဒသ၊ တဆယ့်တစ်ပါးသော နိဂ္ဂဟပဋ္ဌကတို့ဝင်း။ သေသေသု၊ စက္ခာယတန အရင်း မူလရှိသော စက်မှ ကြွင်းသော စက်တို့၌။ တထာ၊ ထို့အတူ တဆယ့်တစ်ပါးစီသော နိဂ္ဂဟပဋ္ဌကတို့ဝင်း။ ဣတိ၊ သို့။ ဒွတ္တိံသ-

---

၁။ ဥပလဒ္ဓိ သာမညပုစ္ဆာ။ ။"ပုဂ္ဂလော ဥပလဒ္ဓတိ။ ပေ ။ရှုပဉ္စ ဥပလဒ္ဓတိ သစ္ဆိကဉ္စပရမတ္ထေန"ဟူသော ပုစ္ဆာသည် ပုဂ္ဂလနှင့် ရှုပတို့ ဟူမျှခြင်း သာမညကို မေးသော ပုစ္ဆာတည်း။ ထို့ကြောင့် "ပုဂ္ဂလော ရှုပါနံ ဥပလဒ္ဓိသာမညပုစ္ဆာ"ဟု ဆိုသည်။

သတံ၊ တရာ့သုံးဆယ့် နှစ်ပါးသော။ (နိဂ္ဂဟပစ္စကာနိဟောန္တိ)။ ဓာတူသု၊ ဓာတ်တို့တွင်။ စက္ခုဓာတုမူလကေ၊ စက္ခုဓာတ်အရင်းမူလရှိသော။ စက္ကေ၊ ဌ်။ သတ္တရသ၊ တဆယ့်ခုနစ်ပါးသော နိဂ္ဂဟပဋ္ဌကတို့ဌင်း။ သေသေသု၊ စက္ခုဓာတ် အရင်းမူလ ရှိသောစက်မှ ကြွင်းသောစက်တို့ဠ်။ တထာ၊ ထို့အတူ တဆယ့်ခုနစ်ပါးစီသော နိဂ္ဂဟဝဋ္ဌကတို့ဌင်း။ ဣတိ၊သို့။ ဆာဓိကာနိ၊ ခြောက်ပါးအပို အလွန်ရှိကုန်သော။ တီဏိသတာနိ၊ သုံးရာကုန်သော။(နိဂ္ဂဟပဋ္ဌကာနိ-ဟောန္တိ)။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့တွင်။ စက္ခုန္ဒြိယမူလကေ၊ စက္ခုန္ဒြေ အရင်းမူလရှိသော။ စက္ကေ၊ ဌ်။ ကေဝိသတိ၊ နှစ်ဆယ့် တပါးသော နိဂ္ဂဟပဋ္ဌကဌင်း။ သေသေသု၊ စက္ခုန္ဒြေအရင်းမူလရှိသော စက်မှ ကြွင်းသော စက်တို့ဠ်။ တထာ၊ ထို့အတူ နှစ်ဆယ့်တပါးစီသော နိဂ္ဂဟပဋ္ဌကတို့ဌင်း။ ဣတိ၊ သို့။ ဒ္ဝါသဋ္ဌာဓိကာနိ၊ ခြောက်ဆယ့်နှစ်ပါးအပိုအလွန်ရှိကုန်သော။ စတ္တာရိသတာနိ၊ လေးရာကုန်သော။ (နိဂ္ဂဟပဋ္ဌကာနိ ဟောန္တိ)။ဝေါ၊သို့။ သဗ္ဗာနိပိ၊ လည်း ဖြစ်ကုန်သော။ ဝိသာဓိကာနိ၊ နှစ်ဆယ်အပို အလွန်ရှိကုန်သော။ နဝနိဂ္ဂဟပဋ္ဌက-သတာနိ၊ တို့သည်။ ဝါ၊ တို့သည်။ ဟောန္တိ။

၃၇-၄၅။ ပရဝါဒီပက္ခေပိ၊ ဠ်လည်း။ ရူပံ ဥပလဗ္ဘတီတိ၊ အစရှိသော ပါဌ်ဖြင့်။ (အညတ္ထာနုယောဂေါ ကတော ဠ် စပ်။)အနုလောမဝသေနေဝ၊ အနုလောမနှင့် စပ်သဖြင့်ပင်။ ရူပဝေဒနာဒီနံ၊ အစရှိသည်တို့၏။ အညတ္ထ-ပဋိညံ၊ တမျိုးတခြား တပါးစီ၏အဖြစ်ကို ဝန်ခံခြင်းကို။ ကာရေတ္ဝာ၊ ပြုစေပြီး၍။ ပုန၊ တဖန်။ အတ္ထိ ပုဂ္ဂလောတိ၊ အစရှိသော။ သုတ္တံ၊ သုတ်ကို။ နိဿာယ၊ မှီ၍။ ဆလဝသေန၊ ဆလဝါဒ၏ အစွမ်းဖြင့်။ ပုဂ္ဂလဿ၊ ၏။ ဝါ၊ ကို။ ရူပါဒီဟိ၊ ရုပ်အစရှိသည်တို့ဖြင့်။ ဥပလဒ္ဓိသာမညံ၊ ပညာဖြင့်ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ် ရနိုင်ခြင်းအားဖြင့် တူသည်၏အဖြစ်သို့။ အာရော-ပေတွာ၊တင်၍။ အညတ္ထာနုယောဂေါ၊ ကို။ (ပရဝါဒိနာ၊ သည်။)ကတော၂၊

၁။ **အညတ္ထ ပဋိညံ ကာရေတ္ဝာ။** ။ပါဠိတော်၌ ပရဝါဒီ၏ ပုစ္ဆာဝယ် "ရူပံ ဥပလဗ္ဘတိ။ ပေ ။အည်း ရူပံ အညာဝေဒနာတိ"ဟု မေး၏။ သကဝါဒီက "အာမန္တာ" ဟု ဝန်ခံ၏။ ဤ ပုစ္ဆာ ဝိသဇ္ဇနာ ၂-ရပ်သည် အနုလောမတုန်းက အတိုင်းပင် ဖြစ်၏။ ထို့ကြောင့် "အနုလောမ ဝသေနေဝ ရူပဝေဒနာဒီနံ အညတ္ထ ပဋိညံ ကာရေတွာ" ဟု ဆိုသည်။

၂။ **ပုန အတ္ထိ ပုဂ္ဂလောတိ။ပေ။ ကတော။** ။ထို့နောက် "အတ္ထိ ပုဂ္ဂလော" စသော ဘုရားစကားတော်ကို မှီ၍ ပုဂ္ဂလနှင့် ရူပ စသည်တို့ ရအပ်ချင်း တူသည်၏ အဖြစ်ကိုဌင်း, "ရူပဋ္ဌ ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန"ဟု တင်ခြင်းကိုဌင်း ရူပါဒီဟိ ဥပလဒ္ဓိ သာမညံ အာရောပေတွာ"ဟု ဆိုသည်။ ထို့နောက် "အည်း ရူပံ အညော-ပုဂ္ဂလော"ဟု မေးခြင်းကို "အညတ္ထာနုယောဂေါ"ဟု ဆိုသည်။

အပ်ပြီ။ ဣဓာပိ၊ ဤ ပရ၀ါဒိပက္ခ၌လည်း။ သေသံ၊ သည်။ အတ္ထတော၊ အားဖြင့်။ ဥတ္တာနမေ၀၊ ပေါ်လွင် ထင်ရှားသည်သာ။ ဓမ္မတောပိ၊ ပါဠိတော်အားဖြင့်လည်း။ သက၀ါဒိပက္ခေ၊ ၌။ ၀ုတ္တနယေန၊ ဖြင့်။ ဝိသာဓိကာနိ၊ ကုန်သော။ နဝ ပဋိကမ္မပဋ္ဌကသတာနိ[၁]၊ တို့ကို။ ဒဿိတာနိ၊ အပ်ကုန်ပြီ။

ရူပါဒိဟိ၊ ရူပ်အစရှိသည်တို့နှင့်။ သဒ္ဒိ[ံ]၊ တကွ။ သြပမ္မ၀သေန၊ ဖြင့်။ သစ္စိကဋ္ဌသံသန္ဒနံ၊ သည်။ (နိဋ္ဌိတံ၊ ပြီးပြီ။)

၇-စတုက္ကနယသံသန္ဒန[၂]အဖွင့်

၄၄—၅၂။ ဣဒါနိ၊ သြပမ္မသံသန္ဒကို ဟောတော်မူပြီးရာ ယခုအခါ၌။ ယံ(အတ္ထဇာတံ)၊ အကြင် ပဂ်ိုလ် ဟူသော အနုက် သဘောကို။ သစ္စိကဋ္ဌ ပရမတ္ထေန၊ သစ္စိကဋ္ဌ-ပရမတ္ထအဖြစ်ဖြင့်။ ဥပလဗ္ဘတိ၊ ၏။ ဧတေန(အတ္ထဇာတေန)၊ ထိုပဂ်ိုလ်ဟူသောအနက်သဘောသည်။ယသ္မာ၊ကြောင့်၊ရူပါဒိသု၊ရူပ်အစရှိကုန်သော။ သတ္တာပညာသာယ၊ ငါးဆယ့် ခုနစ်ပါးသော။ သစ္စိကဋ္ဌ ပရမတ္ထသု၊ တို့တွင်။ အညတရေန၊ အမှတ်မထား တပါးပါးသည်။ ဘ၀ိတဗ္ဗံ၊ ဖြစ်သင့်၏။ ၀ါ၊ သို့မဟုတ်။ ရူပါဒိနိဿိတေန၊ ရူပ်အစရှိသည်တို့၌ မှီသည်။ (ဘ၀ိတဗ္ဗံ၊ ၏။) ၀ါ၊ သို့မဟုတ်။ ရူပါဒီဟိ၊ ရူပ်အစရှိသည်တို့ကို။ အညတြ၊ ကျဉ်၍။ (ဘ၀ိတဗ္ဗံ)။ ၀ါ၊ သို့မဟုတ်။ ရူပါဒိနံ၊ တို့၏။ နိဿယေန[၃]၊ မှီရာသည်။ (ဘ၀ိတဗ္ဗံ)။ တသ္မာ၊ ကြောင့်။ ဣမိနာ စတုက္ကနယေန၊ ဤ စတုက္က နည်းဖြင့်။

၁။ **ပဋိကမ္မ ပဋ္ဌကသတာနိ။** ။ပါဠိတော်၀ယ် ပရ၀ါဒိပက္ခ၌ "အာဇာနာဟိ-ပဋိကမ်မံ"ဟု ရှိသောကြောင့် "ပဋိကမ္မ ပဋ္ဌက သတာနိ"ဟု ဆိုသည်။ နိဂ္ဂဟဓနရာ၀ယ် "ပဋိကမ္မ"ဟု သုံးစွဲထားသောကြောင့် နိဂ္ဂဟပဋ္ဌကကဲ့သို့ ပဋိကမ္မလည်း ပဋ္ဌကပင် ရှိရသည်။

၂။ **စတုက္ကနယ သံသန္ဒနံ။** ။ရူပံ ပဂ္ဂလော, ရူပသ္မိ ပုဂ္ဂလော, အညတြ ရူပါ ပုဂ္ဂလော, ပုဂ္ဂလသ္မိ ရူပံ ဤသို့ နည်းလေးမျိုးဖြင့် သစ္စိကဋ္ဌ ပုဂ္ဂလကို နှိုးနှောချပြရာ အခက်းကို "စတုက္ကနယ သံသန္ဒန"ဟု ခေါ်သည်။ ["စတုက္ကနယေန ရူပါဒိဟိ သဒ္ဒိ-ပုဂ္ဂလဿ သံသန္ဒနံ စတုက္ကနယ သံသန္ဒနံ"ဟု သြပမ္မသံသန္ဒနကို မှီ၍ သမာသ်တွဲပါ။]

၃။ **ဧတေန ယသ္မာ၊ဧပ၊ နိဿဓယန။** ။ဧကေန ယသ္မာ စသောပါဌ်ဖြင့် ပါဠိတော်၌ လာသော လေးနည်းကို ပြ၏။ မှန်၏။ ပါဠိတော်၌ "ရူပံ ပုဂ္ဂလော"ကို ရည်ရွယ်၍ "ဧတေန အညတရေန ဘ၀ိတဗ္ဗံ"ဟုငြား, ရူပသ္မိ ပုဂ္ဂလော"ကို ရည်ရွယ်၍ "ရူပါဒိ-နိဿိတေန ၀ါ"ဟုငြား, "အညတြ ရူပါ ပုဂ္ဂလော"ကို ရည်ရွယ်၍ "အညတြ ၀ါ ရူပါဒီဟိ"ဟုငြား, ပုဂ္ဂလသ္မိ ရူပံ"ကို ရည်ရွယ်၍ "ရူပါဒိနံ ၀ါ နိဿယေန" ဟုငြား ၄-မျိုးပြသည်။ [ဧတေန ယသ္မာ-မှ ဧတေနနှင့် ဘ၀ိတဗ္ဗံကို နောက် "နိဿယေန"တို့ အောင် လိုက်ပါစေ။]

သစ္စံကဋ္ဌ သံသန္ဒနံ၊ သစ္စံကဋ္ဌ ဖြစ်သော ပုဂ္ဂိုလ်ကို ရုပ်အစရှိသည်တို့နှင့်တကွ နှီးနှောရာအခင်းကို။ (အာယသ္မတာ မောဂ္ဂလိပုတ္တတိဿတ္ထေရေန)။ အာရဒ္ဓံ၊ အပ်ပြီ။ တတ္ထ၊ ထိုစတုက္ကနယ သံသန္ဒနဋ္ဌ။ ရူပံ ပုဂ္ဂလောတိ၊ ဟူသော။ အနုယောဂေါ၊ သည်။ သကဝါဒိဿ၊ ၏ မေးစိစစ်ခြင်းတည်း။ ဥစ္ဆေဒဒိဋ္ဌိ-ဘယေန၁၊ ဥစ္ဆေဒဒိဋ္ဌိမှ ကြောက်ခြင်းကြောင့်။ န ဟေဝါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ဟူ၍။ ပဋိက္ခေပေါ၊ သည်။ ပရဝါဒိဿ၊ ၏ ပယ်ခြင်းတည်း။ နိဂ္ဂဟာရောပနံ၊ နှိပ်ကြောင်းအပြစ်သို့ တင်ခြင်းသည်။ သကဝါဒိဿ၊ ၏ တင်ခြင်းတည်း။ ပန၊ ပရိဟာရပက္ခမ္မတပါး စောဒကပက္ခကို ဆိုဦးအံ့။ ဧတံ၊ ဤ နိဂ္ဂဟာရောပန သည်။ ယုတ္တံ ကိ၊ သင့်ပါသလော။ ရူပံ ဝေဒနာတိ၊ ဟူ၍။ ဝုတ္တမ္ပိ၊ ဆိုအပ်သော ပြဿနာသည်လည်း။ ဝါ၊ ကိုလည်း။ ပဋိက္ခိပိတဗ္ဗမေဝ၂၊ ပယ်သင့်သည်သာ။ (ဟောတိ) နနု၊ ဖြစ်သည် မဟုတ်ပါလော။ ဣတိ၊ ဤကား စောဒနာတည်း။ အာမ၊ အိမ်း။ (ရူပံ ဝေဒနာတိ၊ ဟူ၍။ ဝုတ္တမ္ပိ၊ ဆိုအပ်သော ပြဿနာ သည်လည်း။ ဝါ၊ ကိုလည်း။) ပဋိက္ခိပိတဗ္ဗံ၊ ပယ်သင့်သည်။ (ဟောတိ)။ ပန၊ ထိုသို့ပင် ပယ်သင့်ပါသော်လည်း။ တံ၊ ထိုသို့ ပယ်ခြင်းသည်။ ရူပတော၊ မှ။ ဝေဒနာယ၊ ဝေဒနာ၏။အညသဘာဝ သုဗ္ဘာဝတော၃၊

၁။ **ဥစ္ဆေဒဒိဋ္ဌိဘယေန။** ။ရုပ်ဝေဒနာစသော ပရမတ္ထတရားတို့သည် ဘင်ခဏာ၌ ပျက်ကြ၏။ "ရူပံ ပုဂ္ဂလော-ရုပ်သည် ပုဂ္ဂိုလ်လော" မေးရာ၌ အာမန္တာဟု ဝန်ခံလိုက်လျှင် ပုဂ္ဂလဇည်း ရုပ်နှင့်အတူ ပျက်ရတော့မည်။ ထိုသို့ပျက်လျှင် အတ္တ သတ္တ ဇီဝ ဟူသော ပုဂ္ဂလသည် နိစ္စ ဓုဝ သဿတ မဟုတ်ပဲ ဥစ္ဆေဒဖြစ်၏။ ဤသို့ ဥစ္ဆေဒ-ဒိဋ္ဌိ ဖြစ်မည်မှ ကြောက်ခြင်းကြောင့် "နဟေဝံ ဝတ္တဗ္ဗေ-ရုပ်သည် ပုဂ္ဂိုလ်တည်းဟု မဆိုလိုပါ"ဟု ပယ်လေသည်။

၂။ **ကိံ ပနေတံ ယုတ္တံ။ပေ ။မေဝါတိ။** ။တော်ဖြင့် ရှေ့ဝါကျ၌ ရှိသော "နိဂ္ဂဟာရောပနံ"ကို စွဲပါ။ "ရုပ်သည် ဝေဒနာလော"ဟု မေးလျှင် "န ဟေဝံ-ဝတ္တဗ္ဗေ"ဟု ပယ်ရမည်သာ မဟုတ်ပါလော။ ထို့ကြောင့် "ရူပံ ပုဂ္ဂလော"ဟု မေးရာ၌ "န ဟေဝံ ဝတ္တဗ္ဗေ"ဟု ပယ်ခြင်းသည် ပယ်ထိုက်သည်ကို ပယ်ခြင်းဖြစ်သောကြောင့် သကဝါဒီက "နိဂ္ဂဟာရောပန (နှိပ်ကြောင်းအပြစ်သို့ တင်ခြင်းသည်) သင့်ပါမည်လော"ဟု ပုစ္ဆာထုတ်သည်။ [အပြစ်မတင်သင့်"ဟု စောဒက ပုဂ္ဂိုလ်က ဆိုလိုသည်။]

၃။ **အာမ။ပေ ။သုဗ္ဘာဝတော။** ။"နနု။ပေ ။ပဋိက္ခိပိတဗ္ဗမေဝ" ဟူသော အာဘောဂဝါကျကို "အာမပဋိက္ခိပိတဗ္ဗံ" ဟု ဝန်ခံ၍ ထိုသို့ ပယ်ရခြင်း၏ အကြောင်းကို ပြုသိုသောကြောင့် "အညသဘာဝသုဗ္ဘာဝတော"ဟု မိန့်သည်။ရုပ်သည် ရုပ်မှန သဘောရှိ၏။ ရုပ်မှ တပါးသော ဝေဒနာသည် ဝေဒိယနသဘောရှိ၏။ ဤသို့ ရုပ်၏ သဘောမှ တမျိုးတခြားသော သဘော၏ ဝေဒနာ၌ ထင်ရှားရှိသောကြောင့် "ရူပံ ဝေဒနာ-ရုပ်သည် ဝေဒနာလော" မေးရာ၌ ပယ်မှု ပြုသင့်၏။

ရုပ္ပန သဘောမှ တပါးသော ဝေဒိယနသဘော၏ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်။ (ပဋိက္ခိပိတဗ္ဗံ၊ ပယ်သင့်သည်။ ဟောတိ။) အညတ္တာဘာဝတော၊ ရုပ်မှ တမျိုးတခြား အဖြစ်၏ မရှိခြင်းကြောင့်။ (ပဋိက္ခိပိတဗ္ဗံ၊ သည်။) နဟောတိ)၊ မဟုတ်။

စ၊ မှန်၏။ အယံ၊ ဤ ပရဝါဒီသည်။ ရူပါဒီသု၊ ရုပ်အစရှိသော ငါးဆယ့် ခုနစ်ပါးသော တရားတို့တွင်။ ကေဓမ္မတောပိ၊ တပါးသော တရားမှလည်း။ ပုဂ္ဂလဿ၊ ၏။ အညတ်၊ တမျိုးတခြားတပါးစီ၏အဖြစ်ကို။ နဥတ္ထိ၊ အလိုမရှိ။ တသ္မာ၊ ထို့သို့ အလိုမရှိသည်၏ အဖြစ်ကြောင့်။ (ဧတံ နိဂ္ဂဟာရောပနံ၊ သည်။) ယုတ္တံ၇၊ သင့်၏။

စ၊ ဆက်။ အယံ အနုယောဂေါ၊ ဤ ရုပံ ပုဂ္ဂလော စသော မေးစိစစ်ခြင်းကို။ ရုပံ ပုဂ္ဂလော ဧဝဒနာ ပုဂ္ဂလော။ ပေ ။ အညာတာဝိန္ဒြိယံ ပုဂ္ဂလောတိ၊ ဟူသော။ သကလံ၊ အလုံးစုံသော။ ပရမတ္ထဒေသနံ၊ ငါးဆယ့် ခုနစ်ပါးသော ပရမတ္ထသစ္စာကို။ သန္ဓာယ၊ ၍။ (အာယသ္မတာ မောဂ္ဂလိပုတ္တတိဿထေရေန)၊ အာရဒ္ဓါ၇၊ အပ်ပြီ။ ပန၊ ထိုသို့ပင် အလုံးစုံသော ပရမတ္ထသစ္စာကို ရည်ရွယ်၍ အားထုတ်တော်မူအပ်ပါသော်လည်း။ သကလံ၊ အလုံးစုံသော ပရမတ္ထသစ္စာကို။ ပစ္ဆတ္တလက္ခဏဝသေန၊ အသီးသီးသော မိမိ

၁။ နအညတ္တာဘာဝတောတိ။ ။"ရူပံ ပုဂ္ဂလော"ဟု မေးရာ၌ကား ပုဂ္ဂိုလ်သည် ပရဝါဒီ အယူအားဖြင့် အညတ္တာမဟုတ်။ "ရုပ်စသော ပရမတ္ထမှဘာပါး ပုဂ္ဂိုလ်ဟူ၍ မရှိ"ဟု ပရဝါဒီက ယူဆသည်။ထိုသို့ ပုဂ္ဂလက ရုပ်မှ အညတ္တ အဖြစ်၏ မရှိခြင်းကြောင့်"ရူပံ ပုဂ္ဂလော"ဟုမေးရာ၌"နဟေဝံ ဝတ္တဗ္ဗေ"ဟု မပယ်ထိုက်။"အာမန္တာ"ဟုသာ ဝန်ခံထိုက်သည်-ဟူလို။

၂။ အာယသ္မာ။ ပေ ။နဥန္တိ။ ။"အညတ္တ+အဘာဝတော"၏ ဒဋ္ဌီတည်း။ပရဝါဒီသည် ရုပ်စသော ပရမတ္ထမှဘာပါး ပုဂ္ဂိုလ်ဟု သီးခြားအဖြစ်ကို အလိုမရှိ။ ထို့ကြောင့် "နအညတ္တ+အဘာဝတော"ဟူသော ဟိတ်သည် ပရဝါဒီ၏ အလိုအတိုင်း ဖြစ်သောကြောင့် မှန်သည်-ဟူလို။

၃။ တသ္မာ ယုတ္တံ။ ။တသ္မာဖြင့် "အာမ ပဋိက္ခိပိတဗ္ဗံ"မှစ၍"နဥတ္ထိတ်"တိုင်အောင် စကားစုကို ပြန်၍ ညွှန်းသည်။ သကဝါဒီ၏ ပရဝါဒီအားပါဠိ နိဂ္ဂဟာရောပန(အပြစ်တင်ခြင်း)သည် အသင့်ပင် ဖြစ်သည်။ ထို့ကြောင့် "တသ္မာ ယုတ္တံ"သည် "ကဲ့ပနေတံ ယုတ္တံ"ကို ပြသော စကားဟု မှတ်ပါ။

၄။ အယဉ္စ။ ပေ ။အာရဒ္ဓါ၊ ။ပြတ်ပြီးသော စကားကို ပြန်၍ ဆက်သော ဝါကျ၊ရှေ့ဝါကျတည်း။ ပါဠိတော်၌ "ရူပံ ပုဂ္ဂလော ဖမေးသည် သကဝါဒီ၏ မေးပုံရင်းဖြစ်လျှင် ပရမတ္ထအားလုံးကို "ပုဂ္ဂိုလ်"ဟု ယူနေသော ပရဝါဒီအတွက် "ရုပ်တစိတ်ကို ပုဂ္ဂိုလ်လော"ဟု မေးရာ၌ "နဟေဝံ ဝတ္တဗ္ဗေ"ဟု ပယ်ခြင်းသည် ဖမသင့်ပင်ဖြစ်၏"ဟု ဘစုံတယောက်က ပြောစရာ ဖြစ်သောကြောင့် "အယဉ္စ။ ပေ ။

မိမိ၏ ရုပ္ပနလက္ခဏာ ဝေဒိယနလက္ခဏာ စသည်တို့၏ အစွမ်းဖြင့်။ ကေတော၊ တပေါင်းတည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နဿက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ကြောင့်။ တန္တိဝသေန၊ ပါဠိတော်အစဉ်၏ အစွမ်းဖြင့်။ ဧတံ အနုယောဂ-လက္ခဏာ မတ္တံ၊ ဤ မေးစိစစ်ကြောင်း လက္ခဏာမျှကို။ ထပိတံ၁၊ ထားတော်မူအပ်ပြီ။တေန၊ ကြောင့်။ (ထိုသို့ အနုယောဂ လက္ခဏာမျှကို ထားတော်မူအပ်သည်၏ အဖြစ်ကြောင့်။) ဝိညူ၊ အကျယ် သိမြင် ပညာရှင်တို့သည်။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ ဝိဘာဝေန္တိ၂၊ ထင်စွာ ဖြစ်စေနိုင်ကြကုန်၏။

ပန၊ ဆက်။ ဝါဒကာမေန၊ ဝါဒကို အလိုရှိသော သကဝါဒီသည်။ (ဝတ္တာမ့်ဌ်၌ စပ်။) ဤမဲ့ လက္ခဏံ၊ ဤ အနုယောဂလက္ခဏာကို။ ဂဟေတ္ဝာ၊ ယူ၍။ ယထာ ယထာ၊ အကြင် အကြင် အခြင်းအရာအားဖြင့် ပြောဆို လသော်။ ပရဝါဒိဿ၊ ၏။ သြကာသော၊ စောဒနာခွင့်သည်။ နဟောတိ၊ မဖြစ်။ တထာ တထာ၊ ထိုထိုအခြင်းအရာအားဖြင့်။ (ပရဝါဒီ အခွင့်မရနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။) ဝတ္တာဗ္ဗံ၊ ဆိုထိုက်၏။ ဣတိ၊ ဤသို့။ တန္တိဝသေန၊ ဖြင့်။ အနုယောဂလက္ခဏာဿ၊ မေးစိစစ်ကြောင်း လက္ခဏာ၏။ ဝါ၊ ကို။ ထပိတတ္တာ၊ ထားတော်မူအပ်သည်၏အဖြစ်ကြောင့်။ (ဧတံ နိဂ္ဂဟာရောပနံ၊ သည်။) ယုတ္တမေဝ၃၊ သင့်သည်သာ။ ဤမိနာ နယေန၊

အာရဒ္ဓေါ''ဟု မိန့်သည်။ သကဝါဒီသည် ''ရူပံ ပုဂ္ဂလော''ဟု ပုစ္ဆာထုတ်ရာ၌ တဆက်တည်း ''ဝေဒနာ ပုဂ္ဂလော။ပေ။ အညာတာဝိန္ဒြိယံ ပုဂ္ဂလော''ဟု ပရမတ္ထ ၅၇-ပါးလုံးကို ရည်ရွယ်၍ ပုစ္ဆာထုတ်လိုရင်းဖြစ်၏။ ထို့ကြောင့် မပယ်ထိုက်သည်ကို ပယ်သော ပရဝါဒီ အပေါ်၌ နိဂ္ဂဟ တင်ခြင်းသည် သင့်သည်သာ။

၁။ **သကလံ ပန။ ဧပေ။ ထပိတံ။** ။''ပရမတ္ထ အားလုံးကို ပုဂ္ဂိုလ်လော''ဟု မေးလိုလျှင် ဘာကြောင့် တပေါင်းတည်း မမေးပါသနည်းဟု မေးဘွယ်ရှိသောကြောင့် ''သကလံ ပန''စသည်ကို မိန့်။ ကိုယ့်သက္ခဏာနှင့်ကိုယ် ရှိနေကြသော် ပရမတ္ထတရား အားလုံးကို ပေါင်း၍ မေးခြင်းငှါ မဖြစ်နိုင်သောကြောင့် (ပေါင်း၍ မေးလျှင် အသီးအသီး လက္ခဏာ မထင်ရှားနိုင်သောကြောင့်) ''ရုပ္ပနလက္ခဏာရှိသော ရုပ်သည် ပုဂ္ဂိုလ်ဧလော''စသည်ဖြင့် တရား အစဉ်၏ အစွမ်းဖြင့် မေးပုံလက္ခဏာကို ထားရသည်-ဟူလို။

၂။ **ဧတေန ဝိညူ။ဧပေ။ဝိဘာဝေန္တိ။** ။ဆိုသို့''ရူပံ ပုဂ္ဂလော ဝေဒနာ ပုဂ္ဂလော''စသောအစဉ်၏ အစွမ်းဖြင့် မေးစိစစ်ပုံလက္ခဏာကို ထားခြင်းကြောင့် ဝိညူပုဂ္ဂိုလ်မှာ (တွေးဝခြင်းမရှိပဲ) ''ပရမတ္ထအားလုံးကို ပုဂ္ဂိုလ်လော''ဟူသော အမေး၏ အနက်အဓိပ္ပါယ်ကို ထင်ရှားအောင် ဖွင့်ပြနိုင်ကြပါသည်။

၃။ **ဣတိ။ ဧပေ ။ယုတ္တမေဝ။** ။ဤသို့ ပရမတ္ထအားလုံးကို အစဉ်အားဖြင့် မေးပုံလက္ခဏာကို ထားခြင်းဖြစ်သောကြောင့် မပယ်ထိုက်ပဲလျက် ပယ်သော ပရဝါဒီ အပေါ်၌ နိဂ္ဂဟာရောပနသည် သင့်သည်သာ။

ဤဆိုအပ်ပြီးသောနည်းဖြင့်။ သဗ္ဗာနုယောဂေသု၊ အလုံးစုံသော မေးစိစစ် ခြင်းတို့၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ပန၊ အနည်းငယ် ဆိုဘွယ်အထူးကား။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ ဝိသေသော[၁]၊ အထူးတည်း။ ရူပသ္မိံ ပုဂ္ဂလော[၂]တိအာဒီသု၊ အစရှိသော ပါဠိရပ်တို့၌။ (ဝတ္တုံ ဝန္နတိ၌ စပ်။) ဧကံ၊ သော။ မဟာဘူတံ၊ ကို။ နိဿာယ၊ မှီ၍။ တယော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ (ဟောန္တိ)။ ဝတ္ထုံရူပံ၊ ဟဒယဝတ္ထုံရူပ်ကို။ နိဿာယ၊ ၍။ ရူပသ္မိံ၊ ၌။ ဝိညာဏံ၊ ဝိညာဉ်သည်။ (ဟောတိ)။ ဣတိ၊ သို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝန္နတိ ယထာ၊ သင့်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တေ၊ အသင်၏။ ပုဂ္ဂလော၊ ကို။ ရူပသ္မိံ၊ ၌။ (ဥပလဗ္ဘတိ၊ ၏။) ဣတိ၊ သို့။ ဝတ္တုံ၊ ငှာ။ ဝန္နတိ ကိံ၊ သင့်သလော။ စ၊သည်သာမကသေး။ သဘာဝဝိနိဗ္ဘောဂတော[၃]၊ရူပဉနသဘောမှ တပါးသော ဝေဒိယန စဇသော သဘောတို့၏ အသီးအခြားဖြစ်ကုန်သည်၏အဖြစ်ကြောင့်။' ဝေဒနာဒယော၊ ဝေဒန အစရှိကုန်သော။ သဗ္ဗမ္မာ၊ အလုံးစုံသော တရား တို့ကို။ (ရူပါ၊ ရူပ်ကို။ အညတြ၊ ကြဉ်၍။ ဥပလဗ္ဘန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝတ္တုံ၊ ငှာ။ ဝန္နတိယထာ၊ ကဲ့သို့ဌင်း။) ဝါ ပန၊ တနည်းကား။ အရူပါ၊ နာမ်ဖြစ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့ကို။ (ရူပါ၊ ကို။ အညတြ၊ ၍။ ဥပလဗ္ဘန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝတ္တုံ၊ ငှာ။ ဝန္နတိယထာ၊

၁။ **အယံ ပန ဝိသေသော**။ ။"ဣမိနာ နယေန သဗ္ဗာနုယောဂေသု (ရူပသ္မိံ ပုဂ္ဂလော စသော အလုံးစုံသော အနုယောဂတို့၌) အတ္ထော ဝေဒိတဗ္ဗော" ဟု ဆိုသောကြောင့် "အနည်းငယ်မျှ အထူးမရှိတော့ပြီလော"ဟု မေးဘွယ်ရှိရကား "အယံ ပန ဝိသေသော"ဟု မိန့်သည်၊ "အနည်းငယ် ထူးသေးသည်"ဟူလို။

၂။ **ရူပသ္မိံ ပုဂ္ဂလော။ ပေ ။ဝိညာဏသ္မိံ ရူပံ**။ ။ကြွင်းသော အနုယောဂ ၃-မျိုးတို့တွင် "ရူပသ္မိံ ပုဂ္ဂလော"နှင့်စပ်၍ မဟာဘုတ်တပါးကို မှီသော မဟာဘုတ် ၃-ပါးသည် "ရူပသ္မိံ မဟာဘူထာ-ရုပ်၌ ဖြစ်သော မဟာဘုတ်တို့"ဟု ဆိုထိုက် သကဲ့သို့ဌင်း, ဟဒယဝတ္ထုရုပ်ကို မှီသော ဝိညာဉ်ကို "ရူပသ္မိံ ဝိညာဏံ"ဟု ဆိုထိုက် သကဲ့သို့ဌင်း, ထို့ဖတူ သင်၏ ပုဂ္ဂလကို "ရုပ်၌ ရအပ်ပါသလော"ဟု မေးသည်း ထို့ဖတူ "ဖညတြ ရူပါ"နှင့်စပ်၍ မေးပုံကိုဌင်း, "ပုဂ္ဂလသ္မိံ ရူပံ"နှင့်စပ်၍ မေးပုံ ကိုဌင်း ဥပမာပြု၍ ဖွင့်ပြသည်။

၃။ **သဘာဝဝိနိဗ္ဘောဂတော**။ ။ပရမတ္ထ သဘောတရားတို့၏ ရူပဉနသဘော ဝေဒိယနသဘော စသောအ ားဖြင့် အသီးအသီးဖြစ်နိုင်သည်ကို "သဘာဝဝိနိဗ္ဘောဂ" ဟု ဆိုသည်၊ ထိုသို့သဘောအ ားဖြင့် အသီးသီးဖြစ်နိုင်ခြင်းကြောင့် "ဝေဒနာ စသော တရားတို့သည် ရုပ်ကိုကြဉ်၍ ရအပ် ရနိုင်ကုန်သကဲ့သို့"ဟု ဆိုသည်။ [စာအုပ်တို့၌ "သဘာဂဝိနိဗ္ဘောဂတော"ဟု ပါဠိပျက်၏။ အနုဋီကာ၌ "သဘာဝေန ဝိနိဘုဇ-တဗ္ဗတော သဘာဝဘိန္နော ဟိ"စသည်ဖြင့် သဘာဝပုဒ်ကို ဖွင့်သည်။]

ဘဂဝတာ၊ သည်။ ဘိက္ခဝေ, ဣမာနိ စတ္တာရိ၊ ဤ ၄-ပါးတို့သည်။ သုဝိဒူရဝိဒူရာနိ၊ အလွန်ဝေးသည်၏ အဖြစ်ဖြင့် ဝေးသော အရာ (အဝေးဆုံး) တို့တည်း။ ကတမာနိ စတ္တာရိ။ ဘိက္ခဝေ, နဘဉ္စ၊ မိုးသည်ငင်း။ ပထဝီ စ၊ မြေကြီးသည်ငင်း။ ဣဒံ၊ ဤ မိုးနှင့် မြေကြီးသည်။ ပဌမံ၊ ရှေးဦးစွာသော။ သုဝိဒူရဝိဒူရံ၊ အလွန် ဝေးသည်၏ အဖြစ်ဖြင့် ဝေးသော အရာတည်း။ ဘိက္ခဝေ, သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ဩရိမံ၊ ဤ ဘက်၌ ဖြစ်သော။ တီရံ စ၊ ကမ်းသည်ငင်း။ ပါရိမံ၊ ဟိုဘက်၌ ဖြစ်သော။ တီရံ စ၊ ကမ်းသည်ငင်း။ ဣဒံ၊ ဤ သမုဒ္ဒရာ၏ ဤဘက်ကမ်း ဟိုဘက်ကမ်းသည်။ ဒုတိယံ၊ ၂-ခုမြောက် ဖြစ်သော။ သုဝိဒူရဝိဒူရံ၊ တည်း။ ဘိက္ခဝေ, ယတော၊ အကြင် အရပ်၌။ ဝေရောစနော၊ နေသည်။ အဘ္ဘုဒေတိ၊ ထွက်၏။ (တံ) စ၊ ထို နေ ထွက်ရာ အရပ်သည်ငင်း။ ယတ္ထ၊ အကြင် အရပ်၌။ (ဝေရောစနော၊ သည်။) အတ္ထံ၊ ချုပ်ခြင်းသို့။ ဧတိ၊ ရောက်၏။ (ဝင်၏၊ ဟူလို။) (တံ) စ၊ ထို နေဝင်ရာ အရပ်သည်ငင်း။ ဣဒံ၊ ဤ နေထွက်ရာ အရပ်နှင့် နေဝင်ရာ အရပ်သည်။ တတိယံ၊ ၃-ခုမြောက် ဖြစ်သော။ သုဝိဒူရဝိဒူရံ၊ တည်း။ ဘိက္ခဝေ, သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော စ၊ တရားသည်ငင်း။ အသတံ၊ မသူတော်တို့၏။ ဓမ္မော စ၊ သည်ငင်း။ ဣဒံ၊ ဤ သူတော်ကောင်း တို့၏ တရားနှင့် မသူတော်တို့၏ တရားသည်။ စတုတ္ထံ၊ ၄-ခုမြောက် ဖြစ်သော။ သုဝိဒူရဝိဒူရံ၊ တည်း။ ဘိက္ခဝေ, ဣမာနိ စတ္တာရိ၊ တို့သည်။ သုဝိဒူရဝိဒူရာနိ၊ တို့တည်း။

၈ ါထာနက်။ ။နဘဉ္စ၊ မိုးသည်လည်း။ ဒူရေ၊ မြေကြီးမှ ဝေး၏။ ပထဝီ စ၊ မြေကြီးသည်လည်း။ ဒူရေ၊ မိုးမှ ဝေး၏။ သမုဒ္ဒဿ၊ ၏။ ပါရံ၊ ဟိုဘက်ကမ်းသည်။ (အတ္ထိ၊) တံ၊ ထို ဟိုဘက်ကမ်း ကို။ ဒူရေ၊ ဤ ဘက်ကမ်းမှ ဝေး၏ ဟူ၍။ အာဟု၊ ဆိုကြ ကုန်ပြီ။ ယတော၊ အကြင် အရပ်၌။ ဝေရောစနော၊ သည်။ အဘ္ဘုဒေတိ၊ (တံ) စ၊ ထို နေထွက်ရာ အရပ်ကိုငင်း။ ယတ္ထ၊ ၌။ ပဘာကံရော၊ နေသည်။ အတ္ထံ ဧတိ။ (တံ) စ၊ ကိုငင်း။ (ဒူရေ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။) သတံ၊ တို့၏။ ဓမ္မံ စ၊ ကိုငင်း။ အသတံ၊ တို့၏။ ဓမ္မံ စ၊ ကိုငင်း။ ဟဝေ ၊စင်စစ်။ ဤတော၊ ထို မိုးနှင့် မြေကြီး, သမုဒ္ဒရာ၏ ဟို ဘက်ကမ်း

သည်ဘက်ကမ်း, နေထွက်ရာအရပ် နေဝင်ရာအရပ်တို့ထက်။
ဒူရတရံ၊ သာ၍ ဝေး၏ ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။

သတံ၊သူတော်ကောင်းတို့၏။ ဝါ၊ တို့နှင့်။သမာဂမော၊ ကောင်းစွာ တွေ့ကြုံပေါင်းဆုံ ရခြင်းသည်။အဗျာယိကော၊ ကင်း၍ဖြစ်ရခြင်း မရှိသည် (ကဲ့ရခြင်း မရှိသည်)။ ဟောတိ၊ ယာဝမိ့၊ အကြင်မျှလောက်လည်း။ တိဋ္ဌေယျ၊ (မသေပဲ)တည်ရာ၏။ (တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။) တထေဝ၊ ထို ပေါင်းဆုံမြဲ အခြင်းအရာ အားဖြင့် သာလျှင်။ဟောတိ၊ဟိ (ယသ္မာ)၊ ကြောင့်။ အသတံ၊ တို့၏။ ဝါ၊ တို့နှင့်။သမာဂမော၊ တကွ တွေ့ကြုံ ပေါင်းဆုံရခြင်းသည်။ ခိပ္ပံ၊ လျင်မြန်စွာ။ ဝေတိ၊ ပျက်တတ်၏။ တသ္မာ၊ ကြောင့်။သတံ၊ တို့၏။ ဓမ္မော၊ သည်။ အသတ္ထိ၊ မသူတော်တို့မှာ။ အာရကာ၊ ဝေးလှ၏။ ဣတိ ဝုတ္တံ နနု။ ပေ ။

၄၀၆။ နု ဝတ္တဗ္ဗံ။ ပေ ။ အာမန္တာ၊ ဘဂဝတာ, ယေ ဇနာ၊ အကြင် လူတို့သည်။ အာရာမရောပါ၊ လာလာသမျှ, မွေ့လျော်ကြရန်, ပန်းခြံ သစ်သီးခြံ တို့ကိုလည်း စိုက်ပျိုးကြကုန်၏။ ဝနရောပါ၊ တောအတွင်းမှာ ဝန်းခြံကာ၍ စေတီ စသည်နှင့်တကွ ညဉ့်နေရာ နေ့နေရာတို့ကို စိုက်ဆောက်ကြကုန်၏။ ဝါ၊ လာလာသမျှ ဆည်းကပ်ကြဖို့ တောသစ်ပင်တို့ ကိုလည်း စိုက်ပျိုးကြကုန်၏။ [ဝနရောပါတိ သယံဇာတေ အရောပိမဝနေ သိမံ ပရိက္ခိပိတ္ဝာ စေတိယဗောဓိစက်မနမဏ္ဍပကုဋိလေဏရတ္တိဋ္ဌာနဒိဝါဋ္ဌာနာနံ ကာရကာ၊ ဆာယူပဂေ ရုက္ခေ ရောပေတ္ဝာ ဒဒမာနာပိ ဝနရောပါယေဝ နာမ။—သဂါထာဝဂ္ဂဋ္ဌကထာ, ဒေဝတာသံယုတ်, ၅-ဝဂ်, ၇၊ သုတ်။ [သေတုကာရကာ၊ တံတားကို ပြုကြကုန်၏။ ယေ (ဇနာ)၊ တို့သည်။ ပပဉ္စ၊ ရေအိုးစည်ကိုဂုင်း။ [ပပန္တိ ပါနီယဒါနသာလံ။—ထိုအဋ္ဌကထာ။] ဥဒပါနဉ္စ၊ လေးထောင့်ကန် တဘက်ဆည်ကန် စသည်ကိုဂုင်း။ [ဥဒပါနန္တိ ယံ ကိဉ္စိ ပေါက္ခရဏီ တဋ္ဌာကာဒိံ ။—ထိုအဋ္ဌကထာ။] ဥပဿယံ၊ နေရာအိမ်ကျောင်းကိုဂုင်း။ [ဥပဿယန္တိ ဝါသဂါရံ။—ထိုအဋ္ဌကထာ။] ဒဒန္တိ၊ ပေးလှူကြကုန်၏။ တေသံ၊ ထိုလူတို့၏။ ဒိဝါ စ၊ နေ့အခါဋ္ဌဂုင်း။ ရတ္တော စ၊ ညဉ့်အခါဋ္ဌဂုင်း။ သဒါ၊ အခါခပ်သိမ်း။ .... [ယဒါ ယဒါ ပန အနုဿရတိ။ တဒါ တဒါ တဿ ဝစုတိ။—ထိုအဋ္ဌကထာ။] ပဝစုတိ၊ တိုးပွါး၏။ ဓမ္မဋ္ဌာ၊ ကုသလကမ္မပထတရား ဆယ်ပါးဋ္ဌ တည်ကုန်သော။ သီလသမ္ပန္နာ၊ သစ်သီးခြံ ပန်းခြံ စိုက်ပျိုးခြင်း စသော အလေ့အကျက်, ကိုယ်နှုတ်ကို စောင့်စည်းကြောင်း သီလနှင့်ပြည့်စုံကုန်သော။ တေ၊ ဇနာ၊ တို့သည်။ သဂ္ဂဂါမိနော၊ နတ်ပြည်သို့ ရောက်ရကုန်၏။ ဣတိ ဝုတ္တံ နနု။ ပေ ။

ဓမ္မဋ္ဌာ, သီလသမ္ပန္နာ။ ။ထို သဂါထာဝဂ္ဂဋ္ဌကထာ၌ "ဓမ္မဋ္ဌာ သီလ-သမ္ပန္နာတိ တသ္မိံ ဓမ္မေ ဋ္ဌိတတ္တာ တေနပိ သီလေန သမ္ပန္နတ္တာ ဓမ္မဋ္ဌာ သီလ-သမ္ပန္နာ"ဟုလည်း ဖွင့်၏။ တသ္မိံ ဓမ္မေ ဋ္ဌိတတ္တာတိ တသ္မိံ အာရာမရော-ပနာဒိ ဓမ္မေ ပတိဋ္ဌိတတ္တာ။ တေနပိ သီလေန သမ္ပန္နတ္တာတိ တေန ယထာ-ဝုတ္တဓမ္မေ ကတသီလေ ဌတ္ဝာ စိဏ္ဏေန, တဒဉ္ဇနပိ ကာယဝါစသီကသံဝရ-လက္ခဏေန သလေန သမန္နာဂတတ္တာ။—ထုဋ္ဌကာ။

နဝတ္တဗ္ဗံ။ ပေ ။ အာမန္တာ၊ ဘဂဝတာ၊ သည်။ ဘိက္ခဝေ, စတ္တာရော၊ ကုန်သော။ ဣမေ ပုညာဘိသန္ဒာ၊ မြစ်ရေအသွင် တသွင်သွင် တဒိုးဒိုး စိုးဆင်း နေသော ကောင်းမှု၏ အလျဉ်တို့သည်။ [ပုညာဘိသန္ဒာတိ ပုညဿ အဘိ-သန္ဒာ။—စတုက္ကဂ်ုတ္တရ၊ ဋ္ဌ, ဒု-ပံ, ၁-ဝဂ်, ၁-သုတ်။] ဣမေ ကုသလာဘိသန္ဒာ၊ မြစ်ရေအသွင် တသွင်သွင် တဒိုးဒိုး စိုးဆင်းနေသော ဤ ကုသိုလ်၏ အလျဉ် တို့သည်။ သုခဿ၊ သုခကို။ ဣမေ အာဟာရာ၊ ဤ ဆောင်တတ်သော ကောင်းမှု ကုသိုလ်တို့သည်။ သောဝဂ်ိကာ၊ လွန်စွာ မြတ်သော ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ကို ဖြစ်စေနိုင်ကုန်၏။ သုခဝိပါကာ၊ ကောင်း သော ဣဋ္ဌအကျိုးရှိကုန်၏။ သဂ္ဂသံဝတ္တနိကာ၊ နတ်ပြည်၌ ဖြစ်ခြင်း အကျိုးငှါ ဖြစ်ကုန်၏။ [သဂ္ဂေ+ဥပပတ္တိ သဂ္ဂေါ။ သဂ္ဂါယ+သံဝတ္တန္တီတိ သဂ္ဂသံဝတ္တ-နိကာ။—ထို အဋ္ဌကထာ။] ဣဋ္ဌာယ၊ အလို ရှိအပ်သော အရာ၏ အကျိုးငှါ။ ကန္တာယ၊ နှစ်သက်အပ်သော အရာ၏ အကျိုးငှါ။ မနာပါယ၊ စိတ်နှလုံးကို တိုးပွါးစေတတ်သော အရာ၏ အကျိုးငှါ။ ဟိတာယ၊ စီးပွါးအလို့ငှါ။ သုခါယ၊ ချမ်းသာ အလို့ငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ, ဘိက္ခု၊ သည်။ ယဿ၊ အကြင် အလ္လုရှင်၏။ စီဝရံ၊ ကို။ ပရိဘုဉ္ဇမာနော၊ သုံးစွဲလသော်။ အပ္ပမာဏံ၊ အတိုင်းအရှည် မရှိသော။ စေတော သမာဓိ၊ အရတ္တဖိုလ် စိတ်၌ ဖြစ်သော သမာဓိကို။ ဥပသပ္ပဇ္ဇ၊ ပြီးစေ၍။ ဝိဟရတိ၊ နေ၏။ တာသ၊ ထို အလ္လုရှင်၏။ အပ္ပမာဏော၊ အတိုင်း အရှည် မရှိသော။ ကုသလာဘိသန္ဒော၊ သည်။ ပေ ။ သောဝဂ်ိကော၊ ၏။ ပေ ။ သုခါယ၊ ငှါ။ သံဝတ္တတိ၊ ၏။ [ဆုမ်း ကျောင်း ဆေးတို့နှင့်စပ်၍လည်း နည်းတူ ဟောတော်မူသည်။] ဘိက္ခဝေ, ဣမေ ပုညာဘိသန္ဒာ၊ တို့သည်။ ပေ ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ ဝုတ္တံ နနု။ ပေ ။

၄၈၇။ ပရိဘောဂမယံ။ ပေ ။ အာမန္တာ၊ ဒါယကော၊ သည်။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ ပဋိဂ္ဂါဟကော၊ သည်။ ပဋိဂ္ဂဟေတ္ဝာ၊ အလ္လုခံပြီး၍။ န ပရိဘုဉ္ဇတိ၊ မသုံးစွဲ။ ဆဒ္ဒေတိ၊ သူတပါးတို့အား စွန့်၏။ ဝိသဋ္ဌေတိ၊ လွှတ်၏။ (စွန့်လှူ၏–ဟူလို။) ပုညံ။ သည်။ ဟောတိ၊ လော။ ဣတိ၊ အာမန္တာ၊ ဒါယကော၊ သည်။ ပေ။ ဝိသဋ္ဌေတိ၊ ၏။ ပုညံ၊ သည်။ ဟဋ္ဌေ ဟောတိ၊ အံ့။

(၆၀ သတိ၊) ရေ၊ ငါ့ရှင် ပရဝါဒီ။ ပရိဘောဂမယံ ပုညံ, ဝဈတိ၊ ၏။ ဣတိ၊ နော ဝတ္တွေ ဝတ၊ မဆိုထိုက်သည်သာ။ ဣတိ၊ သကဝါဒီ ဆုံးဖြတ်၏။

ပရိဘောဂမယံ။ ပေ ။ အာမန္တာ။ ဒါယကော ဒါနံ ဒေတိ၊ ၏။ ပဋိဂ္ဂါဟကော၊ အလ္လုခံ ပဋိဂ္ဂါလ်သည်။ [တတိယာအနက်၌ သတ္တမီ သက်ထား သည်။] ပဋိဂ္ဂဟိတေ၊ အလ္လုခံအပ်ပြီးသော်။ ရာဇာနော ဝါ၊ မင်းတို့သည် မူလည်း။ ဟရန္တိ၊ ဆောင်ကုန်၏။ စောရာ ဝါ၊ ခိုးသူ ဒမြတို့သည် မူလည်း။ ဟရန္တိ၊ ကုန်၏။ အဂ္ဂိ ဝါ၊ မီးသည်မူလည်း။ ဒဟတိ၊ လောင်၏။ ဥဒကံ ဝါ၊ ရေသည်မူလည်း။ ဝဟတိ၊ ဆောင်၏။ အပ္ပိယာ၊ မချစ် မနှစ်သက်အပ် ကုန်သော။ ဒါယာဒါ ဝါ၊ အမွေခံတို့သည်မူလည်း။ ဟရန္တိ၊ ကုန်၏။ ပုညံ၊ သည်။ ဟောတိ၊ လော။ ဣတိ။ အာမန္တာ။ ပေ ။

ပရိဘောဂမယပုညကထာ နိဋ္ဌိတာ။

၇-သတ္တမဝဂ်

(၆၈) ၆–ဣတောဒိန္နကထာ

၄၈၈။ ဣတော၊ ဤ လူဘဝမှ။ ဒိန္နေန၊ ပေးလှူအပ်သော ပစ္စည်းဖြင့်။ တတ္ထ၊ ထို ပြိတ္တာဘဝ၌။ ယာပေန္တိ၊ မျှတကြကုန်သလော။ ဣတိ၊ အာမန္တာ၊ ဣတော၊ ဤ လူဘဝမှ။ စိဝရံ၊ ကို။ ဒေန္တိ၊ ပေးလှူကုန်၏။ တံ စိဝရံ၊ ကို။ တတ္ထ၊ ထို ပြိတ္တာဘဝ၌။ ပရိဘုဉ္ဇန္တိ၊ သုံးစွဲကုန်သလော။ ဣတိ၊ န ဟေဝံ ဝတ္တွေ။ ပေ ။

ဣတော။ ပေ ။ အာမန္တာ၊ အညော၊ အခြားသူသည်။ အညဿ၊ အခြားသူသို့။ (ကမ္မာနံ၊ ကံတို့ကို။) ကာရကော၊ ပြုနိုင်သလော။ သုခ ဒုက္ခံ၊ ကို။ ပရံကတံ၊ သူတပါးတို့သည် ပြုအပ်သလော။ အညော၊ ခံစားသူမှ တပါးသော ပဋိဂ္ဂါလ်သည်။ ကရောတိ၊ လော။ အညော၊ ပြုသူမှ တပါးသော ပဋိဂ္ဂါလ်သည်။ ပဋိသံဝေဒေတိ၊ ခံစားသလော။ ဣတိ။ န ဟေဝံ ဝတ္တွေ။ပေ။

၄၈၉။ န ဝတ္တွေ။ ပေ ။ အာမန္တာ၊ ပေတာ၊ ပြိတ္တာတို့သည်။ [ဤ ပုဒ်၏ အဖွင့်ကို စတုတ္ထပါရာဇိက ဘာသာဋ္ဌီကာ, ပေတလောကော ပုဒ်အဖွင့်၌ ပြခဲ့ပြီ။] အတ္တာနော၊ ၏။ အတ္ထာယ၊ ငှါ။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ ပေးလှူသည်ကို။ (ဒိသ္ဝ၊ ၍။) အနုမောဒန္တိ၊ ဝမ်းမြောက်နိုင်ကုန်သလော။ စိတ္တံ၊ ကို။ ပသာဒေန္တိ၊ ကြည်လင်စေနိုင်ကုန်သလော။ ပိတိ၊ ပိတိကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေနိုင်ကုန်သလော။ သောမနဿံ၊ သော့မနဿ့ကို။ ပဋိလဘန္တိ၊ ရနိုင်ကုန်သလော။ ဣတိ၊ အာမန္တာ။ ပေ ။

နံ ဝတ္တာဗ္ဗံ။ ပေ ။ အာမန္တာ၊ ဘဂဝတာ, ဥန္ဒမေ၊ မြင့်မောက်သော ကုန်းမြေအဖို၌။ ဝုဋ္ဌံ၊ မိုးတိမ်တို့သည် ရွာချအပ်သော။ [မေဃေဟိ အဘိဝုဋ္ဌံ၊ခုဒ္ဒက-ပါဌဋ္ဌကထာ, တိရောကုဋ္ဋသုတ်။] ဥဒကံ၊ မိုးရေသည်။ နိန္နံ၊ နိမ့်သော မြေအဖို့သို့။ ပဝတ္တတိ ယထာ၊ ရောက်သကဲ့သို့။ [ပဝတ္တတိ ဂစ္ဆတိ ပါပုဏာ-တိ။–ခုဒ္ဒကပါဌဋ္ဌကထာ, တိရောကုဋ္ဋသုတ်အဖွင့်။] ဧဝ မေဝ၊ သာလျှင်။ ဣတော၊ ဤ ဘဝ၌။ ဒိန္နံ၊ ပေးလှူအပ်သော ပစ္စည်းသည်။ ပေတာနံ၊ ပြိတ္တာတို့၏ (သန္တာန်၌)။ ဥပကပ္ပတိ၊ ဖြစ်၏။ [ပေတာနံ ဥပကပ္ပတိ နိဗ္ဗတ္တတိ၊ ပါတု ဘဝတိတိ အတ္ထော။–ထို အဋ္ဌကထာ။]

ဝါရိဝဟာ၊ ခေါက်ငယ် ချောက်ကြီး စသည်တို့မှ ရေကို ဆောင်တတ်သော မြစ်ကြီးတို့သည်။ ပူရာ၊ ပြည့်ကုန်သည်။ (ဟုတ္ထာ၊ ၍။ ဝါ၊ သော်။) သာဂရံ၊ သမုဒ္ဒရာကို။ ပရိပူရေန္တိ ယထာ၊ ပြည့်စေကုန် သကဲ့သို့။ ဧဝမေဝ။ ပေ ။ ဥပကပ္ပတိ။ [ယထာ စ ကန္ဒရပဒရသာခါပသာခကုသောဗ္ဘ-မဟာကုသောဗ္ဘသန္ဒိပါတေဟိ (ချောက်ငယ် ချောက်ကြီး ရေလက်ငယ် ရေလက်ကြီး ထုံးအိုင်ငယ် ထုံးအိုင်ကြီးတို့၏ အစုအဝေးတို့မှ) ဝါရိဝဟာ-မဟာနဒ္ဓော ပူရာ ဟုတ္ထာ သာဂရံ ပရိပူရေန္တိ။–ထို အဋ္ဌကထာ။]

(မဟာရာဇ၊ ဇာ။) [ဗိမ္ဗိသာရမင်းကို မြတ်စွာဘုရားက ခေါ်တော်မူသည်။] တတ္ထ၊ ထို ပြိတ္တာတို့၏ နေရာ၌။ ကသိ၊ လယ်ထွန်ခြင်းသည်။ နာ အတ္ထိ၊ မရှိ။ ဇတ္ထ၊ ဤ ပြိတ္တာတို့၏ နေရာ၌။ ဂေါရက္ခာ၊ နွားကျောင်းခြင်းသည်။ ဝါ၊ နွားမွေးခြင်းသည်။ နာ ဝိဇ္ဇတိ၊ မရှိ။ တာဒိသိ၊ ထိုကဲ့သို့ ရှုအပ်သော (သမ္ပတ္တိကို ရကြောင်း ဖြစ်သော)။ ဝဏိဇ္ဇာ၊ ကုန်သွယ် ခြင်းသည်။ နတ္ထိ၊ ဟိရညေန၊ ရွှေငွေဖြင့်။ ကယာကယံ၊ ဝယ်ခြင်း ရောင်းခြင်းသည်။ (နတ္ထိ၊) ဣတော၊ ဤ လူ့ဘဝ၌။ ဒိန္နေန၊ ပေးလှူအပ်သော ပစ္စည်းဖြင့်။ ကာလင်္-တာ၊ ပြုအပ်ပြီးသော သေခြင်းရှိကုန်သော။ [ကတကာလာ။ ကတ-မရဏာတိ အတ္ထော။–ထို အဋ္ဌကထာ။ “ကာလဂတာ”ဟူသော ပါဌ်ကိုလည်း ဖွင့်သေး၏။ တတိယပါရာဇိက ဘာသာဋီကာ၌ ဤ နည်းနှင့်တကွ အခြားတနည်းကိုပါ ပြခဲ့ပြီ။ သုတ်မဟာဝဂ္ဂဋ္ဌကထာ, မဟာပဒါနသုတ်, ကာလ-ကတ ပုရိသဝဏ္ဏနာ၌ “ကာလ”ကို “အသက်ရှင်ထိုက်ရာ ကာလ”ဟု ဖွင့်သေး၏။] ဣတိ ဝုတ္တံ နနု။ ပေ ။

၄၉၁။ နံ ဝတ္တာဗ္ဗံ။ ပေ ။ အာမန္တာ၊ ဘဂဝတာ၊ သည်။ ဘိက္ခဝေ, ပဠု၊ ကုန်သော။ ဣမာနိ ဌာနာနိ၊ ဤ အရာတို့ကို။ သမ္ပဿန္တာ၊ ကောင်းစွာ မြော်မြင်ကုန်သော။ မာတာပိတရော၊ မိဘတို့သည်။ ကုလေ၊ အမျိုး၌။ ဇာယမာနံ၊ မွေးဖွားသော။ ပုတ္တံ၊ သားကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။

ကတမာနိ ပဉ္စ၊ တို့ကိုနည်း။ ဘဒ္ဓေါ၊ ငါတို့က မေ့မြုအပ်သည်။(ဟုတ္တာ) ဝါ၊ ၍လည်း။ နော၊ ငါတို့ကို။ ဘရိဿတိ၊ (ကြီးသောအခါ) ပြန်၍ မေ့မြုလတ္တံ့။ နော၊ ငါတို့၏။ ကိစ္စံ ဝါ၊ ကိစ္စကို မူလည်း။ ကရိဿတိ၊ (သူတို့ကိစ္စကို ထားခဲ့၍) ပြုလတ္တံ့။ ကုလဝံသော၊ အမျိုးအနွယ်သည်။ စိရံ၊ ကြာမြင့်စွာ။ ဌဿတိ၊ တည်ရစ်လတ္တံ့။ ဒါယဇ္ဇံ၊ အမွေကို။ ပဋိပဇ္ဇိဿတိ၊ ပြုကျင့်လတ္တံ့။(ဆက်ခံရစ်လတ္တံ့)။ အထ ဝါ ပန၊ သည်သာ မကသေး။ ကာလင်္ကတာနံ၊ ပြုအပ်ပြီးသော သေခြင်း ရှိကုန်သော။ ပေတာနံ၊ ဤ ဘဝမှ ကင်းကွာပြီးသော ငါတို့ဖို့။ (တမလွန်ဘဝ၌ ပြိတ္တာဖြစ်နေရသော ငါတို့ဖို့)။ ဒက္ခိဏံ၊ အလှူကို။ အနုပ္ပဒဿတိ၊ အမျှဝေကာ တဆင့် ပေးလှူ ရစ်လတ္တံ့။ [ဒက္ခိဏံ အနုပ္ပဒဿတိတိ ပတ္တိဒါနံ ကတ္တာ တတိယဒိဝသတော ပဋ္ဌာယ ဒါနံ အနုပ္ပဒဿတိ။—ပဉ္စဂ်ုတ္တရဋ္ဌကထာ, ၁- ပံ,၄-ဝဂ်, ၉- သုတ်။]

ဂါထာနက်။ ။ပဉ္စ၊ ကုန်သော။ ဌာနာနိ၊ တို့ကို။ သမ္မဿံ(သမ္မဿန္တာ)၊ ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိ မိဘတို့သည်။ ပုတ္တံ'ဏ္ဍစ္ဆန္တိ။ ပေ ။ စိရံ၊ စွာ။ တိဋ္ဌေ၊ တည်ရစ်လတ္တံ့။ ဒါယဇ္ဇံ၊ ကို။ ပဋိပဇ္ဇတိ၊ ပြုကျင့်ရစ်လတ္တံ့။ [တိဋ္ဌေ,ပဋိပဇ္ဇတိတို့ဝယ် အနာဂတ် အနက်၌ ဝတ္တမာန် ဝိဘတ် သက်ထားသည်။] ပေ။ ဇတောနိ ဌာနာနိ၊ တို့ကို။ သမ္မဿံ(သမ္မဿန္တာ) ပဏ္ဍိတာ ပုတ္တံ ဏ္ဍစ္ဆန္တိ။ သန္တော၊ ချီးမွမ်းအပ်ကုန်သော။ ကတညူ၊ ပြုအပ်ဘူးသော မိဘကျေးဇူးကို သိကုန်သော။ ကတဝေဒိနော၊ ပြုအပ်ဘူးသော မိဘကျေးဇူးကို ထင်ရှားစေတတ်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ မာတာပိတရော၊ တို့ကို။ ပုဗ္ဗေ၊ ရှေး၌။ ကတံ၊ ပြုအပ်ဘူးသော ကျေးဇူးကို။ အနုဿရံ (အနုဿရန္တာ)၊ အဖန်ဖန် အမှတ်ရကုန်လျက်။ ဘရန္တိ၊ ပြန်၍ မေ့မြုကြကုန်၏။ ပုဗ္ဗကာရိနံ၊ရှေး၌ ကျေးဇူးပြုကြကုန်သော။ တေသံ၊ ထို မိဘတို့၏။ ကိစ္စာနိ၊ ကိစ္စတို့ကို။ ကရောန္တိ၊ (ကိုယ့် ကိစ္စကို ထားခဲ့၍) ပြုကြကုန်၏။ ["ယထာ တံ" အနက်မရှိ။] သြဝါဒကာရီ၊ မိဘတို့၏ သြဝါဒကို ပြုသော။ ဝါ၊ မိဘတို့၏ သြဝါဒကို လိုက်နာသော။ ဘဒ္ဒပေါသီ၊ မိမိကို မွေးမြုခဲ့သော မိဘတို့ကို ပြန်၍ မွေးမြုသော။ [သြဝါဒကာရီတိ မာတာပိတူဟိ ဒိန္နဿ သြဝါဒဿ ကတ္တာ။ ဘဒ္ဒပေါသီတိ ယေဟိ ဘဒ္ဒော၊ တေသံ ပေါသကော။ ထို အဋ္ဌကထာ။] ကုလဝံသံ၊ အမျိုးအနွယ်ကို။ အဟာပယံ (အဟာပယန္တော)၊ မဆုတ်ယုတ် စေတတ်သော။ သဒ္ဓေါ၊ သဒ္ဓါရှိသော။ သီလေန၊ သီလနှင့်။

သမ္ပဇန္နော၊ ပြည့်စုံသော။ ပုတ္တော၊ သည်။ ဝါ၊ ကို။ ပသံ-သိယော၊ မျက်မှောက်ဘဝ၌ပင် လူအပေါင်းက ချီးမွမ်းအပ်သည်။ ဟောတိ။ [ပသံသိယောတိ ဒိဋ္ဌေဝ ဓမ္မေ မဟာဇနေန ပသံသိတဗ္ဗော ဟောတိ။ ထိုအဋ္ဌကထာ။] ဣတိ ဝုတ္တံ နနု ။ပေ။

ဣတော ဒိန္နကထာ နိဋ္ဌိတာ။

၇-သတ္တမဝဂ်

(၆၉)၇-ပထဝီ ကမ္မဝိပါကောတိကထာ

၄၉၂။ ပထဝီ၊ မြေကြီးသည်။ ကမ္မဝိပါကော၊ ကံ၏ အကျိုးလော။ ဣတိ၊ အာမန္တာ၊ (ပထဝီ၊ သည်။) သုခဝေဒနီယာ၊ သုခဝေဒနာ၏ စီးပွါးလော။ ဒုက္ခဝေဒနီယာ၊ လော။ အဒုက္ခမသုခဝေဒနီယာ၊ လော။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ သမ္ပယုတ်လော။ပေ။ သာရမ္မဏာ၊ အာရုံနှင့်တကွဖြစ်သလော။ တာယ၊ ထို ပထဝီကို။ အာဝဋ္ဋနာ၊ လည်စေနိုင်သော အာဝဇ္ဇန်းသည်။ အတ္ထိ၊ လော။ အာဘောဂေါ၊ နှုလုံးသွင်းခြင်းသည်။ (အတ္ထိ၊ လော။) သမန္နာဟာရော၊ ဇောစေတနာကို ကောင်းစွာ ဆောင်ခြင်းသည်။ (အတ္ထိ၊ လော။) မနသိကာရော၊ မိမိအခြားမဲ့၌ ဖြစ်သော ဝီထိစိတ်ကို ပြုခြင်းသည်။ (အတ္ထိ၊ လော။) စေတနာ၊ စေ့ဆော်ခြင်းသည်။ (အတ္ထိ၊ လော။) ပတ္ထနာ၊ တောင့်တခြင်းသည်။ (အတ္ထိ၊ လော။) ပဏိဓိ၊ ရှေးရှုထားခြင်းသည်။ (အတ္ထိ၊ လော။) ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။ (ပထဝီ၊ သည်။) နု သုခဝေဒနီယာ၊ သုခဝေဒနာ၏ စီးပွါး မဟုတ်သည် ။ပေ။ စိတ္တေန၊ နှင့်။ နု သမ္ပယုတ္တာ၊ သမ္ပယုတ် မဟုတ်သည်။ အနာရမ္မဏာ၊ အာရုံ မရှိသည်။ (ဟောတိ) နနု၊ လော။ တာယ၊ ကို။ အာဝဋ္ဋနာ၊ သည်။ နတ္ထိ နနု၊ လော ။ပေ။ ပဏိဓိ၊ သည်။ (နတ္ထိ နနု၊ လော။) ဣတိ၊ အာမန္တာ ။ပေ။

ပထဝီ ကမ္မဝိပါကောတိ၊ အာမန္တာ၊ ပထဝီ၊ သည်။ ပဂ္ဂဟနိဂ္ဂဟုပဂါ၊ ချီးမြှောက်အပ်သည်၏အဖြစ် နှိမ့်ချအပ်သည်၏ အဖြစ်သို့ ကပ်ရောက်သလော။ (မြှောက်လို့ ချလို့ ရသလား-ဟူလို့။) ဆေဒနဘေဒနုပဂါ၊ ဖြတ်အပ်သည်၏ အဖြစ် ခွဲအပ်သည်၏အဖြစ်သို့ ကပ်ရောက်သလော။ (ဖြတ်လို့ ခွဲလို့ ရသလား-ဟူလို့။) ဣတိ၊ အာမန္တာ ။ပေ။

ပထဝီ၊ ကို။ ကေတုံ၊ ဝယ်ခြင်းငှါ။ ဝိက္ကေတုံ၊ ရောင်းခြင်းငှါ။ အာဒဂ္ဃေတုံ၊ အပ်နှံထားခြင်းငှါ။ ဩဓိနိတုံ၊ တရားဆုံးဖြတ်ခြင်းငှါ။ ဝိဝိနိတုံ၊ စိစစ်ရွေးချယ်ခြင်းငှါ။ လဇ္ဇာ၊ ရအပ်သလော။ ဣတိ၊ အာမန္တာ ။ပေ။

၄၉၃။ ပထဝီ၊ သည်၊ ပရေသံ၊ သူတပါးတို့နှင့်။ သာဓာရဏာ၊ ဆက်ဆံသလော။ ဣတိ၊ အာမန္တာ ။ပေ။

ဘဂဝတာ, (ယသ္မာ၊ ကြောင့်။ ပုဉ္ဇာနိ နာမ၊ ကောင်းမှုတို့မည်သည်။) အညေသံ၊ သူတပါးတို့နှင့်။ အသာဓာရဏော၊ မဆက်ဆံသော။ [အသာဓာရဏမညေသန္တိ အသာဓာရဏော+ အညေသံ၊ မကာရော ပဒသန္ဓိကရော "အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ"တိ အာဒီသု ဝိယ။ ခုဒ္ဒကပါဋ္ဌ-ဋ္ဌကထာ,နိဓိကဏ္ဍ, ၉-ဂါထာအဖွင့်။] အစောရဟရဏော၊ ခိုးသူဒမြတို့သည် မဆောင်ယူအပ် မဆောင်ယူနိုင်သော။ [န+ စောရေဟိ+အာဟရဏော အစောရာဟရဏော၊ ထို အဋ္ဌကထာ။] နိဓိ၊ ရွှေအိုးတည်း။ (တသ္မာ၊ ကြောင့်။)မစ္စော၊ သတ္တဝါသည်။ သုစရိတံ၊ သုစရိတ်တရား မြတ်ဆယ်ပါးကို။ သစေ စရေ၊ အကယ်၍ ပြုကျင့်အံ့။ (ဧဝံ သတိ၊ သော်။) ပုညာနိ၊ အခြားဒါန စသော ကောင်းမှုတို့ကို။ ကယိရာထ၊ ပြုကျင့်ရာ၏။ ("သုစရိတ်ဆယ်ပါးကို အခြေခံ၍ ကောင်းမှုအားလုံးကို ပြုပါ—ဟူလို။) ဣတိ ဝုတ္တံ နနု ။ပေ။

ပထဝီ ။ပေ။ အာမန္တာ။ ပဌမံ၊ ရှေးဦးစွာ။ ပထဝီ၊ သည်။ သဏ္ဌာတိ၊ တည်သလော။ ပစ္ဆာ၊ နောက်မှ။ သတ္တာ၊ တို့သည်။ ဥပဒ္ဓန္တိ၊ ဖြစ်ကုန်သလော။ ဣတိ၊ အာမန္တာ၊ ပဌမံ၊ စွာ။ ဝိပါကော၊ ကံ၏ အကျိုးသည်။ ဥပဒ္ဓတိ၊ လော။ ပစ္ဆာ၊ မှ။ ဝိပါကပဋိလာဘာယ၊ အကျိုးကို ရခြင်းငှါ။ ကမ္မံ၊ ကို။ ကရောန္တိ၊ လော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ပထဝီ ။ပေ။ အာမန္တာ၊ သဗ္ဗေ သတ္တာ၊ တို့သည်။ ပထဝိ ံ၊ ကို။ ပရိ-ဘုဉ္ဇန္တိ၊ သုံးစွဲကုန်သလော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။ (ယေ၊ တို့သည်။) ပထဝိ ံ၊ ကို။ အပရိဘုဉ္ဇိတ္ဝာ၊ မသုံးစွဲမူ၍။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်စံကုန်၏။ ကေစိ၊ ကုန်သော။ (တေ၊ တို့သည်။) အတ္ထိ၊ လော။ ဣတိ၊ အာမန္တာ၊ (ယေ၊ တို့သည်။) ကမ္မဝိပါကံ၊ ကို။ အခေပေတ္ဝာ၊ မကုန်စေမူ၍။ ပရိနိဗ္ဗာ-ယန္တိ၊ ကုန်၏။ ကေစိ(တေ) အတ္ထိ၊ လော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ပထဝီ၊ သည်။ စက္ကဝတ္တိသတ္တာဿ၊ စကြာမင်းသတ္တဝါ၏။ ကမ္မဝိပါကော၊ ကံ၏ အကျိုးလော။ ဣတိ၊ အာမန္တာ၊ အညေ၊ စကြာမင်းသတ္တဝါမှ တပါး ကုန်သော။ သတ္တာ၊ တို့သည်။ ပထဝိ ံ၊ ကို။ ပရိဘုဉ္ဇန္တိ၊ လော။ ဣတိ၊ အာမန္တာ ။ပေ။ စက္ကဝတ္တိသတ္တာဿ၊ ၏။ ဖဿံ၊ ဖဿကိုဌင်း ။ ပေ ။ ပညံ၊ ပညာကိုဌင်း။ အညေ သတ္တာ၊ တို့သည်။ ပရိဘုဉ္ဇန္တိ၊ လော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

၄၉၄။ နု ဝတ္တဗ္ဗံ ။ပေ။ အာမန္တာ၊ ဣဿရိယသံဝတ္တနိယံ၊ အစိုးရသူ၏ ဖြစ်ကြောင်း ဖြစ်ရာ များသော ဥစ္စာကို ဖြစ်စေနိုင်သော။ ကမ္မံ၊ သည်။ အတ္ထိ နနု၊ လော။ အာဓိပစ္စသံဝတ္တနိယံ၊ အကြီးအကဲ၏ ဖြစ်ကြောင်း ဖြစ်ရာ ရာထူး ဌာနန္တရကို ဖြစ်စေနိုင်သော။ ကမ္မံ၊ သည်။ အတ္ထိ နနု၊ လော။ ဣတိ။ အာမန္တာ ။ပေ။

ပထဝီ ကမ္မဝိပါကောတိကထာ နိဋ္ဌိတာ။

၇ဩသတ္တမဝဂ်

(၇၀) ဂ-ဇရာမရဏံ ဝိပါကော်တိကထာ

၄၉၅။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဝိပါကော၊ ကံ၏အကျိုးလော။ ဣတိ၊ အာမန္တာ၊ (ဇရာမရဏံ၊ သည်။) သုခဝေဒနိယံ၊ သုခဝေဒနာ၏ စီးပွါးလော ။ပေ။ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

၄၉၆။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တို့၏။ ဇရာ-မရဏံ၊ သည်။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ ဝိပါကော၊ အကျိုးလော။ ဣတိ။ အာမန္တာ ။ပေ။

ကုသလာနံ ဓမ္မာနံ၊ တို့၏။ ဇရာမရဏံ၊ သည်။ ကုသလာနံ ဓမ္မာနံ၊ တို့၏။ ဝိပါကော၊ အကျိုးတည်း။ ဣတိ နု ဝတ္တဗ္ဗံ၊ လော။ ဣတိ၊ အာမန္တာ ။ပေ။

ကုသလာနံ၊ ကုန်သော။ ဓမ္မာနဉ္စ၊ တို့၏ငင်း။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနဉ္စ၊ တို့၏ငင်း။ ဇရာမရဏံ၊ သည်။ အကုသလာနံ ဓမ္မာနံ ဝိပါကော၊ လော။ ဣတိ၊ အာမန္တာ ။ပေ။

၄၉၇။ နု ဝတ္တဗ္ဗံ ။ပေ ။ အာမန္တာ၊ ဒုဗ္ဗဏ္ဏသံဝတ္တနိယံ၊ မကောင်း အဆင်းရှိသူ၏ ဖြစ်ကြောင်း ဖြစ်ရာ မစင်ကြယ်သော အဆင်းကို ဖြစ်စေနိုင်သော။ ကမ္မံ၊ သည်။ အတ္ထိ နနု၊ ရှိသည် မဟုတ်လော။ [ဇရာကို မေးလိုရင်း ဖြစ်သည်။] အပ္ပါယုကသံဝတ္တနိယံ၊ တိုသော အသက်ရှိသူ၏ ဖြစ်ကြောင်း ဖြစ်ရာ ကြာမြင့်စွာ အသက်မရှင်နိုင်ခြင်းကို ဖြစ်စေနိုင်သော။ ကမ္မံ၊ သည်။ အတ္ထိ နနု၊ လော။ [မရဏကို မေးလိုရင်း ဖြစ်သည်။] ဣတိ၊ အာမန္တာ။ပေ။ တေန ဝတ ရေ ဝတ္တဗ္ဗေ "ဇရာမရဏံ ဝိပါကော" တိ။

ဇရာမရဏံ ဝိပါကောတိကထာ နိဋ္ဌိတာ။

၇–သတ္တမဝဂ်

(၇၁) ၉-အရိယဓမ္မဝိပါကကထာ

၄၉၈။ အရိယဓမ္မဝိပါကော၊ အရိယမဂ်တရား၏ အကျိုးဝိပါက်သည်။ နတ္ထိ၊ လော။ ဣတိ၊ အာမန္တာ၊ သာမည်၊ သမဏ၏ ဖြစ်ကြောင်း ဖြစ်ရာ အရိယာမဂ်သည်။ မဟပ္ဖလံ၊ များသော အကျိုးရှိသည်။ (ဟောတိ) နနု၊ လော။ ဗြာဟ္မဉ်၊ ဗြာဟ္မဏ၏ ဖြစ်ကြောင်း ဖြစ်ရာ အရိယမဂ်သည်။ မဟပ္ဖလံ၊ သည်။ (ဟောတိ) နနု၊ လော။ ဣတိ၊ အာမန္တာ ။ပေ ။

နတ္ထိ ။ပေ။ အာမန္တာ၊ သောတာပတ္တိဖလံ၊ သောတာပတ္တိမဂ်၏ အကျိုး ဖြစ်သော ဖိုလ်သည်။ အတ္ထိ နနု၊ လော။ ဣတိ၊ အာမန္တာ ။ပေ။

သောတာပတ္တိဖလံ၊ သည်။ နော ဝိပါကော၊ အကျိုးဝိပါက်မဟုတ်သလော။ ဣတိ၊ အာမန္တာ၊ ဒါနဖလံ၊ ဒါန၏ အကျိုးသည်။ နော ဝိပါကော၊ အကျိုး ဝိပါက် မဟုတ်သလော။ ဣတိ၊ နော ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

၄၉၉။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော။ ကုသလံ၊ ကုသိုလ်သည်။ သဝိပါကံ၊ အကျိုးဝိပါက်နှင့်တကွဖြစ်သလော။ ဣတိ၊ အာမန္တာ၊ လော-ကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ကုသလံ၊ သည်။ သဝိပါကံ၊ လော။ ဣတိ။ နော ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

လောကုတ္တရံ ကုသလံ အဝိပါကံ၊ အကျိုးဝိပါက် မရှိသလော။ ဣတိ၊ အာမန္တာ ။ပေ။

၅၀၀။ ကာမာဝစရံ၊ သော။ ကုသလံ၊ သည်။ သဝိပါကံ၊ သည်။ (ဟုတ္ဝာ)။ အာစယဂါမိ၊ စုတိ ပဋိသန္ဓေ၊ ကမ္မဝဋ်နှစ်သည်ကို စီလျက် သွားသလော။ ဣတိ၊ အာမန္တာ၊ လောကုတ္တရံ ။ပေ။ နော ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

လောကုတ္တရံ ကုသလံ သဝိပါကံ (ဟုတ္ဝာ) အပစယဂါမိ၊ စုတိ ပဋိသန္ဓေ ကမ္မဝဋ်နှစ်သည်ကို ဖျက်ဆီးလျက် သွားသလော။ ဣတိ၊ အာမန္တာ ။ပေ။

အရိယဓမ္မဝိပါကကထာ နိဋ္ဌိတာ။

၇-သတ္တမဝဂ်

(၇၂) ၁၀-ဝိပါကော ဝိပါကဓမ္မဓမ္မောတိကထာ

၅၀၁။ ဝိပါကော၊ ဝိပါက်သည်။ ဝိပါကဓမ္မဓမ္မော၊ အကျိုးကို ဖြစ်စေ ခြင်း သဘောရှိသော တရားလော။ ဣတိ၊ အာမန္တာ၊ တဿ၊ ထို၀ိပါက်၏ ဝိပါကော၊ အကျိုးသည်။ ဝိပါကဓမ္မဓမ္မော၊ လော။ ဣတိ၊ နော ဟေဝံ

ဝတ္တဗ္ဗေ ။ပေ။ တဿ တဿ၊ ထိုထို ဝိပါက်၏။ (ဝိပါကဓမ္မဓမ္မော၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားသည်။ အတ္ထိ) ဧ၀၊ ရှိမြဲ ရှိနေအံ့။ (ဧ၀ံ သတိ၊) ဒုက္ခဿ၊ ကမ္မ၀ဋ္ဋ ဟူသော ဒုက္ခ၏။ အန္တကိရိယာ၊ အဆုံးကို ပြုခြင်း သည်။ နတ္ထိ၊ မရှိတော့သည် မဟုတ်လော။ ၀ဋ္ဋုပစ္ဆေဒေါ၊ တော့ဝူမက ၀ဋ္ဋ ဒုက္ခ၏ ပြတ်စဲခြင်းသည်။ နတ္ထိ၊ လော။ အနုပါဒါပရိနိဗ္ဗာနံ၊ တစုံတခုအာရုံကို မယူမူ၍ ပရိနိဗ္ဗာန်စံခြင်းသည်။ နတ္ထိ၊ လော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ဝိပါကော ။ ပေ ။ အာမန္တာ၊ (အယံ၊ ဤသည်ကား။) ဝိပါကော၊ ဝိပါကတည်း။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ (အယံ၊ ကား။) ဝိပါကဓမ္မ-ဓမ္မော၊ ဝိပါကဓမ္မဓမ္မတည်း။ ဣတိ ဝါ၊ သော်၎င်း။ (အယံ၊ ကား။) ဝိပါကဓမ္မဓမ္မော၊ တည်း။ ဣတိ ဝါ၊ ၎င်း။ (အယံ၊ ကား။) ဝိပါကော၊ တည်း။ ဣတိ ဝါ၊ ၎င်း။ ဧသေ(ဧသော)၊ ဤဝိပါကသည်။ သေ(သော)၊ ထို ဝိပါကဓမ္မဓမ္မလော။ (တနည်း) ဧသေ(ဧသော)၊ ဤဝိပါကဓမ္မဓမ္မသည်။ သေ (သော)၊ ထို ဝိပါကလော။ ကေဠေ (ကေဠော)၊ တူသော အနက် ရှိသလော။ သမေ(သမော)၊ တူသလော။ သမဘာဂေ(သမဘာဂေါ)၊ တူသော အဖို့ ရှိသလော။ တဇ္ဇာတေ(တဇ္ဇာတော)၊ ထို ဝိပါကသည် ဝိပါက ဓမ္မဓမ္မသဘောရှိသလော။ ဝါ၊ ထို ဝိပါကဓမ္မဓမ္မသည် ဝိပါကသဘော ရှိသလော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ဝိပါကော ။ ပေ ။ အာမန္တာ၊ ဝိပါကော စ၊ အကျိုးဝိပါက်သည်ရှင်း။ ဝိပါကဓမ္မဓမ္မော စ၊ အကျိုးကို ဖြစ်စေတတ်သော သဘောရှိသော တရား သည်ရှင်း။ ဝိပါကဓမ္မဓမ္မော စ၊ သည်ရှင်း။ ဝိပါကော စ၊ သည်ရှင်း။ သဟဂတာ၊ တကွဖြစ်ကုန်သလော။ သဟဇာတာ၊ တကွဖြစ်ကုန်သလော။ သံသဋ္ဌာ၊ ရောနှောကုန်သလော။ သမုယုတ္တာ၊ သမုယုတ်တို့လော။ ကေပူဓါဒါ၊ တူသော ဖြစ်ခြင်းရှိကုန်သလော ။ပေ။ ကောရမ္မဏာ၊ တူသော အာရုံရှိကုန် သလော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ဝိပါကော ။ပေ။ အာမန္တာ၊ တညေ၀၊ ထို အကုသိုလ်၏ အကျိုးဝိပါက် သည်ပင်။ အကုသလံ၊ အကုသိုလ်လော။ သော(ဧ၀)၊ ထို အကုသိုလ်သည်ပင်။ အကုသလဿ၊ ၏။ ဝိပါကော၊ လော။ တညေ၀၊ ထို ကုသိုလ်၏ အကျိုး ဝိပါက်သည်ပင်။ ကုသလံ၊ ကုသိုလ်လော။ သော(ဧ၀)၊ ထို အကုသိုလ် သည်ပင်။ ကုသလဿ၊ ၏။ ဝိပါကော၊ လော။ ဣတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ ။ပေ။

ဝိပါကော ။ပေ။ အာမန္တာ၊ ယေနေ၀ စိတ္တေန၊ အကြင် စိတ်ဖြင့်ပင်။ ပါဏံ၊ သတ္တ၀ါကို။ ဟနတိ၊ သတ်၏။ တေနေ၀ စိတ္တေန၊ ထို့သတ်ကြောင်း

စိတ်ဖြင့်ပင်။ နိရယေ၊ ငရဲ၌။ ပစ္စတိ၊ ကျက်ရသလော။ ယေနေဝ စိတ္တေန ဒါနံ ဒေတိ။ တေနေဝ စိတ္တေန၊ ထို ပေးလှူကြောင်း စိတ်ဖြင့်ပင်။ သဂ္ဂေ၊ နတ်ပြည်၌။ မောဒတိ၊ ဝမ်းမြောက်ရသလော။ ဣတိ၊ နှ ဟေဝံ ဝတ္တဗ္ဗေ။ပေ။ ၅၀၂။ နှ ဝတ္တဗ္ဗံ ။ပေ။ အာမန္တာ၊ ဝိပါကာ၊ ဝိပါက်ဖြစ်ကုန်သော။ စတ္တာရော၊ ကုန်သော။ အရှုပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညပစ္စယာ၊ အညမညပစ္စည်းတို့သည်။ (ဟောန္တိ)နှုန့်၊ လော။ ဣတိ၊ အာမန္တာ ။ပေ။ တေန ဝတ ရေ ဝတ္တဗ္ဗေ၊ "ဝိပါကော ဝိပါကဓမ္မဓမ္မော" တိ။

ဝိပါကော ဝိပါကဓမ္မဓမ္မောတိကထာ နိဋ္ဌိတာ။

သတ္တမော ဝဂ္ဂေါသည်။ (နိဋ္ဌိတော၊)ပြီ။

(ဣဒံ၊ ကား။) တဿ၊ ထိုသတ္တမဝဂ်၏။ ဥဒ္ဒါနံ၊ တည်း။

သင်္ဂဟော၊ သင်္ဂဟိတကထာဝဏ်း။ သမ္မယုတ္တော၊ သမ္မယုတ္တကထာဝဏ်း။ စေတသိကော ဓမ္မော၊ (စေတသိကော ဓမ္မော)ဟူသော စကားရှိသော စေတသိကကထာဝဏ်း။ စေတသိကံ ဒါနံ၊ စေတသိက်ဖြစ်သော ဒါနကို ပရဝါဒီဆိုရာ ဒါနကထာဝဏ်း။ ပရိဘောဂမယံ ပုညံ ဝဲ့တိ၊ (ပရိဘောဂမယံ ပုညံ ဝဲ့တိ)ဟူသော ပြဿနာရှိသော ပရိဘောမယပုညကထာဝဏ်း။ ဣတော ဒိန္နေန တတ္ထ ယာပေန္တိ၊ (ဣတော ဒိန္နေန တတ္ထ ယာပေန္တိ)ဟူသော ပြဿနာရှိသော ဣတောဒိန္နကထာဝဏ်း။ပထဝီကမ္မဝိပါကော၊ ပထဝီ ကမ္မဝိပါကောတိ ကထာဝဏ်း။ ဇရာမရဏံဝိပါကော၊ ဇရာမရဏံဝိပါကောတိ ကထာဝဏ်း။ နတ္ထိအရိယဓမ္မဝိပါကော၊ (နတ္ထိအရိယဓမ္မဝိပါကော) ဟူသော၊ ပြဿနာရှိသော အရိယဓမ္မဝိပါကကထာဝဏ်း။ ဝိပါကော ဝိပါကဓမ္မဓမ္မော၊ (ဝိပါကော ဝိပါကဓမ္မဓမ္မော)ဟူသော ပြဿနာရှိသော ဝိပါကော ဝိပါက-ဓမ္မဓမ္မောတိကထာဝဏ်းတည်း။ ဣတိ၊ ဥဒ္ဒါန်းအပြီးတည်း။

မဟာဂန္ဓာရုဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ကထာဝတ္ထုပါဠိတော်မြန်မာပြန်

(၁-ပဋ္ဌာနကထာ)

ကထာဝတ္ထု ပါဠိတော် မြန်မာပြန်

သိနှင့်ဖွယ်မျှား

ကထာဝတ္ထု။ ။သကဝါဒီ- ပရဝါဒီ ပုဂ္ဂိုလ်တို့၏ အပြန်အလှန် အချေအတင် ပြောဆိုအပ်သော စကားကို "ကထာ" ဟု ခေါ်၏။ ဤပါဠိတော်၌ ပုဂ္ဂလကထာ (ပုဂ္ဂိုလ်နှင့် စပ်သော ကထာ)မှ စ၍ ကထာပေါင်းများစွာ ပါရှိ၏။ ထို့ကြောင့် ဤပါဠိတော်သည် အစိတ်စိတ် ကထာတို့၏ တည်ရာ အပေါင်း ဖြစ်သောကြောင့် "ကထာဝတ္ထု" အမည် ရသည်။ [ကထာနှံ- အစိတ်ဖြစ်သော ကထာတို့၏+ဝတ္ထု-တည်ရာ။]

သကဝါဒီ ပရဝါဒီ။ ။သက - မိမိဥစ္စာ ဖြစ်သော + ဝါဒ - မှန်သော အယူ၊ ထို့ အယူရှိသူကို "သကဝါဒီ" ဟု ခေါ်၏။ ပရ-မိမိအယူ၏ ဆန့်ကျင်ဖက် ဖြစ်သော+ဝါဒ-အယူ၊ ထို့ အယူ ရှိသူကို "ပရဝါဒီ" ဟု ခေါ်၏။ ဤ ကထာဝတ္ထု ပါဠိတော်၌ သကဝါဒီ ပုဂ္ဂိုလ်နှင့် ပရဝါဒီပုဂ္ဂိုလ်တို့သည် မျက်နှာချင်းဆိုင်၍ အပြိုင် ငြင်းနေကြသည် မဟုတ်ပါ၊ သို့သော် အများနားလည်အောင် သကဝါဒီ ပရဝါဒီတို့ ပြောဆို နေကြသကဲ့သို့ ၂-ဖက်ခွဲ၍ ပြရပါသည်။

ပုဂ္ဂလကထာ၌ သိနှင့်ဖွယ်

ပုဂ္ဂလ။ ။"ပါဏော သရီရိ ဘူတံ ဝါ၊ သတ္တော ဒေဟီ စ ပုဂ္ဂလော။" စသော အဘိဓာန် (၉၃), "စိတ္တေ ကာယေ သဘာဝေ စ၊သော အတ္တာ ပရမတ္တနိ။" (၈၆၂) နှင့် အညီ အတ္တ, သတ္တ, ဇီဝ, ပုဂ္ဂလ ဟူသော အမည်တို့သည် ပရိယာယ် တို့တည်း၊ ထို့ကြောင့်" ပုဂ္ဂိုလ်ကို ညွှန်ပြ၍ကြည့်ရှုသောအခါ အရာဝတ္ထု တခု အဖြစ်ဖြင့် ရနိုင်ပါသလော"ဟု မေးရာ၌ "အတ္တ သတ္တ ဇီဝ ကိုလည်း-အရာဝတ္ထုတခု အဖြစ်ဖြင့် ရနိုင်ပါသလော"ဟု မေးရာရောက်သည်။

သဉ္ဇီကဋ္ဌ။ ။သစ္စ (သစ္စိက) - အမှန် ဖြစ်သော+အတ္ထ (အဋ္ဌ)—အနက် (အရာဝတ္ထု,) မျက်လှည့် ဆရာတို့သည် ကျောက်ခဲကို ရွှေဟု မြင်နေအောင် လှည့်ပတ်၍ ပြနိုင်ကြ၏၊ ထို အခဲကို ရွှေခဲဟု မျက်စိဖြင့် မြင်နေရသော်လည်း ရွှေမဟုတ်၊ နံနက်စောစော၌ တောသို့ သွားသောအခါ တံလျှပ် (ရေအရောင်) ကို မြင်ရ သူတို့သည် အမှန်ပင် ရေပြင်ကြီးဟု ထင်

နေကြ၏၊ သို့သော် ထို တံလျှပ်သည် ရေကဲ့သို့ မြင်နေရသော်လည်း ရေမဟုတ်၊ ထို့ကြောင့် ထို မျက်လှည့်ရုပ် တံလျှပ်တို့သည် မြင်အပ်သည့်အတိုင်း အမှန် မဟုတ်ရကား သစ္စိကဋ္ဌ (မှန်သော အနက် အရာဝတ္ထု) မဟုတ်ကြ၍၊ ရုပ် ဝေဒနာ စက္ခု သောတ စသော အနက် တို့ကား သစ္စိကဋ္ဌ (မှန်သော အနက်) များ ဖြစ်ကြသည်။

ပရမတ္ထ။ ။ပရမ–မြတ်သော + အတ္ထ · အနက် (သဘောတရား)၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန် တို့သည် ပင်ကို ရှုပုန စသော သဘောမှ ဖော်ပြန် ပြောင်းလဲခြင်း မရှိကြသောကြောင့် မဖော်မပြန် မှန်ကန် တိမတ်၍ မြတ်သော အနက် သဘောများ ဖြစ်ကြသည်။

သမ္မုတိသစ္စာ။ ။လောက၌ လူအများက သမုတ်ထားအပ်သော အရာဝတ္ထုသည်လည်း သမ္မုတိသစ္စာ အဖြစ်ဖြင့် အမှန်ပင် ဖြစ်၏၊ ပုဂ္ဂိုလ် သတ္တဝါ အသက်ကောင် စသော အသုံးအနှုန်းတို့သည် လူအများက လက်ခံထားသောကြောင့် သမ္မုတိသစ္စာ အနေအားဖြင့် မှန်သော အနက်ပင် ဖြစ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ, အတ္တ (မိမိ), ဇီဝ (အသက်) စသော အရာတို့သည် အထည်ကိုယ်ဒြပ် အားဖြင့် လက်ဆုပ်လက်ကိုင် မရနိုင်သော်လည်း သမ္မုတိ သစ္စာ အနေအားဖြင့် အမှန်ဟုပင် လက်ခံကြရသည်။

ဗုဒ္ဓမြတ်စွာသည် လူအများ နားလည်အောင် "စတ္တာရော မေ ဘိက္ခဝေ ပုဂ္ဂလော" စသည်ဖြင့် ပုဂ္ဂလ ဟူသော အသုံးအနှုန်းဖြင့်ဂင်း, "အတ္တာဟိ အတ္တနော နာထော" စသည်ဖြင့် အတ္တ ဟူသော အသုံးအနှုန်းဖြင့်ဂင်း, "သတ္တော သန္ဓာဝတိ (သတ္တဝါသည် ကျင်လည် ပြေးသွား၏), သမ္မေ သတ္တာ အဝေရာ ဟောန္တု" စသည်ဖြင့် သတ္တ ဟူသော အသုံးအနှုန်းဖြင့်ဂင်း ဟော တော်မူရသည်။

ပရဝါဒီ ပုဂ္ဂိုလ်ကား "စတ္တာရော မေ ဘိက္ခဝေ ပုဂ္ဂလော သန္ဓော သံဝီဇမာနော လောကသ္မိ" စသော ဘုရားဟောဘော် ပါဠိတော်ကို ထောက်၍ ဗုဒ္ဓမြတ်စွာသည် ကိုယ်တိုင် သိတော်မူ၍ အမှန်ကိုသာ ဟောတော်မူသောကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ ဟူသော အရာဝတ္ထုလည်း အမှန်ရှိသော သစ္စိကဋ္ဌ ပရမတ္ထပင် ဖြစ်၏ဟု ယူဆလေသည်၊ ဤ ပုဂ္ဂလကထာဌ် ပရဝါဒီ ပုဂ္ဂိုလ် ဟူသည် သာသနာတော်ဝယ် ဝဇ္ဇီပုတ္တက ရဟန်းများနှင့် သမိတိယကိုဏ်းသား ရဟန်းများအပြင် သာသနာပ အညတိတ္ထိယတို့တည်း၊ ဤသို့ သာသနာဝင် ပုဂ္ဂိုလ်များ ပါနေသောကြောင့် "အတ္တ သတ္တ ပုဂ္ဂလ ဟူသည် သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်"ဟု ယူဆကြလေသည်။

အတ္တ အစ္စဲ။ ။ခန္ဓာကိုယ်၏အတွင်း၌ ရုပ် စိတ် စေတသိက်တို့သည် ဖြစ်-ပျက်လျက် ရှိကြသော်လည်း "အတ္တ ဟူသော အကောင် ကလေးကား မပျက်မစဲ အမြဲ တည်ရှိ၏" ဟု သာသနာပ တိတ္ထိတို့သာ မက, သာသနာဝင် ဗုဒ္ဓဘာသာတို့ပင် ယူဆကြ၏။ ထို အတ္တ သည်....

ကာရက။ ။ပြုရေး ပြုရာ ပေါ်ပေါက် လာလျှင် လျော်စွာ တခုခုဖြင့် ပြုလည်း ပြုတတ်၏။ ဥပမာ–ပါဏာတိပါတ အမှုကို ပြုလို လျှင် လက်ဖြင့် ဒါးကို ကိုင်၍ ခုတ်ဖို့ရန် အတ္တ ၏ အလိုဆန္ဒအတိုင်း လက်က ပြုလုပ်ရ၏။ ဒါန အမှုကို ပြုလိုလျှင် လှူဖွယ် ဝတ္ထုကို လက်ဖြင့် ကိုင်၍ အလှူခံ ပုဂ္ဂိုလ်အား အတ္တ၏ အလိုဆန္ဒအတိုင်း လက်က ပေးရ၏။

ဝေဒက။ ။မိမိပြုအပ်သော ကောင်းမှု မကောင်းမှု၏ အကျိုးကို ခံစား ချိန်တန်လျှင် အတ္တ သည် ခံစား၏၊ ထိုသို့ ခံစားရာ၌လည်း ကိုယ်လက်တို့က အတ္တ ၏ အလိုဆန္ဒအတိုင်း ပြုလုပ်ပေးရ၏။

သာမီ။ ။အတ္တ သည် ခန္ဓာအိမ်၏ အိမ်ရှင် ဖြစ်၏။ ထို့ကြောင့် မိမိ၏ ခန္ဓာအိမ်ကို မပျက်မစီးအောင် အတ္တ သည် စွမ်းနိုင်သမျှ စောင့်ရှောက်ရ, ပြုပြင်ရ၏။

နိဝါသီ။ ။ခန္ဓာအိမ်၌ အမြဲရှိ၏၊ လက်ရှိ ခန္ဓာအိမ်သည် ဟောင်းနွမ်း ယိုယွင်း အိုမင်းသောအခါ (လူသည် အိမ်သစ်သို့ ပြောင်း သကဲ့သို့) ခန္ဓာအိမ်အသစ် (ဘဝအသစ်)သို့ ပြောင်း၍ မိမိ ကံအားလျော်စွာ ရအပ်သော ခန္ဓာအိမ် အသစ်၌ နေ၏။

ဇီဝ။ ။ထိုသို့ ခန္ဓာအိမ်သစ်သို့ ပြောင်းဖို့ရာ အတ္တ ဟူသော အသက် ဇီဝ သည် ခန္ဓာအိမ်ဟောင်းမှ ထွက်သွားရကား မြန်မာလူမျိုး တို့က "အသက်ထွက်သည်" ဟု ခေါ်ဝေါ်ကြ၏။ ဤ ဇီဝ အသက်နှင့် အတ္တ သည် တခုတည်းပင်တည်း။

သတ္တ, ပုဂ္ဂလ။ ။"ဒီ အကောင်, ဒီ သတ္တဝါ, ဒီ ပုဂ္ဂိုလ်" စသည်ဖြင့် ခေါ်ဝေါ်အပ်သော သတ္တ - ပုဂ္ဂလ ဟူသည်လည်း ဤ ပြအပ်ပြီးသော အသက် ဇီဝ အတ္တ ပင်တည်း။

ငါ, သူ။ ။ငါဟူ၎င်း, သူဟူ၎င်း, မိမိဟူ၎င်း ခေါ်ဆိုအပ်သော အရာ ဝတ္ထု ဟူသည်လည်း ဤ ပြဆိုအပ်ပြီးသော အတ္တ, သတ္တ, ဇီဝ, ပုဂ္ဂလ တို့ပင်ဖြစ်၏။

ပရဝါဒီ။ ။ပရဝါဒီ ပုဂ္ဂိုလ်သည် ထို အတ္တ, သတ္တ, ဇီဝ, ပုဂ္ဂလဟု ခေါ် ဆိုအပ်သော အရာဝတ္ထုသည် ဘဝဆက်တိုင်း ကူးပြောင်း နေရကား အမှန် ထင်ရှားရှိသော သစ္စာကင်္ခ, မည်သည့် အခါမျှ ဖောက်ပြန်

ပျက်စီးခြင်း မရှိသော ပရမတ္ထ ဖြစ်သည်ဟု အခိုင်အမာ ယူဆလေသည်။ [မြန်မာလူမျိုးအများစုလည်း ထိုသို့ ယူဆကြသည်မဟုတ်လော။]

သကဝါဒီ။ ။သကဝါဒီကား ရုပ်နှင့် နာမ်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်ပြီး ဖြစ်သောကြောင့် ထို အတ္တ သတ္တ ဇီဝ ပုဂ္ဂလဟူသော အရာဝတ္ထုသည် လူအများတို့ သမုတ်ထားအပ်သော သမ္မုတိသစ္စာမျှသာတည်း၊ အမှန် ရှိသော အရာဝတ္ထု မဟုတ်-ဟု သိပြီး ဖြစ်သောကြောင့် "ပုဂ္ဂလော ဥပလဗ္ဘတိ-ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သော အခါ ရနိုင် သိနိုင်ပါသလော" ဟု စ၍ မေးသည်။

အမှာ။ ။ဤမျှ တိုင်အောင် ပရဝါဒီတို့၏ အတ္တ သတ္တ ဇီဝ ပုဂ္ဂလ ဟု စွဲလမ်းပုံကိုၾကား, သကဝါဒီ ပုဂ္ဂိုလ်တို့၏ အတ္တ သတ္တ ဇီဝ ပုဂ္ဂလ ဟူသည် အထင်အရှားမရှိ၊ သမ္မုတိပညတ်မျှသာ ဖြစ်၏-ဟု သိမြင်ပြီး ဖြစ်ပုံကိုၾကား နားလည်ပြီးမှသာ ပုဂ္ဂလကထာ၌ ပါသော အမေး အဖြေ အချေအတင် တို့ကို ပိုင်ပိုင် နိုင်နိုင် နားလည်နိုင်ပါသည်၊ ထို့ကြောင့် ပြအပ်ပြီးသော သိန္ဒှင့်ဖွယ် များကို မိမိစိတ်၌ စွဲမြဲလာအောင် အထပ်ထပ် လေ့လာကြပါ။

၁။ ပုဂ္ဂလကထာ။ ။ပဌမ ပြအပ်သော ကထာကို ပုဂ္ဂိုလ်နှင့် စပ်၍ ဆိုအပ်သော စကား ဖြစ်သောကြောင့် "ပုဂ္ဂလကထာ" ဟု ခေါ်၏။

၁။ သုဒ္ဓသဋ္ဌိကဋ္ဌ။ ။ဤ ပုဂ္ဂလကထာ၌ပင် နောက်၌ ဩကာသသစ္စိကဋ္ဌ, ကာလသစ္စိကဋ္ဌ, အဝယဝသစ္စိကဋ္ဌ-ဟု လာလိမ့်မည်၊ ထို ဩကာသ စသည် မဖက် သစ္စိကဋ္ဌ သက်သက်ဖြစ်သောကြောင့် သစ္စိကဋ္ဌ ပါသော ဤ ကထာကို "သုဒ္ဓသစ္စိကဋ္ဌ" ဟု ခေါ်သည်။

၁။ အနုလောမပစ္စနီက။ ။"ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန" စသော စကားသည် ပုဂ္ဂလကထာ အားလျော်သောကြောင့် အနုလောမ မည်၏။ထို့နောက် "ဣဒါနိ ပစ္စနီကနယော ဟောတိ" ဟူသော အဋ္ဌကထာနှင့်အညီ "ပုဂ္ဂလော နုပလဗ္ဘတိ" စသော ပရဝါဒီ၏ အမေး, သကဝါဒီ၏ အဖြေ စကားသည် အနုလောမ၏ ပြောင်းပြန် ဆန့်ကျင်ဖက် ဖြစ်သောကြောင့် ပစ္စနီက မည်၏။ ထို အနုလောမ ပစ္စနီက ၂-ပါးစုံ ပါသောကြောင့်ၾကင်း, အနုလောမဘက်က ၌၊ ပစ္စနီကဘက်က နောက် ဖြစ်သောကြောင့်ၾကင်း အနုလောမပစ္စနီက ဟု ခေါ်သည်။ နောက်၌ ပရဝါဒီပက္ခကို စတည်၍ သကဝါဒီပက္ခကို နောက်ထားသော ပါဋိရပ်ကို ပစ္စနီကာနုလောမဟု ခေါ်လိမ့်မည်။ [ကထာဝတ္ထုပါဋိတော် (၄) နံပါတ် စာမျက်နှာကစ၍ ထိုသို့ ခေါ်ပုံကို သိပါ။]

မဟာဝဂ္ဂ

၁-ပုဂ္ဂလကထာ

၁။ သုဒ္ဓသစ္စိကဉ္စ ၁။ အနုလောမပစ္စနီက

အနုလောမပဋ္ဌာက

အမှာ။ ။"သစ္စိကဋ္ဌ-မှန်သော အနက်၊ ပရမတ္ထ · မဖောက် မပြန် မြတ်သောအနက်"ဟု နှုတ်တက်နေပါစေ၊ ထို စကား ၂-ရပ်သည် များစွာ ပါနေသောကြောင့် မြန်မာပြန်ရာ၌ စကားကျဉ်း အောင် မြန်မာလို မထည့်တော့ပဲ "သစ္စိကဋ္ဌ ပရမတ္ထ"ဟု ပါဠိ အတိုင်းသာ သုံးစွဲပါလိမ့်မည်။

၁။ "ငါ့ရှင် ပရဝါဒီ....အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ် ရနိုင် ပါသလော (သိအပ် သိနိုင်ပါသလော)"ဟု သကပါဒီက မေးသောအခါ.... (ပရဝါဒီသည် "အတ္တ သတ္တ ဇီဝ ဖြစ်သော ပုဂ္ဂိုလ်သည် ထင်ရှားရှိ၏"ဟု ယူဆပြီး ဖြစ်သောကြောင့်) "အိမ်း, ရအပ် ရနိုင် (သိအပ် သိနိုင်) ပါ၏"ဟု ဝန်ခံသော အားဖြင့် ဖြေသည်။

ငါ့ရှင် ပရဝါဒီ....အကြင် ရုပ် ဝေဒနာ စသော သဘော တရားသည် သစ္စိကဋ္ဌ (မှန်သော အနက်) လည်း ဖြစ်၏။ ပရမတ္ထ (မဖောက်မပြန် မြတ်သောအနက်) လည်း ဖြစ်၏။ အသင်၏ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို ရုပ် ဝေဒနာ စသည် ကဲ့သို့သော သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအားဖြင့် ရအပ် ရနိုင်ပါသလော"ဟု သကဝါဒီက စစ်ဆေး မေးမြန်းသောအခါ "ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ"ဟု ပရဝါဒီက ပယ်ရှားလေသည်။

မှတ်ချက်။ ။ပြဿနာ ၂-ရပ်တွင် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထ အားဖြင့် ရအပ် သလော"ဟု သာမည အားဖြင့် မေး၏၊ ဒုတိယပြဿနာ၌ "အကြင် ရုပ် ဝေဒနာ စသော တရားသည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ သင်၏ ထို ပုဂ္ဂိုလ်ကို ထို့ကဲ့သို့သော သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအားဖြင့် ရအပ် ပါသလော"ဟု သစ္စိကဋ္ဌ ပရမတ္ထကို အသေအချာ ညွှန်ပြ၍ ဝိသေသအားဖြင့် မေး၏၊ ဤသို့ သာမည ဝိသေသ မေးပုံ

ခြင်းသာ ကဲ့သောကြောင့် "အာမန္တာ" ဟုချည်း ဖြစ်စေ, "နဟေဝံ ဝတ္တဗ္ဗေ" ဟုချည်း ဖြစ်စေ အဖြေတူ ဖြေသင့်ပါလျက် ရှေ့အမေးကို ဝန်ခံ၍ နောက်အမေးကို ပယ်လှန်သောကြောင့် ရှေ့နောက် ဆန့်ကျင်သော အပြစ်ရောက်၏၊ ထို အပြစ်ကို ပြ၍ သကဝါဒိက နှိပ်လိမ့်မည်။

ငါ့ရှင် ပရဝါဒီ....(သင်၏ အဖြေ စကားအရ အပြစ်တင်ရတော့မည်။) နှိပ်ကြောင်း အပြစ်ကို လက်ခံပါလော။ [ဤ ကား အပြစ်တင်လို၍ စချီသော စကားတည်း။]

ပဌမအဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် ပရဝါဒီ....(သင်၏ ပဌမ အဖြေ အတိုင်း) ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် အကယ်၍ ရအပ်ငြားအံ့၊ ငါ့ရှင် ပရဝါဒီ....ထိုသို့ ရနိုင်ခြင်းကြောင့် "အကြင် ရုပ် ဝေဒနာ စသော သဘောတရားသည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ သင်၏ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ထို ရုပ် ဝေဒနာ စသည်ကဲ့သို့ သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် ရနိုင်၏" ဟူ၍ ဖြေသင့်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရုပ်ဝယ် ပဌမပြဿနာ၌ "ပုဂ္ဂိုလ်ကို ရအပ်၏" ဟူ၍ ဆိုထိုက်၏ ဟုငင်း, ဒုတိယပြဿနာ၌ "ရအပ်၏" ဟူ၍ မဆိုထိုက်ဟုငင်း ဤသို့ ရှေ့နောက် မစပ်သော အကြင် အဖြေ ၂-ရပ်ကို အသင် ဆို၏။ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေ့နောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ဒုတိယဇာဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် ပရဝါဒီ....(သင်၏ ဒုတိယ အဖြေ အတိုင်း) "အကြင် ရုပ် ဝေဒနာ စသော သဘော တရားသည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ သင်၏ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ထို ရုပ်ဝေဒနာ စသည်ကဲ့သို့ သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် ရနိုင်၏" ဟု အကယ်၍ မဆိုသင့်အံ့၊ (ဤသို့ မဆိုသင့်လျှင်) ငါ့ရှင် ပရဝါဒီ.... "ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏" ဟူ၍လည်း မဆိုသင့်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်ဝယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို ရအပ်၏" ဟူ၍ ဆိုထိုက်၏ဟုငင်း, ဒုတိယ ပြဿနာ၌ "ရအပ်၏" ဟူ၍ မဆိုထိုက်ဟုငင်း ဤသို့ ရှေ့နောက် မစပ်သော အကြင် အဖြေ ၂-ရပ်ကို အသင် ဆို၏။ (သင်၏ အဖြေ ၂-ရပ်သည်) ရှေ့နောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

အနုလောမပဉ္စက ပြီး၏။

ပဋိကမ္မစတုက္က

[ပရ၀ါဒိက အတုန့်ပြန်၍ ရှင်းလင်းမှု စကား ၄-ရပ်။]

၂။ (က) "ငါ့ရှင် သက၀ါဒီ....အတ္တာ သတ္တာ ဇီ၀ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ် မရနိုင်ပါသလော (မသိအပ် မသိနိုင်ပါသလော)"ဟု ပရ၀ါဒိက မေး သောအခါ....(သက၀ါဒီသည်) "အိမ်း,မရအပ် မရနိုင် (မသိအပ် မသိနိုင်)" ဟု ၀န်ခံသော အားဖြင့် ဖြေသည်။

(ခ) "ငါ့ရှင် သက၀ါဒီ....အကြင် အနက်သည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် မရအပ် မရနိုင် (မသိအပ် မသိနိုင်) ပါသလော"ဟု ပရ၀ါဒိက စစ်ဆေး မေးမြန်းသောအခါ "ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ" ဟု သက၀ါဒိက ပယ်ရှားလေသည်။

ငါ့ရှင် သက၀ါဒီ ပြန်၍ ပြုအပ်သော သုတ်သင်မှုကို လက်ခံပါလော။

ပဌမအဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် သက၀ါဒီ....(သင်၏ ပဌမ အဖြေ အတိုင်း) ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် အကယ်၍ မရအပ် ငြားအံ့၊ ငါ့ရှင် သက၀ါဒီ....ထိုသို့ မရနိုင်ခြင်းကြောင့် "အကြင် အနက်သည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် မရနိုင်" ဟူ၍သာ ဖြေဆိုသင့်၏၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်၀ယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို မရအပ်" ဟူ၍ ဆိုထိုက်၏ဟုငင်း, ဒုတိယပြဿနာ၌ "မရအပ်" ဟူ၍ မဆိုထိုက်ဟုငင်း ဤသို့ ရှေနောက် မစပ်သော အဖြေ ၂-ရပ်ကို အသင် ဆို၏။ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေနောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ဒုတိယ အဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် သက၀ါဒီ....(သင်၏ ဒုတိယ အဖြေ အတိုင်း) "အကြင် အနက်သည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် မရနိုင်"ဟု အကယ်၍ မဆိုသင့်အံ့။ (ဤသို့ မဆိုသင့်လျှင်) ငါ့ရှင် သက၀ါဒီ..."ပုဂ္ဂိုလ်ကို ပညာ ဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ်" ဟူ၍လည်း မဆိုသင့်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်၀ယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို မရအပ်"ဟူ၍ ဆိုထိုက်၏ဟုငင်း, ဒုတိယ ပြဿနာ၌

"မရအပ်"ဟူ၍ မဆိုထိုက်ဟုဆိုခြင်း ဤသို့ ရှေးနောက် မစပ်သော အကြောင်းအဖြေ ၂-ရပ်ကို အသင် ဆို၏။ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေးနောက် ဆန့်ကျင်သော အပြစ်မကင်းရှိ မှားယွင်းသော အဖြေ ဖြစ်သည်။

ပဋိကမ္မစတုက္က ပြီး၏။

နိဂ္ဂဟစတုက္က

[ပရဝါဒီက ပြန်၍ နှိပ်မှု စကား ၄-ရပ်။]

၃။ ငါ့ရှင် သကဝါဒီ .... "ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ် မရနိုင်"ဟူ၍ ဆိုထိုက်သည်သာ၊ "အကြောင်းအနက်သည် သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်၏။ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာ အားဖြင့် မရအပ် မရနိုင်"ဟူ၍ မဆိုထိုက်၊ ဤသို့ အသင် သကဝါဒီသည် အကယ်၍ မှတ်ထင်သည် ဖြစ်အံ့၊ ထိုသို့ မှတ်ထင်ခြင်းကြောင့် ထို နုပလဗ္ဘတိ ဟူသော အဖို့၌ "အာမန္တာ" ဟူသော ဤ ဝန်ခံခြင်းဖြင့် ဤသို့ ဝန်ခံသော အသင် သကဝါဒီကို ဤဆိုအပ်လတ္တံ့သောနည်းဖြင့် နှိပ်ထိုက်၏၊ ထိုသို့နှိပ်ထိုက်သည်၏ အဖြစ်ကြောင့် အသင် သကဝါဒီကို ကျွန်ုပ်တို့ နှိပ်ကုန်၏၊ သင်သည် ကောင်းစွာ နှိပ်အပ်သူလည်း ဖြစ်၏၊ ဤသို့ပြောဆိုပြီးနောက် ပဋိကမ္မစတုက္ကဋ္ဌ ပြခဲ့သည့်အတိုင်းနှိပ်လေ၏။

နိဂ္ဂဟစတုက္က ပြီး၏။

ဥပနယစတုက္က

[အနုလောမပဋ္ဌကတုန်းက သကဝါဒီပုဂ္ဂိုလ်၏ နည်း ၄-မျိုးဖြင့် နှိပ်ပုံကို မိမိက ပြန်၍ နှိပ်ပုံနှင့်အတူ ဆောင်၍ ပြရာ စကား။]

၄။ ငါ့ရှင် သကဝါဒီ....ဤ ပြအပ်ခဲ့သော အကျွန်ုပ်၏ နှိပ်ခြင်းသည် အကယ်၍ မှားယွင်းသော နှိပ်ခြင်း ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် အနုလောမပဋ္ဌမတုန်းက အကျွန်ုပ်အပေါ်ဝယ် "ဝတ္ထုဗ္ဗေ ခေါ် ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန"စသည်ဖြင့် အသင် သကဝါဒီ၏ နှိပ်ခြင်းဌာလည်း ဤအတူပင် မှားယွင်းသော နှိပ်ခြင်းဟူ၍ ရှုပါလော၊ အသင် သကဝါဒီသည် ထို အနုလောမပဋ္ဌကဌာ "အာမန္တာ"ဟူသော ဤ ဝန်ခံခြင်းဖြင့် ဤသို့ ဝန်ခံကြကုန်သော အကျွန်ုပ်တို့ကို ဤသို့ မနှိပ်ထိုက်ပါကုန်၊ သို့ပါလျက် အကျွန်ုပ်ကို နှိပ်၏၊ (ထို့ကြောင့်) မတရားသဖြင့် အနှိပ်ခံကြရသူများ ဖြစ်ကြပါသည်။ ဤသို့ ဆို၍ အနုလောမပဋ္ဌကတုန်းက မိမိ အနှိပ်ခံခဲ့ရပုံကို ပြန်၍ ညွှန်ပြသည်။

ဥပနယနစတုက္က ပြီး၏။

နိဂ္ဂမနစတုက္က

[အနုလောမပဋ္ဌကတုန်းက သကဝါဒီ၏ နှိပ်ပုံ ၄-မျိုးကို ပြ၍ ထိုသို့ မနှိပ်ထိုက်ကြောင်းကို နိဂုံးအုပ်သော စကား။]

၅။ ငါ့ရှင် သကဝါဒီ....အနုလောမပဋ္ဌကတုန်းက အသင်သည် နှိပ်အပ်ခဲ့သော ဤ အခြင်းအရာမျိုးဖြင့် ကျွန်ုပ်ကို မနှိပ်ထိုက်ပါ၊ (ထိုသို့ မနှိပ်ထိုက်ခြင်း၏ အကြောင်းကိုလည်း ကျွန်ုပ်သည် ဥပနယနစတုက္ကဖြင့် ပြီးစေအပ်ပါပြီ၊) ထို့ကြောင့် အို–သကဝါဒီ ... "ဟဉ္ဆို ပုဂ္ဂလော ဥပလဗ္ဘတိ။ပေ။ မိစ္ဆာ" ဟုဌင်း, "နော စေ ပန ဝတ္တဗ္ဗေ ။ပေ။ မိစ္ဆာ" ဟုဌင်း အနုလောမ ပဋိလောမ အားဖြင့် အကျွန်ုပ်ကို (ဘယ်ပြန် ညာပြန်) အကြင် နှိပ်ခဲ့၏၊ အသင် သကဝါဒီ၏ ဤ နှိပ်ခြင်းသည် အမှားပင် ဖြစ်ပါသည်။

ထိုသို့ အမှားဖြစ်သောကြောင့် အနုလောမပဋ္ဌကတုန်းက အကြင် နှိပ်မှုကို အသင် ပြုအပ်၏။ ထိုနှိပ်မှုသည် အမှားပြုအပ်သော အမှုသာ ဖြစ်တော့၏။ အကျွန်ုပ်၏ ပြန်၍ သုတ်သင် ရှင်းလင်းမှုသည် ကောင်းစွာ ပြုအပ်သော ရှင်းလင်းမှု ဖြစ်၏၊ ပဋိကမ္မစတုက္က ဥပနယနစတုက္ကဟူသော စကားအစဉ် ဖြစ်စေမှုကို အကျွန်ုပ် ပြုအပ်ပြီ၊ ထိုစကားအစဉ် ဖြစ်စေမှုကိုလည်း ကောင်းစွာ ပြုအပ်သည် မည်ပါသတည်း။

ဤကား နိဂ္ဂမနစတုက္ကတည်း။

ဤကား ပဌမနှိပ်ခြင်း။

အနုလောမပစ္စနိက ပြီး၏။

၁။သုဒ္ဓသစ္စိကဋ္ဌ ၂။ပစ္စနိကာနုလောမ

ပစ္စနိကပဋ္ဌက

အမှာ။ ။ပရဝါဒီ၏ "ပုဂ္ဂိုလ် ရှိ၏"ဟူသော အယူဝါဒ ရှေးသွားရှိ၍ သကဝါဒီ၏ ပြန်၍ ရှင်းလင်းမှု ဟူသော ပဋိကမ္မ, ပြန်၍ နှိပ်မှု ဟူသော နိဂ္ဂဟ, ပရဝါဒီ၏ အယူဝါဒကို မိမိ အယူဝါဒနှင့် အတူ ကပ်၍ ဆောင်ခြင်း ဟူသော ဥပနယန, နိဂုံးအုပ်ခြင်း ဟူသော နိဂ္ဂမန ဤသို့ အလျော် ၄-ဌာန နောက်လိုက် ရှိသောကြောင့် ဤ အခန်းကို **ပစ္စနိကာနုလောမ** ဟု ခေါ်သည်။

ပစ္စနီကပဋ္ဌာန။ ။အနုလောမပဋ္ဌာကတုန်းကကဲ့သို့ ဤ ပစ္စနီကပဋ္ဌာန်လည်း ပရဝါဒီဘက်၌-(၁) နှိပ်မှု၊ (၂) အနုလောမအားဖြင့် အပြစ်ရောက်ပုံကိုပြသော အနုလောမပါပနာ၊(၃) အပြစ်တင်ပုံကို ပြသော အနုလောမရောပနာ၊ (၄) ပဋိလောမ-ပါပနာ၊ (၅) ပဋိလောမရောပနာ ဟု ဤစကား အစိတ် ၅-ရပ် ပါသောကြောင့် "ပစ္စနီကပဋ္ဌာန" ဟု ခေါ်ရသည်။

ပစ္စနီကပဋ္ဌာနမြန်မာပြန်

၆။ ငါ့ရှင် သကဝါဒီ...."အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ် မရနိုင်ပါသလော (မသိအပ် မသိနိုင်ပါသလော)" ဟု ပရဝါဒီက မေးသော အခါ....သကဝါဒီက "အိမ်း, မရအပ် မရနိုင် (မသိအပ် မသိနိုင်)ပါ" ဟု ဝန်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် သကဝါဒီ...."အကြင် သမ္မုတိသစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သောအနက်လည်းဖြစ်၏။ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်း အရာအားဖြင့် မရအပ် မရနိုင်ပါသလော" ဟု ပရဝါဒီက စစ်ဆေး မေးမြန်းသောအခါ.... "ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ" ဟု သကဝါဒီက ပယ်ရှားလေသည်။

ငါ့ရှင် သကဝါဒီ....(သင်၏ အဖြေ စကားအရ အပြစ် တင်ရတော့မည်၊) နှိပ်ကြောင်း အပြစ်ကို လက်ခံပါလော။ [ဤကား အပြစ်တင်လို၍ စချီသော စကားတည်း။]

ပဌမအဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင်သကဝါဒီ....(သင်၏ ပဌမအဖြေ အတိုင်း) ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် အကယ်၍ မရအပ်ငြားအံ့၊ ထိုသို့ မရနိုင်ခြင်းကြောင့် "အကြင် သမ္မုတိသစ္စာသည် မှန်သောအနက်လည်း ဖြစ်၏၊ မဖောက်မပြန်မြတ်သော အနက်လည်း ဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအားဖြင့် မရအပ် မရနိုင်" ဟူ၍သာ ဖြေသင့်သည်၊ (သို့ပါလျက်) ထိုပြဿနာ ၂-ရပ်ဝယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို မရအပ် ဟူ၍ ဆိုထိုက်၏" ဟုငြင်း, ဒုတိယ ပြဿနာ၌ "မရအပ်ဟူ၍ မဆိုထိုက်" ဟုငြင်း ဤသို့ ရှေနောက် မစပ်သော အကြင် အဖြေ ၂-ရပ်ကို အသင် ဆို၏။ (သင်၏ ဤအဖြေ ၂-ရပ်သည်) ရှေနောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ဒုတိယ အဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် သကဝါဒီ....(သင်၏ ဒုတိယ အဖြေအတိုင်း) "အကြင် သမ္မုတိသစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သော အနက်လည်း ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအားဖြင့် မရအပ်မရနိုင်" ဟု အကယ်၍ မဆိုသင့်အံ့၊ (ဤသို့ မဆိုသင့်လျှင်) ငါ့ရှင် သကဝါဒီ...."ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ကစ္စိတဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂–ရပ်ဝယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို မရအပ်ဟူ၍ ဆိုထိုက်၏" ဟုငင်း, ဒုတိယပြဿနာ၌ "မရအပ်ဟူ၍ မဆိုထိုက်" ဟုငင်း ဤသို့ ရှေနောက် မစပ်သော အကြောင် အဖြေ ၂–ရပ်ကို အသင် ဆို၏၊ (သင်၏ ဤအဖြေ ၂–ရပ်သည်) ရှေနောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေဖြစ်သည်။

ပစ္စနီကပဋိကမြန်မာပြန် ပြီး၏။

ပဋိကမ္မစတုက္က

[သကဝါဒီက အတုန့်ပြန်၍ ဂျင်းလင်းမှူစကား ၄–ရပ်။]

၇။ "ငါ့ရှင် ပရဝါဒီ....အတ္တာ သတ္တာ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း, ရအပ်ရနိုင်၏"ဟု ဝန်ခံသော အားဖြင့် ဖြေသည်။

"ငါ့ရှင် ပရဝါဒီ.... အကြင် သမ္မုတိသစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သော အနက်လည်း ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအားဖြင့် ရအပ် ရနိုင်ပါသလော"ဟု သကဝါဒီက စစ်ဆေး မေးမြန်းသောအခါ.... "ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ"ဟု ပရဝါဒီက ပယ်ရှားလေသည်။

ငါ့ရှင် ပရဝါဒီ....ပြန်၍ ပြုအပ်သော သုတ်သင်မှုကို လက်ခံပါလော။

ပဌမဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် ပရဝါဒီ....(သင်၏ ပဌမအဖြေအတိုင်း) ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌပရမတ္ထအဖြစ်ဖြင့် အကယ်၍ ရအပ်ငြားအံ့၊ငါ့ရှင်ပရဝါဒီ-ထိုသို့ရခြင်းကြောင့် "အကြင် သမ္မုတိသစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သော အနက်လည်း ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်

သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအား ဖြင့် ရအပ် ရန်ိုင်၏" ဟူ၍ သာ ဖြေဆိုသင့်၏။ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်ဝယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို ရအပ်၏ ဟူ၍ ဆိုထိုက်၏" ဟုငြင်း, ဒုတိယ ပြဿနာ၌ "မရအပ် ဟူ၍ မဆိုထိုက်" ဟုငြင်း ဤသို့ ရှေနောက် မစပ်သော အကြောင် အဖြေ ၂-ရပ် ကို အသင် ဆို၏၊ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေနောက် ဆန့်ကျင်သော အပြစ် မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ဒုတိယ အဖြေ အရ အပြစ်တင်ပုံ။ ။ငါ့ရှင် သကဝါဒီ....(သင်၏ ဒုတိယ အဖြေ အတိုင်း) "အကြင် သမ္မုတိ သစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သော အနက်လည်း ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအား ဖြင့် ရအပ်၏" ဟူ၍ မဆိုသင့်အံ့။ (ဤသို့ မဆိုသင့်လျှင်) ငါ့ရှင် ပရဝါဒီ...."ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏" ဟူ၍လည်း ဆိုသင့်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်ဝယ် ပဌမ ပြဿနာ၌ "ပုဂ္ဂိုလ်ကို မရအပ်ဟူ၍ ဆိုထိုက်၏" ဟုငြင်း, ဒုတိယပြဿနာ၌ "မရအပ်ဟူ၍ မဆိုထိုက်" ဟုငြင်း ဤသို့ ရှေနောက် မစပ်သော အကြောင် အဖြေ ၂-ရပ်ကိုအသင် ဆို၏။ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေနောက် ဆန့်ကျင်သော အပြစ် မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ပဋိကမ္မစတုက္က ပြီး၏။

နိဂ္ဂဟစတုက္က

[သကဝါဒီက ပြန်၍ နှိပ်မှု စကား ၄-ရပ်။]

၈။ ငါ့ရှင် ပရဝါဒီ...."ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏" ဟူ၍ ဆိုထိုက်သည်သာ၊ "အကြင် သမ္မုတိ သစ္စာသည် မှန်သော အနက်လည်း ဖြစ်၏၊ မဖောက်မပြန် မြတ်သော အနက်လည်း ဖြစ်၏၊ ထို ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ ထို သစ္စိကဋ္ဌ ပရမတ္ထ အခြင်းအရာအား ဖြင့် ရအပ်၏" ဟူ၍ မဆိုထိုက်၊ ဤသို့ အသင် ပရဝါဒီသည် အကယ်၍ မှတ်ထင်သည် ဖြစ်အံ့၊ ထိုသို့ မှတ်ထင်ခြင်း ကြောင့် ထို ဥပလဗ္ဘတိ ဟူသော အဖို့၌ "အာမန္တာ" ဟူသော ဤ ဝန်ခံခြင်းဖြင့် ဤသို့ ဝန်ခံသော အသင် ပရဝါဒီကို ဤ ဆိုအပ်လတ္တံ့သော နည်းဖြင့် နှိပ်ထိုက်၏၊ ထိုသို့ နှိပ်ထိုက်သည်၏ အဖြစ်ကြောင့် အသင် ပရဝါဒီကို အကျနှိပ်တို့ နှိပ်ကုန်၏၊ သင်သည် ကောင်းစွာ နှိပ်အပ်သူလည်း ဖြစ်၏၊ ဤသို့ ပြောဆို ပြီးနောက် ပဋိကမ္မ စတုက္ကဋ္ဌ ပြခဲ့သည့်အတိုင်း နှိပ်လေသည်။

နိဂ္ဂဟစတုက္က ပြီး၏။

ဥပနယနစတုက္က

[ပစ္စနီကပဋ္ဌကဘုန်းက ပရဝါဒီ ပဋိုလ်၏ နည်း ၄—မျိုးဖြင့် နှိပ်ပုံကို မိမိက ပြန်၍ နှိပ်ပုံနှင့်အတူ ဆောင်၍ ပြရာစကား။]

၉။ ငါ့ရှင် ပရဝါဒီ....ဤ ပြအပ် ခဲ့သော အက္ခန်ပ်၏ နှိပ်ခြင်းသည် အကယ်၍ မှားယွင်းသော နှိပ်ခြင်းဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် ပစ္စနီကပဋ္ဌက တုန်းက အက္ခန်ပ် အပေါ်ဝယ် "ဝတ္တာဗ္ဗေ ခေါ ပဋိလော နုပလဗ္ဘတိ သစ္စံကဋ္ဌပရမတ္ထောန" စသည်ဖြင့် အသင် ပရဝါဒီ၏ နှိပ်ခြင်းဌာလည်း ဤ အတူပင် မှားယွင်းသော နှိပ်ခြင်းဟူ၍ ရှုပါလော၊ အသင် ပရဝါဒီသည် ထို ပစ္စနီကပဋ္ဌကဌ် "အာမန္တာ" ဟူသော ဤ ဝန်ခံခြင်းဖြင့် ဤသို့ ဝန်ခံကြကုန်သော အက္ခန်ပ်တို့ကို ဤသို့ မနှိပ်ထိုက်ပါကုန်၊ သို့ပါလျှက် အက္ခန်ပ်ကို နှိပ်၏။ (ထို့ကြောင့်) မတရားသဖြင့် အနှိပ်ခံကြရသူများ ဖြစ်ကြပါသည်၊ ဤသို့ ဆို၍ ပစ္စကနီကပဋ္ဌကတုန်းက မိမိ အနှိပ် ခံခဲ့ရပုံကို ပြန်၍ ညွှန်ပြသည်။

ဥပနယနစတုက္က ပြီး၏။

နိဂ္ဂမနစတုက္က

[ပစ္စနီကပဋ္ဌကတုန်းက ပရဝါဒီ၏ နှိပ်ပုံ ၄—မျိုးကို] ပြ၍ ထိုသို့ မနှိပ်ထိုက်ကြောင်းကို နိဂုံးအုပ်သော စကား။]

၁၀။ ငါ့ရှင် ပရဝါဒီ....ပစ္စနီကပဋ္ဌကတုန်းက အသင်သည် နှိပ်အပ်ခဲ့သော ဤအခြင်းအရာမျိုးဖြင့် ကျန်ပ်ကို မနှိပ်ထိုက်ပါ။ (ထိုသို့ မနှိပ်ထိုက်ခြင်း၏ အကြောင်းကိုလည်း ကျန်ပ်သည် ဥပနယနစတုက္ကဖြင့် ပြီးစေအပ်ပါပြီ။) ထို့ကြောင့် အို ပရဝါဒီ...."ဟဉ္စိ ပဋိလော နုပလဗ္ဘတိ ။ပေ။ မိစ္ဆာ" ဟုဎင်း, "နော စေ ပန ဝတ္တာဗ္ဗေ ။ပေ။ မိစ္ဆာ" ဟုဎင်း အနုလောမ ပဋိလောမ အားဖြင့် အက္ခန်ပ်ကို (ဘယ်ပြန် ညာပြန်) အကြင် နှိပ်ခဲ့၏၊ အသင် ပရဝါဒီ၏ ဤနှိပ်ခြင်းသည် အမှားပင် ဖြစ်သည်။

ထိုသို့ အမှားဖြစ်သောကြောင့် ပစ္စနီကပဋ္ဌကတုန်းက အကြင် နှိပ်မှုကို အသင် ပြုအပ်၏၊ ထိုနှိပ်မှုသည် အမှားပြုဖြစ်သော အမှုသာ ဖြစ်တော့၏၊ အက္ခန်ပ်၏ ပြန်၍ သုတ်သင် ရှင်းလင်းမှုသည် ကောင်းစွာ ပြုအပ်သော အမှုဖြစ်၏၊ ပဋိကမ္မစတုက္က နိဂ္ဂဟစတုက္က ဥပနယနစတုက္က ဟူသော စကား အစဉ် ဖြစ်စေမှုကို အက္ခန်ပ်ပြုအပ်ပြီ၊ ထိုစကားအစဉ် ဖြစ်စေမှုကိုလည်း ကောင်းစွာ ပြုအပ်သည် မည်ပါသတည်း။

ဤကား နိဂ္ဂမနစတုက္ကတည်း။

ဤကား ဒုတိယနိဂ္ဂဟ။ ပစ္စနီကာနုလောမ ပြီး၏။

(သုဒ္ဓသစ္စိကဋ္ဌ ပြီး၏။)

၂-ဩကာသသစ္စိကဋ္ဌ

၁-အနုလောမပစ္စနီက

၁၁။ ငါ့ရှင် ပရဝါဒီ....“အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီက မေးသောအခါ....(ပရဝါဒီသည်) “အိမ်း, ရအပ် ရနိုင်ပါ၏”ဟု ဝန်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“အလုံးစုံသော ခန္ဓာကိုယ်၌ အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ်ပါသလော”ဟု သကဝါဒီက စစ်ဆေးမေးမြန်းသောအခါ....“ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ” ဟု ပရဝါဒီက ပယ်ရှားလေသည်။ [အကြွင်းကို သုဒ္ဓသစ္စိကဋ္ဌအတိုင်း မြန်မာပြန်ပါ။]

ဤကား တတိယနိဂ္ဂဟ။
အနုလောမပစ္စနီက ပြီး၏။
(ဩကာသသစ္စိကဋ္ဌ ပြီး၏။)

၃-ကာလသစ္စိကဋ္ဌ

၁-အနုလောမပစ္စနီက

၁၂။ ငါ့ရှင် ပရဝါဒီ....“အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီက မေးသောအခါ....(ပရဝါဒီသည်) “အိမ်း, ရအပ် ရနိုင်ပါ၏”ဟု ဝန်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“အလုံးစုံသော အတိတ်ဘဝဟူသော ကာလ, အနာဂတ်ဘဝဟူသော ကာလ, ပစ္စုပ္ပန်ဘဝဟူသော ကာလ, ပရိနိဗ္ဗာန်စံရာကာလ၌ အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီက စစ်ဆေးမေးမြန်းသောအခါ....“ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပရဝါဒီက ပယ်ရှားလေသည်။ [အကြွင်းကို သုဒ္ဓသစ္စိကဋ္ဌအတိုင်း မြန်မာပြန်ပါ။]

ဤကား စတုတ္ထနိဂ္ဂဟ။
အနုလောမပစ္စနီက ပြီး၏။
(ကာလသစ္စိကဋ္ဌ ပြီး၏။)

၄-အဝယဝသစ္ဆိကဋ္ဌ

၁-အနုလောမပစ္ဆနီက

၁၃။ ငါ့ရှင် ပရဝါဒီ....“အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္ဆိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီက မေးသောအခါ.... (ပရဝါဒီသည်) “အိမ်း, ရအပ် ရနိုင်ပါ၏”ဟု ဝန်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“အလုံးစုံသော ခန္ဓာ အာယတန ဓာတ်တို့၌ အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္ဆိကဋ္ဌ-ပရမတ္ထအဖြစ်ဖြင့် ရအပ်ပါသလော”ဟု သကဝါဒီက စစ်ဆေး မေးမြန်းသော အခါ....“ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပရဝါဒီက ပယ်ရှားလေသည်။ [အကြောင်းကို သုဒ္ဓသစ္ဆိကဋ္ဌကို မှီ၍ မြန်မာပြန်ပါ။]

ဤကား ပဥ္စမနိဂ္ဂဟ။
အနုလောမပစ္ဆနီက ပြီး၏။
(အဝယဝသစ္ဆိကဋ္ဌ ပြီး၏။)

၂-သြကာသသစ္ဆိကဋ္ဌ

၂-ပစ္ဆနီကာနုလောမ

၁၄။ ငါ့ရှင် သကဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် မရအပ် မရနိုင်ပါသလော”ဟု ပရဝါဒီက မေးသောအခါ....(သက-ဝါဒီသည်) “အိမ်း, မရအပ် မရနိုင်”ဟု ဝန်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် သကဝါဒီ....“အလုံးစုံသော ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္ဆိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် မရအပ် မရနိုင်ပါသလော”ဟု ပရဝါဒီက စစ်ဆေး မေးမြန်းသောအခါ“ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ”ဟု သကဝါဒီက ပယ်ရှားလေသည်။

အမှာ။ ။“အလုံးစုံသော ခန္ဓာကိုယ်၌ မရအပ်သလော”ဟူသော အမေးကို ဝန်ခံလိုက်လျှင် “ခန္ဓာကိုယ်၌ကား မရအပ်, ခန္ဓာကိုယ်၏ ပြင်ဘက်၌ ရအပ်၏”ဟု ခွင့်ပြုရာရောက်မည် စိုးသောကြောင့် “ဤသို့ကား မဆိုထိုက်ပါ”ဟု သကဝါဒီက ပယ်ရှားရသည်၊ ပုရဝါဒီကား “အသင်သည် ဝန်ခံပြီးမှ ပယ်ရ

သလော”ဟု သဘောထား၍ သကဝါဒီအပေါ် ဦးပ်လေသည်။ ထိုနှိပ်ပုံကို သုဒ္ဓသစ္စိကဋ္ဌပစ္စနီကာနုလောမအတိုင်းသိပါ။ ထို့နောက် သကဝါဒီက ပြန်၍ သုတ်သင်ရှင်းလင်းပုံစသည်တို့ကိုလည်း ထိုအတိုင်း သိပါ။

၃။ **ကာလသစ္စိကဋ္ဌ။** ။(ပစ္စနီကာနုလောမ) ဤ၌ “ငါ့ရှင် သကဝါဒီ.... ပုဂ္ဂိုလ်ကို အတိတ်ဘဝ စသော ကာလတို့၌ မရအပ်သလော”ဟု မေးခြင်းသာထူးသည်။ ဤအမေးကို သကဝါဒီက ဝန်ခံလိုက်လျှင် “အလုံးစုံသော ကာလတို့၌ကား မရအပ်, တရံတခါ၌ ရအပ်၏”ဟု ခွင့်ပြုရာ ရောက်မည်စိုးသောကြောင့် ပယ်ရှားသည်။

၄။ **အဝယဝသစ္စိကဋ္ဌ။** ။(ပစ္စနီကာနုလောမ) ဤ၌ “ငါ့ရှင် သကဝါဒီ....ပုဂ္ဂိုလ်ကို အလုံးစုံသော ခန္ဓာ အာယတန စသည်တို့၌ မရအပ်ပါသလော”ဟု မေးခြင်းသာ ထူးသည်။ ထို အမေးကို သကဝါဒီက “အလုံးစုံသော ခန္ဓာ အာယတန စသည်တို့၌ မရအပ်, ရူပက္ခန္ဓာ စသော ခန္ဓာ တပါး, စက္ခာယတန စသော အာယတန တပါး ဤသို့ စသည်ဖြင့် ခန္ဓာတစိတ် အာယတန တစိတ်တို့၌ ရအပ်၏”ဟု ခွင့်ပြုရာ ရောက်မည် စိုးသောကြောင့် ပယ်ရှားသည်။ ဤ ပြခဲ့သော နှိပ်ခြင်းတို့၌ ပရဝါဒီ နှိပ်ခြင်း၏ မတရားပုံ, သကဝါဒီ နှိပ်ခြင်း၏ တရားပုံကို သုဒ္ဓိကသစ္စိကဋ္ဌ နိဂ္ဂမနစတုက္က အတိုင်း သိပါ။

ဤကား အဋ္ဌကနိဂ္ဂဟ။
ပစ္စနီကာနုလောမ ပြီး၏။

၅=သုဒ္ဓိကသံသန္ဒန

[ဩပမ္မ စသည် မပါပဲ သစ္စိကဋ္ဌ ဖြစ်သော ပုဂ္ဂိုလ်ကို ရှုပ် စသည် တို့နှင့် ဒေတူ နှိုးနှောပြရာ စကားရပ်။]

၁၇။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော၊ ရှုပ် ကိုလည်း သစ္စိကဋ္ဌ-ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီကမေးသောအခါ ပရဝါဒီသည် (အိမ်း, ရအပ် ရနိုင်ပါ၏)ဟု ဝန်ခံသော အားဖြင့် ဖြေသည်။

ငါ့ရှင် ပရ၀ါဒီ....“(ထိုသို့ ဖြစ်လျှင်) ရုပ်သည် ပုဂ္ဂိုလ်မှ တမျှိုးတခြားလော၊ ပုဂ္ဂိုလ်သည် ရုပ်မှ တမျှိုးတခြားလော”ဟု သက၀ါဒီက မေးသော အခါ....ပရ၀ါဒီသည် “ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

အမှာ။ ။ရုပ်ကို ပရမတ္ထ အားဖြင့် ရအပ် သကဲ့သို့ ပုဂ္ဂိုလ်ကိုလည်း သစ္စိကဋ္ဌ ပရမတ္ထ အားဖြင့် ရအပ်လျှင် (ရုပ်သည် ၀ေဒနာမှ, ၀ေဒနာသည် ရုပ်မှ တမျှိုးတခြား ဖြစ်သကဲ့သို့) ရုပ်နှင့် ပုဂ္ဂိုလ်သည်လည်း တမျှိုးတခြားစီ ဖြစ်နေသောကြောင့် သက၀ါဒီက စစ်ဆေး မေးမြန်းသည်၊ ထိုအခါ ပရ၀ါဒီသည် “(ပုဂ္ဂိုလ် ဟူသည်) ရုပ် ၀ေဒနာ သညာ စသည်တို့မှ တမျှိုးတခြား ဟုလည်း မဆိုထိုက်, တမျှိုးတခြား မဟုတ် ဟုလည်း မဆိုထိုက်”ဟု အယူရှိသောကြောင့်ဝင်း, “အညံ ဇီ၀ံ, အညံ သရီရံတိ အဗျာကတ - မေတံ ဘဂ၀တာ= အသက်ကောင် ဟူသော ဇီ၀သည် ခန္ဓာကိုယ် ဟူသော သရီရမှ တမျှိုးတခြားတည်း, သရီရသည် ဇီ၀မှ တမျှိုးတခြားတည်း ဟူသော ဤ ပြဿနာကို ဘုရားရှင်သည် ဖြေဆိုတော် မမူအပ်” ဟူသော သုတ်တော်ကို သတိရသောကြောင့်ဝင်း ပယ်ရှားသည်။ [ပရ၀ါဒီသည် သာသနိက ပုဂ္ဂိုလ် ဖြစ်သောကြောင့် မိမိ အယူနှင့်လည်း မဆန့်ကျင်စေလို, သုတ်တော်နှင့်လည်း မဆန့်ကျင်စေလို၍ ပယ်ရှားခြင်း ဖြစ်သည်။]

(၁၈) ၀ေဒနာ စသော ခန္ဓာ ၄-ပါး၊ (၁၉) စက္ခာယတန စသော အာယတန တဆယ့်နှစ်ပါး၊ (၂၀) စက္ခုဓာတ်စသော ဓာတ်တဆယ့်ရှစ်ပါး၊ (၂၁) စက္ခုန္ဒြေ စသော ဤန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့ကိုလည်း ဤ အတိုင်း မေးသည်။

၂၂။ ငါ့ရှင် သက၀ါဒီ....“ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထ အားဖြင့် မရအပ် သလော”ဟု ပရ၀ါဒီက မေးသောအခါ....“အိမ်း, မရအပ်”ဟု သက၀ါဒီက ဖြေသည်။

ငါ့ရှင် သက၀ါဒီ....“အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော=မိမိ စီးပွါးအလို့ငှါ ကျင့်သော ပုဂ္ဂိုလ်သည်ရှိ၏”ဟု မြတ်စွာဘုရား ဟောတော် မူအပ်သည် မဟုတ်လော၊ ရုပ် ကိုလည်း သစ္စိကဋ္ဌ ပရမတ္ထ အားဖြင့် ရအပ် သည် မဟုတ်လော”ဟု ပရ၀ါဒီက မေးသောအခါ....“အိမ်း”ဟု သက၀ါဒီ ဖြေသည်။

ငါ့ရှင် သကဝါဒီ....“(ထိုသို့ ဖြစ်လျှင်) ရုပ်သည် ပုဂ္ဂိုလ်မှ တမျိုးတခြားလော၊ ပုဂ္ဂိုလ်သည် ရုပ်မှ တမျိုးတခြားလော”ဟု ပရဝါဒီက မေးသော အခါ....သကဝါဒီသည် “ဤသို့ကား မဆိုနိုင်ပါ”ဟု ပယ်ရှားသည်။

အမှာ။ ။“ဝုတ္တံ ဘဂဝတာ” စသော စကားတော်မျှဖြင့် ပုဂ္ဂိုလ်၏ ထင်ရှားရှိပုံကိုဂုဏ်း, ရုပ်၏ သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်ပုံကိုဂုဏ်း ပြ၍ ပုဂ္ဂိုလ်နှင့် ရုပ်တို့၏ တမျိုးတခြားဖြစ်ပုံကို ဝန်ခံရလောက်အောင် စစ်ဆေး မေးမြန်းသည်။ သကဝါဒီကား သမ္မုတိနှင့် ပရမတ္ထတို့၏ ကေတ္တနာနတ္တ (တူပုံ,ထူးပုံ) ပြဿနာကို ဘုရားရှင် ဟောတော် မမူအပ်သည့် အတွက် မဖြေပဲ ထားထိုက်သောကြောင့် ပယ်ရှားသည်။ [သမ္မုတိ ပညတ်ဟူသည် အထင်အရှားရှိသော သဘောတရား မဟုတ်သောကြောင့် “ထင်ရှား ရှိသော ပရမတ္ထနှင့် တူသလော, ထူးသလော”ဟူသော ပြဿနာသည် မဖြေပဲ ထားထိုက်သော ပြဿနာ ဖြစ်သည်။]

သုဒ္ဓိကသံသန္ဒန ပြီး၏။

၆–ဩပမ္မသံသန္ဒန

[သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သော ရုပ်နှင့် ဝေဒနာ (စသည်) တို့သည် တမျိုး တခြားစီ ဖြစ်သကဲ့သို့ သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သော ရုပ်နှင့် ပုဂ္ဂိုလ်တို့လည်း တမျိုး တခြားစီလော·ဟု ရုပ် နှင့် ဝေဒနာ (စသည်) ကို ဥပမာပြု၍ နှိုးနှောရာ စကားရပ်။]

၂၀။ ငါ့ရှင် ပရဝါဒီ....“ရုပ်ကို သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရနိုင်ပါသလော၊ ဝေဒနာကိုလည်း သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရနိုင်ပါသလော၊ ရုပ်သည် ဝေဒနာမှ, ဝေဒနာသည် ရုပ်မှ တမျိုးတခြားပါလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို သစ္ဘိကဋ္ဌပရမတ္ထ အဖြစ်ဖြင့် ရအပ်ပါသလော၊ ရုပ်ကိုလည်း သစ္ဘိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်ပါသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“(ထိုသို့ ဖြစ်လျှင်) ရုပ်သည် ပုဂ္ဂိုလ်မှ,ပုဂ္ဂိုလ်သည် ရုပ်မှ တမျိုးတခြားလော”ဟု သကဝါဒီက စစ်ဆေးမေးမြန်းသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။

အမှာ။　။ပရ၀ါဒီသည် ခွင့်ပြုအပ်သော ဥပလဒ္ဓိသာမည (ရုပ် နှင့် ၀ေဒနာတို့၏ သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရချင်း တူသော) အားဖြင့် ရုပ် နှင့် ၀ေဒနာတို့သည် တမျိုးတခြားစီ ဖြစ်သကဲ့သို့ ရုပ် နှင့် ပုဂ္ဂိုလ်တို့လည်း တမျိုး တခြားစီ ဖြစ်သလောဟု သက၀ါဒီက စစ်ဆေးသည်။ ပရ၀ါဒီက ပယ်ရှားရခြင်း၏ အကြောင်းကို သုဒ္ဓိကသံသန္ဒန ၌ ပြခဲ့ပြီ။]

၄၇။ ငါ့ရှင် သက၀ါဒီ....“ရုပ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော၊၀ေဒနာကိုလည်း သစ္စိကဋ္ဌ-ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော၊ ရုပ် သည် ၀ေဒနာမှ, ၀ေဒနာသည် ရုပ်မှ တမျိုးတခြားလော”ဟု ပရ၀ါဒီက မေးသောအခါ....သက၀ါဒီသည် “အိမ်း”ဟု ၀န်ခံသောအားဖြင့် ဖြေသည်။

ငါ့ရှင် သ၊က၀ါဒီ....“အတ္ထိ ပုဂ္ဂလော အတ္တာဟိတာယ ပဋိပန္နော”ဟု မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်လော၊ ရုပ်ကိုလည်း သစ္စိကဋ္ဌ-ပရမတ္ထ အဖြစ်ဖြင့် ရအပ်သည် မဟုတ်လော”ဟု ပရ၀ါဒီက မေးသော အခါ....သက၀ါဒီသည် “အိမ်း”ဟု ၀န်ခံသည်။

ငါ့ရှင် သက၀ါဒီ....“ရုပ်သည် ပုဂ္ဂိုလ်မှ, ပုဂ္ဂိုလ်သည် ရုပ်မှ တမျိုးတခြားလော”ဟု ပရ၀ါဒီက စစ်ဆေး မေးမြန်းသော အခါ....သက၀ါဒီသည် “ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။

အမှာ။　။ပရ၀ါဒီသည် ရုပ် နှင့် ၀ေဒနာတို့၏ တမျိုးတခြား ဖြစ်ပုံကို (သက၀ါဒီအား) ၀န်ခံ စေပြီးနောက် “အတ္ထိ ပုဂ္ဂလော” စသော သုတ်တော်ကို မှီ၍ ဆလ၀ါဒ (စကားကပ်သော အနေ)ဖြင့် ပုဂ္ဂိုလ်၏ ရုပ် စသော တရားတို့နှင့် သစ္စိကဋ္ဌ-ပရမတ္ထ အဖြစ်ဖြင့် ရနိုင်ပုံခြင်း တူသည်ကို တင်၍ “ရုပ်သည် ပုဂ္ဂိုလ်မှ ပုဂ္ဂိုလ်သည် ရုပ်မှ တမျိုးတခြားလော”ဟု စစ်ဆေး မေးမြန်းသည်။ သက၀ါဒီက ပယ်ရှားသည်။ ပယ်ရှားရခြင်း၏ အကြောင်းကို သုဒ္ဓိကသံသန္ဒန ၌ ပြခဲ့ပြီ။ [သက၀ါဒီက နှိပ်ပုံ စသည်တို့ကို ရှေးရှေးအတိုင်း သိပါ။]

ဩပမ္မသံသန္ဒန ပြီး၏။

၇-စတုက္ကနယသံသန္ဒန

[နည်း ၄-မျိုးဖြင့် သစ္စိကဋ္ဌ ဖြစ်သော ပုဂ္ဂိုလ်ကို ရုပ် စသည် တို့နှင့် နှီးနှောရာ စကားရပ်။]

၄၆။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့်ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော”ဟု သကဝါဒီက မေး သောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ.... “ရုပ်သည် ပုဂ္ဂိုလ်လော”ဟု သကဝါဒီက မေးသော အခါပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ”ဟု ပယ်ရှားသည်။

အမှာ။ ။ပရဝါဒီသည် ပုဂ္ဂိုလ်ကို“သဿတ (မပျက် မစီးနိုင်)”ဟု ယူထား၏၊ ရုပ်သည် ဖြစ်တတ်ပျက်တတ်၏၊ သို့ဖြစ်၍ ရုပ်ကို ပုဂ္ဂိုလ်ဟု ဝန်ခံလိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိ (ပုဂ္ဂိုလ်သည် ပျက်စီး တတ်၏ ဟူသော အယူ)ကို ဝန်ခံရာ ရောက်မည် စိုးသောကြောင့် ပယ်ရှားလိုသည်။

၄၇။ (က) ရှေးနည်းအတိုင်း ပဌမ ပြဿနာကို မေးပြီးနောက် “ရုပ်၌ ပုဂ္ဂိုလ်ကို (ရအပ်သလော)”ဟု သကဝါဒီက မေးသောအခါ ပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။

(ခ) ရှေးနည်း အတိုင်း ပဌမ ပြဿနာကို မေးပြီးနောက် “ငါ့ရှင် ပရဝါဒီ....ရုပ်ကို ကြည့်၍ ပုဂ္ဂိုလ်ကို ရအပ်သလော”ဟု သကဝါဒီက မေး သောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ”ဟု ပယ်ရှား လေသည်။

(ဂ) ရှေးနည်း အတိုင်း ပဌမ ပြဿနာကို မေးပြီးနောက် “ငါ့ရှင် ပရဝါဒီ....ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ ပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ”ဟု ပယ်ရှားလေသည်။

အမှာ။ ။(က) မဟာဘုတ်တပါးကို မှီ၍ မဟာဘုတ် ၃-ပါးတို့သည် ဖြစ်ကြသောကြောင့် “မဟာဘုတ်၌ မဟာဘုတ်တို့ ဖြစ်ကြ၏” ဟု ဆိုနိုင်သကဲ့သို့ပင်း, ဟဒယဝတ္ထုကို မှီ၍ ဝိညာဏ် ဖြစ်သော ကြောင့် “ဟဒယဝတ္ထု၌ ဝိညာဏ်ဖြစ်၏”ဟု ဆိုနိုင်သကဲ့သို့ပင်း အသင်၏ ပုဂ္ဂိုလ်သည်လည်း “ရုပ် ၌ ရအပ်၏”ဟု ဆိုနိုင်ပါသလောဟု သကဝါဒီက စစ်ဆေး မေးမြန်းသည်။

(ခ) ရုပ်၏ ရုပ္ပန သဇောမှ ဝေဒနာ အစရှိသော တရား‌တို့၏ ဝေဒယိတ သဘော စသည်တို့သည် ခဲ့ခြား၍ ရနိုင်သောကြောင့် ဝေဒနာ အစရှိသော တရားတို့သည် ရုပ်ကို ကြဉ်၍ ဖြစ်ကြ၏ဟု ဆိုနိုင်သကဲ့သို့ အသင်၏ ပုဂ္ဂိုလ်သည် ရုပ် ကို ကြဉ်၍ ရအပ်သလောဟု သကဝါဒိက စစ်ဆေး မေးမြန်းသည်။

(၈) ဝေဒနာ စသော နာမ်တရား တို့သည် စိတ်ကြောင့် ဖြစ်သော ရုပ်တို့၏ မှီရာ ဖြစ်သောကြောင့် "ဝေဒနာ၌ ရုပ် ဖြစ်၏"စသည်ဖြင့် ဆိုနိုင်သကဲ့သို့ "ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်၏" ဟု ဆိုနိုင်ပါသလော·ဟု သကပဝါဒိက စစ်ဆေး မေးမြန်းသည်၊ ဤသို့ စစ်ဆေး မေးမြန်းသောအခါ ပြဿနာ ၃-ရပ် လုံး၌ပင် ဥဇ္ဈာဒဒိဌိ ဖြစ်မည် စိုးသောကြောင့်၎င်း, သုဒ္ဓိက-သံသန္ဒန ၌ ပြခဲ့သည့်အတိုင်း မိမိ၏ အယူနှင့် ဆန့်ကျင်မည် စိုးသောကြောင့်၎င်း ပရဝါဒိက ပယ်ရှားသည်။

၄၈။ "ဝေဒနာသည် ပုဂ္ဂိုလ်လော, ဝေဒနာ၌ ပုဂ္ဂိုလ်ကို ရအပ်သလော, ဝေဒနာကို ကြဉ်၍ ပုဂ္ဂိုလ်ကို ရအပ်သလော, ပုဂ္ဂိုလ်၌ ဝေဒနာကို ရအပ်သလော" ဤသို့ စသည်ဖြင့် ခန္ဓာ အာယတန ဓာတ် ဤနှစ်တို့၌ မေးပုံ ဖြေပုံကိုလည်း သိပါ။

၅၀။ (က) ငါ့ရှင် သကဝါဒီ...."ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည့် ရှိသော် မရအပ် မရနိုင်သလော"ဟု ပရဝါဒိက မေးသောအခါ... သကဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

(ခ) ငါ့ရှင် သကဝါဒီ...."အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော" ဟု မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်လော-ဟု ပရဝါဒိက မေးသောအခါ....သကဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။ [ဤ ဝန်ခံခြင်းကား သမ္မုတိသစ္စာ အဖြစ်ဖြင့် ရှိသည်ကို ဝန်ခံခြင်း ဖြစ်သည်။]

(၈) ငါ့ရှင် သကဝါဒီ...."ရုပ်သည် ပုဂ္ဂိုလ်လော"ဟု စစ်ဆေး မေးမြန်းသောအခါ...သကဝါဒီသည် "ဤသို့ကား မဆိုအပ် မဆိုနိုင်ပါ"ဟု ပယ်ရှားသည်။ [ဤ ပြဿနာ၌ ဝန်ခံလိုက်လျှင် "ရုပ်သည် အတ္တ ဖြစ်၏"ဟု ဆိုရာရောက်၏၊ ထိုသို့ ဆိုလျှင် သက္ကာယဒိဋ္ဌိ ဖြစ်နေတော့၏၊ ထိုသို့ သက္ကာယဒိဋ္ဌိ ဖြစ်မည် စိုးသောကြောင့် ပယ်ရှားသည်။]

အမှာ။　။ရှေးနည်းအတိုင်း ပြဿနာ ၂-ရပ်ကို မေးပြီးနောက်...."ရုပ်၌ ပုဂ္ဂိုလ်ကို ရအပ်သလော, ရုပ်ကို ကြဉ်၍ ပုဂ္ဂိုလ်ကို ရအပ်

သလော, ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်သလော'' ဤသို့ စသည်ဖြင့် ခန္ဓာ အာယတန ဓာတ် ဤနေ့တို့၌ မေးပုံ ဖြေပုံကို သိပါ။

စတုက္ကနယသံသန္ဒန ပြီး၏။

ဂ-လက္ခဏယုတ္တိ

[ပရမတ္ထတရားတို့၏ အမှတ်အသား ဖြစ်သော သပ္ပစ္စယ စသည်ဖြင့် ပုဂ္ဂိုလ်ကို စိစစ်ရာ စကားရပ်။]

၅၃။ (က) ငါ့ရှင် ပရဝါဒီ.... ''ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော'' ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် ''အိမ်း'' ဟု ဝန်ခံပြီ။

(ခ) ငါ့ရှင် ပရဝါဒီ.... ''ပုဂ္ဂိုလ်သည် သပ္ပစ္စယ (ကံ စသော အကြောင်းနှင့် တကွ ဖြစ်သလော'' ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် ''ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ'' ဟု ပယ်ရှားလေသည်။

(ဂ) ပဌမပြဿနာကို ရှေးအတိုင်း မေးပြီးနောက်.... ငါ့ရှင် ပရဝါဒီ... ''ပုဂ္ဂိုလ်သည် အပ္ပစ္စယ (ကံ စသော အကြောင်း မရှိသလော)၊ သခ်ံတ (ကံ စသော အကြောင်း တရားတို့သည် ကောင်းစွာ ရောက်၍ ပြုစီမံအပ်သလော)၊အသခ်ံတ (ကံ စသော အကြောင်းတရားတို့ မပြုစီမံအပ်သလော)၊ သဿတ (ချုပ်ပျက်ခြင်း မရှိပဲ မြဲသလော)၊ အသဿတ (မမြဲသလော)၊ သနိမိတ္တ (ကံ စသော အကြောင်း နိမိတ်နှင့် တကွ ဖြစ်သလော)၊ အနိမိတ္တ (ကံ စသော အကြောင်း နိမိတ် မရှိသလော)'' ဟု စစ်ဆေး မေးမြန်းသော အခါလည်း ပယ်ရှားလေသည်။

အမှာ။ ။သပ္ပစ္စယ အသခ်ံတ အသဿတ သနိမိတ္တ တို့သည် နိဗ္ဗာန်မှ တပါးသော ရုပ် ဝေဒနာ စသော သစ္စိကဋ္ဌ ပရမတ္ထ တရားတို့၏ အမှတ် လက္ခဏာတည်း၊ အပ္ပစ္စယ အသခ်ံတ သဿတ အနိမိတ္တ တို့သည် နိဗ္ဗာန် ဟူသော သစ္စိကဋ္ဌ ပရမတ္ထ ၏ အမှတ် လက္ခဏာတည်း၊ အသင်၏ ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်လျှင် (သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်လျှင်) သပ္ပစ္စယ စသော အမှတ်လက္ခဏာမျှးရှိရာ၏ဟု နှလုံးသွင်း၍ ''ပုဂ္ဂိုလ် သည် သပ္ပစ္စယ·လော'' စသည်ဖြင့် စစ်ဆေးမေးမြန်းသည်။

၅၄။ (က) ငါ့ရှင် သကဝါဒီ....“ပုဂ္ဂိုလ် ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မရအပ်သလော”ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံပြီ။

(ခ) ငါ့ရှင် သကဝါဒီ....“အတ္ထိ ပုဂ္ဂလော အဘ္ဗာဟိတာယ ပဋိပန္နော” ဟု မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်လော-ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။ [သမ္မုတိသစ္စာ အဖြစ်ဖြင့် ဝန်ခံခြင်း ဖြစ်သည်။]

(ဂ) ငါ့ရှင် သကဝါဒီ....“ပုဂ္ဂိုလ်သည် သပ္ပစ္စယ-လော”ဟု ပရဝါဒီက မေးသောအခါ....“ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။

အမှာ။　။“ပုဂ္ဂိုလ်သည် အပ္ပစ္စယ-လော”စသည်ဖြင့် ရှေးနည်း အတိုင်း မေးရာ၌လည်း ပယ်ရှားသည်၊ ဤသို့ ပယ်ရှားခြင်းသည် သမ္မုတိ ဖြစ်သော ပုဂ္ဂိုလ်၌ သပ္ပစ္စယ အပ္ပစ္စယ စသော သဘော မရှိသောကြောင့် အမှန် အတိုင်းပင် ပယ်ရှားရာ ရောက်သည်။

လက္ခဏယုတ္တိကထာ ပြီး၏။

၉-ဝစနသောဓန

[သဒ္ဒါကို သုတ်သင်ရာ စကားရပ်။]

၅၅။ (က) ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော၊ ရအပ်သော အနက် ဟူသမျှသည် ပုဂ္ဂိုလ်လော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်ပါ၏၊ ရအပ်သော အနက် ဟူသမျှကား အခြို့သည် ပုဂ္ဂိုလ်ဖြစ်၏၊ အခြို့သည် ပုဂ္ဂိုလ် မဟုတ်ပါ”ဟု ဖြေသည်။

(ခ) “ငါ့ရှင် ပရဝါဒီ....ပုဂ္ဂိုလ်ကို အခြို့ကို ရအပ်သလော၊ အခြို့ကို မရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။

အမှာ။　။ပုဂ္ဂလောနှင့် ဥပလဗ္ဘတိ ၂-ပုဒ်သည် အနက်တူမတူ ၂-မျိုးဖြစ်နိုင်၏။ အနက်မတူလျှင် ရုပ်သည် ဝေဒနာမဟု, ဝေဒနာသည်ရုပ်မဟု တမျိုးတခြားစီ ဖြစ်သကဲ့သို့ ပုဂ္ဂိုလ်သည် ဥပလဗ္ဘတိ(ရအပ်

သော အနက်မှ), ဥပလဇ္ဈတိသည် ပုဂ္ဂိုလ်မှ တမျိုးတခြားစီ ဖြစ်၏ဟု အဓိပ္ပါယ်ရ၏။ အနက် တူလျှင် စိတ္တ နှင့် မန သည် အရတူ သကဲ့သို့ ဥပလဇ္ဈတိ (ရအပ်သော အနက်) သည်ပင် ပုဂ္ဂိုလ် မည်၏၊ ပုဂ္ဂိုလ်သည် ဥပလဇ္ဈတိ မည်၏ဟု အဓိပ္ပါယ် ရ၏။ ထို့ကြောင့်—အသင် ပရဝါဒီကို ကျွန်ုပ်မေးပါမည်—

"အသင်၏ ပုဂ္ဂိုလ်သည် ဥပလဇ္ဈတိ ဖြစ်လျှင် ဥပလဇ္ဈတိ မှန်သမျှသည် ပုဂ္ဂလဟုဆိုရာ ရောက်နေ၏၊ အဘယ်သို့နည်း၊ ဤ အဓိပ္ပါယ်ကို လက်ခံပါမည်လော" ဟု နှလုံးသွင်း၍ ပဌမပုစ္ဆာကို သကဝါဒီက မေးသည်။

ထိုအခါ ပရဝါဒီသည် ပုဂ္ဂိုလ်၏ ဥပလဇ္ဈတိ ဖြစ်ပုံကိုသာ အလို ရှိ၍ ဥပလဇ္ဈတိ တရားတိုင်း၏ ပုဂ္ဂိုလ်ဖြစ်ပုံကို အလို မရှိသော ကြောင့် အထက်ပါအတိုင်း ဖြေသည်။ ပရဝါဒီ၏ ဆိုလိုရင်းမှာ—"ကျွန်ုပ်၏ ပုဂ္ဂိုလ်သည် အတ္ထိ ပုဂ္ဂလော စသော ဘုရားရှင် စကားတော်ကြောင့် အမှန်ပင် ဥပလဇ္ဈတိ ဖြစ်ပါ၏၊ ဥပလဇ္ဈတိ တရားတိုင်းကား ပုဂ္ဂိုလ် မဟုတ်ပါ၊ အချို့သာ ပုဂ္ဂိုလ် ဖြစ်ပါသည်" ဟူလို။

ဒုတိယပြဿနာ၌—ဥပလဇ္ဈတိ မည်သော တရားသည် အချို့ ပုဂ္ဂိုလ် ဖြစ်၍ အချို့ ပုဂ္ဂိုလ် မဖြစ်သကဲ့သို့ ပုဂ္ဂိုလ်သည်လည်း အချို့သည် ဥပလဇ္ဈတိ၊ အချို့ ဥပလဇ္ဈတိ မဟုတ်ဟု ဆိုရာ ရောက်၏ဟု နှလုံးသွင်း၍ သကဝါဒီက မေးသည်။ ပရဝါဒီကား ပုဂ္ဂိုလ်၏ မရခြင်းကို အလိုမရှိသောကြောင့် ပယ်ရှားသည်။

၅၆။ ပုဂ္ဂိုလ်သည် သစ္စိကဋ္ဌ (မှန်သော အနက်သဘော)လော၊ သစ္စိကဋ္ဌ ဟူသမျှသည် ပုဂ္ဂိုလ်လော၊ (၅၇) ပုဂ္ဂိုလ်သည် ဝိဇ္ဇမာန (ထင်ရှားရှိ) သလော ။ပေ။ (၅၈) ပုဂ္ဂိုလ်သည် သံဝိဇ္ဇမာန (ကောင်းစွာ ထင်ရှားရှိသ) လော ။ပေ။ (၅၉) ပုဂ္ဂိုလ်သည် အတ္ထိ (ရှိသ) လော၊ ဤသို့ စသည်ဖြင့် မေးပုံ ဖြေပုံကိုလည်း ရှေးအတိုင်း သိပါ။

၆၀။ "ပုဂ္ဂိုလ်သည် ရှိသလော၊ ရှိသော အနက် မှန်သမျှသည် ပုဂ္ဂိုလ် မဟုတ်သလော" ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံသည်။ "ပုဂ္ဂိုလ်သည် မရှိသလော၊ မရှိသော အရာမှန်သမျှသည် ပုဂ္ဂိုလ် မဟုတ်သလော" ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုအပ် မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။

အမှာ။ ။(၅၉) ပြဿနာတုန်းက "ပုဂ္ဂိုလ်ရှိသလော၊ ရှိသော အနက် မှန်သမျှ ပုဂ္ဂိုလ်လောဟု မေးသောအခါ ပုဂ္ဂိုလ်ရှိ၏၊ ရှိသော အနက် မှန်သမျှကား အချို့ ပုဂ္ဂိုလ်ဖြစ်၍ အချို့ ပုဂ္ဂိုလ် မဟုတ်ပါဟု ဖြေ၏၊ ထို အဖြေ၌ ပုဂ္ဂိုလ်ရှိ၏၊ ရှိသောအနက် မှန်သမျှ ပုဂ္ဂိုလ် မဟုတ်ပါဟု ဆိုလိုရာ ရောက်၏၊ ထို့ကြောင့် (၆၀) နံပါတ် ပဌမ ပြဿနာကို မေး၍ ဝန်ခံစေပြီးနောက် ပရဝါဒီ အားကိုးသော ပါဋိဟေဝ်မှ တပါးသော "သုညတော လောကံ အဝေက္ခဿု" စသော ပါဋိတော်အရ ဒုတိယ ပြဿနာကို မေးသည်။ [ပရဝါဒီအားကိုးသော ပါဋိတော်ကို ပုဒ်ရေ (၅၄) ၌ ပြခဲ့ပြီ။ "သုညတော လောကံ" စသော ပါဋိတော်ကို ပုဒ်ရေ (၂၂၆) ၌ တွေ့ရလတ္တံ့။]

၀စနသောဓန ပြီး၏။

၁၀—ပညတ္တာနုယောဂ

[ရူပီ အရူပီ စသော ပညတ်တို့နှင့်တကွ ပုဂ္ဂလ ကို စစ်ဆေး မေးမြန်းရာ စကားရပ်။]

၆၁။ ငါ့ရှင် ပရဝါဒီ...."ရူပဘုံ၌ ပုဂ္ဂိုလ်သည် ရူပ် ရှိသလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

"ငါ့ရှင် ပရဝါဒီ....ကာမဘုံ၌ ပုဂ္ဂိုလ်သည် ကိလေသာ ကာမ ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ... ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

အမှာ။ ။ရူပဘုံ၌ ပုဂ္ဂိုလ်သည် ရူပီ ဖြစ်သလို ကာမဘုံ၌ ပုဂ္ဂိုလ်လည်း ကာမီ ဖြစ်သင့်ရာ ပြဿနာ ၂-ရပ်၌ အဖြေ တူသင့်၏၊ သို့ပါလျက် မတူရကား အဖြေ ၂-ရပ်မှာ ရွေနောက် မစပ်သောကြောင့် သကဝါဒီက နှိပ်သည်။ ထို့နောင် ပရဝါဒီက သုဒ္ဓသစ္စိကဋ္ဌ၌ ပြခဲ့သော ပဋိကမ္မတုက္ကစသော စကား၄-ရပ်ဖြင့် ရှင်းလင်းမှုစသည်ကို ပြုလေသည်၊ ပရဝါဒီသည် ရူပကာယ-ထင်ရှား ရှိခြင်း, "ရူပီနော ဝါ အရူပီနော ဝါ" ဟူသော ပါဋိဖော်၌ "ရူပီ" ဟူသော နာမည် ပညတ် ရှိခြင်းကြောင့် ပဌမ ပြဿနာ၌ ဝန်ခံသည်၊ ကာမ မရှိသော ပုဂ္ဂိုလ်၏ ကာမဘုံ၌ ထင်ရှား ရှိခြင်း, ထို ပုဂ္ဂိုလ်၌ "ကာမီ" ဟူသော နာမည်ပညတ် မရှိခြင်းကြောင့် ဒုတိယ ပြဿနာ၌ ပယ်သည်။

၆၂။ ငါ့ရှင် ပရဝါဒီ....“ရူပဘုံ၌သတ္တဝါတို့သည် ရုပ် ရှိကုန်သလော” ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ကာမဘုံ၌ သတ္တဝါတို့သည် ကိလေသာ ကာမ ရှိကြသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

အမှာ။ ။ဤပြဿနာ ၂ ရပ်၌ “သတ္တဝါ”ဟူသည် (၆၁) ၌ ဆိုအပ်သော “ပုဂ္ဂိုလ်”၏ ပရိယာယ်တည်း၊ ဤ ပြဿနာ ၂-ရပ်၌လည်း အဖြေ ၂-ရပ်မှာ ရှေနောက် မစပ်သောကြောင့် သကဝါဒီက နှိပ်၏။ ပရဝါဒီက ရှင်းလင်းမှု စသည်ကို ပြု၏။ [ဝန်ခံရခြင်း ပယ်ရခြင်းတို့၏ အကြောင်းကို ((၆၁) အတိုင်း သိပါ။]

၆၃။ ငါ့ရှင် ပရဝါဒီ....“အရူပဘုံ၌ ပုဂ္ဂိုလ်သည် ရုပ် မရှိသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီက “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ကာမဘုံ၌ ပုဂ္ဂိုလ်သည် ကိလေသာကာမရှိသလော” ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ [ထို အခါ အဖြေ ၂-ရပ် ရှေနောက် မစပ်သောကြောင့် သကဝါဒီက နှိပ်သည်၊ ပရဝါဒီက ရှင်းလင်းမှု စသည်ကို ပြုသည်။]

၆၄။ ငါ့ရှင် ပရဝါဒီ....“အရူပဘုံ၌ သတ္တဝါ တို့သည် ရုပ် မရှိကုန်သလော”ဟု သကဝါဒီက မေးသော အခါ....ပရဝါဒီက “အိမ်း”ဟု ဝန်ခံသည်။

“ငါ့ရှင် ပရဝါဒီ....ကာမဘုံ၌ သတ္တဝါတို့သည် ကိလေသာ ကာမ ရှိကုန်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ [ထို အခါ အဖြေ ၂-ရပ် ရှေနောက် မစပ်သောကြောင့် သကဝါဒီက နှိပ်သည်၊ ထို့နောင် ပရဝါဒီက ရှင်းလင်းမှု စသည်ကို ပြုသည်။]

အမှာ။ ။ဤ (၆၄) ၌ “သတ္တဝါ”ဟူသည် (၆၃) ၌ ဆိုအပ်သော “ပုဂ္ဂိုလ်”၏ ပရိယာယ်ပင်တည်း၊ (၆၃, ၆၄) တို့ဝယ် ပဌမ

ပြဿနာ၌ အရှုပက္ခန္ဓာ(နာမ်ခန္ဓာ)ထင်ရှားရှိခြင်း, "ရှုပိနော-၀ါ အရှုပိနော ၀ါ" ဟူသော ပါဠိတော်၌ "အရှုပိ" ဟူသော နာမည် ပညတ် ရှိခြင်းကြောင့် ပရ၀ါဒီ၀န်ခံသည်။ [ဒုတိယ ပြဿနာတို့၌ ပယ်ရခြင်း အကြောင်းကား (၆၁) ၌ ပြအပ်သည့် အတိုင်းတည်း ။]

၆၅။ ငါ့ရှင် ပရ၀ါဒီ...."ရှုပဘုံ၌ ပုဂ္ဂိုလ်သည် ရုပ် ရှိ၏၊ အရှုပဘုံ၌ ပုဂ္ဂိုလ်သည် ရုပ် မရှိ၊ အကြင် ပုဂ္ဂိုလ်သည် ရှုပဘုံမှ စုတေ၍ အရှုပဘုံသို့ ကပ်ရောက်၏၊ တစုံတယောက်သော ထို ပုဂ္ဂိုလ်လည်း ရှိသလော" ဟု သကား၀ါဒီက မေးသောအခါ....ပရ၀ါဒီက "အိမ်း" ဟု ၀န်ခံသည်။

ငါ့ရှင် ပရ၀ါဒီ...."ရုပ် ရှိသော ပုဂ္ဂိုလ်သည် ပြတ်၍ ရုပ် မရှိသော ပုဂ္ဂိုလ် ဖြစ်သွားသလော" ဟု သကား၀ါဒီက စစ်ဆေးသော အခါ....ပရ၀ါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ [ထို အခါ အဖြေ ၂-ရပ် ရှေနောက် မစပ်သောကြောင့် သကား၀ါဒီက နှိပ်သည်။ ထို့နောင် ပရ၀ါဒီက ရှင်းလင်းမှု စသည်ကို ပြုသည်။]

[၆၅-နှင့် တူ၏။ ပုဂ္ဂိုလ်နေရာ၌ "သတ္တ၀ါ" ဟု သုံးစွဲခြင်းသာ ထူး၏။

၆၇။ "ဤကား ကာယ" ဟူ၍ သော်၎င်း, "ဤကား သရီရ" ဟူ၍ သော်၎င်း,...."ဤကား သရီရ" ဟူ၍သော်၎င်း, "ဤကား ကာယ" ဟူ၍သော်၎င်း ကာယကို သရီရနှင့် မကွဲမပြား တသားတည်း ပြု၍ ဤ ကာယသည် ထို သရီရလော, ဤ သရီရသည် ထို ကာယလော၊ တူသော အနက် ရှိသလော၊ တူသလော၊ တူသော အဖို့ ရှိသလော၊ ထို ကာယသည် သရီရ သဘော ရှိသလော, ထို သရီရသည် ကာယ သဘော ရှိသလော" ဟု သကား၀ါဒီက မေးသော အခါ....ပရ၀ါဒီသည် "အိမ်း" ဟု ၀န်ခံ၏။ [ထူးခြားချက်ကို မတွေ့ရ၍ ၀န်ခံသည်။]

ငါ့ရှင် ပရ၀ါဒီ...."ဤကား ပုဂ္ဂိုလ်ဟုသော်၎င်း, ဤကား ဇီ၀ဟုသော်၎င်း,....ဤကား ဇီ၀ ဟု သော်၎င်း, ဤကား ပုဂ္ဂိုလ်ဟု သော်၎င်း ပုဂ္ဂိုလ်ကို ဇီ၀နှင့် မကွဲမပြား တသားတည်းပြု၍ ဤ ပုဂ္ဂိုလ်သည် ထို ဇီ၀လော၊ ဤ ဇီ၀သည် ထို ပုဂ္ဂိုလ်လော၊ တူသော အနက် ရှိသလော၊ တူသလော၊

တူသော အဖို့ရှိသလော၊ ထို ပုဂ္ဂိုလ်သည် ဇီဝ သဘော ရှိသလော၊ ထို ဇီဝသည် ပုဂ္ဂိုလ် သဘော ရှိသလော”ဟု သကဝါဒီက မေးသောအခါ... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံ၏။ [ထူးခြားချက်ကို မတွေ့ရ၍ငင် ဝန်ခံပြန်သည်။]

ငါ့ရှင် ပရဝါဒီ.... “ကာယသည် ပုဂ္ဂိုလ်မှ တမျိုးတခြားလော, ပုဂ္ဂိုလ် သည် ကာယမှ တမျိုးတခြားလော”ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံ၏။

ငါ့ရှင် ပရဝါဒီ....“ဇီဝသည် သရီရမှ တမျိုးတခြားလော, သရီရသည် ဇီဝမှ တမျိုးတခြားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီက “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

မှတ်ချက်။ ။ပရဝါဒီသည် “ကာယေ ကာယာနုပဿီ” ဟူသော-ကာယာနုပဿနာ ဒေသနာတော်၌ “ကာယ တခြား, ရှသော ပုဂ္ဂိုလ်တခြား”ဟု ယူထား၏။ ထို အယူကို ပယ်ဖျက်ခြင်းငှါ သကဝါဒီက ပုစ္ဆာ ၄-ရပ်ကို ထုတ်သည်။

၆၀။ ငါ့ရှင် ပရဝါဒီ....“ဤကား ကာယဟုသော်ငင်း, ဤကား သရီရ ဟုသော်ငင်း,....ဤကား သရီရဟုသော်ငင်း, ဤကား ကာယဟုသော်ငင်း ကာယကို သရီရနှင့် မကွဲမပြား တသားတည်းပြု၍ ဤကာယသည် ထို သရီရ လော၊ ဤ သရီရသည် ထို ကာယလော၊ ဟူသော အနက် ရှိသလော၊ တူသ လော၊ တူသောအဖို့ ရှိသလော၊ ထို ကာယသည် သရီရသဘော ရှိသလော၊ ထို သရီရသည် ကာယ သဘော ရှိသလော”ဟု ပရဝါဒီက မေးသောအခါ.... သကဝါဒီသည် “အိမ်း”ဟု ဝန်ခံ၏။

ငါ့ရှင် သကဝါဒီ ...“မြတ်စွာ ဘုရားသည် အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နောဟု ဟောတော်မူအပ်သည် မဟုတ်ပါလော”ဟု ပရဝါဒီက မေး သောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံ၏။

ငါ့ရှင် သကဝါဒီ ...“ကာယတခြား ပုဂ္ဂိုလ်တခြားလော”ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီက “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှား လေသည်။ [ဘုရားရှင် ဟောတော်မမူသည့်အတွက် မဖြေပဲ ထားထိုက်သော ကြောင့် ပယ်ရှားသည်၊ ထို အခါ အဖြေ ၃-ရပ် ရှေနောက် မစပ်သောကြောင့် ပရဝါဒီက နှိပ်လေသည်။ ထို နှိပ်ခြင်းကား စကား ကပ်ခြင်းသာ၊ ထို့နောင် သကဝါဒီက ရှင်းလင်းမှု စသည်ကို ပြုလေသည်။]

ပညတ္တာနုယောဂ ပြီး၏။

၁၁-ဂတိအနုယောဂ

[ဂတိပြောင်းပုံကို အဦးပြု၍ စုတိ ပဋိသန္ဓေကို စစ်ဆေး မေးမြန်းရာ အခန်း။]

၆၉။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် ဤလောကမှ နောက်လောက, နောက်လောကမှ ဤလောကသို့ ကျင်လည် ပြေးသွားသလော”ဟု သကဝါဒီကမေးသောအခါ ပရဝါဒီသည် (ထို့သို့ပြေးသွားသည်ဟု ယူဆသောကြောင့်) “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ထို ပုဂ္ဂိုလ်သည်ပင် ဤ လောကမှ နောက်လောက, နောက်လောကမှ ဤလောကသို့ ကျင်လည်ပြေးသွားသလော”ဟုသကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် (သဿတဒိဋ္ဌိ ဖြစ်မည်စိုးသောကြောင့်) “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

၇၀။ ပဌမ ပြဿနာကို ရှေးနည်း အတိုင်း မေးပြီးနောက်....“ငါ့ရှင် ပရဝါဒီ....(ထို ပုဂ္ဂိုလ်သည်ပင် ကျင်လည် ပြေးသွားသည်ဟု မဆိုလိုလျှင်) အခြား ပုဂ္ဂိုလ်သည် ဤ လောကမှ နောက် လောက, နောက်လောကမှ ဤ လောကသို့ ပြေးသွားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မည်စိုးသောကြောင့်) “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

၇၁။ ပဌမ ပြဿနာကို ရှေးအတိုင်း မေးပြီးနောက်....ငါ့ရှင် ပရဝါဒီ.... (၂-ဦးလုံး ကျင်လည် ပြေးသွားသည်ဟုလည်း မဆိုလိုလျှင်) ထို ပုဂ္ဂိုလ်သည် ဤ လောကမှ နောက် လောက, နောက်လောကမှ ဤ လောကသို့ ပြေးသွားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် (အမရာဝိက္ခေပဒိဋ္ဌိ=အတည်ယူ၍ မရနိုင်အောင် ငြင်းပယ်သော ဒိဋ္ဌိ ဖြစ်မည်စိုးသောကြောင့်) “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

၇၂။ ပဌမ ပြဿနာကို ရှေးအတိုင်း မေးပြီးနောက်....ငါ့ရှင် ပရဝါဒီ.... (၂-ဦးလုံး ကျင်လည် ပြေးသွားသည်ဟုလည်း မဆိုလိုလျှင်) ထို ပုဂ္ဂိုလ်သည် ဤ လောကမှ နောက် လောက, နောက်လောကမှ ဤ လောကသို့ ပြေးသွားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် (ကေစ္စသဿဒိဋ္ဌိ=အချို့မြို့၏ အချို့မမြဲဟု ဖြစ်သော ဒိဋ္ဌိ ဖြစ်မည်စိုးသောကြောင့်) “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

မှတ်ချက်။ ။သဿတဒိဋ္ဌိ စသည်ကို သိလက္ခန် ဗြဟ္မဇာလသုတ်၌ အကျယ်ဟောတော်မူ၏။ ထို သုတ်ကို လေ့လာပြီးမှသာ ဤ၌ ပရဝါဒီ၏ ပယ်ရပုံကို ကျေနပ်လောက်အောင် သဘောပေါက် နိုင်ပါလိမ့်မည်။

၇၃။ ပဌမပြဿနာကို ရှေးအတိုင်း မေးပြီးနောက်.... "ငါ့ရှင် ပရဝါဒီ.... (အထက်ပါ အားလုံးကို မဆိုလိုလျှင်) ထို ပုဂ္ဂိုလ်သည် ကျင်လည် ပြေးသွားသလော, အခြား ပုဂ္ဂိုလ်သည် ကျင်လည်ပြေးသွားသလော, ထို ပုဂ္ဂိုလ်သည်ၵုင်း အခြား ပုဂ္ဂိုလ်သည်ၵုင်း ကျင်လည် ပြေးသွားသလော, ထို ပုဂ္ဂိုလ်လည်း မပြေးသွား, အခြား ပုဂ္ဂိုလ်လည်း မပြေးသွားသလော"ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် (သဿတစသော ဒိဋ္ဌိ ၄-မျိုးလုံး ဖြစ်မည် စိုးသောကြောင့်) "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

၇၄။ ငါ့ရှင် သကဝါဒီ..."ပုဂ္ဂိုလ်သည် ဤလောကမှ နောက်လောက, နောက်လောကမှ ဤလောကသို့ ကျင်လည် ပြေးသွား၏ဟု မဆိုထိုက်သလော" ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ....

"သ သတ္တက္ခတ္တုပရမံ၊ သန္ဓာဝိတ္ဝာန ပဋိဇာတော။
ဒုက္ခဿန္တကရာ ဟောတိ၊ သဗ္ဗသံယောဇနက္ခယာ။

ဟု မြတ်စွာဘုရားဟောတော်မူအပ်သော သုတ်တော်ရှိသည်သာ မဟုတ်လော" ဟု ပရဝါဒီက စစ်ဆေးသောအခါ.... သကဝါဒီသည် "အိမ်း"ဟု ဝန်ခံ၏။ ငါ့ရှင်သကဝါဒီ...."ထိုသို့ဖြစ်လျှင် ပုဂ္ဂိုလ်သည် ဤလောကမှ နောက်လောက, နောက်လောကမှ ဤလောကသို့ ကျင်လည် ပြေးသွား၏"ဟု ပရဝါဒီ ဆုံးဖြတ်၏။

သုတ်တော်မြန်မာပြန်။ ။ထို သောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် အလွန် အတိုင်းအရှည်ရှိသော အာဇ် ကျင်လည် ပြေးသွားပြီး၍ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် တောဘူမကဝဋ်ဒုက္ခ၏ အဆုံးကို ပြုနိုင်၏။ နိဒါနဝဂ္ဂ, အနုမတဂ္ဂသံယုတ်, ၁-ဝဂ်, ၁၀-သုတ်။

၇၅။ ပဌမပြဿနာကို(၇၄)အတိုင်း ငမေးပြီးနောက်-ငါ့ရှင် သကဝါဒီ.... "အနုမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာနိဝရဏာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ = ဘိက္ခုတို့.... ဤသံသရာသည် မသိအပ် မသိနိုင်သော အစ အပိုင်းအခြား ရှိ၏။ အဝိဇ္ဇာဟူသော နိဝရဏရှိကုန်သော တဏှာဟူသော သံယောဇဉ်ရှိကုန်သော တဘဝမှ တဘဝသို့ ပြေးသွားကျင်လည်နေကြရကုန်သော သတ္တဝါတို့၏ ရှေ့ အစွန်းအစ အပိုင်းအခြားကို မသိအပ် မသိနိုင်၊ (နိဒါနဝဂ်, အနုမတဂ္ဂသံယုတ်, ၁-ဝဂ်, ၁-သုတ်) ဟူ၍ မြတ်စွာဘုရားဟောတော်မူအပ်သော သုတ်တော် ရှိသည်သာ မဟုတ်လော"ဟု ပရဝါဒီကစစ်ဆေးသောအခါ... သကဝါဒီသည် "အိမ်း"ဟု

၀န်ခံ၏။ ငါ့ရှင် သကဝါဒီ.... "ထိုသို့ဖြစ်လျှင် ပုဂ္ဂိုလ်သည် ဤလောကမှ နောက်လောက, နောက်လောကမှ ဤလောကသို့ ကျင်လည် ပြေးသွား၏"ဟု ပရဝါဒီ ဆုံးဖြတ်၏။

၇၆။ ပဌမပြဿနာကို (၆၉) စသည်အတိုင်း မေးပြီးနောက်.... ငါ့ရှင် ပရဝါဒီ "ထို ပုဂ္ဂိုလ်သည်ပင် ကျင်လည် ပြေးသွားသလော"ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် (သဿတဒိဋ္ဌိ ဖြစ်မည်စိုးသောကြောင့်) "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

၇၇။ ငါ့ရှင် ပရဝါဒီ...."ထို ပုဂ္ဂိုလ်သည်ပင် ကျင်လည် ပြေးသွားသလော"ဟု (သေချာ ခိုင်မြဲစေရန် တဖန် ထပ်၍) သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် (ကျင်လည် ပြေးသွားသည်မှာ အခြားပုဂ္ဂိုလ် မဟုတ်သည့်ပြင် "သော တတော စုတော ဤဓုပပန္နော"ဟုလည်း ပါဠိတော်ရှိသောကြောင့်) "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ...."လူဖြစ်ပြီးနောက် နတ်ဖြစ်သော အချို့ပုဂ္ဂိုလ်ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံပြန်သည်။

ငါ့ရှင် ပရဝါဒီ...."ထို လူသည်ပင် ထို နတ်လော"ဟု သကဝါဒီက စစ်ဆေးပြန်သော်.... ပရဝါဒီသည် (လူ၏ နတ်အဖြစ် မရှိခြင်း=လူသည် နတ်မဟုတ်ခြင်းကြောင့်) "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

၇၈။ ငါ့ရှင် ပရဝါဒီ.... "ထို လူသည်ပင် ထို နတ်လော"ဟု (သေချာခိုင်မြဲစေရန် အထက်ပါ တတိယပြဿနာကိုပင် ထပ်၍) သကဝါဒီက မေးသောအခါ....ပရဝါဒီသည် ("အဟံ တေန သမယေန သုနေတ္တော နာမ သတ္ထာ အဟောသိံ=ငါသည် ထိုအခါ၌ သုနေတ္တ မည်သော ဆရာဖြစ်ခဲ့ပြီ" စသော ပါဠိတော်အရ) "အိမ်း"ဟု ဝန်ခံသည်။

"အိမ်း"ဟူသော အဓိပ္ပာယ် အပြစ်တင်ပုံ

(က) ငါ့ရှင် ပရဝါဒီ.... လူဖြစ်ပြီးမှ နတ်ဖြစ်သည်၊ နတ်ဖြစ်ပြီးမှ လူဖြစ်သည်၊ လူဖြစ်၍ ဖြစ်သူက တခြား, နတ် ဖြစ်သူက တခြားပါတည်း၊ (သင်၏ "အိမ်း"ဟူသော အဖြေအရမူ) လူဖြစ်၍ ဖြစ်သော ထိုသူသည်ပင် ဤနတ် ဖြစ်လာ၍ (ရုပ်ပြောင်း ရုပ်လဲအားဖြင့်) ကျင်လည် ပြေးသွားရာရောက်နေ၏၊ ဤသို့ (သင်၏ အိမ်း ဟူသော စကား)မှားသည်။

(ခ) မူန်၏–ထို ပုဂ္ဂိုလ်သည်ပင် ဤလောကမှ စုတေ၍ နောက်လောကသို့ ကျင်လည် ပြေးသွားအံ့, အခြား တယောက် မဟုတ်အံ့၊ ဤသို့ ဖြစ်သော် သေခြင်းပင် မဖြစ်တော့လတ္တံ့၊ ပါဏာတိပါတ(သူ့အသက် သတ်မှု)ကိုလည်း ပြု၍ မရအပ်တော့၊....ကံသည် ရှိ၏၊ ကံ၏ အကျိုးသည် ရှိ၏၊ ပြုအပ်ပြီး ကုန်သော ကံတို့၏ အကျိုးသည် ရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံသည် ရင့်ကျက်၍ အကျိုးပေးလသော် ထိုလူ, သို့မဟုတ်–နတ်သည်ပင် ဤလူ, သို့မဟုတ်–နတ်ဖြစ်၍ (ရုပ်ပြောင်း ရုပ်လဲအားဖြင့်) ကျင်လည် ပြေးသွားရာ ရောက်နေ၏၊ ဤသို့ (သင်၏ အိမ်း ဟူသော စကား) မှားသည်။

မှတ်ချက်။ ။ပါဠိတော် စာအုပ်တို့ဝယ် (က) စကားရပ်၏ အဆုံး၌ ပေယျာလ ရှိ၏၊ ပဋိကမ္မစတုက္က စသည်ကို မြုပ်ထားသည်ဟူ ယူဘွယ် ရှိသည်၊ သို့သော်–အဋ္ဌကထာ၌ ထို(က-ခ)စကား ၂-ရပ်လုံးကို "ပရဝါဒီ၏ စကားကို အမှားဟု ပြလို၍ ဆိုသည်"ဟု တဆက်ထည်းအဖြစ်ဖြင့် ဖွင့်သောကြောင့် ထို ပေယျာလ လိုမည် မထင်၊ (ခ) စကားရပ်ကိုလည်း (က)ကို ခိုင်မြဲစေသော ဒဋ္ဌိကရဏစကားဟု ယူသင့်သည်။

၇၉။ ပဌမပြဿနာကို (၇၇)အတိုင်း မေးပြီးလျှင်....(၁)လူ ဖြစ်ပြီး နောက် ဘီလူးဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၂) လူဖြစ်ပြီးနောက် ပြိတ္တာဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၃) လူဖြစ်ပြီးနောက် ငရဲသား ဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၄) လူဖြစ်ပြီးနောက် တိရစ္ဆာန်ဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၅) လူဖြစ်ပြီးနောက် ကုလားအုတ်ဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၆) လူဖြစ်ပြီးနောက် နွားဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၇) လူဖြစ်ပြီးနောက် မြည်းဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၈) လူဖြစ်ပြီးနောက် ဝက်ဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊ (၉) လူဖြစ်ပြီးနောက် ကြွဖြစ်သော အခ္ခိုပုဂ္ဂိုလ် ရှိသလော၊....ဤ(၉)ရပ်တို့ကို ဒုတိယပြဿနာအဖြစ်ဖြင့် သကဝါဒီက မေးသောအခါ....(၇၇)ဒုတိယပြဿနာ တုန်းကကဲ့သို့ပင် ပရဝါဒီက "အိမ်း"ဟု ဝန်ခံသည်၊... ထို့နောက် "ထို လူပင် ထို ဘီလူးလော"မှ စ၍ "ထို လူသည်ပင် ထို ကြွလော"တိုင်အောင် ပြအပ်ပြီး စကား (၉) ရပ် အစဉ်အတိုင်း တတိယပြဿနာကို သကဝါဒီက မေးသော အခါ....(၇၇)တတိယပြဿနာတုန်းကကဲ့သို့ပင် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပရဝါဒီက ပယ်ရှားလေသည်။ [ဝန်ခံရခြင်း, ပယ်ရှားရခြင်းတို့၏အကြောင်းကို (၇၇) အတိုင်းပင် မှတ်ပါ။]

၈၀။ [(၇၉)၌ပြအပ်ခဲ့သော တတိယပြဿနာ(၉)ရပ်တို့ကို သကဝါဒီက အစဉ်အတိုင်း မေးပုံ, မေးတိုင်း ပရဝါဒီက ဝန်ခံပုံ, ဝန်ခံတိုင်း သကဝါဒီက

နှိပ်ပုံတို့ကို ပြပြီးလျှင်....] ငါ့ရှင် ပရဝါဒီ....“ထို လူသည်ပင် ထို ကဲ့လော”ဟု သကဝါဒီက မေးပုံ, ပရဝါဒီက ဝန်ခံပုံ, ထိုအခါ သကဝါဒီက နှိပ်ပုံတို့ကို ပြသည်၊ [နှိပ်ပုံ(၉)မျိုးကို (၇၈)ဝယ် “နတ်”ဟူသော စကားကို ဖြုတ်၍ “ဘီလူး”စသော စကားတို့ကို သွင်းကြည့်လျှင် သိနိုင်၏။]

၈၁။ ပဌမ ပြဿနာကို (၇၇)အတိုင်းပင် မေးပြီးလျှင် “ငါ့ရှင် ပရဝါဒီ....ခတ္တိယ ဖြစ်ပြီးနောက် ဗြာဟ္မဏဖြစ်သော အချို့ပုဂ္ဂိုလ် ရှိသလော” ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်၊ ထို့နောက် “ငါ့ရှင် ပရဝါဒီ....ထို ခတ္တိယသည်ပင် ထို ဗြာဟ္မဏလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ [ထို့နောက် ထိုပြဿနာကိုပင် ထပ်၍ မေးပုံ, ပရဝါဒီက ဝန်ခံပုံ, သကဝါဒီက (၇၈)တုန်းကဲ့သို့ နှိပ်ပုံမျှားကို ပေယျာလ မြွုပ်ထားသည်။]

၈၂။ (က) ငါ့ရှင် ပရဝါဒီ....“ခတ္တိယဖြစ်ပြီးနောက် ဝေဿ ဖြစ်သော အချို့ပုဂ္ဂိုလ် ရှိသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် (၈၁) ဒုတိယ ပြဿနာ အတိုင်းပင် ဝန်ခံသည်။

(ခ) ငါ့ရှင် ပရဝါဒီ... “ထို ခတ္တိယ သည်ပင် ထို ဝေဿလော”ဟု သကဝါဒီက စစ်ဆေးသောအခါ... ပရဝါဒီသည် (၈၁) တတိယ ပြဿနာ အတိုင်းပင် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်လေသည်။ [ထို့နောက် ထို ပြဿနာကိုပင် ထပ်၍ မေးပုံ, ပရဝါဒီက ဝန်ခံပုံ, သကဝါဒီက နှိပ်ပုံတို့ကို (၇၈) တုန်းက အတိုင်း မှတ်ပါ။]

အမှာ။ ။“ဝေဿ” နေရာ၌ “သုဒ္ဒ”ကို ထည့်၍ ဤကဲ့သို့ ပြဿနာ ၂-ရပ်ရှိသေး၏၊ ပဌမ ပြဿနာ၌ ဝန်ခံ၍ ဒုတိယပြဿနာ၌ ဤ နည်းတူပင် ပယ်လေသည်၊....(၈၃) ဗြာဟ္မဏကို မူတည်၍ ဝေဿ, သုဒ္ဒ, ခတ္တိယတို့ကို အစဉ်အတိုင်း မူလီသွင်းလျက် ပြဿနာ ၂-ရပ်စီကို ပြသည်၊ (၈၄) ဝေဿကို မူတည်၍ သုဒ္ဒ, ခတ္တိယ, ဗြာဟ္မဏ တို့ကို အစဉ်အတိုင်း မူလီသွင်းလျက် ပြဿနာ ၂-ရပ်စီကိုပင် ပြသည်၊ (၈၅) သုဒ္ဒ ကို မူတည်၍ ခတ္တိယ, ဗြာဟ္မဏ, ဝေဿ တို့ကို အစဉ်အတိုင်း မူလီသွင်းလျက် ပြဿနာ ၂-ရပ်စီကိုပင် ပြသည်။ [ပဌမ ပြဿနာ မျှား၌ ဝန်ခံ၍ ဒုတိယ ပြဿနာမျှား၌ ပယ်လှန်ပုံကို (၈၁) အတိုင်း သိပါ။]

၈၆။ ပဌမ ပြဿနာကို (၂၂) အတိုင်း မေးပြီးလျှင်....(၁) ဤ ဘဝ၌ ပြုတ်သော လက်ရှိသူသည် နောက်ဘဝ၌ ပြုတ်သော လက်ရှိသူပင် ဖြစ်သလော၊ (၂) ဤဘဝ၌ ပြုတ်သော ခြေရှိသူသည် နောက်ဘဝ၌ ပြုတ်သော ခြေရှိသူပင် ဖြစ်သလော၊ (၃) ဤ ဘဝ၌ ပြုတ်သော လက်ခြေ ရှိသူသည် နောက်ဘဝ၌ ပြုတ်သော လက်ခြေရှိသူပင် ဖြစ်သလော၊ (၄) ဤ ဘဝ၌ ပြုတ်သော နားရှိသူ၊ (၅) ဤ ဘဝ၌ ပြုတ်သော နှာခေါင်းရှိသူ၊ (၆) ဤ ဘဝ၌ ပြုတ်သော နားနှာခေါင်း ရှိသူ၊ (၇) ဤ ဘဝ၌ ပြုတ်သော လက်ချောင်း ခြေချောင်း ရှိသူ၊ (၈) ဤ ဘဝ၌ ပြုတ်သော လက်မခြေမရှိသူ၊ (၉) ဤ ဘဝ၌ ပြုတ်သော အကြောမ ရှိသူ၊ (၁၀) ဤဘဝ၌ ကောက်သော လက်ရှိသူ၊ (၁၁) ဤ ဘဝ၌ လက်ဖျဉ်း ရှိသူ၊ (၁၂) ဤ ဘဝ၌ နှုန၁ ရှိသူ၊ (၁၃) ဤ ဘဝ၌ မြင်းဖုန၁ ရှိသူ၊ (၁၄) ဤ ဘဝ၌ ပေ့းကြီး ဝံကြီးန၁ ရှိသူ၊ (၁၅) ဤ ဘဝ၌ ခယရုဂ်ချောင်းဆိုးန၁ ရှိသူ၊ (၁၆) ဤ ဘဝ၌ ဝက်ရူး ကြက်ရူးန၁ ရှိသူ၊ (၁၇) ဤ ဘဝ၌ ကုလားအုတ်၊ (၁၈) ဤ ဘဝ၌ နွား၊ (၁၉) ဤ ဘဝ၌ မြည်း၊ (၂၀) ဤ ဘဝ၌ ဝက်၊ (၂၁) ဤ ဘဝ၌ ကျဲသည် နောက် ဘဝ၌ ကျဲပင် ဖြစ်သလော၊....ဤသို့ (၂၁) ချက် သကဝါဒီက စစ်ဆေးသည်၊ စစ်ဆေးတိုင်း ပရဝါဒီက "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

အမှာ။ ။ဒုတိယ ပြဿနာ အဖြစ်ဖြင့် မေးအပ်သော ထို (၂၁-)ရပ်ကိုပင် ထပ်မံ၍ မေးပုံ, ထို အခါ ပရဝါဒီက ဝန်ခံပုံ, ဝန်ခံသော အခါ သကဝါဒီက နှိပ်ပုံတို့ကို (၇၈) အတိုင်း သိပါ။
[ပါဠိတော် စာအုပ်တို့၌ ပေယျာလ မြုပ်ထားသည်။]

၈၇။ ပဌမ ပြဿနာကို (၂၄) အဘိုင်း မေးပြီးနောက်....ငါ့ရှင် သကဝါဒီ...."သောတာပန် ပုဂ္ဂိုလ်သည် လူ့ပြည်မှ စုတေလသော် နတ်ပြည်၌ ဖြစ်၏၊ ထို နတ်ပြည်၌လည်း သောတာပန် ပုဂ္ဂိုလ်ပင် ဖြစ်သည် မဟုတ်လော"ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည်"အိမ်း"ဟု ဝန်ခံ၏။

ငါ့ရှင် သကဝါဒီ...."သောတာပန် ပုဂ္ဂိုလ်သည် လူ့ပြည်မှ စုတေလသော် နတ်ပြည်၌ ဖြစ်၏၊ အကယ်၍ ထို နတ်ပြည်၌လည်း သောတာပန် ပုဂ္ဂိုလ်ပင် ဖြစ်အံ့၊ ထိုသို့ ဖြစ်ခြင်းကြောင့် ငါ့ရှင် သကဝါဒီ.... ထို ပုဂ္ဂိုလ်သည်ပင် ဤလောကမှ နောက်လောက, နောက်လောကမှ ဤ လောကသို့ ကျင်လည် ပြေးသွား၏—ဟု ဤကိုထိုက် သည်သာ"ဟူ၍ ပရဝါဒီ ဆုံးဖြတ်၏။

၈၈။ ငါ့ရှင် ပရဝါဒီ...."သောတာပန် ပုဂ္ဂိုလ်သည် လူ့ပြည်မှ စုတေလသော် နတ်ပြည်၌ ဖြစ်၏၊ ထို နတ်ပြည်၌လည်း သောတာပန် ပုဂ္ဂိုလ်ပင်

ဖြစ်၏ဟု နှလုံးသွင်း၍ ထို အကြောင်းကြောင့်ပင် ထို ပုဂ္ဂိုလ် သည်ပင် ဤ လောကမှ နောက် လောက, နောက် လောကမှ ဤ လောကသို့ ကျင်လည် ပြေးသွား၏ဟု ဆိုလိုသလော”ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။ [သကဝါဒီက ထို ပြဿနာ ကိုပင် ဒုတိယအကြိမ် ထပ်၍မေးသောအခါ....ပရဝါဒီသည် ပယ်သည့်အတွက် အဖြေ ၂-ရပ် ရှေနောက် မစပ်သောကြောင့် သကဝါဒီက နှိပ်သည်။]

၈၉။ ပဌမ ပြဿနာကို (၇၇) အတိုင်း မေးပြီးနောက်.... ငါ့ရှင် ပရဝါဒီ...“အခြားသူတယောက် မဟုတ်ပဲ ပြတ်သော လက်ရှိသူ၏ အဖြစ် စသော ဤ ဘဝ၌ ရှိသော အခြင်းအရာနှင့် မကင်းပဲ ကျင်လည် ပြေးသွားသလော” ဟု သကဝါဒီက စစ်ဆေးသော အခါ...“ဤသို့ကား မဆိုထိုက်ပါ”ဟု ပရဝါဒီ ပယ်ရှားလေသည်။ ပေ ။

၉၀။ (၈၉) ဒုတိယ ပြဿနာကိုပင် သကဝါဒီက ထပ်၍ မေးသော အခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

သကဝါဒီသည် (၈၆) ဒုတိယ ပြဿနာကိုပင် ဤ၌ ဒုတိယ ပြဿနာ အဖြစ်ဖြင့် မေးပြန်ရာ....ပရဝါဒီသည် ထို (၈၆) တုန်းက ကဲ့သို့ပင် ပယ်ရှားလေသည်။

၉၁။ ပဌမ ပြဿနာကို (၇၇) အတိုင်း မေးပြီးနောက်.... ငါ့ရှင် ပရဝါဒီ....“ရုပ်နှင့်တကွ ပြေးသွားသလော”ဟု သကဝါဒီက စစ်ဆေးသော အခါ ပရဝါဒီသည် ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ပေ။

သကဝါဒီသည် ထို ပြဿနာကိုပင် ထပ်၍ မေးပြန်သော အခါ ပရဝါဒီသည်“အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ “ထို ရုပ်ဟူသော သရီရသည် ဇီဝလော, ထို ဇီဝသည် သရီရလော”ဟု သကဝါဒီက စစ်ဆေးသောအခါ ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။(၁) ဝေဒနာနှင့်တကွ ပြေးသွားသလော၊ (၂) သညာနှင့်တကွ ပြေးသွား သလော၊ (၃) သင်္ခါရတို့နှင့်တကွ ပြေးသလော၊ (၄) ဝိညာဉ်နှင့်တကွပြေးသွားသလော၊—ဤ (၄) ချက်တို့ကိုလည်း ဒုတိယ ပြဿနာ အဖြစ်ဖြင့် မေးသည်။

၉၂။ ပဌမ ပြဿနာကို (၇၇) အတိုင်း မေးပြီးနောက် ငါ့ရှင် ပရဝါဒီ “ရုပ် မရှိပဲ (ရုပ် မပါပဲ) ကျင်လည် ပြေးသွားသလော”ဟု သကဝါဒီက မေးသောအခါ ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

သကဝါဒီသည် ထို ပြဿနာကိုပင် ထပ်၍ မေးပြန်သောအခါ ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ "ဇီဝ တခြား, သရီရ တခြားလော"ဟု သကဝါဒီက, မေးသောအခါ ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

အမှာ။ ။(၁) ဝေဒနာ မရှိပဲ ပြေးသွားသလော၊ (၂) သညာ မရှိပဲ ပြေးသွားသလော၊ (၃) သင်္ခါရတို့ မရှိပဲ ပြေးသွားသလော၊ (၄) ဝိညာဏ်မရှိပဲ ပြေးသွားသလော၊ ဤ ၄-ချက်တို့ကို လည်း ဒုတိယ ပြဿနာ အဖြစ်ဖြင့် မေးသည်။

၉၃။ ပဌမ ပြဿနာကို (၇၇) အတိုင်း မေးပြီးနောက် ငါ့ရှင် ပရဝါဒီ "ရုပ်သည် ပြေးသွားသလော" ဟု သကဝါဒီက မေးသော အခါ "ဤသို့ကား မဆိုထိုက်ပါ"ဟု ပရဝါဒီ ပယ်ရှားလေသည်။

သကဝါဒီသည် ထို ပြဿနာကိုပင် ထပ်၍ မေးပြန်သော အခါ ပရဝါဒီက "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထို ရုပ်ဟူသော သရီရသည် ဇီဝလော, ထို ဇီဝသည် သရီရလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

အမှာ။ ။(၁) ဝေဒနာသည် ပြေးသွားသလော၊ (၂) သညာသည် ပြေးသွားသလော၊ (၃) သင်္ခါရတို့သည် ပြေးသွားကုန်သလော၊ (၄) ဝိညာဏ်သည် ပြေးသွားသလော၊....ဤ(၄) ချက်တို့ကိုလည်း ဒုတိယပြဿနာအဖြစ်ဖြင့် မေးသည်။

၉၄။ ပဌမပြဿနာကို (၇၇) အတိုင်းမေးပြီးနောက်....ငါ့ရှင် ပရဝါဒီ.... "ရုပ်သည် မပြေးသွားဘူးလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

သကဝါဒီသည် ထို ပြဿနာကိုပင် ထပ်၍ မေးပြန်သောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ဇီဝ တခြား, သရီရ တခြားလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

အမှာ။　။(၁) ဝေဒနာသည် မပြေးသွားဘူးလော၊ (၂) သညာသည် မပြေးသွားဘူးလော၊ (၃) သင်္ခါရတို့သည် မပြေးသွားကြဘူးလော၊ (၄) ဝိညာဏ်သည် မပြေးသွားဘူးလော၊ ...ဤ (၄)ချက်တို့ကိုလည်း ဒုတိယပြဿနာအဖြစ်ဖြင့် မေးသည်။

ခန္ဓာများ ပျက်ကြသော် ပုဂ္ဂိုလ်လည်း ပျက်၏ဟု(ယူအံ့)၊ ဗုဒ္ဓမြတ်စွာ ရှောင်ကြဉ်တော်မူအပ်သော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။

ခန္ဓာများ ပျက်ကြသော် ပုဂ္ဂိုလ်သည် မပျက်အံ့၊ ပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့် အလွန်တူသော "သဿတ=အခါခပ်သိမ်း ထင်ရှားရှိသော တရား" ဖြစ်သည်။

ဂတိအနုယောဂ ပြီး၏။

၁၂-ဥပါဒါပညတ္တာနုယောဂ

[ရုပ် စသည်ကို စွဲ၍ ပုဂ္ဂလ ဟူသော နာမည် ပညတ်ကို မေးရာအခန်း။]

၉၅။ ငါ့ရှင် ပရဝါဒီ...."ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော" ဟု သကဝါဒီက မေးသောအခါ...ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ.... "ရုပ်သည် မမြဲသည်, အကြောင်းတရားတို့သည် ကောင်းစွာ ရောက်၍ ပြုစီမံအပ်သည်, အကြောင်းကို စွဲ၍ ဖြစ်သည်, ကုန်ခြင်း သဘောရှိသည်, ပျက်ခြင်း, သဘောရှိသည်, စက်ဆုပ်ဖွယ် သဘောရှိသည်, ချုပ်ခြင်း သဘောရှိသည်, ဖောက်ပြန်ခြင်း သဘောရှိသည် မဟုတ်လော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "အိမ်း" ဟုပင် ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ပုဂ္ဂိုလ်သည်လည်း မမြဲသည်,အကြောင်းတရားတို့သည် ကောင်းစွာ ရောက်၍ ပြုစီမံအပ်သည်, အကြောင်းကို စွဲ၍ ဖြစ်သည်, ကုန်ခြင်း သဘောရှိသည်, ပျက်ခြင်း သဘောရှိသည်, စက်ဆုပ်ဖွယ် သဘောရှိသည်, ချုပ်ခြင်း သဘောရှိသည်, ဖောက်ပြန်ခြင်း သဘောရှိသည် မဟုတ်လော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည် ။ပေ။

အမှာ။　။(၉၆)၌ (၁) ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော၊ (၂) သညာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော၊ (၃) သင်္ခါရတို့ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော၊ (၄) ဝိညာဏ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော၊....ဤ ၄-ရပ်ကို ပဌမပြဿနာ

အဖြစ်ဖြင့် မေးပြီးနောက် ဤဝေဒနာ စသော ၄-ပါး၏ အနိစ္စ စသည်၏အဖြစ်ကို ဒုတိယ ပြဿနာအဖြစ်ဖြင့် မေးသည်၊ တတိယပြဿနာမှာ (၉၅)နှင့် တူပြီ။

၉၂။ ပဌမပြဿနာကို (၉၅) အတိုင်း မေးပြီးနောက်... ငါ့ရှင် ပရဝါဒီ...."ညိုသော ရုပ်ကို စွဲ၍ ညိုသော ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက မေးသောအခါ...ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

အမှာ။ ။(၁) ရှေသော ရုပ် (၂) နီသော ရုပ် (၃) ဖြူသော ရုပ် (၄) မြင်အပ်သည်၏ အဖြစ်နှင့်တကွ ဖြစ်သော ရုပ် (၅) မြင်အပ်သည်၏ အဖြစ် မရှိသော ရုပ် (၆) ထိပါးခြင်းနှင့်တကွ ဖြစ်သော ရုပ် (၇) ထိပါးခြင်း မရှိသော ရုပ်၊.... ဤရုပ် (၇) မျိုးတို့ကို စွဲ၍ "ရှေသော ပုဂ္ဂိုလ်"စသော (၇) မျိုးကို ပညတ်သလော ဟူသော ပြဿနာ (၇) ရပ်ကိုလည်း ဒုတိယ ပြဿနာမျှားအဖြစ်ဖြင့် မေးသည်၊ ပရဝါဒီသည် မေးတိုင်း မေးတိုင်း ပယ်ရှားလေသည်။

၉၈။ ငါ့ရှင် ပရဝါဒီ...."ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက မေးသောအခါ...ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ...."ကုသိုလ်ဖြစ်သော ဝေဒနာကို စွဲ၍ ကုသိုလ်ဖြစ်သော ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက စစ်ဆေးသောအခါ... ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

သကဝါဒီသည် ဤဒုတိယပြဿနာကိုပင် ထပ်၍ မေးသောအခါ....ပရဝါဒီသည် ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ကုသိုလ်ဖြစ်သော ဝေဒနာသည် အကျိုးနှင့်တကွ ဖြစ်သည် မဟုတ်လော၊ ဝိပါက်နှင့်တကွ ဖြစ်သည် မဟုတ်လော၊ အလိုရှိအပ်သော အကျိုးရှိသည် မဟုတ်လော၊ နှစ်သက်အပ်သော အကျိုးရှိသည် မဟုတ်သော၊ စိတ်ကို နှစ်သက်စေတတ်သော အကျိုးရှိသည် မဟုတ်လော၊ သွန်းလောင်းထည့်ခပ်ရခြင်းမရှိသော အကျိုးရှိသည် မဟုတ်လော၊ ချမ်းသာကို တိုးပွါးစေတတ်သည် မဟုတ်လော၊ သုခ အကျိုးရှိသည် မဟုတ်လော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ကုသိုလ်ဖြစ်သော ပုဂ္ဂိုလ်သည်လည်း အကျိုးနှင့်တကွ ဖြစ်သလော၊ ဝိပါက်နှင့်တကွ ဖြစ်သလော၊ အလိုရှိအပ်သော အကျိုးနှင့်တကွ

ဖြစ်သလော၊ နှစ်သက်အပ်သော အကျိုးနှင့်တကွ ဖြစ်သလော၊ စိတ်ကို နှစ်သက်စေတတ်သော အကျိုးရှိသလော၊ သွန်းလောင်း ထည့်ခပ်ရခြင်း မရှိသော အကျိုး ရှိသလော၊ ချမ်းသာကို တိုးပွါးစေတတ်သလော၊ သုခ အကျိုး ရှိသလော"ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

၉၉။ ပဌမ ပြဿနာကို (၉၈) အတိုင်း မေးပြီးနောက် .... ငါ့ရှင် ပရဝါဒီ...."အကုသိုလ်ဝေဒနာကို စွဲ၍ အကုသိုလ်ဖြစ်သော ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

သကဝါဒီသည် ဤ ဒုတိယပြဿနာကိုပင် ထပ်၍ မေးသောအခါ.... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ.... " အကုသိုလ် ဖြစ်သော ဝေဒနာသည် အကျိုးနှင့်တကွ ဖြစ်သည် မဟုတ်လော၊....ဝိပါက်နှင့်တကွ ဖြစ်သလော" စသည်ဖြင့်၊ [ကုသိုလ်ဖြစ်သော ဝေဒနာတုန်းကကဲ့သို့ ပြောင်းပြန်] သကဝါဒီက မေးသော အခါ....ပရဝါဒီသည် "အိမ်း"ဟုပင် ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ.... " အကုသိုလ်ဖြစ်သော ပုဂ္ဂိုလ်သည်လည်း အကျိုးနှင့်တကွ ဖြစ်သလော .... အကျိုးနှင့်တကွ ဖြစ်သလော" စသည်ဖြင့် [ကုသိုလ်ဖြစ်သော ပုဂ္ဂိုလ်တုန်းကကဲ့သို့ ပြောင်းပြန်] သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟုပင် ပယ်ရှားလေသည်။

၁၀၀။ ပဌမ ပြဿနာကို (၉၈) အတိုင်း မေးပြီးနောက်.... ငါ့ရှင် ပရဝါဒီ...."အဗျာကတဖြစ်သော ဝေဒနာကို စွဲ၍ အဗျာကတဖြစ်သော ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက မေးသော အခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

သကဝါဒီသည် ဤ ဒုတိယ ပြဿနာကိုပင် ထပ်၍ မေးသော အခါ.... ပရဝါဒီက ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."အဗျာကတ ဖြစ်သော ဝေဒနာသည် မမြဲသည် မဟုတ်လော၊ အကြောင်း တရားတို့သည် ကောင်းစွာ ရောက်၍ ပြုစီမံအပ်သည် မဟုတ်လော၊ အကြောင်းကို စွဲ၍ ဖြစ်သည် မဟုတ်လော၊ ကုန်ခြင်းသဘော ရှိသည် မဟုတ်လော၊ ပျက်ခြင်း သဘော ရှိသည် မဟုတ်လော၊ စက်ဆုပ်ဖွယ် သဘော ရှိသလော၊ ချုပ်ခြင်းသဘော ရှိသလော၊ ဖောက်ပြန်ခြင်း သဘော ရှိသလော"ဟု သကဝါဒီက မေးသောအခါ... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“အဗျာကတဖြစ်သော ပုဂ္ဂိုလ်သည်လည်း မမြဲသလော၊ အကြောင်း တရား တို့သည် ကောင်းစွာ ရောက်၍ ပြုစီမံအပ်သလော၊ အကြောင်းကို စွဲ၍ ဖြစ်သလော၊ ကုန်ခြင်း သဘော ရှိသလော၊ ပျက်ခြင်း သဘော ရှိသလော၊ စက်ဆုပ်ဖွယ် သဘော ရှိသလော၊ ချုပ်ခြင်း သဘော ရှိသလော၊ ဖောက်ပြန်ခြင်း သဘော ရှိသလော”ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၀၁။ “သညာကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်သလော”စသည်ဖြင့် (၉၈) ဌ္ဌေဝဒနာကို မေးပုံ ဖြေပုံအတိုင်း “သညာ သန်ဒိဋ္ဌ ဝိညာဏ်”တို့ကို မေးသည် ဖြေသည်။

၁၀၂။ (၉၉)ဌ္ဌေဝဒနာကို မေးပုံ ဖြေပုံ အတိုင်း (စာအုပ်တို့၌ ဝိညာဏ်ကိုသာ တိုက်ရိုက်ပြထားသော်လည်း) “သညာ သန်ဒိဋ္ဌ ဝိညာဏ်”တို့ကို မေးသည် ဖြေသည်။

၁၀၃။ (၁၀၀) ဌ္ဌေ ဝေဒနာကို မေးပုံ ဖြေပုံ အတိုင်း (စာအုပ်တို့၌ ဝိညာဏ် ကိုသာ တိုက်ရိုက် ပြထားသော်လည်း) “သညာ သန်ဒိဋ္ဌ ဝိညာဏ်” တို့ကို မေးသည် ဖြေသည်။

၁၀၄။ ငါ့ရှင် ပရဝါဒီ....“စက္ခုပသာဒကို စွဲ၍ စက္ခုပသာဒ ရှိသော ပုဂ္ဂိုလ်ဟု ဆိုထိုက်သလော”ဟု သကဝါဒီက မေးသောအခါ....“အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စက္ခုပသာဒ ချုပ်ပြီးသော် စက္ခုပသာဒ ရှိသော ပုဂ္ဂိုလ်ချုပ်ပြီဟု ဆိုထိုက်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ [(၃) သောတ ပသာဒ (၂) ဃာနပသာဒ (၃) ဇိဝှါပသာဒ (၄) ကာယပသာဒ (၅) မနောဝိညာဏ်တို့ကိုလည်း ထိုအတူ မေးသည်။]

၁၀၅။ ငါ့ရှင် ပရဝါဒီ....“မိန္ဆာအယူကိုစွဲ၍ မိန္ဆာအယူရှိသော ပုဂ္ဂိုလ်ဟု ဆိုထိုက်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည်“အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“မိန္ဆာအယူ ချုပ်လသော် မိန္ဆာအယူ ရှိသော ပုဂ္ဂိုလ် ချုပ်သည်ဟု ဆိုထိုက်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

အမှာ။ ။(၁) မိစ္ဆာသက်ပွ (၂) မိစ္ဆာဝါစာ (၃) မိစ္ဆာကမ္မန္တ (၄) မိစ္ဆာအာဇီဝ (၅) မိစ္ဆာဝါယာမ (၆) မိစ္ဆာသတိ (၇) မိစ္ဆာသမာဓိ တို့နှင့် စပ်၍လည်း "မိစ္ဆာသက်ပွကို (မှား ယွင်းသော အကြံကို) စွဲ၍ မိစ္ဆာသက်ပွ ရှိသော ပုဂ္ဂိုလ်ဟု ဆိုထိုက်သလော" စသည်ဖြင့် နည်းတူ မေးဖြေသည်။

၁၀၆။ မိစ္ဆာမဂ္ဂင် (၈) ပါးနှင့် စပ်၍ မေးဖြေ သကဲ့သို့ သမ္မာမဂ္ဂင် (၈)-ပါးနှင့် စပ်၍ မေး ဖြေသည်။

၁၀၇။ ငါ့ရှင် ပရဝါဒီ...."ရုပ်ကို စွဲ၍ဌင်း ဝေဒနာကိုစွဲ၍ဌင်း ပုဂ္ဂိုလ်ကို ပညတ်သလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ.... "ခန္ဓာ ၂–ပါး တို့ကို စွဲ၍ ပုဂ္ဂိုလ် ၂–ဦးတို့ကို ပညတ် မည်လော"ဟု သကဝါဒီက စစ်ဆေးသော အခါ ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။ရုပ်ကိုပင် မူတည်၍ သညာ သင်္ခါရ ဝိညာဏ်တို့နှင့် တွဲကာ ခန္ဓာ ၂-ပါး ၂-ပါးနှင့်စပ်၍ဌင်း, ရုပ်ကိုပင် ကျန်ခန္ဓာ ၂-ပါး ၂-ပါးနှင့် တွဲကာ ခန္ဓာ ၃-ပါး ၃-ပါးနှင့်စပ်၍ဌင်း, ရုပ်ကိုပင် ကျန်ခန္ဓာ ၃-ပါး ၃–ပါးနှင့် တွဲကာ ခန္ဓာ ၄-ပါး ၄-ပါးနှင့် စပ်၍ဌင်း, ရုပ်ကိုပင် ကျန်ခန္ဓာ ၄-ပါးနှင့် တွဲကာ ခန္ဓာ ၅-ပါး လုံးနှင့်စပ်၍ဌင်း အလားတူ မေး ဖြေသည်။

၁၀၈။ အာယဘန တို့ကို စက္ခာယတန ကိုချည်း မူတည်၍ ၂–ပါးတွဲ ၃–ပါးတွဲ စသည်ဖြင့် ၁၂-ပါးတွဲတိုင်အောင် တွဲကာ ခန္ဓာတုန်းက အတိုင်း မေး ဖြေသည်။

၁၀၉။ ဓာတ်တို့ကို စက္ခုဓာတ်ကိုချည်းပင် မူတည်၍ ၂-ပါးတွဲ ၃-ပါးတွဲ စသည်ဖြင့်(၁၈)ပါးတွဲ တိုင်အောင် ခန္ဓာတုန်းက အတိုင်းပင် မေးဖြေသည်။

၁၁၀။ ဣန္ဒြေတို့ကို စက္ခုဣန္ဒြေကို ချည်းပင် မူတည်၍ ၂-ပါးတွဲ ၃-ပါးတွဲ စသည်ဖြင့် (၂၂) ပါး-တွဲ တိုင်အောင် ခန္ဓာ တုန်းက အတိုင်းပင် မေး ဖြေသည်။

၁၁၁။ "ကေဝဲါကာရ ဘဝကို စွဲ၍ တမျိုးသော ပုဂ္ဂိုလ်ကို ပညတ် သလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စတုဝေါကာရ ဘဝကို စွဲ၍ ၄-မျိုးသော ပုဂ္ဂိုလ်တို့ကို ပညတ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ...ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ဤ၌ ပဌမပြဿနာကို ပြန်၍မေးရာ ပရဝါဒီက ဝန်ခံလေသည်။

“ငါ့ရှင် ပရဝါဒီ....ပဉ္စဝေါကာရ ဘဝကို စွဲ၍ ၅-မျိုးကုန်သော ပုဂ္ဂိုလ်တို့ကို ပညတ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ငါ့ရှင် ပရဝါဒီ....“ဧကဝေါကာရ ဘုံ၌ ပုဂ္ဂိုလ်သည် တမျိုးတည်းသာလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စတုဝေါကာရ ဘုံ၌ ပုဂ္ဂိုလ်တို့သည် ၄-မျိုးတို့သာလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ဤ၌ ဆဋ္ဌပြဿနာကို ပြန်၍ မေးရာ ပရဝါဒီက ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပဉ္စဝေါကာရ ဘုံ၌ ပုဂ္ဂိုလ် တို့သည် ၅-မျိုးတို့သာလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၁၁။ (တနည်း) “ဧကဝေါကာရ ဘဝ (ရူပက္ခန္ဓာတပါးသာရှိသော အသညသတ် ဘဝကို စွဲ၍ တခုသော ပုဂ္ဂိုလ်ကို ပညတ် သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စတုဝေါကာရဘဝ (နာမ်ခန္ဓာ ၄-ပါးရှိသောအရူပဘဝ) ကို စွဲ၍ ၄-ခုသော ပုဂ္ဂိုလ်တို့ကို ပညတ် သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ဤ၌ ပဌမပြဿနာကို ပြန်၍ မေးရာ ပရဝါဒီက ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပဉ္စဝေါကာရဘဝ (ခန္ဓာ ၅-ပါးရှိသော ကာမဘဝရူပဘဝ)ကို စွဲ၍ ၅-ခုသော ပုဂ္ဂိုလ်တို့ကို ပညတ်သလော”ဟု သကဝါဒီက စစ်ဆေးပြန်ရာ “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ.... “ဧကဝေါကာရဘဝ၌ ပုဂ္ဂိုလ် တခုတည်းသာဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စတုဝေါကာရဘဝ၌ ပုဂ္ဂိုလ်တို့သည် ၄-ခုတို့သာ ဖြစ်ကြသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ....“ကေဝေါကာရဘဝ၌ ပုဂ္ဂိုလ်တခုတည်းသာ ဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပဉ္စဝေါကာရဘဝ၌ ပုဂ္ဂိုလ်တို့သည် ၅-ခုတို့သာ ဖြစ်ကြသလော”ဟု သကဝါဒီက စစ်ဆေးပြန်ရာ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

၁၁၂။ ငါ့ရှင် ပရဝါဒီ....“သစ်ပင်ကို အကြောင်းပြု၍ အရိပ်ကို ပညတ်ရခြင်း ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်ရခြင်း ဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ....“အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“သစ်ပင်ကို အကြောင်းပြု၍ အရိပ်ကို ပညတ်လသော် သစ်ပင်လည်း အနိစ္စ, အရိပ်လည်း အနိစ္စ ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်လသော် ရုပ်လည်း အနိစ္စ,ပုဂ္ဂိုလ်လည်း အနိစ္စ ဖြစ်သလော” ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ....“သစ်ပင်ကို အကြောင်းပြု၍ အရိပ်ကို ပညတ်လသော် သစ်ပင် တခြား အရိပ် တခြား ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်လသော် ရုပ် တခြား ပုဂ္ဂိုလ် တခြား ဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးပြန်သော်....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟုပင် ပယ်ရှားလေသည် ။ပေ။

၁၁၃။ ငါ့ရှင် ပရဝါဒီ....“ရှာကို အကြောင်းပြု၍ ရှာသူကြီးကို ပညတ်ရခြင်း ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်ရခြင်း ဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ရှာကို အကြောင်းပြု၍ ရှာသူကြီးကို ပညတ်လသော် ရှာ တခြား ရှာသူကြီး တခြား ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်လသော် ရုပ် တခြား ပုဂ္ဂိုလ် တခြား ဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

၁၁၄။ ငါ့ရှင် ပရဝါဒီ....“တိုင်းပြည်ကို အကြောင်းပြု၍ မင်းကို ပညတ်ရခြင်း ဖြစ်သကဲ့သို့ ရုပ်ကို အကြောင်းပြု၍ ပုဂ္ဂိုလ်ကို ပညတ်ရခြင်း ဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“တိုင်းပြည်ကို အကြောင်းပြု၍ မင်းကို ပညတ်လသော် တိုင်းပြည် တခြား မင်း တခြား ဖြစ်သကဲ့သို့ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်လသော် ရုပ် တခြား ပုဂ္ဂိုလ် တခြား ဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

၁၁၅။ သံခြေကျဉ်းသည် သံခြေကျဉ်းရှိသူ မဟုတ်၊ အကြင်သူ့မှာ သံခြေကျဉ်း(ရှိ၏)၊ ထိုသူသည် သံခြေကျဉ်းရှိသူ ဖြစ်သကဲ့သို့ ရုပ်သည် ရုပ်ရှိသူ မဟုတ်၊ အကြင်သူ့မှာ ရုပ် ရှိ၏၊ ထိုသူသည် ရုပ်ရှိသူ ဖြစ်သလော”ဟု သကဝါဒီက မေးသောအခါ.. ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“သံခြေကျဉ်းသည် သံခြေကျဉ်းရှိသူ မဟုတ်၊ အကြင်သူ့မှာ သံခြေကျဉ်း(ရှိ၏)၊ထိုသူသည် သံခြေကျဉ်းရှိသူ(ဖြစ်၏)၊ သံခြေကျဉ်းတခြား သံခြေကျဉ်းရှိသူ တခြား ဖြစ်သကဲ့သို့ ရုပ်သည် ရုပ်ရှိသူ မဟုတ်၊ အကြင်သူ့မှာ ရုပ်(ရှိ၏)၊ ထိုသူသည် ရုပ်ရှိသူ ဖြစ်၏၊ ရုပ်တခြား ရုပ်ရှိသူ တခြား ဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

၁၁၆။ ငါ့ရှင် ပရဝါဒီ....“စိတ်တိုင်း စိတ်တိုင်း၌ ပုဂ္ဂိုလ်ကို ပညတ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“စိတ်တိုင်း စိတ်တိုင်း၌ ပုဂ္ဂိုလ်သည် ဖြစ်သလော အို့သလော သေသလော စုတေသလော ပဋိသန္ဓေနေသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ....“ဒုတိယစိတ် ဖြစ်လသော် ‘ထို ပဌမစိတ်၌ ပုဂ္ဂိုလ်’ဟု ၎င်း ‘အခြား ပုဂ္ဂိုလ်’ဟု၎င်း မဆိုထိုက်သည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ ...ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ဒုတိယစိတ် ဖြစ်လသော် ‘သတ္တိသား’ဟု၎င်း ‘သတ္တိသမီး’ဟု၎င်း မဆိုထိုက်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဆိုထိုက်ပါသည်”ဟု ဖြေသည်။

ငါ့ရှင် ပရဝါဒီ....နှိပ်ကြောင်း အပြစ်ကို လက်ခံပါလော။

ပဌမအဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် ပရဝါဒီ.... (သင်၏ ပဌမအဖြေအတိုင်း) ဒုတိယစိတ် ဖြစ်သော် "ထိုပဌမစိတ်၌ ပုဂ္ဂိုလ်"ဟုငင်း, "အခြား ပုဂ္ဂိုလ်"ဟုငင်း မဆိုထိုက်အံ့၊ ထိုသို့ မဆိုထိုက်ခြင်းကြောင့် ငါ့ရှင် ပရဝါဒီ....ဒုတိယစိတ် ဖြစ်သော် "သတ္တိသား"ဟုငင်း "သတ္တိသမီး"ဟုငင်း မဆိုထိုက်ဟူ၍ ဆိုထိုက်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်ဝယ် ပဌမပြဿနာ၌ ဒုတိယစိတ် ဖြစ်သော် "ထို ပဌမစိတ်၌ ပုဂ္ဂိုလ်"ဟုငင်း "အခြား ပုဂ္ဂိုလ်"ဟုငင်း မဆိုထိုက်ဟု ဆိုထိုက်၏ဟူ၍ငင်း, ဒုတိယပြဿနာ၌ ဒုတိယစိတ် ဖြစ်သော် "သတ္တိသား"ဟုငင်း "သတ္တိသမီး"ဟုငင်း ဆိုထိုက်၏ ဟူ၍ငင်း ဤသို့ ရှေးနောက် မစပ်သော အကြောင် အဖြေ ၂-ရပ်ကို အသင် ဆို၏၊ (သင်၏ ဤအဖြေ ၂-ရပ်သည်) ရှေးနောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

ဒုတိယအဖြေအရ အပြစ်တင်ပုံ။ ။ငါ့ရှင် ပရဝါဒီ....(သင်၏ ဒုတိယ အဖြေအတိုင်း) ဒုတိယစိတ် ဖြစ်သော် "သတ္တိသား"ဟုငင်း "သတ္တိသမီး"ဟုငင်း ဆိုထိုက်အံ့၊ ထိုသို့ ဆိုထိုက်ခြင်းကြောင့် ဒုတိယစိတ် ဖြစ်သော် "ထိုပဌမစိတ်၌ ပုဂ္ဂိုလ်"ဟုငင်း "အခြား ပုဂ္ဂိုလ်"ဟုငင်း ဆိုထိုက်၏ဟု ဆိုထိုက်သည်သာ၊ (သို့ပါလျက်) ထို ပြဿနာ ၂-ရပ်ဝယ် ပဌမပြဿနာ၌ ဒုတိယစိတ် ဖြစ်သော် "ထိုပဌမစိတ်၌ ပုဂ္ဂိုလ်"ဟုငင်း "အခြား ပုဂ္ဂိုလ်"ဟုငင်း မဆိုထိုက်ဟု ဆိုထိုက်၏ဟုငင်း, ဒုတိယပြဿနာ၌ ဒုတိယစိတ် ဖြစ်သော် "သတ္တိသား"ဟုငင်း "သတ္တိသမီး"ဟုငင်း ဆိုထိုက်၏ ဟုငင်း ဤသို့ ရှေးနောက် မစပ်သော အကြောင် အဖြေ ၂-ရပ်ကို အသင် ဆို၏၊ (သင်၏ ဤ အဖြေ ၂-ရပ်သည်) ရှေးနောက် ဆန့်ကျင်သော အပြစ်မကင်း၍ မှားယွင်းသော အဖြေ ဖြစ်သည်။

၁၁၇။ (၁၁၆)အတိုင်း ပဌမပြဿနာကို မေး၍—

ငါ့ရှင် ပရဝါဒီ .... "ဒုတိယစိတ် ဖြစ်လသော် "မိန်းမ" ဟုငင်း "ယောကျ်ား"ဟုငင်း မဆိုထိုက်သလော"ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် "ဆိုထိုက်၏"ဟု ဖြေသည်၊ [ထိုအခါ သကဝါဒီက နှိပ်သည်၊ နှိပ်ပုံကို (၁၁၆)ကို မှီ၍ သိပါ။]

(၁၁၆)အတိုင်းပင် ပဌမပြဿနာကို မေး၍—

ငါ့ရှင် ပရဝါဒီ...."ဒုတိယစိတ် ဖြစ်လသော် "လူဝတ်ကြောင်"ဟုငင်း "ရသေ့ ရဟန်း"ဟုငင်း မဆိုထိုက်သလော"ဟု သကဝါဒီက စစ်ဆေးပြန်သောအခါ....ပရဝါဒီသည် "ဆိုထိုက်၏"ဟုပင် ဖြေသည်၊ [ထိုအခါ သကဝါဒီက နှိပ်ပြန်သည်။]

(၁၁၆) အတိုင်းပင် ပဌမပြဿနာကိုမေး၍....ငါ့ရှင့် ပရဝါဒီ....“ဒုတိယ စိတ်ဖြစ်လသော် “နတ်”ဟုငြင်း“လူ”ဟုငြင်း မဆိုထိုက်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဆိုထိုက်၏” ဟုပင် ဖြေသည်။ [ထိုအခါ သကဝါဒီက နှိပ်ပြန်သည်။]

၁၁၇။ ငါ့ရှင် သကဝါဒီ....“အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်၏ဟု မဆိုထိုက်သလော”ဟု ပရဝါဒီက မေးသောအခါ...သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“အကြင် ပုဂ္ဂိုလ်သည်မြင်၏၊ အကြင် ရူပါရုံကိုမြင်၏၊ အကြင် စက္ခုပသာဒဖြင့် မြင်၏၊ ထို ပုဂ္ဂိုလ်သည် မြင်သည် မဟုတ်လော၊ ထို ရူပါရုံကို မြင်သည် မဟုတ်လော၊ ထို စက္ခုပသာဒဖြင့် မြင်သည် မဟုတ်လော”ဟု ပရဝါဒီက စစ်ဆေးသောအခါ.... သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“အကြင် ပုဂ္ဂိုလ်သည် မြင်၏၊ အကြင် ရူပါရုံကို မြင်၏၊ အကြင် စက္ခုပသာဒဖြင့် မြင်၏၊ ထို ပုဂ္ဂိုလ်သည် မြင်အံ့၊ ထို ရူပါရုံကို မြင်အံ့၊ ထို စက္ခုပသာဒဖြင့် မြင်အံ့၊ ထိုသို့ မြင်ခြင်းကြောင့် ငါ့ရှင် သကဝါဒီ....အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်၏ဟု ဆိုထိုက်သည်သာ”ဟု ပရဝါဒီ ဆုံးဖြတ်၏။

၁၁၉။ ပဌမ ပြဿနာကို (၁၁၈)အတိုင်းမေး၍....(၁) အကြင် ပုဂ္ဂိုလ်သည် ကြား၏၊ အကြင် သဒ္ဒါရုံကို ကြား၏၊ အကြင် သောတ ပသာဒဖြင့် ကြား၏၊ ထို ပုဂ္ဂိုလ်သည် ကြားသည် မဟုတ်လော၊ ထို သဒ္ဒါရုံကို ကြားသည် မဟုတ်လော၊ ထို သောတ ပသာဒဖြင့် ကြားသည် မဟုတ်လော။

(၂) အကြင် ပုဂ္ဂိုလ်သည် နမ်း၌၏၊ အကြင် ဂန္ဓာရုံကို နမ်း၌၏၊ အကြင် ဃာနပသာဒဖြင့် နမ်း၌၏၊ ထို ပုဂ္ဂိုလ်သည် နမ်း၌သည် မဟုတ်လော၊ ထို ဂန္ဓာရုံကို နမ်း၌သည် မဟုတ်လော၊ ထို ဃာနပသာဒဖြင့် နမ်း၌သည် မဟုတ်လော။

(၃) အကြင် ပုဂ္ဂိုလ်သည် သာယာ၏၊ အကြင် ရသာရုံကို သာယာ၏၊ အကြင် ဇိဝှါပသာဒဖြင့် သာယာ၏၊ ထို ပုဂ္ဂိုလ်သည် သာယာသည် မဟုတ်လော၊ ထို ရသာရုံကို သာယာသည် မဟုတ်လော၊ ထို ဇိဝှါပသာဒဖြင့် သာယာသည် မဟုတ်လော။

(၄) အကြင် ပုဂ္ဂိုလ်သည် ထိ၏၊ အကြင် ဖောဋ္ဌဗ္ဗာရုံကို ထိ၏၊ အကြင် ကာယပသာဒ ဖြင့် ထိ၏၊ ထို ပုဂ္ဂိုလ်သည် ထိသည် မဟုတ်လော၊ ထို ဖောဋ္ဌဗ္ဗာရုံ ကို ထိသည် မဟုတ်လော၊ ထို ကာယပသာဒ ဖြင့် ထိသည် မဟုတ်လော။

(၅) အကြင် ပုဂ္ဂိုလ်သည် သိ၏၊ အကြင် ဓမ္မာရုံကို သိ၏၊ အကြင် မနောဒွါရဖြင့် သိ၏၊ ထို ပုဂ္ဂိုလ်သည် သိသည် မဟုတ်လော၊ ထို ဓမ္မာရုံကို သိသည် မဟုတ်လော၊ ထို မနောဒွါရဖြင့် သိသည် မဟုတ်လော။

ဤ (၅) ရပ်ကို ပရဝါဒီက ဒုတိယ ပြဿနာ အဖြစ်ဖြင့် ထုတ်သော အခါ....သကဝါဒီသည် (၅) ကြိမ်လုံးပင် "အိမ်း"ဟု ချည်း ဝန်ခံလေသည်။

ပရဝါဒီသည် (၁၁၈) ၌ ဆုံးဖြတ်သကဲ့သို့ပင် "အိမ်း"ဟု ဝန်ခံတိုင်း "ပုဂ္ဂိုလ်ကို ရအပ်၏"ဟု ဆုံးဖြတ်လေသည်။

၁၂၀။ ငါ့ရှင် ပရဝါဒီ....အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်ပါသလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."အကြင် ပုဂ္ဂိုလ်သည် မမြင်၊ အကြင် ရူပါရုံကို မမြင်၊ အကြင် စက္ခုပသာဒ ဖြင့် မမြင်၊ ထို ပုဂ္ဂိုလ်သည် မမြင်သည် မဟုတ်လော၊ ထို ရူပါရုံကို မမြင်သည် မဟုတ်လော၊ ထို စက္ခုပသာဒ ဖြင့် မမြင်သည် မဟုတ်လော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ..."အကြင် ပုဂ္ဂိုလ်သည် မမြင်၊ အကြင် ရူပါရုံကို မမြင်၊ အကြင် စက္ခုပသာဒ ဖြင့် မမြင်၊ ထို ပုဂ္ဂိုလ်သည် မမြင်အံ့၊ ထို ရူပါရုံကို မမြင်အံ့၊ ထို စက္ခုပသာဒ ဖြင့် မမြင်အံ့၊ ထိုသို့ မမြင်လျှင် ငါ့ရှင် ပရဝါဒီ.... အတ္တာ သတ္တာ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ် ရနိုင်၏ဟု မဆိုထိုက်သည် သာ"ဟု သကဝါဒီ ဆုံးဖြတ်၏။

အမှာ။ ။ဤ၌ ပဌမ ပြဿနာကိုပင် ပဌမ ပြဿနာအဖြစ်ဖြင့် ထုတ်၍ သောတ စသော ဝိညာဏ် ၅-ပါးနှင့် စပ်၍ ပြဿနာ ၅-စုံ ပြုသော အခါ....ပရဝါဒီသည် ပဌမ ပြဿနာတိုင်း ဒုတိယ

ပြဿနာတိုင်းဌ်ပင် ဤကဲ့သို့ချည်း ဝန်ခံ၏၊ ဝန်ခံသည့်အတွက် သကဝါဒီက ဤ ကဲ့သို့ချည်း "ပုဂ္ဂိုလ်ကို ရအပ်၏ဟု မဆိုထိုက်"ဟု ဆုံးဖြတ်လေသည်။

၁၂၁။ ပဌမ ပြဿနာကို (၁၀၀) အတိုင်း မေး၍....ငါ့ရှင် သကဝါဒီ...မြတ်စွာ ဘုရားသည် "ဘိက္ခုတို့....ဥစ္ဆေဒဒိဋ္ဌိ နဝသတ္တပါတုဘာဝဒိဋ္ဌိတို့၏ စင်ကြယ်ကြောင်း ဖြစ်သော, တနည်း-(၁၁)-ပါးသော ဥပက္ကိလေသတို့မှ အထူးသဖြင့် စင်ကြယ်သော လူတို့၏ ဥစ္စာ ဖြစ်သော မြင်ရိုး မြင်စဉ် ရူပါရုံကို လွန်သော နတ်ပြည်၌ ဖြစ်သော ပဿာဒစက္ခုနှင့် တူသော အဘိညာဏ်စက္ခုဖြင့် စုတေခဏိုး ဖြစ်ကုန်သော ပဋိသန္ဓေ နေပြီးခါစ ဖြစ်ကုန်သော သတ္တဝါတို့ကိုလည်း, ဇာတိ ကုလ ဘောဂ စသည်တို့ဖြင့် ယုတ်နိမ့် ကုန်သော သတ္တဝါတို့ကိုလည်း, ဇာတိ ကုလ ဘောဂ စသည်တို့ဖြင့် မြင့်မြတ် ကုန်သော သတ္တဝါတို့ကိုလည်း, ကောင်းပသောအဆင်း ရှိကုန်သော သတ္တဝါတို့ကိုလည်း, မကောင်းသောအဆင်းရှိကုန်သော သတ္တဝါတို့ကိုလည်း, ကောင်းသော ဂတိသို့ ရောက်ကုန်သော သတ္တဝါတို့ကိုလည်း, မကောင်းသော ဂတိသို့ ရောက်ကုန်သော သတ္တဝါတို့ကိုလည်း, အကြင် အကြင် ဆည်းပူး အပ်သော ကံ ကြောင့် ထိုထို ဘဝသို့ ကပ်ရောက်ကြရကုန်သော သာတ္တဝါတို့ကိုလည်း ငါမြင်တော်မူ၏၊ အပြားအားဖြင့် သိတော်မူ၏' ဟု ဟောတော် မူအပ်ပြီမဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော"ဟု ပရဝါဒီက စစ်ဆေးအခါ သကဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

"ထိုသို့ သုတ်တော်ရှိလျှင် အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်ရန်ိုင်၏"ဟု ပရဝါဒီ ဆုံးဖြတ်၏။

၁၂၂။ "မြတ်စွာဘုရားသည် ထို သုတ်တော်ကို ဟောတော် မူအပ်သော ကြောင့် အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော"ဟု သကဝါဒီက မေးသောအခါ ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ..."ဥစ္ဆေဒဒိဋ္ဌိ နဝသတ္တပါတုဘာဝဒိဋ္ဌိတို့၏ စင်ကြယ်ကြောင်း ဖြစ်သော လူတို့၏ ဥစ္စာ ဖြစ်သော မြင်ရိုး မြင်စဉ် ရူပါရုံကို လွန်သော ဒိဗ္ဗစက္ခုအဘိညာဏ် ဖြင့် ရူပါရုံကို မြင်၏၊ ပုဂ္ဂိုလ်ကို မြင်၏၊ ထို့ကြောင့် ရုပ်သည် ပုဂ္ဂိုလ်လော၊ ရုပ်သည် စုတေ သလော၊ ရုပ်သည် ပဋိသန္ဓေနေသလော၊ ရုပ်သည် အကြင် အကြင် ဆည်းပူးအပ်သော ကံ ကြောင့် ထိုထို ဘဝသို့ ကပ်ရောက်သလော"ဟု သကဝါဒီက စစ်ဆေးသောအခါ ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

ငါ့ရှင် ပရ၀ါဒီ....“ဥစ္ဆေဒဒိဋ္ဌိ နဝ သတ္တပါတု ဘာ၀ဒိဋ္ဌိ တို့၏ စင်ကြယ်ကြောင်းဖြစ်သော လူတို့၏ ဥစ္စာ ဖြစ်သော မြင်ရိုး မြင်စဉ် ရူပါရုံကို လွန်သော ဒိဗ္ဗစက္ခုအဘိညာဏ် ဖြင့် မြတ်စွာဘုရားသည် ရူပါရုံကို မြင်တော်မူ၏၊ ပုဂ္ဂိုလ်ကို မြင်တော်မူ၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို မြင်သလော၊ ပုဂ္ဂိုလ်သည် ရုပ်လော, ရူပါယတန လော, ရူပဓာတ်လော, အညိုလော, အရှေလော, အနီလော, အဖြူလော, စက္ခုဝိညာဏ်သည် သိထိုက်သလော, စက္ခုပသာဒ၌ ထိခိုက်သလော, စက္ခုပသာဒ၏ ရှေးရှု ကျခြင်းသို့ ရောက်သလော”ဟုသက၀ါဒီက စစ်ဆေးသောအခါ....ပရ၀ါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

ငါ့ရှင် ပရ၀ါဒီ....“ဥစ္ဆေဒဒိဋ္ဌိ နဝသတ္တပါတုဘာ၀ဒိဋ္ဌိ တို့၏ စင်ကြယ်ကြောင်းဖြစ်သော လူတို့၏ ဥစ္စာ ဖြစ်သော မြင်ရိုးမြင်စဉ် ရူပါရုံကို လွန်သော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြတ်စွာဘုရားသည် ရူပါရုံကို မြင်၏၊ ပုဂ္ဂိုလ်ကို မြင်၏၊ ထို့ကြောင့် ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့ကို မြင်တော်မူသလော, ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံဘို့သည် ရုပ်လော, ရူပါယတန လော, ရူပဓာတ်လော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့သည် အညိုတို့လော, အရှေတို့လော, အနီတို့လော, အဖြူတို့လော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့ကို စက္ခုဝိညာဏ်သည် သိထိုက်သလော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါး စုံတို့သည် စက္ခုပသာဒ၌ ထိခိုက်ကုန်သ်လော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့သည် စက္ခုပသာဒ၏ ရှေးရှုကျခြင်းသို့ ရောက်ကုန်သလော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့သည် စုတေကုန်သလော၊ ရူပါရုံ ပုဂ္ဂိုလ် ၂-ပါးစုံတို့သည် ပဋိသန္ဓေနေကုန်သလော၊ ရူပါရုံပုဂ္ဂိုလ် ၂-ပါးစုံတို့သည် အကြင် အကြင် ဆည်းပူးအပ်သော ကံကြောင့် ထိုထို ဘ၀သို့ကပ်ရောက်ကြရကုန်သလော”ဟု သက၀ါဒီက စစ်ဆေးသောအခါ.... ပရ၀ါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

ဥပါဒါပညတ္တာနုယောဂ ပြီး၏။

၁၃-ပုရိသကာရာနုယောဂ

[ယောကျ်ားတို့ ပြုအပ်သော ကံ ကမ္မကာရကတို့ကို မေးစိစစ်ရာ အခန်း။]

၁၂၃။ ငါ့ရှင် သက၀ါဒီ ...“အကောင်း အဆိုး ဖြစ်ကုန်သော ကံ တို့ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်ကုန်သလော”ဟု ပရ၀ါဒီက မေးသောအခါ....သက၀ါဒီသည်“အိမ်း”ဟု ၀န်ခံလေသည်။

ငါ့ရှင် သကဝါဒီ....“အကောင်းအဆိုးဖြစ်သော ကံ တို့ကို ကိုယ်တိုင်ပြုသူ ကိုဂင်း သူတပါးကို ပြုစေသူကိုဂင်း ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၂၄။ ငါ့ရှင် ပရဝါဒီ....“အကောင်းအဆိုး ဖြစ်သော ကံတို့ကို ပညာဖြင့်ကပ်၍ ရှုမှက်သည်ရှိသော် ရအပ်ကုန်၏၊ ထို့ကြောင့် အကောင်းအဆိုး ဖြစ်သော ကံတို့ကို ကိုယ်တိုင်ပြုသူကိုဂင်း, သူတပါးကို ပြုစေသူကိုဂင်း ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ထို ကိုယ်တိုင်ပြုသူ သူတပါးကို ပြုစေသူကို ကိုယ်တိုင်ပြုသူကိုဂင်း သူတပါးပြုစေသူကိုဂင်း ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၂၅။ ငါ့ရှင် ပရဝါဒီ....“ထို ကိုယ်တိုင်ပြုသူ သူတပါးကို ပြုစေသူကို ကိုယ်တိုင် သူပြုကိုဂင်း သူတပါးကို ပြုစေသူကိုဂင်း ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော” ဟုသကဝါဒီက မေးသောအခါ ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ထိုထို ကံ ပြုသူကို ပြုသူ ရှိမြဲ ရှိအံ့၊ ကမ္မဝင်္ဆ ဟူသော ဒုက္ခ၏ အဆုံးကို ပြုခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ ကမ္မဝင်္ဆ၏ ပြတ်စဲခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ တစုံတခုသော အကြောင်းကို မယူမူ၍ ပရိနိဗ္ဗာန် စံခြင်းသည် မရှိနိုင်တော့သည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၂၆။ ပဌမပြဿနာကို (၁၂၄) အတိုင်း မေး၍ ....ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို ကိုယ်တိုင်ပြုသူကိုဂင်း သူတပါးကို ပြုသူကိုဂင်း ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။(၁၃၄) တိုင်အောင် ပဌမပြဿနာတို့ကို (၁၂၄)အတိုင်း ချည်း မေး၍.... (၁၂၇) နိဗ္ဗာန် (၁၂၈) မြေကြီး (၁၂၉) မဟာသမုဒ္ဒရာ (၁၃၀) မြင်းမိုရ်တောင်မင်း

(၁၃၁) အာပေါဓာတ် (၁၃၂) တေဇောဓာတ် (၁၃၃) ဝါယောဓာတ် (၁၃၄) မြက် ထင်း တောစိုးသစ်ပင်၊.... ဤ (ဂ) မျိုး တို့ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို ကိုယ်တိုင် ပြု သူ သူတပါးကို ပြုစေသူ စသော (ဂ) မျိုးကို (အစဉ်အတိုင်း) ရအပ်သလော်ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆို ထိုက်ပါ"ဟု ပယ်ရှားလေသည်။

၁၃၅။ ပဌမ ပြဿနာကို (၁၂၄) အတိုင်းပင် မေး၍....ငါ့ရှင် ပရဝါဒီ...."အကောင်း အဆိုး ဖြစ်သော ကံ တို့က တခြား, အကောင်း အဆိုး ဖြစ်သော ကံတို့ကို ကိုယ်တိုင်ပြု သူ သူတပါးကို ပြုစေသူတို့က တခြားလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆို ထိုက်ပါ"ဟု ပယ်ရှားလေသည်။ ပေ ။

၁၃၆။ ငါ့ရှင် သကဝါဒီ..."အကောင်းအဆိုးဖြစ်သော ကံတို့၏အကျိုး ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော"ဟု ပရဝါဒီက မေးသောအခါ သကဝါဒီသည်"အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ...."အကောင်း အဆိုး ဖြစ်သော ကံတို့၏ အကျိုးကို ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော"ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

(၁၃၇) ငါ့ရှင် ပရဝါဒီ....အကောင်းအဆိုး ဖြစ်သော ကံတို့၏ အကျိုး ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်၏၊ ထို့ကြောင့် အကောင်း အဆိုးဖြစ်သော ကံတို့၏ အကျိုးကို ခံစားသူကို ပညာဖြင့်ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထို အကျိုးခံစားသူကို ခံစားဒသာပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ်သလော"ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

၁၃၈။ ငါ့ရှင် ပရဝါဒီ....ထို အကျိုးခံစားသူကို ခံစားသော ပုဂ္ဂိုလ် ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော"ဟု သကဝါက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ထိုထို အကျိုးခံစားသူကို ခံစားသော ပုဂ္ဂိုလ် ရှိမြဲရှိအံ့၊ ဝိပါက ဝင်္ခဒုက္ခ၏ အဆုံးကို ပြခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ ဝိပါကဝင်္ခ၏ ပြတ်စဲခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ တစုံတခုသော အကြောင်းကို မယူမူ၍ ပရိနိဗ္ဗာန်စံခြင်း မရှိတော့သည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၃၉။ ငါ့ရှင် ပရဝါဒီ....“အကောင်းအဆိုးဖြစ်သောကံတို့၏ အကျိုးကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်၏၊ ထို့ကြောင့် အကောင်း အဆိုးဖြစ်သော ကံတို့၏ အကျိုးကို ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် ရအပ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ...ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။ပဌမ ပြဿနာကို(၁၃၉)အတိုင်းချည်း မေး၍၊....(၁) နိဗ္ဗာန် (၂) မြေကြီး (၃) မဟာသမုဒ္ဒရာ (၄) မြင်းမိုရ်တောင်မင်း (၅) အာပေါဓာတ် (၆) တေဇောဓာတ် (၇) ဝါယောဓာတ် (၈) မြက် ထင်း တောစိုးသစ်ပင်၊....ဤ (၈)-ပါး တို့နှင့် စပ်၍ “နိဗ္ဗာန်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်၏၊ ထို့ကြောင့် နိဗ္ဗာန်ကို ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”စသည်ဖြင့် ပြဿနာ(၈) ရပ်ကို ဒုတိယပြဿနာ အဖြစ်ဖြင့် ထုတ်ရာ“ဤသို့ကား မဆိုထိုက်ပါ”ဟုချည်း ပရဝါဒီ ပယ်သည်။

၁၄၂။ ပဌမပြဿနာကို (၁၃၉) အတိုင်း မေး၍.... ငါ့ရှင် ပရဝါဒီ.... “အကောင်း အဆိုး ဖြစ်သော ကံတို့၏ အကျိုးက တခြား, အကောင်း အဆိုး ဖြစ်သော ကံတို့၏ အကျိုးကို ခံစားသူက တခြားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ။

၁၄၃။ ငါ့ရှင် သကဝါဒီ....“နတ်၌ ဖြစ်သော ချမ်းသာကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု ပရဝါဒီက မေးသောအခါ.... သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ....“နတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၄၄။ ငါ့ရှင် ပရဝါဒီ...“နတ်၌ ဖြစ်သော ချမ်းသာကို ရအပ်၏၊ ထို့ကြောင့် နတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူကို ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ထို နတ်ချမ်းသာ ခံစားသူကို ခံစားသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည်“ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၄၅။ ငါ့ရှင် ပရဝါဒီ....“ထို နတ်ချမ်းသာ ခံစားသူကို ခံစားသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....ထိုထို နတ်ချမ်းသာ ခံစားသူကို ခံစားသော ပုဂ္ဂိုလ် ရှိမြဲ ရှိအံ့၊ ဝိပါကဝဋ်ဒုက္ခ၏ အဆုံးကို ပြုခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ ဝိပါက ဝဋ်၏ ပြတ်စဲခြင်း မရှိတော့သည် မဟုတ်လော၊ တစုံတခုသော အကြောင်းကို မယူမူ၍ နိဗ္ဗာန်စံခြင်း မရှိနိုင်တော့သည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၄၆။ ပဌမပြဿနာကို (၁၄၄) အတိုင်းမေး၍....ငါ့ရှင် ပရဝါဒီ.... “ပုဂ္ဂိုလ်ကို ရအပ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို ခံစားသူကို ရအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည်“ဤသို့ကား မဆိုထိုက်ပါ” ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။　။ပဌမပြဿနာကို (၁၄၄)အတိုင်းချည်းမေး၍ နိဗ္ဗာန် စသော (၈)-ပါးနှင့်ပင် စပ်၍ ရှေးနည်း အတိုင်းပင် စစ်ဆေးရာ ပရဝါဒီကလည်း ရှေးနည်းအတိုင်းပင် ပယ်သည်။

၁၄၉။ ပဌမပြဿနာကို (၁၄၄) အတိုင်း မေး၍....ငါ့ရှင် ပရဝါဒီ... “နတ်ချမ်းသာက တခြား, နတ်ချမ်းသာ ခံစားသူက တခြားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ” ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။(၁) လူချမ်းသာ (၂) အပါယ်ဒုက္ခ (၃) ငရဲဒုက္ခတို့နှင့် စပ်၍လည်း ပရဝါဒီ သကဝါဒီတို့ ပုဒ်ရေ (၁၆၉) တိုင် အောင် မေးကြ ဖြေကြ စစ်ဆေး ပယ်ရှားကြလေသည်။

၁၇၀။ ငါ့ရှင် ပရဝါဒီ....“အကောင်း အဆိုး ဖြစ်ကုန်သော ကံတို့ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ်ကုန်၏၊ ထို့ကြောင့် အကောင်း အဆိုး ဖြစ်ကုန်သော ကံတို့ကို ကိုယ်တိုင်ပြုတတ်သော သူတပါးကို ပြုစေတတ် သော အကျိုး ခံစားသူကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် ရအပ် သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ထို ခံစားသူ ပြု, ထို ပြုသူက ခံစားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ” ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၁။ ငါ့ရှင် ပရဝါဒီ....“ထို ခံစားသူ ပြု, ထို ပြုသူက ခံစားသလော” ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“သုခ ဒုက္ခကို ကိုယ်တိုင် ပြုအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ...ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ် ရှားလေသည်။ ပေ ။

၁၇၂။ ပဌမပြဿနာကို (၁၇၀) အတိုင်း မေး၍....ငါ့ရှင် ပရဝါဒီ.... “ခံစားသူမှ တပါးသော ပုဂ္ဂိုလ်က ပြု, ပြုသူမှ တပါးသော ပုဂ္ဂိုလ်က ခံစားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

၁၇၃။ ငါ့ရှင် ပရဝါဒီ....“ခံစားသူမှ တပါးသော ပုဂ္ဂိုလ်သည် ပြု, ပြုသူမှ တပါးသော ပုဂ္ဂိုလ်သည် ခံစားသလော”ဟု သကဝါဒီက မေးသော အခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“သုခ ဒုက္ခကို သူတပါးသည် ပြုအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ” ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၄။ ပဌမပြဿနာကို (၁၇၀) အတိုင်း မေး၍....ငါ့ရှင် ပရဝါဒီ.... “ထို ခံစားသော ပုဂ္ဂိုလ်သည်၎င်း, ခံစားသော ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ် သည်၎င်း ကံကို ပြုကုန်သလော၊ ထို ကံပြုသော ပုဂ္ဂိုလ်သည်၎င်း, ကံ ပြုသော

ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်သည်၎င်း ခံစားကုန်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၅။ ပဌမပြဿနာအဖြစ်ဖြင့် (၁၇၄) ဒုတိယပြဿနာကို မေးသောအခါ....ဝန်ခံသောကြောင့်....ငါ့ရှင် ပရဝါဒီ....“သုခ ဒုက္ခကို ကိုယ်တိုင်လည်း ပြုအပ်, သူတပါးလည်း ပြုအပ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ပေ။

၁၇၆။ ပဌမ ပြဿနာကို (၁၇၀) အတိုင်း မေး၍ .. ငါ့ရှင် ပရဝါဒီ.... “ထို ခံစားသူသည် မပြု, ထို ပြုသူသည် မခံစားသလော၊ ခံစားသူမှ တပါးသော ပုဂ္ဂိုလ်သည် မပြု, ပြုသူမှ တပါးသော ပုဂ္ဂိုလ်သည် မခံစားသလော” ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၇။ ပဌမ ပြဿနာအဖြစ်ဖြင့် (၁၇၆) ဒုတိယ ပြဿနာကို မေးသောအခါ....ဝန်ခံသောကြောင့်....ငါ့ရှင် ပရဝါဒီ....“သုခ ဒုက္ခသည် ကိုယ်တိုင် မပြုအပ် သူတပါး မပြုအပ်ပဲ အကြောင်းမဲ့ ဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၈။ ပဌမပြဿနာကို (၁၇၀) အတိုင်း မေး၍....“ငါ့ရှင် ပရဝါဒီ....

(က) ထို ခံစားသူ ပြု, ထို ပြုသူ ခံစားသလော၊

(ခ) ခံစားသူမှ တပါးသော ပုဂ္ဂိုလ်က ပြု, ပြုသူမှ တပါးသောပုဂ္ဂိုလ်က ခံစားသလော၊

(ဂ) ထို ခံစားသော ပုဂ္ဂိုလ်သည်၎င်း, ခံစားသော ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်သည်၎င်း, ကံ ပြုကုန်သလော၊ ထို ကံ ပြုသော ပုဂ္ဂိုလ်သည်၎င်း, ကံ ပြုသော ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်သည်၎င်း, ခံစားကုန်သလော၊

(ဃ) ထို ခံစားသူသည် မပြု, ထို ပြုသူသည် မခံစားသလော၊ ခံစားသူမှ တပါးသော ပုဂ္ဂိုလ်သည် မပြု, ပြုသူမှ တပါးသော ပုဂ္ဂိုလ်သည် မခံစားသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....

ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၁၇၉။ ပဌမ ပြဿနာအဖြစ်ဖြင့် (၁၇၈) ဒုတိယပြဿနာကို မေးသော အခါ....ဝန်ခံသောကြောင့် .... ငါ့ရှင် ပရဝါဒီ .... "ခံစားသူမှ တပါးသော ပုဂ္ဂိုလ်သည် မပြု, ပြုသူမှ တပါးသော ပုဂ္ဂိုလ်သည် မခံစားသလော"ဟု သကဝါဒီက စစ်ဆေးသောအခါ .. ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

"ငါ့ရှင် ပရဝါဒီ....

(က) သုခ ဒုက္ခကို ကိုယ်တိုင်ပြုအပ်သလော၊

(ခ) သုခ ဒုက္ခကို သူတပါးသည် ပြုအပ်သလော၊

(ဂ) သုခ ဒုက္ခကို ကိုယ်တိုင်လည်း ပြုအပ်, သူတပါးလည်း ပြုအပ်. သလော၊

(ဃ) သုခ ဒုက္ခသည် ကိုယ်တိုင်လည်း မပြုအပ်, သူတပါးလည်း မပြု အပ်ပဲ အကြောင်းမဲ့ ဖြစ်သလောဟု"ဟု သကဝါဒီက စစ်ဆေး သောအခါ .. ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ် ရှားလေသည်။ ပေ ။

၁၈၀။ ငါ့ရှင် သကဝါဒီ...."ကံ ရှိသလော"ဟု ပရဝါဒီက မေးသော အခါ....သကဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ...."ကံ ပြုသူ ရှိသလော"ဟု ပရဝါဒီက စစ်ဆေးသော အခါ....သကဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ ။ပေ ။

၁၈၁။ ငါ့ရှင် ပရဝါဒီ...."ကံရှိ၏၊ ထို့ကြောင့် ကံပြုသူ ရှိသလော"ဟု သကဝါဒီ မေးသောအခါ...ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထို ကံ ပြုသူကို ပြုသူ ရှိသလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှား လေသည်။ ပေ ။

၁၈၂။ ငါ့ရှင် ပရဝါဒီ...."ထို ကံ ပြုသူကို ပြုသူ ရှိသလော"ဟု သက-ဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထိုထို ကံ ပြုသူကို ပြုသူ ရှိမြဲ ရှိနေအံ့၊ ကမ္မဝင်္ဂ ဒုက္ခ၏ အဆုံးကို ပြုခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ ကမ္မဝင်္ဂ၏ ပြတ်စဲခြင်း မရှိ နိုင်တော့သည် မဟုတ်လော၊ တစုံတခုသော အကြောင်းကို မယူမူ၍ ပရိနိဗ္ဗာန် စံခြင်း မရှိနိုင်တော့သည် မဟုတ်လော"ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ပေ။

၁၀၃။ ပဌမ ပြဿနာကို (၁၀၁) အတိုင်း မေး၍ ....ငါ့ရှင် ပရဝါဒီ.... "ပုဂ္ဂိုလ်ရှိ၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို ပြုသူ ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။ပဌမ ပြဿနာကို (၁၀၁) အတိုင်းချည်း မေး၍....နိဗ္ဗာန် စသော (၀)-ပါးနှင့် စပ်၍ "နိဗ္ဗာန်ရှိ၏၊ ထို့ကြောင့် နိဗ္ဗာန်ကို ပြုသူရှိသလော" စသော ပြဿနာ (၀)-ရပ်ကို ဒုတိယ ပြဿနာများ အဖြစ်ဖြင့် ထုတ်ရာ "ဤသို့ကား မဆို ထိုက်ပါ" ဟုချည်း ပရဝါဒီ ပယ်သည်။

၁၀၄။ ပဌမ ပြဿနာကို (၁၀၁) အတိုင်းပင် မေး၍....ငါ့ရှင် ပရဝါဒီ...."ကံ တခြား, ကံပြုသူ တခြားလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

၁၀၅။ ငါ့ရှင် သကဝါဒီ...."အကျိုးရှိသလော" ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ...."အကျိုးကို ခံစားသူ ရှိသလော" ဟု ပရဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

၁၀၀။ ငါ့ရှင် ပရဝါဒီ...."အကျိုးရှိ၏၊ ထို့ကြောင့် အကျိုးခံစားသူ ရှိသလော" ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထို အကျိုး ခံစားသူကို ခံစားသူ ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

၁၀၉။ ငါ့ရှင် ပရဝါဒီ...."ထို အကျိုးခံစားသူကို ခံစားသူ ရှိသလော" ဟု သကဝါဒီက မေးသောအခါ... ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ထိုထို အကျိုးခံစားသူကို ခံစားသော သူကို ခံစားသူ ရှိမြဲ ရှိနေအံ့၊ ဝိပါက ဝဋ်ဒုက္ခ၏ အဆုံးကို ပြုခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ ဝိပါက ဝဋ်၏ ပြတ်စဲခြင်း မရှိနိုင်တော့သည် မဟုတ်လော၊ တစုံတခု သော အကြောင်းကို မယူမူ၍ ပရိနိဗ္ဗာန်စံခြင်း မရှိနိုင်တော့သည် မဟုတ်လော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

ငါ့ရှင် ပရဝါဒီ....“အကျိုးရှိ၏၊ ထို့ကြောင့် အကျိုးခံစားသူရှိသလော” ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်ရှိ၏၊ ထို့ကြောင့်ပုဂ္ဂိုလ်ကိုခံစားသူရှိသလော” ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။ပဌမ ပြဿနာကို (၁၈၈) အတိုင်း မေး၍....နိဗ္ဗာန် စသော (၈)ပါးကို “နိဗ္ဗာန်ရှိ၏၊ ထို့ကြောင့် နိဗ္ဗာန်ကို ခံစားသူရှိသလော”စသည်ဖြင့် ဒုတိယပြဿနာများအဖြစ်ဖြင့် ထုတ်ရာ “ဤသို့ကား မဆိုထိုက်ပါ”ဟုချည်း ပရဝါဒီ ပယ်သည်။

၁၉၂။ ပဌမပြဿနာကို (၁၈၈)အတိုင်းပင် မေး၍ “အကျိုး တခြား, အကျိုး ခံစားသူ တခြားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။

ပုရိသကာရာနုယောဂ ပြီး၏။

ရှေးဦးစွာသော ကလျာဏဝဂ် ပြီးပြီ။

၁၄–အဘိညာနုယောဂ

[အဘိညာဏ်ကို မေးစိစစ်ရာ အခန်း။]

၁၉၃။ ငါ့ရှင် သကဝါဒီ....“အတ္တ သတ္တ ဇီဝ အမည်ရသော်ဘ ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ ဟု မဆိုထိုက်သလော”ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ....“တန်ခိုးကို အထူးထူး အပြားပြား ပြုနိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော”ဟု ပရဝါဒီက စစ်ဆေးသောအခါ.... သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ....“တန်ခိုးကို အထူးထူး အပြားပြား ပြုနိုင်သူ တစုံတယောက် ရှိလျှင် အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက်သည်သာ”ဟု ပရဝါဒီ ဆုံးဖြတ်၏။

၁၉၄။ ပဌမ ပြဿနာ (၁၉၃) အတိုင်း မေး၍....ငါ့ရှင် သကဝါဒီ.... "ဒိဗ္ဗသောတ ဖြင့် ဝေးသော အသံ စသည်ကို ကြားနိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော" ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ...."ဒိဗ္ဗသောတ ဖြင့် ဝေးသော အသံ စသည်ကို ကြားနိုင်သူ တစုံတယောက် ရှိလျှင် အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက်သည်သာ" ဟု ပရဝါဒီ ဆုံးဖြတ်သည်။

အမှာ။ ။ပဌမ ပြဿနာကို (၁၉၃) အတိုင်းချည်း မေး၍....(၁) သူတပါးစိတ်ကို သိနိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော၊ (၂) ရှေးဦး နေအပ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော၊ (၃) ဒိဗ္ဗစက္ခု ဖြင့် ဝေးသော ရူပါရုံ စသည်ကို မြင်နိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော၊ (၄) အာသဝေါတို့၏ ကုန်ကြောင်း အရဟတ္တမဂ်ဉာဏ်ကို မျက်မှောက်ပြုနိုင်သူ တစုံတယောက် ရှိသည် မဟုတ်လော၊....ဤ ပြဿနာ ၄-ရပ်ကို ဒုတိယပြဿနာ အဖြစ်ဖြင့် ထုတ်သောအခါ....သကဝါဒီ ဝန်ခံသည်၊ ပရဝါဒီသည် "သို့ဖြစ်လျှင် ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထ အားဖြင့် ရအပ်၏ဟု ဆိုထိုက်သည်" ဟု ဆုံးဖြတ်သည်။

၁၉၅။ ငါ့ရှင် ပရဝါဒီ...."တန်ခိုးကို အထူးထူး အပြားပြား ပြုနိုင်သူ တစုံတယောက်ရှိ၏၊ ဤသို့ နှလုံးသွင်း၍ ထို အကြောင်းကြောင့်လည်း အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော" ဟု သကဝါဒီက မေးသော အခါ....ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."တန်ခိုးကို အထူးထူး အပြားပြား ပြုသူသည်သာ ပုဂ္ဂိုလ်လော၊ တန်ခိုးကို အထူးထူး အပြားပြား မပြုသူသည် ပုဂ္ဂိုလ် မဟုတ်သလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ရှားလေသည်။ ပေ ။

၁၉၆။ (၁) ဒိဗ္ဗသောတ (၂) ပရစိတ္တဝိဇာနနအဘိညာဏ် (၃) ဒိဗ္ဗစက္ခုအဘိညာဏ် (၄) အာသဝက္ခယဉာဏ်တို့နှင့် စပ်၍လည်း ဣဒ္ဓိဝိဓအဘိညာဏ်နည်းတူ ပဌမပြဿနာပြု၍ "ဒိဗ္ဗသောတဖြင့် ဝေးသော အသံ စသည်ကို ကြားသူသည်သာ ပုဂ္ဂိုလ်လော၊ ဒိဗ္ဗသောတဖြင့် ဝေးသော အသံ စသည်ကို

မကြားသူသည် ပုဂ္ဂိုလ် မဟုတ်သလော”စသည်ဖြင့် ဒုတိယပြဿနာ ၄-ရပ်ကို ပြုသော အခါ... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟုချည်း ပယ်သည်။ ပေ ။

အဘိညာနုယောဂ ပြီး၏။

---

၁၅ ၁၈-ဉာတကာနုယောဂါဒိ

ပရဝါဒိပက္ခ

၁၅-ဉာတကာနုယောဂ

[ဉာတက ကို မေးစိစစ်ရာ အခန်း။]

၁၉၇။ ငါ့ရှင် သကဝါဒီ....“အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု . မဆိုထိုက်သလော”ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ...“အမိ ရှိသည် မဟုတ်လော”ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“အမိ ရှိလျှင် အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက်သည်သာ”ဟု ပရဝါဒီ ဆုံးဖြတ်၏။

၁၉၈။ (က) ပဌမ ပြဿနာကို (၁၉၇) အတိုင်းချည်း မေး၍....(၁) အဖ (၂) ညီ,အစ်ကို (၃) နှစ်မ, အစ်မတို့နှင့် စပ်၍ “အဖ ရှိသည် မဟုတ်လော”စသည်ဖြင့် ဒုတိယ ပြဿနာများကို ထုတ်၍ ဝန်ခံသောအခါ....ပရဝါဒီသည် “ပုဂ္ဂိုလ်ကို ရအပ်၏”ဟု ဆုံးဖြတ်လေသည်။

(ဉာတကာနုယောဂ ပြီး၏။)

၁၆-ဇာတိအနုယောဂ

[အမျိုး ဇာတ်ကို မေးစိစစ်ရာ အခန်း။]

၁၉၈။ (ခ) ပဌမ ပြဿနာကို (၁၉၇) အတိုင်းချည်း မေး၍....(၁) မင်း (၂) ပုဏ္ဏား (၃) ဝေဿ လူမျိုး (၄) သုဒ္ဒ လူမျိုးတို့နှင့် စပ်၍ “မင်း ရှိသည် မဟုတ်လော”စသည်ဖြင့် ဒုတိယ ပြဿနာ များကို ထုတ်၍ ဝန်ခံသော အခါ....ပရဝါဒီသည် “ပုဂ္ဂိုလ်ကို ရအပ်၏”ဟု ဆုံးဖြတ်လေသည်။

(ဇာတိအနုယောဂ ပြီး၏။)

၁၇-ပဋိပတ္တိအနုယောဂ

[အကျင့်ကို မေးစိစစ်ရာ အခန်း။]

၁၉၈။ (၈) ပဌမပြဿနာကို (၁၉၇) အတိုင်းချည်း မေး၍....(၁) လူဝတ်ကြောင် (၂) ရဿေ့ ရဟန်းတို့နှင့် စပ်၍ "လူဝတ်ကြောင် ရှိသည်မဟုတ်လော" စသည်ဖြင့် ဒုတိယပုစ္ဆာထုတ်၍ ဝန်ခံသောအခါ....ပရဝါဒီသည် "ပုဂ္ဂိုလ်ကို ရအပ်၏" ဟု ဆိုးဖြတ်သည်။

(ပဋိပတ္တိအနုယောဂ ပြီး၏။)

၁၈-ဥပပတ္တိအနုယောဂ

[ပဋိသန္ဓေကို မေးစိစစ်ရာ အခန်း။]

၁၉၈ (ဃ)။ ပဌမပြဿနာကို (၁၉၇) အတိုင်းချည်း မေး၍....(၁) နတ် (၂) လူတို့နှင့် စပ်၍ "နတ်ရှိသည် မဟုတ်လော" စသည်ဖြင့် ဒုတိယပြဿနာများကို ထုတ်၍ ဝန်ခံသောအခါ....ပရဝါဒီသည် "ပုဂ္ဂိုလ်ကို ရအပ်၏" ဟု ဆိုးဖြတ်သည်။

(ဥပပတ္တိအနုယောဂ ပြီး၏။)

၁၅-၁၈-ဉာတကာနုယောဂါဒိ သကဝါဒိပက္ခ (၁)

၁၅-ဉာတကာနုယောဂ

၁၉၉။ (က) ငါ့ရှင် ပရဝါဒီ .... "အမိရှိ၏ဟု နှလုံးသွင်း၍ ထို အကြောင်းကြောင့်လည်း အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော" ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ရှေးဘဝ၌ အမိမဟုတ်ပဲ ယခုဘဝကျမှ အမိဖြစ်သူ တစုံတယောက် ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "အိမ်း" ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."ရှေးဘဝ၌ ပုဂ္ဂိုလ် မဟုတ်ပဲ ယခု ဘဝကျမှ ပုဂ္ဂိုလ် ဖြစ်သူ တစုံတယောက်ရှိသလော" ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ" ဟု ပယ်ချေးလေသည်။ ပေ ။

အမှာ။ ။ပဌမပြဿနာကို နည်းတူ မေးရ၍....(၁) အဖ (၂) ညီအစ်ကို (၃) နှစ်မ အစ်မတို့နှင့် စပ်၍ "ရှေးဘဝ၌ အဖ မဟုတ်ပဲ ယခု ဘဝ ကျမှ အဖ ဖြစ်သူ တစုံတယောက် ရှိသလော" စသည်ဖြင့် ဒုတိယ ပြဿနာ ထုတ်တိုင်း ဝန်ခံသောအခါ.... နည်းတူ တတိယ ပြဿနာကို မေးသော် ပယ်သည်။

(ဉာတကာနုယောဂ ပြီး၏။)

၁၆-ဇာတိအနုယောဂ

၁၉၉။ (ခ) ပဌမ ပြဿနာကို (၁၉၉) အတိုင်းခဲ့ညီး မေးရ၍....(၁) မင်း (၂) ပုဏ္ဏား (၃) ဝေဿ လူမျိုး (၄) သုဒ္ဒ လူမျိုးတို့နှင့် စပ်၍ "ရှေးဘဝ၌ မင်း မဟုတ်ပဲ ယခု ဘဝကျမှ မင်း ဖြစ်သူ တစုံတယောက် ရှိသလော" စသည်ဖြင့် ဒုတိယ ပြဿနာများ ထုတ်၍ ဝန်ခံလျှင် တတိယ ပြဿနာကို ၁၉၉ (က) အတိုင်း ထုတ်သောအခါ ပရဝါဒီ ပယ်သည်။

(ဇာတိအနုယောဂ ပြီး၏။)

၁၇-ပဋိပတ္တိအနုယောဂ

၁၉၉။ (ဂ) ပဌမ ပြဿနာကို ၁၉၉ (က) အတိုင်းချည်း မေးရ၍.... (၁) လူ ဝတ်ကြောင် (၂) ရဿေ့ ရဟန်းတို့နှင့် စပ်၍လည်း "ရှေးဘဝ၌ လူ ဝတ်ကြောင် မဟုတ်ပဲ ယခု ဘဝကျမှ လူ ဝတ်ကြောင် ဖြစ်သူ တစုံတယောက် ရှိသလော" စသည်ဖြင့် ဒုတိယ ပြဿနာများ ထုတ်၍ ဝန်ခံလျှင် တတိယ ပြဿနာကို ၁၉၉ (က) အတိုင်း ထုတ်သောအခါ ပရဝါဒီ ပယ်သည်။

(ပဋိပတ္တိအနုယောဂ ပြီး၏။)

၁၈-ဉပပတ္တိအနုယောဂ

၁၉၉။(ဃ)ပဌမပြဿနာကို ၁၉၉(က)အတိုင်းချည်းမေးရ၍....(၁)နတ် (၂)လူတို့နှင့်စပ်၍ "ရှေးဘဝ၌ နတ်မဟုတ်ပဲ ယခုဘဝကျမှ နတ်ဖြစ်သူ တစုံတယောက် ရှိသလော"စသည်ဖြင့် ဒုတိယပြဿနာများကို ထုတ်၍ ဝန်ခံလျှင် တတိယပြဿနာကို ၁၉၉(က)အတိုင်း မေးသောအခါ....ပရဝါဒီ ပယ်သည်။

(ဉပပတ္တိအနုယောဂ ပြီး၏။)

၁၅-၁၈-ဉာတကာနုယောဂါဒိ

သကဝါဒိပဗ္ဗ (၂)

၁၅-ဉာတကာနုယောဂ

၂၀၀။ (က) ပဌမ ပြဿနာကို ၁၉၉ (က) အတိုင်းချည်း မေးပြီး.... (၁)အမိ (၂) အဖ (၃) ညီ,အစ်ကို (၄)နှစ်မ, အစ်မတို့နှင့် စပ်၍ "ရှေးဘဝ၌ အမိ ဖြစ်၍ ယခု ဘဝ၌ အမိ မဟုတ်သူ တစုံတယောက်ရှိသလော" စသည်ဖြင့် ဒုတိယ ပြဿနာမျိုးကို ထုတ်၍ ဝန်ခံလျှင် "ရှေးဘဝ၌ ပုဂ္ဂိုလ် ဖြစ်၍ ယခု ဘဝ၌ ပုဂ္ဂိုလ် မဟုတ်သူ တစုံတယောက် ရှိသလော"ဟု တတိယ ပြဿနာကို ထုတ်သောအခါ....ပရဝါဒီ ပယ်သည်။

အမှာ။ ။၂၀၀။ (ခ) စသည်ဖြင့် ဇာတိအနုယောဂ စသည်ကို ပြ၏၊ ပြဿနာ ၃·ရပ်ကို ဤ ဉာတကာနုယောဂကို မှီ၍ သိပါ။

ဉာတကာနုယောဂါဒိ ပြီး၏။

၁၉-ပဋိဝေဓာနုယောဂ

[ပဋိဝေဓ ကို မေးစိစစ်ရာ အခက်း။]

၂၀၁။ ပဌမ ပြဿနာကို (၁၉၇) အတိုင်း မေး၍ ....ငါ့ရှင် သကဝါဒီ...."သောတာပန် ရှိသည် မဟုတ်လော"ဟု ပရဝါဒီက စစ်ဆေးသော အခါ....သကဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ...."သောတာပန် ရှိလျှင် အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက်သည်သာ"ဟု ပရဝါဒီ ဆုံးဖြတ်၏။

၂၀၂။ (၁) သကဒါဂါမ် (၂) အနာဂါမ် (၃) ရဟန္တာ (၄) ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် (၅) ပညာဝိမုတ္တ ပုဂ္ဂိုလ် (၆) ကာယသက္ခီ ပုဂ္ဂိုလ် (၇) ဒိဋ္ဌပ္ပတ္တ ပုဂ္ဂိုလ် (၈) သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် (၉) ဓမ္မာနုသာရီပုဂ္ဂိုလ် (၁၀) သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တို့နှင့် စပ်၍လည်း နည်းတူ ပြဿနာ ၂-ရပ် မေး၍ ပရဝါဒီ ဆုံးဖြတ်သည်။

၂၀၃။ ငါ့ရှင် ပရဝါဒီ...."သောတာပန် ရှိ၏ဟု နှလုံးသွင်း၍ ထို အကြောင်းကြောင့်လည်း အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော" ဟု သကဝါဒီ မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ရှေးဘဝ၌ သောတာပန် မဟုတ်ပဲ ယခု ဘဝ ကျမှ သောတာပန် ဖြစ်သူ တစုံတယောက် ရှိသလော”ဟု သကဝါဒီက စစ်ဆေး သောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ရှေးဘဝ၌ ပုဂ္ဂိုလ် မဟုတ်ပဲ ယခု ဘဝ ကျမှ ပုဂ္ဂိုလ် ဖြစ်သူ တစုံတယောက် ရှိသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၂၀၄။ (၂၀၂) ၌ ပြအပ်သော ပုဂ္ဂိုလ် (၁၀) မျိုးနှင့် စပ်၍လည်း နည်းတူ ပြဿနာ ၃-ရပ်ကို မေးသည်။

၂၀၅။ ပဌမပြဿနာကို(၂၀၃)အတိုင်း မေး၍....

ငါ့ရှင် ပရဝါဒီ....“ရှေးဘဝ၌ သောတာပန်ဖြစ်၍ ယခုဘဝ၌ သောတာပန် မဟုတ်သူ တစုံတယောက်ရှိသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

“ငါ့ရှင် ပရဝါဒီ...ရှေးဘဝ၌ ပုဂ္ဂိုလ်ဖြစ်၍ ယခုဘဝ၌ ပုဂ္ဂိုလ်မဖြစ်သူ တစုံတယောက်ရှိသလော”ဟု သကဝါဒီ စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

အမှာ။ ။(၁) သကဒါဂါမ် (၂) အနာဂါမ်တို့နှင့် စပ်၍လည်း နည်းတူ ပြဿနာ ၃-ရပ်ကို မေးသည်။

ပဋိဝေဓနယော ပြီး၏။

၂၀း သံယောဇနယော

[သံယောကို မေးစိစစ်ရာအခန်း။]

၂၀၆။ ပဌမပြဿနာကို(၁၉၇)အတိုင်း မေး၍....

ငါ့ရှင် ပရဝါဒီ....“၄-ပါးသော ယောကျ်ားအစုံ ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်တို့ ရှိကြသည် မဟုတ်လော”ဟု ပရဝါဒီက စစ်ဆေးသောအခါ... သကဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် သကဝါဒီ....“၄-ပါးသော ယောကျ်ားအစုံ ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်တို့ ရှိကြလျှင် အတွာ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက် သည်သာ”ဟု ပရဝါဒီ ဆုံးဖြတ်သည်။

၂၀၇။ ငါ့ရှင် ပရဝါဒီ....“၄-ပါးသော ယောကျ်ားအစုံ ရှစ်ပါးသော အရိယာပုဂ္ဂိုလ်တို့ ရှိကြ၏ဟု နှုတ်သွင်း၍ ထို အကြောင်းကြောင့်လည်း အတ္တသတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြစ်ဖြင့် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“၄-ပါးသော ယောကျ်ားအစုံ ရှစ်ပါးသော အရိယာပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ၏ ထင်ရှားပွင့်တော်မူလာခြင်းကြောင့် ထင်ရှားဖြစ်ကုန်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏ ထင်ရှားပွင့်တော်မူလာခြင်းကြောင့် ထင်ရှားဖြစ်သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ ...“ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏ပွင့်တော်မူလာခြင်းကြောင့် ထင်ရှားဖြစ်သလော”ဟု ထပ်၍ မေးသောအခါ ...ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“အလုံးစုံသော တရားတို့ကို သိတော်မူသော ဘုရားရှင်၏ ပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့် ပုဂ္ဂိုလ်ပြတ်သလော, ပုဂ္ဂိုလ် မရှိတော့သလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

သံဃာနုယောဂ ပြီး၏။

၂၁-သစ္စိကဋ္ဌသဘာဝါနုယောဂ

[သစ္စိကဋ္ဌ၏ သဘောကို မေးစစ်ရာ အခန်း။]

၂၀၈။ “ငါ့ရှင် ပရဝါဒီ ...အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအဖြင့်ဖြင့် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

“ပုဂ္ဂိုလ်သည် သန်တတရားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

“ပုဂ္ဂိုလ်သည် အသန်တတရားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ...ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ပေ။

"ပုဂ္ဂိုလ်သည် သခ်ံတတရားလည်း မဟုတ်, အသခ်ံတတရားလည်း မဟုတ် သလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား "မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။

၂၀၉။ ငါ့ရှင် ပရဝါဒီ...."ပုဂ္ဂိုလ်သည် သခ်ံတတရားလည်း မဟုတ်, အသခ်ံတတရားလည်း မဟုတ်သလော"ဟု သကဝါဒီက မေးပြန်သောအခါ... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ...."သခ်ံတတရားကိုငင်း အသခ်ံတတရားကိုငင်း ဖယ်ထား၍ အခြား တတိယတရားတမျိုး ရှိသေးသလော"ဟု သကဝါဒီက စစ်ဆေးသော အခါ...ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ပေ။

၂၁၀။ ငါ့ရှင် ပရဝါဒီ...."သခ်ံတတရားကိုငင်း အသခ်ံတတရားကိုငင်း ဖယ်ထား၍ အခြား တတိယတရားတမျိုး ရှိသေးသလော"ဟု သကဝါဒီက မေးပြန်သောအခါ... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ...."မြတ်စွာဘုရားသည် 'ဘိက္ခုတို့....ဓာတ်တို့သည် ဤ ၂-ပါးတို့တည်း၊ အဘယ် ၂-ပါးတို့နည်း—သခ်ံတဓာတ်ငင်း, အသခ်ံတဓာတ်ငင်း တည်း၊ ဘိက္ခုတို့....ဓာတ်တို့သည် ဤ ၂-ပါးတို့တည်း'ဟု ဟောတော်မူအပ်ပြီ မဟုတ်လော၊ သုတ်တော်လည်း ရှိသည်သာ မဟုတ်လော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....ထိုသို့ဖြစ်လျှင် "သခ်ံတတရားကိုငင်း, အသခ်ံတတရားကို ငင်း ဖယ်ထား၍ အခြား တတိယတရားတမျိုး ရှိသေး၏ဟု မဆိုထိုက်"ဟု သကဝါဒီ ဆုံးဖြတ်သည်။

၂၁၁။ ငါ့ရှင် ပရဝါဒီ...."ပုဂ္ဂိုလ်သည် သခ်ံတတရားလည်း မဟုတ်, အသခ်ံတတရားလည်း မဟုတ်သလော"ဟု သကဝါဒီ မေးသောအခါ.... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ...."သခ်ံတတရားက တခြား, အသခ်ံတတရားက တခြား, ပုဂ္ဂိုလ်က တခြားလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

၂၁၂။ ငါ့ရှင် ပရဝါဒီ...."ခန္ဓာ ၅-ပါးတို့သည် သခ်ံတများ,နိဗ္ဗာန်သည် အသခ်ံတ, ပုဂ္ဂိုလ်သည် သခ်ံတလည်း မဟုတ်-အသခ်ံတလည်း မဟုတ်သလော" ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ...."ခန္ဓာ ၅-ပါးတို့သည် တခြား, နိဗ္ဗာန်သည် တခြား, ပုဂ္ဂိုလ်သည် တခြားလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီ သည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

၂၁၃။ ငါ့ရှင် ပရ၀ါဒီ...“ရုပ်သည် သခ်ၤတ, နိဗ္ဗာန်သည် အသခ်ၤတ, ပုဂ္ဂိုလ်သည် သခ်ၤတလည်း မဟုတ်, အသခ်ၤတလည်း မဟုတ်သလော”ဟု သက၀ါဒီက မေးသောအခါ....ပရ၀ါဒီသည် “အိမ်း”ဟု ၀န်ခံသည်။

ငါ့ရှင် ပရ၀ါဒီ....“ရုပ်တခြား, နိဗ္ဗာန်တခြား, ပုဂ္ဂိုလ်တခြားလော”ဟု သက၀ါဒီက စစ်ဆေးသောအခါ....ပရ၀ါဒီသည် “ဤသို့ကား မဆိုထိုက်ပါ” ဟု ပယ်ရှားလေသည်။

အမှာ။ ။“ရုပ်သည် သခ်ၤတ”ဟူသော နေရာ, “ရုပ် တခြား”ဟူသော နေရာတို့၌ ၀ေဒနာ စသော ခန္ဓာ ၄-ပါးကို သွင်း၍ “၀ေဒနာသည် သခ်ၤတ”စသည်ဖြင့် ပဌမ ဒုတိယ ပြဿနာ ၄-စုံကို ပြုသည်။

၂၁၄။ ငါ့ရှင် ပရ၀ါဒီ....“ပုဂ္ဂိုလ်၏ ဖြစ်ခြင်း ထင်ရှားသလော, ပျက်ခြင်း ထင်ရှားသလော, တည်သော ပုဂ္ဂိုလ်၏ တပါးသော အပြားအဖြစ်သည် ထင်ရှားသလော”ဟု သက၀ါဒီက စစ်ဆေးသောအခါ....ပရ၀ါဒီသည် “အိမ်း”ဟု ၀န်ခံသည်။

ငါ့ရှင် ပရ၀ါဒီ....“ပုဂ္ဂိုလ်သည် သခ်ၤတ တရားလော”ဟု သက၀ါဒီက မေးသောအခါ....ပရ၀ါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ငါ့ရှင် ပရ၀ါဒီ...“မြတ်စွာဘုရားသည် ‘ဘိက္ခုတို့....သခ်ၤတ တရား၏ သခ်ၤတလက္ခဏာတို့သည် ဤ ၃-ပါးတို့တည်း၊ အဘယ် ၃-ပါးတို့နည်း.... ဘိက္ခုတို့....သခ်ၤတ တရားတို့၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ ပျက်ခြင်းသည် ထင်ရှား၏၊ တည်သော သခ်ၤတ တရားတို့၏ တပါးသော အပြားတို့၏ အဖြစ်သည် ထင်ရှား၏ဟုတည်း’ဟု ဟောတော်မူအပ်သည် မဟုတ်လော, သုတ်တော် ရှိသည်သာ မဟုတ်လော”ဟု သက၀ါဒီက စစ်ဆေးသောအခါ.... ပရ၀ါဒီသည် “ပုဂ္ဂိုလ်၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ ပျက်ခြင်းသည် ထင်ရှား၏၊ တည်သော ပုဂ္ဂိုလ်၏ တပါးသော အပြားသည် ထင်ရှား၏”ဟု ဖြေသည်။

ငါ့ရှင် ပရ၀ါဒီ....ထိုသို့ ဖြစ်လျှင် “ပုဂ္ဂိုလ်သည် သခ်ၤတတည်း”ဟု သက၀ါဒီ ဆုံးဖြတ်သည်။

၂၁၅။ ငါ့ရှင် ပရ၀ါဒီ....“ပုဂ္ဂိုလ်၏ ဖြစ်ခြင်း မထင်ရှားသလော၊ ပျက်ခြင်း မထင်ရှားသလော၊ တည်သော ပုဂ္ဂိုလ်၏ တပါးသော အပြား၏ အဖြစ်သည် မထင်ရှားသလော”ဟု သက၀ါဒီက မေးမြန်းသောအခါ....ပရ၀ါဒီသည် “အိမ်း”ဟု ၀န်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် အသန်တ လော”ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ငါ့ရှင် ပရဝါဒီ....“မြတ်စွာဘုရားသည် ‘ဘိက္ခုတို့.... အသန်တ တရား၏ အသန်တလက္ခဏာတို့သည် ဤ ၃-ပါးတို့တည်း၊ အဘယ် ၃-ပါးတို့နည်း.... ဘိက္ခုတို့....အသန်တ တရားတို့၏ ဖြစ်ခြင်းသည် မထင်ရှား၊ ပျက်ခြင်းသည် မထင်ရှား၊ တည်သော အသန်တ တရားတို့၏ တပါးသောအပြားတို့၏ အဖြစ်သည် မထင်ရှား ဟုတည်း’ ဟု ဟောတော်မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော” ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ပုဂ္ဂိုလ်၏ ဖြစ်ခြင်း မထင်ရှား၊ ပျက်ခြင်း မထင်ရှား၊ တည်သော ပုဂ္ဂိုလ်၏ တပါးသော အပြား၏ အဖြစ် မထင်ရှား”ဟု ဖြေသည်။

“ထိုသို့ ဖြစ်လျှင် ပုဂ္ဂိုလ်သည် အသန်တ တည်း”ဟု သကဝါဒီ ဆုံးဖြတ်သည်။

၂၁၆။ ငါ့ရှင် ပရဝါဒီ ...“ပရိနိဗ္ဗာန် စံပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “နိဗ္ဗာန်၌ ရှိ၏”ဟု ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“ပရိနိဗ္ဗာန် စံပြီးသော ပုဂ္ဂိုလ်သည် သဿတ လော” ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

ငါ့ရှင် ပရဝါဒီ....“ပရိနိဗ္ဗာန် စံပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိ”ဟု သကဝါဒီက ဆုံးဖြတ်၏။

ငါ့ရှင် ပရဝါဒီ....“ပရိနိဗ္ဗာန် စံပြီးသော ပုဂ္ဂိုလ်သည် ပြတ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည်။ ပေ ။

၂၁၇။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် အဘယ်ကို မှီ၍ တည်သနည်း” ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “ဘဝကို မှီ၍ တည်၏”ဟု ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“ဘဝသည် အနိစ္စ မဟုတ်လော, သင်္ခတ မဟုတ်လော, အကြောင်းကို စွဲ၍ ဖြစ်သည် မဟုတ်လော, ကုန်ခြင်းသဘောရှိသည် မဟုတ်လော, ပျက်ခြင်း သဘောရှိသည် မဟုတ်လော, စက်ဆုပ်ဖွယ် သဘောရှိသည် မဟုတ်လော, ချုပ်ခြင်း သဘောရှိသည် မဟုတ်လော, ဖောက်ပြန်ခြင်း သဘောရှိသည် မဟုတ်လော” ဟု သကဝါဒီက စစ်ဆေးသော အခါ..., ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ.... "ပုဂ္ဂိုလ်သည်လည်း အနိစ္စ မဟုတ်လော, သန်တာ မဟုတ်လော, အကြောင်းကို စွဲ၍ ဖြစ်သည် မဟုတ်လော, ကုန်ခြင်း သဘော ရှိသည် မဟုတ်လော, ပျက်ခြင်း သဘောရှိသည် မဟုတ်လော, စက်ဆုပ် ဖွယ် သဘောရှိသည် မဟုတ်လော, ချုပ်ခြင်းသဘောရှိသည် မဟုတ်လော, ဖောက်ပြန်ခြင်း သဘော ရှိသည် မဟုတ်လော"ဟု သ.ဘ၀ါဒီက စစ်ဆေး သောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေ သည်။ ပေ ။

၂၁၈။ ပဌမပြဿနာကို (၁.၇) အတိုင်း မေး၍ ...ငါ့ရှင် သကဝါဒီ.... "သုခဝေဒနာကို ခံစားလသော် သုခဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် သိသူ တယောက် ရှိသည် မဟုတ်လော"ဟု ပရဝါဒီက မေးသောအခါ.... သကဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ...."သုခ ဝေဒနာကို ခံစားလသော် သုခ ဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် သိသူ တစုံဘယောက်ရှိလျှင် အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏"ဟု ဆိုတိုက်သည်သာ"ဟု ပရဝါဒီ ဆုံးဖြတ်၏။

၂၁၉။ (၁) ဒုက္ခဝေဒနာ (၂) အဒုက္ခ မသုခဝေဒနာတို့နှင့် စပ်၍ နည်းတူ ပြဿနာ ၂-ရပ်ထုတ်၍ ဆုံးဖြတ်သည်။

၂၂၀။ ငါ့ရှင် ပရဝါဒီ...."သုခဝေဒနာကိုခံစားလသော် သုခဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် သိသူ တစုံတယောက် ရှိ၏ဟု နှလုံးသွင်း၍ ထို အကြောင်းကြောင့်လည်း အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော"ဟု သကဝါဒီက မေးသောအခါ.... ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ.... "သုခ ဝေဒနာကို ခံစားလသော် သုခ ဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် သိသူသည်သာ ပုဂ္ဂိုလ်လော၊ သုခဝေဒနာကို ခံစားလသော် သုခ ဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် မသိသူသည် ပုဂ္ဂိုလ် မဟုတ်သလော"ဟု သကဝါဒီက စစ်ဆေးသောအခါ . ပရဝါဒီ သည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။　။(၁) ဒုက္ခဝေဒနာ (၂) အဒုက္ခမသုခဝေဒနာတို့နှင့် စပ်၍ လည်း နည်းတူ ပြဿနာ ၂-ရပ်ကို မေးသည်။

၂၂၁။ ပဌမပြဿနာကို (၂၂၀) အတိုင်း မေး၍ ...ငါ့ရှင် ပရဝါဒီ.... "သုခဝေဒနာသည် တခြား, သုခဝေဒနာကို ခံစားလသော် သုခဝေဒနာကို ခံစားရ၏ဟု အပြားအားဖြင့် သိသူသည် တခြားလော"ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ ပေ ။

အမှာ။ ။(၁) ဒုက္ခဝေဒနာ (၂) အဒုက္ခမသုခ ဝေဒနာတို့နှင့် စပ်၍ လည်း နည်းတူ ပြဿနာ ၂-ရပ်ကို မေးသည်။

၂၂၂။ ပဌမပြဿနာကို (၁၉၇)အတိုင်း မေး၍.... ငါ့ရှင်သကဝါဒီ.... "ကာယ၌ ကာယကို အဖန်ဖန် ရှုလေ့ ရှိသည် ဖြစ်၍ နေသူ တစုံတယောက် ရှိသည် မဟုတ်လော"ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ...."ကာယ၌ ကာယကို အဖန်ဖန် ရှုလေ့ ရှိသည် ဖြစ်၍ နေသူ တစုံတယောက် ရှိလျှင် အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သောအခါ....သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု ဆိုထိုက်သည်သာ"ဟု ပရဝါဒီ ဆုံးဖြတ်၏။

၂၂၃။ (၁) ဝေဒနာနုပဿီ (၂) စိတ္တာနုပဿီ (၃) ဓမ္မာနုပဿီတို့နှင့် စပ်၍ နည်းတူ ပြဿနာ ၂-ရပ်စီ မေးသည်။

၂၂၄။ ငါ့ရှင် ပရဝါဒီ..."ကာယ၌ ကာယကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍ နေသူ တစုံတယောက်ရှိ၏ဟု နှလုံးသွင်း၍ ထိုအကြောင်းကြောင့်လည်း အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်သလော"ဟု သကဝါဒီက မေးသော အခါ....ပရဝါဒီသည် "အိမ်း"ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ.... "ကာယ၌ ကာယကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသူသာ ပုဂ္ဂိုလ်လော၊ ကာယ၌ ကာယကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ မနေသူသည် ပုဂ္ဂိုလ်မဟုတ်သလော"ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည် ။ပေ။

အမှာ။ ။(၁) ဝေဒနာနုပဿီ (၂) စိတ္တာနုပဿီ (၃) ဓမ္မာနုပဿီတို့နှင့်စပ်၍ နည်းတူ ပြဿနာ ၂-ရပ်စီ မေးသည်။

၂၂၅။ ပဌမပြဿနာကို(၂၂၄)အတိုင်း မေး၍....

ငါ့ရှင် ပရဝါဒီ.... "ကာယတခြား, ကာယ၌ ကာယကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသူ တခြားလော"ဟု သကဝါဒီက စစ်ဆေးသောအခါ...., ပရဝါဒီသည် "ဤသို့ကား မဆိုထိုက်ပါ"ဟု ပယ်ရှားလေသည်။ပေ။

အမှာ။ ။(၁) ဝေဒနာနုပဿီ (၂) စိတ္တာနုပဿီ (၃) ဓမ္မာနုပဿီ တို့နှင့်စပ်၍လည်း နည်းတူ ပြဿနာ ၂-ရပ်စီ ထုတ်သည်။

၂၂၆။ ငါ့ရှင် ပရဝါဒီ....“အတ္တာ သတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရအပ်သလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံလေသည်။

ငါ့ရှင် ပရဝါဒီ....“မြတ်စွာဘုရားသည် ‘မောဃရာဇာ....မပြတ် မလပ် အမှတ်ရသည်(ဖြစ်၍) အတ္တာဟု အဖန်ဖန် ရှုမြင်ကတ်သော မိစ္ဆာအယူကို ပယ်နုတ်၍ ခန္ဓာ ၅-ပါးဟူသော လောကကို သုညအဖြစ်ဖြင့် ရှုပါလော၊ ဤသို့ ရှုလသော် သေမင်းကို လွှန်နိုင်သည် ဖြစ်ရာ၏၊ ဤသို့ ခန္ဓာ ၅-ပါးဟူသော လောကကို ရှုသူကို သေမင်း မမြင်နိုင်’ဟု ဟောတော်မူအပ်သည် မဟုတ်လော, သုတ်တော်ရှိသည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ ...ဤသို့ဖြစ်လျှင် “အတ္တာ ဘတ္တာ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည်ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏ဟု မဆိုထိုက်”ဟု သကဝါဒီ ဆုံးဖြတ်သည်။

၂၂၇။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် ရှိသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ရုပ်နှင့်တကွ ရှိသလော၊ ရုပ်မပါပဲ ရှိသလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ရုပ်နှင့်အကွ ရှိ၏”ဟု ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“ ထိုကိုယ်သည် အသက်လော, ထိုအသက်သည် ကိုယ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားသည်။ပေ။

ငါ့ရှင် ပရဝါဒီ....“ရုပ်နှင့်တကွ ရှိသလော, ရုပ်မပါပဲ ရှိသလော”ဟု မေးသောအခါ....ပရဝါဒီသည် “ရုပ်မပါပဲ ရှိ၏”ဟု ဖြေသည်။

ငါ့ရှင်ပရဝါဒီ....“အသက် တခြား, ကိုယ် တခြားလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

၂၂၈။ ငါ့ရှင် ပရဝါဒီ....“ပုဂ္ဂိုလ်သည် ရှိသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“ရုပ်၏အတွင်း၌ တည်၍ ရှုသလော, အပြင်သို့ ထွက်၍ ရှုသလော”ဟု သကဝါဒီက မေးသောအခါ....ပရဝါဒီသည် “အပြင်သို့ ထွက်၍ ရှု၏”ဟု ဖြေသည်။

ငါ့ရှင် ပရဝါဒီ....“ထိုကိုယ်သည် အသက်, ထိုအသက်သည် ကိုယ်လော” ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် “ဤသို့ကား မဆို ထိုက်ပါ”ဟု ပယ်ရှားလေသည် ။ပေ။

ငါ့ရှင် ပရဝါဒီ ...“ရုပ်၏ အတွင်း၌ တည်၍ ရှုသလော, အပြင်သို့ ထွက်၍ ရှုသလော”ဟု သကဝါဒီ မေးပြန်သောအခါ ... ပရဝါဒီသည် “အပြင်သို့ ထွက်၍ ရှု၏”ဟု ဖြေပြန်သည်။

ငါ့ရှင် ပရဝါဒီ ...“အသက် တခြား, ကိုယ် တခြားလော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည် “ဤသို့ကား မဆိုထိုက်ပါ”ဟု ပယ်ရှား လေသည် ။ပေ။

၂၂၉။ ပဌမပြဿနာကို (၁၉၇) အတိုင်း မေး၍ ... ငါ့ရှင် သကဝါဒီ.... “မြတ်စွာဘုရားသည် အမှန်ကို ပြောလေ့ ရှိသည် မဟုတ်လော၊ သင့်လျော်သောအခါ၌ ပြောလေ့ ရှိသည် မဟုတ်ပါလော၊ ထင်ရှား ရှိသော အရာကို ပြောလေ့ရှိသည် မဟုတ်လော၊ အဟုတ်ကို ပြောလေ့ ရှိသည် မဟုတ်ပါလော၊ မချွတ်ယွင်းသော စကားကို ပြောလေ့ ရှိသည် မဟုတ်လော၊ တပါးသော အခြင်းအရာ မဟုတ်သည်ကို ပြောလေ့ရှိသည် မဟုတ်ပါလော”ဟု ပရဝါဒီက မေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....“မြတ်စွာဘုရားသည် “မိမိ စီးပွါးအလို့ငှါ ကျင့်သော ပုဂ္ဂိုလ် ရှိ၏’ ဟု ဟောတော်မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည် မဟုတ်လော”ဟု ပရဝါဒီ စစ်ဆေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ ...ထိုသို့ဖြစ်လျှင် “အတ္တ သတ္တ ဇီဝ အမည်ရ ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သည် ရှိသော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏”ဟု ပရဝါဒီ ဆုံးဖြတ်၏။

၂၃၀။ ပဌမပြဿနာကို (၁၉၇) အတိုင်း မေး၍....ဒုတိယ ပြဿနာကို (၂၂၉) အတိုင်း မေးပြီးလျှင် ငါ့ရှင် ပရဝါဒီ....“မြတ်စွာ ဘုရားသည် ‘ဘိက္ခုတို့.... တပါးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ပွင့်တော်မူသော် များစွာသော သတ္တဝါတို့၏ စီးပွါးအလို့ငှါ, များစွာသော သတ္တဝါတို့၏ ချမ်းသာအလို့ငှါ, လောကကို သနားစောင့်ရှောက်ခြီးမြှောက်ခြင်းငှါ, နတ်လူတို့၏ အကျိုးငှါ, စီးပွါးအလို့ငှါ, ချမ်းသာအလို့ငှါ ပွင့်တော်မူ၏’ဟု ဟော

တော် မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော”ဟု ပရဝါဒီက စစ်ဆေးသောအခါ....သကဝါဒီသည် “အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် သကဝါဒီ....ထိုသို့ ဖြစ်လျှင် “အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကင်၍ ရှုမှတ်သော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် ရအပ်၏”ဟု ပရဝါဒီ ဆုံးဖြတ်၏။

၂၃၁။ ပဌမ ပြဿနာကို (၂၂၆) အတိုင်း မေး၍... ဒုတိယ ပြဿနာကို (၂၂၉) အတိုင်း မေးပြီးလျှင်....ငါ့ရှင် ပရဝါဒီ....“မြတ်စွာ ဘုရားသည် ‘အလုံးစုံသော တရားတို့သည် အနတ္တတို့’ဟု ဟောတော် မူဒေပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည်“အိမ်း”ဟု ဝန်ခံ၏သည်။

“ငါ့ရှင် ပရဝါဒီ .. ထိုသို့ဖြစ်လျှင် အတ္တ သတ္တ ဇီဝ အမည် ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သော် မအပ်၏ဟု မဆိုထိုက်”ဟု သကဝါဒီ ဆုံးဖြတ်၏။

၂၃၂။ ပဌမ ပြဿနာကို (၂၂၆) အတိုင်း မေး၍ ဒုတိယ ပြဿနာကို (၂၂၉) အတိုင်း မေးပြီးလျှင်....ငါ့ရှင် ပရဝါဒီ ...“မြတ်စွာဘုရားသည် ‘ဒုက္ခသည်သာ ဖြစ်သော် ဖြစ်၏၊ ဒုက္ခသည်သာ ချုပ်သော် ချုပ်၏ဟု မယုံမှား၊ မတွေးတော၊ ထို အဖြစ်အပျက်ကို ရှုသော ပုဂ္ဂိုလ်၏ ဤ ဒုက္ခသည် ဖြစ်ခြင်း ပျက်ခြင်း၌ တပါးသော ယုံကြည်အပ်သော ပုဂ္ဂိုလ် မရှိသော ကိုယ်ပိုင်ဉာဏ် သည်သာ ဖြစ်၏၊ ကစ္စာန.. ဤ အတိုင်း အရှည်ရှိသော အကြောင်းကြောင့် သမ္မာဒိဋ္ဌိ ဖြစ်၏’ဟု ဟောတော်မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည် မဟုတ်လော”ဟု သကဝါဒီက စစ်ဆေးသောအခါ....ပရဝါဒီသည်“အိမ်း”ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....ထိုသို့ဖြစ်လျှင် “အတ္တ သတ္တ ဇီဝ အမည်ရသော ပုဂ္ဂိုလ်ကို ပညာဖြင့် ကပ်၍ ရှုမှတ်သော် သစ္စိကဋ္ဌ ပရမတ္ထ အဖြစ်ဖြင့် မအပ်၏ဟု မဆိုထိုက်”ဟု သကဝါဒီ ဆုံးဖြတ်၏။

၂၃၃။ ပဌမပြဿနာကို (၂၂၆) အတိုင်း မေး၍.... ငါ့ရှင် ပရဝါဒီ.... ဝဇီရာ ဘိက္ခုနီသည် မကောင်းမှုရှိသော မာရ်နတ်ကို ဤ စကားကို ဆိုခဲ့သည် မဟုတ်လော၊....မာရ်နတ်....အသို့နည်း–သတ္တဝါဟု ယုံကြည်သလော၊ သင်၏ သန္တာန်၌ မိစ္ဆာအယူ ဖြစ်သလော၊ ဤ ကိုယ်သည် သတ္တဝါမဖက် သက်သက်သော သင်္ခါရ အစုအပုံတည်း၊ ဤ၌ သတ္တဝါကို ပညာဖြင့် ကပ်၍ ရှုမှတ်သော် မရအပ်၊....ဥပမာဖြင့် ထင်ရှားစေအံ့–လှည်းဘီး ဝင်ရိုး စသော အစိတ်အပိုင်းဖြစ်သော အဆောက်အဦကြောင့် ‘ရထား’ ဟူသော ဝေါဟာရ ဖြစ်

သက္ကဲ့သို့ ခန္ဓာများ ရှိကြသော် 'သတ္တဝါ'ဟူသော ပညတ်ဖြစ်သည်၊....မှန်၏= ဒုက္ခသည်သာ ဖြစ်၏၊ ဒုက္ခသည်သာ တည်လည်း တည့်, ပျက်လည်း ပျက်၏၊ ဒုက္ခမှ တပါးသော ပညတ်ကား ဖြစ်သည် မဟုတ်၊ ဒုက္ခမှ တပါးသော နာမည် ပညတ်ကား ချုပ်သည်မဟုတ်''ဟု ဟောတော်မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော''ဟု သကဝါဒီက စစ်ဆေးသောအခါ.... ပရဝါဒီသည် ''အိမ်း''ဟု ဝန်ခံလေသည်။ [ထိုအခါ (၂၃၁,၂) အတိုင်း သကဝါဒီ ဆုံးဖြတ်၏။]

၂၃၄။ ပဌမပြဿနာကို (၂၂၆) အတိုင်း မေး၍....ငါ့ရှင် ပရဝါဒီ.... ''အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤစကားကို လျှောက်ခဲ့သည် မဟုတ်လော–'မြတ်စွာဘုရား....အဘယ်မျှ အတိုင်း အရှည်ရှိသော အကြောင်းကြောင့် သုညော လောကော (လောကသည် သုညတည်း)ဟု အများ ပြောဆိုအပ်ပါသနည်း'ဟု– လျှောက်ပြီ၊....အာနန္ဒာ အကြင့် ကြောင့် အတ္တမှုဌင်း, အတ္တ၏ ဥစ္စာမှုဌင် ကင်းဆိတ်၏၊ ထို့ကြောင့် သုညောလောကောဟု အများ ပြောဆို အပ်၏၊....အာနန္ဒာ–အဘယ်သည် အတ္တမှုဌင်း အတ္တ၏ ဥစ္စာမှုဌင်း ကင်းဆိတ်သနည်း၊....

(က) အာနန္ဒာ....စက္ခုပသာဒသည် အတ္တမှုဌင်း အတ္တဥစ္စာမှုဌင်း ကင်းဆိတ်၏၊ ရူပါရုံတို့သည် အတ္တမှုဌင်း အတ္တဥစ္စာမှုဌင်း ကင်းဆိတ်ကုန်၏၊ စက္ခုဝိညာဏ်သည် အတ္တမှုဌင်း အတ္တ၏ ဥစ္စာမှုဌင်း ကင်းဆိတ်၏၊ စက္ခုသမ္ဖဿသည် အတ္တမှုဌင်း အတ္တဥစ္စာမှုဌင်း ကင်းဆိတ်၏၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် သုခမူလည်း ဖြစ်သော ဒုက္ခမူလည်းဖြစ်သော အဒုက္ခမသုခမူလည်းဖြစ်သော အကြင် ဝေဒနာသည် ဖြစ်၏၊ ထို ဝေဒနာသည်လည်း အတ္တမှုဌင်း အတ္တဥစ္စာမှုဌင်း ကင်းဆိတ်၏၊ [နောက်၌ သောတ ဃာန ဇိဝှါ ကာယ မနောဒွါရတို့နှင့် စပ်၍လည်း ''သောတပသာဒ, သဒ္ဒါရုံ, သောတဝိညာဏ်, သောတသမ္ဖဿ, သောတသမ္ဖဿဇာ ဝေဒနာ''စသည်ဖြင့် ၅-ပါးစီပြားသော တရားတို့၏ အတ္တ အတ္တဥစ္စာမှ ကင်းဆိတ်ပုံကို ဟောတော်မူ၏။]ထို့ကြောင့် သုညော လောကောဟု အများ ပြောဆိုအပ်၏''ဟု ဟောတော် မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည်သာ မဟုတ်လော''ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် ''အိမ်း''ဟု ဝန်ခံသည်။ [ထိုအခါ (၂၃၁,၂) အတိုင်း သကဝါဒီ ဆုံးဖြတ်သည်။]

၂၃၅။ ပဌမပြဿနာကို (၂၂၆) အတိုင်း....ဒုတိယပြဿနာကို (၂၂၉) အတိုင်း မေး၍ ... ငါ့ရှင် ပရဝါဒီ.... ''မြတ်စွာဘုရားသည် 'ဘိက္ခုတို့....အတ္တမူလည်း ရှိသော် 'ဤ ဟာသည် အတ္တဥစ္စာတည်း'ဟု စွဲလမ်းရာသည် မဟုတ်လောဟု မေးတော် မူပြီ၊....'မှန်ပါ....မြတ်စွာဘုရား'ဟု လျှောက်ကြပြီ၊...

''ဘိက္ခုတို့....အတွက် ဥစ္စာမူလည်းရှိသော် 'ငါ့အတွက်သည် ဤဟာ၏ အရှင်တည်း' ဟု စွဲလမ်း ရာသည် မဟုတ်လော''ဟု မေးတော်မူပြီ၊ ....'မှန်ပါ မြတ်စွာဘုရား....'ဟု လျှောက်ကြပြီ၊ ''ဘိက္ခုတို့... အတွက် ကိုဎင်း အတွက် ဥစ္စာကိုဎင်း အမှန်အားဖြင့် အဟုတ်အားဖြင့် အတည်အားဖြင့် ပညာဖြင့် ကပ်၍ ရှုသော် မရနိုင်ပါပဲလျက် ထို ခန္ဓာ ၅-ပါးသည် လောကတည်း၊ ထို ခန္ဓာ ၅-ပါးသည် အတွက် တည်း၊ ထို ငါသည် တမလွန် ဘဝသို့ ရောက်၍ မြဲသည် ခိုင်ခံ့သည် အခါခပ်သိမ်း ထင်ရှားရှိသည် ဇရာမရဏ အားဖြင့် ပေ့ာက်ပြန်ခြင်း မရှိသည် ဖြစ်ရလတ္တံ့၊ အခါ ခပ်သိမ်း ထင်ရှား ရှိသော မြင်းမိုရ်တောင် မြေ လ နေ နက္ခတ်တို့နှင့် တူစွာ ဖြစ်ရလတ္တံ့၊ ဤသို့ အကြင် အကျိုးမဲ့တို့၏ တည်ရာ အကြောင်း ဖြစ်သော မိစ္ဆာအယူ ရှိ၏၊ ဘိက္ခုတို့....ဤ မိစ္ဆာ အယူသည် အကောင်း မဖက် သက်သက်သော ပြည့်သော ဗာလ တရားသည် ဖြစ်သည် မဟုတ်လော၊ ဤသို့ မေးတော်မူပြီ၊... မြတ်စွာဘုရား... အဘယ်မှာ မဖြစ်ပဲ ရှိပါ အုံနည်း၊ မြတ်စွာဘုရား....မှန်ပါ၏၊ အကောင်း မဖက် သက်သက်ပြည့်နေသော ဗာလ တရားပါတည်းဟု လျှောက်ကြပြီ''.... ဟောတော် မူအပ်သည် မဟုတ်လော၊ သုတ်တော်ရှိသည် မဟုတ်လော''ဟု သကဝါဒီက စစ်ဆေးသော အခါ....ပရဝါဒီသည် ''အိမ်း''ဟု ဝန်ခံသည်။]ထိုအခါ (၂၃၁,၂) အတိုင်း သကဝါဒီ ဆုံးဖြတ်သည်။]

၂၃၆။ ပဌမ ပြဿနာကို (၂၂၆) အတိုင်း ဒုတိယပြဿနာကို (၂၂၉) အတိုင်း မေး၍....ငါ့ရှင် ပရဝါဒီ....''မြတ်စွာဘုရားသည်....

သေနိယ....ဤ ဆရာ ၃-ယောက်တို့ လောကဌ် ထင်ရှား ရှိကြ၏၊ အဘယ် ၃-ယောက်တို့နည်း၊ ဤ လောကဌ် အခွါဆရာသည် မျက်မှောက် ဘဝဌ်ပင် မိမိကိုယ်ကို အဟုတ်အမှန် အားဖြင့် ပညတ်၏၊ တမလွန် ဘဝဌ်လည်း မိမိကိုယ် ကို အဟုတ်အမှန် အားဖြင့် ပညတ်၏။

ထို့ပြင်—သေနိယ....ဤ လောကဌ် အခွါ ဆရာသည် မျက်မှောက် ဘဝဌ်သာ မိမိကိုယ်ကို အဟုတ်အမှန်အားဖြင့် ပညတ်၏၊ တမလွန် ဘဝဌ်ကား မပညတ်။

ထို့ပြင်—သေနိယ....ဤ လောကဌ် အခွါ ဆရာသည် မျက်မှောက် ဘဝဌ်လည်း မိမိကိုယ်ကို အဟုတ်အမှန်အားဖြင့် မပညတ်၊ တမလွန် ဘဝဌ်လည်း မပညတ်။

သေနိယ....ထို ၃-ယောက်တို့တွင် အကြင် ဆရာသည် မျက်မှောက် ဘဝဌ်လည်း မိမိကိုယ်ကို အဟုတ်အမှန်အားဖြင့် ပညတ်၏၊ တမလွန် ဘဝဌ်လည်း ပညတ်၏၊ သေနိယ....ဤ ဆရာကို သဿတဝါဒီဆရာဟု ဆိုအပ်၏။

သေနိယ... ထို ၃-ယောက်တို့တွင် 'အကြင် ဆရာသည် မျက်မှောက် ဘဝ၌သာ မိမိကိုယ်ကို အဟုတ်အမှန်အားဖြင့် ပညတ်၏၊ တမလွန်ဘဝ၌ မပညတ်၊ သေနိယ....ဤ ဆရာကို ဥစ္ဆေဒဝါဒီဆရာဟု ဆိုအပ်၏။

သေနိယ....ထို ၃-ယောက်တို့တွင် အကြင် ဆရာသည် မျက်မှောက် ဘဝ၌လည်း မိမိကိုယ်ကို အဟုတ် အမှန်အားဖြင့် မပညတ်၊ တမလွန် ဘဝ၌လည်း မပညတ်၊ သေနိယ..ဤ ဆရာကို သမ္မာသမ္မုဒ္ဓဟု ဆိုအပ်၏၊ သေနိယ.... လောက၌ ဤ ဆရာ ၃ ယောက်တို့ ထင်ရှား ရှိကြ၏''ဟု ဟောတော် မူအပ်သည် မဟုတ်လော၊ သုတ်တော် ရှိသည် မဟုတ်လော''ဟု သကဝါဒီ စစ်ဆေးသော အခါ..ပရဝါဒီသည် ''အိမ်း''ဟု ဝန်ခံသည်။ [ထို အခါ (၂၃၁,၂) အတိုင်း သကဝါဒီ ဆုံးဖြတ်သည်။]

. ၂၃၇။ ပဌမ ပြဿနာကို (၂၂၆) အတိုင်း ဒုတိယ ပြဿနာကို (၂၂၉) အတိုင်း မေး၍.... ငါ့ရှင် ပရဝါဒီ ''ထောပတ်အိုး''ဟု မြတ်စွာဘုရား ဟော်တော် မူအပ်သည် မဟုတ်လော''ဟု သကဝါဒီက စစ်သောအခါ....ပရဝါဒီသည် ''အိမ်း''ဟု ဝန်ခံသည်။

ငါ့ရှင် ပရဝါဒီ....''ထောပတ်အိုးကို ပြုသူ တစုံတယောက်ရှိသလော''ဟု သကဝါဒီ စစ်ဆေးသောအခါ....ပရဝါဒီသည် ''ဤသို့ကား မဆိုထိုက်ပါ''ဟု ပယ်သည်။ ပေ။ [.(၂၃၁,၂) အတိုင်း ဆုံးဖြတ်သည်။]

၂၃၈။ ပဌမပြဿနာကို (၂၂၆) အတိုင်း, ဒုတိယ ပြဿနာကို (၂၂၉) အတိုင်း မေး၍....(၁) ဆီအိုး (၂) ပျားရည်အိုး (၃) တင်လဲအိုး (၄) နို့ရည်အိုး (၅) ရေအိုး (၆) သောက်ရေခွက် (၇) သောက်ရေအိုတ် (၈) သောက်ရေခွက်ငယ် (၉) နို့စွာတ် (၁၀) ဓုဝယာဂု၊....ဤ ဝေါဟာရတို့နှင့် စပ်၍ (၂၃၇) အတိုင်း တတိယ ပြဿနာကို မေးသည်၊ ပြဿနာ (၁၀)-ရပ် လုံး၌ပင် ပယ်သည်၊ ထိုအခါ (၂၃၁,၂) အတိုင်း သကဝါဒီ ဆုံးဖြတ်သည်။

မှတ်ဖွယ် ခေါင်းစဉ်အကျဉ်း

၁။ အဋ္ဌကနိဂ္ဂဟ
၂။ သုဒ္ဓိကသံသန္ဒန စသည်
၃။ ဂတိအနုယောဂ
၄။ ဥပါဒါပညတ္တာနုယောဂ(က),(ခ)ဥပါဒါပညတ္တာနုယောဂ(ခ)
၅။ ကလျာဏဝဂ်
၆။ အဘိညာနုဟောဂ
၇။ သုဒ္ဓသစ္စိကဋ္ဌာနုယောဂ။

၁-ပုဂ္ဂလကထာ ပြီး၏။

ကထာဝတ္ထု အဋ္ဌကထာ ဘာသာဋီကာ

ပဌမအုပ်

မှတ်သားဖွယ် အကျွဲရာစဉ်

အကျွဲရာစဉ် စာမျက်နှာ

[အ]

အကုသိုလ်ကံသည် ဒုဗ္ဗဏ္ဏရူပ၏ ကမ္မပစ္စည်း ၂၃၃
အကောင်းအဆိုး ကံတို့ကို ပညာဖြင့် ရှုမှတ်သော် ရအပ်ကုန်သလော စသည်၌ အမေး အဖြေ ၅၃၉
